www.burmeseclassic.com

ရွှေပဒေသာစာပေ

# မယ်နိုင်

အိမ်



(အချစ်
လုံးချင်းဝတ္ထု(သစ်)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – | ပထမအကြိမ်၊ ၂၀၁၆၊ မေလ။ |
| ထုတ်ဝေသူ | – | ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – | ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | – | ၁၅၀၀ ကျပ် |
| အုပ်ရေ | – | ၅၀၀ အုပ် |

ရ၉၅ ၀ ၈၃

မယ်နိုင်

အိမ်/ မယ်နိုင် – ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။

၂၉၆ – စာ ၊ ၁၂ ၀ ၃ × ၁၈ စင်တီ။

(၁) အိမ်

# မယ်နိုင်

အိမ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ရင်ခုန်သံကို မမေ့ခဲ့ပါဘူး။
အချစ်သီချင်းကိုလည်း ငါဆိုတတ်ပြီ။
အကြင်နာတွေကိုလည်း မမေ့ခဲ့ပါဘူး။
အချစ်ကဗျာတွေကို ငါရေးတတ်ပြီ။
ဇာတ်လမ်းကြည့်ရင်း မျက်ရည်ဥတတ်တာ
မင်းအသံလေးတွေကြားယောင်လို့ပါ။
လွမ်းချင်းကျူးရင်း ငိုနေတတ်တာ
ရင်ခုန်သံကို သတိပြုမိလို့ပါ။
သြော်...
ငါ့အချစ်တွေက
သူခိုးကြီးညနဲ့အတူ မင်းခိုးယူသွားတာ
ကြာခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

မဟူရာအမှောင်ထုကို လေညင်းသည် အံတု၍ တိုက်ခတ်နေလေသည်။ မှိုတ်တုတ်လက်နေသော ကြယ်အစုအဝေးသည်လည်း လမင်းကို စိန်ခေါ်၍နေလေ၏။ လမင်းနှင့်ကြယ်စုတို့တိုက်ပွဲသည် တိတ်ဆိတ်နေသောကြောင့် မဟူရာက ပို၍ ခြောက်ကပ်သလို ခံစားရသည်။

တဖြောက်ဖြောက်ကြွေနေသော ကြယ်မှုန်ကြယ်မွှားများသည် ည၏ နိမိတ်ကို ထင်ရှားစေသည့်အလား မြေပြင်ပေါ် ရောက်မလာမီ လေထဲ၌ ပျောက်ကွယ်သွားလေ၏။

ဒီနေ့ညလည်း ကြယ်ဟောင်းတစ်ပွင့် ကြွေလေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ခမ်းနားသော ခြံကျယ်ကြီးထဲ ချဉ်းနင်းဝင်ရောက်လာသူတစ်ဦး။ ထိုလူသည် အနက်ရောင်ဝတ်စုံကို ခေါင်းစခြေဆုံး ဝတ်ဆင်ထားသောကြောင့် အမျိုးသမီး၊ အမျိုးသားဟူ၍ မသဲကွဲလှပေ။

"ကလစ်"

ခမ်းနားသော ကျွန်းတံခါးချပ်ကြီးကို အလွယ်တကူဖွင့်ကာ အိမ်ထဲသို့ ကြောင်တစ်ကောင်နှယ် လှစ်ခနဲ ခုန်ဝင်သွား၏။

ခြံထောင့်စွန်းတွင် ငိုက်မြည်းနေသော ခြံစောင့်လည်းရှိသလို ဟိုမှဒီသို့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသူ အစောင့်နှစ်ဦးလည်းရှိ၏။

ပြီးနောက် ပန်းရုံအောက်တွင် အမဲရိုးကိုက်နေသော ဒိုဘာမင်ခွေးကြီးတစ်ကောင်လည်း ရှိ၏။

"ရှပ် ရှပ်"

ပေါ့ပါးသောခြေဖဝါးသည် ကြမ်းပြင်နှင့် ထိလိုက်သည်ဟုမထင်ရဘဲ ညှော်ခန်းကျယ်ကြီးကို ဖြတ်ပြေးပြီး လှေကားပေါ်သို့ တက်သွားလေသည်။

ခမ်းနားသော ကျွန်းလှေကားကြီး၏အဆုံးတွင် လမ်းသုံးခွကို တွေ့ရလေ၏။ ပထမလမ်းကို ချိုးဝင်ပါက ကျယ်ပြန့်သော ရေကူးကန်ဆီ ရောက်လိမ့်မည်။ ဒုတိယလမ်းကို ချိုးဝင်ပါက မှုက်စိမှားရလောက်သည့် ပုံစံတူ အခန်းငယ်များဆီ ရောက်လိမ့်မည်။ သို့သော် ထိုပုဂ္ဂိုလ်





ရွေးချယ်လိုက်သော လမ်းမှာ တတိယလမ်းဖြစ်၏။

ထိုပုဂ္ဂိုလ်သည် သာယာသော ကတ္တီပါနီအခင်းအတိုင်း ပေါ့ပါးဖျတ်လတ်စွာလျှောက်ပြီး ကိန္နရီရုပ်တံခါးရှေ့တွင် ခြေစုံရပ်လေသည်။

ပြီးနောက် တောင်ခြောက်ဝဲယာကို လှစ်ခနဲကြည့်လိုက်ပြီးမှ တံခါးလက်တံကို ဆွဲလှည့်လိုက်၏။

တံခါးသည် အသံမမြည်ဘဲ လျှောခနဲ ပွင့်သွားလေ၏။

ပထမဆုံး သတိပြုမိလိုက်သည်က ဝါကျင်ကျင် ညအိပ်မီးဖြစ်သည်။ ဒုတိယသတိပြုလိုက်မိသည်က သင်းပျံ့သော ရနံ့။ သို့သော် ထိုစည်းစိမ်တွေကို အနက်ရောင်ပုဂ္ဂိုလ်က ခံစားချင်ပုံမရပေ။

ခါးပတ်ကြိုးမှ အရာတစ်ခုကို ဆတ်ခနဲဆွဲလိုက်သည်။ ညအိပ်မီးရောင်အောက်တွင် အသွားခြောက်လက်မခန့် ဓားမြှောင်တစ်ချောင်းသည် ဝင်းခနဲလက်သွားလေ၏။

ပြီးနောက် ထိုဓားမြှောင်သည် အိပ်ပျော်နေသူ၏လည်မျိုဆီသို့ . . .

"ဟင် . . . မင်း ဘယ်သူလဲ"

"မရဏမင်းလွှတ်လိုက်တဲ့ သေမင်းတမန်"

ပြန်ဖြေသံသည် ကြည်လင်ပြတ်သားလှသည်။

"မင်း ဘာလိုချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့အသက်"

အိပ်ရာမှလန့်နိုးလာသူသည် အသားတဆတ်ဆတ် တုန်သွားလေသည်။ အေးစိမ့်သော အဲကွန်းခန်းကြီးထဲ ဇောချွေးများ ပြန်စပြုလာ၏။

"ဒါ ... ငါ့ပိုင်နက်နော်၊ ငါ အော်လိုက်ရင် မင်း ဘာဖြစ်သွားမယ် ထင်သလဲ"

"ပါးစပ်ဟလိုက်တာနဲ့ ခင်ဗျားလည်ပင်းက သွေးတွေ ဒီခင်းပြင်မှာ ရဲသွားမှာပေါ့"

"ဘာကြောင့်လဲ၊ ငါ့ကို ဘာကြောင့် ရန်လာရှာတာလဲ"

အနက်ရောင်ပုဂ္ဂိုလ်သည် မေးခွန်းကိုမဖြေဘဲ ခုတင်ပေါ်မှ လူကို ထရပ်ဟု အသံတိတ်ပြောလေသည်။

ထိုလူကလည်း ဓားသွား၏အမိန့်ကို မလွန်ဆန်နိုင်သောကြောင့် တုန်ယင်စွာ ထရပ်၏။ ပြီးနောက် ဓားသွား၏အလိုကျအတိုင်း ကုလားထိုင်အပေါ် ထိုင်ရပြန်သည်။

"ဒီလိုကျတော့လည်း ကြောက်လှချည်လား ဦးနော်မာရဲ့"

"မင်း ဒီအိမ်ထဲ ဘယ်လိုဝင်လာတာလဲ"

"သေမင်းတမန်အတွက် ဘယ်တံခါးကမှ သော့ခတ်မထားဘူး"

"ဘာကြောင့် ငါ့ကို သတ်ချင်ရတာလဲ၊ ငါ မင်းကို မသိဘူး"





"အဏ္ဏဝါကိုတော့ သိမှာပါ"

"အဏ္ဏဝါ ... ဟုတ်လား"

ဦးနော်မာ၏ နဖူးမှချွေးစေးများသည် လည်းပင်းမှတစ်ဆင့် ရင်ညွန့်ပေါ်သို့ စီးကျစပြုလာသည်။ အဏ္ဏဝါဆိုသောနာမည်တစ်လုံးသည် ဦးနော်မာသေဖို့ လုံလောက်သွားပြီလား။

"ဟို မီးခံသေတ္တာထဲမှာ သိန်းထောင့်နှစ်ရာကျော်တန် စိန်တွေရှိတယ်။ ငွေသားက လောလောဆယ် သိန်းငါးရာလောက်ရှိမယ်။ ဒါ့ထက် ပိုလိုချင်ရင်လည်း ပေးနိုင်ပါတယ်၊ ငါပိုင်တဲ့မြေတွေထဲက ဘယ်အကွက်ကို လိုချင်လဲ၊ လက်ညှိုးထိုးလိုက် ... ဖြစ်အောင် လုပ်ပေးမယ်၊ ဖြစ်စေရမယ်"

"ငါ့အသက်ကိုတော့ မယူနဲ့ပေါ့ ဟုတ်လား"

"အပေးအယူကို သဘောတူရင် ရဲတွေနဲ့ လုံးဝမပတ်သက်စေရဘူးလို့ ငါ အာမခံတယ်"

"ခင်ဗျားအသက်က သိန်းထောင့်ခုနစ်ရာပဲ တန်သလား"

ဟုဆိုကာ ပါးပြင်ပေါ် ဓားရာပေးလိုက်၏။

အားဟူသော စူးစူးဝါးဝါးအော်သံ ထွက်မလာခင်မှာပင် အိပ်ရာခင်းစကို ဆွဲယူပြီး ပါးစပ်ထဲ ထိုးထည့်လိုက်၏။

သွေးများသည် ရဲခနဲ စီးကျလာလေသည်။

ဦးနော်မာသည် အနက်ရောင်ပုဂ္ဂိုလ်ကို ထိတ်လန့်ကြောက်ရွံ့



www.burmeseclassic.com

www.burmeseclassic.com



သော မျက်လုံးများနှင့် အသနားခံနေလေ၏။ သွေးတွေ ဖြာကျနေသော ဦးနော်မာ၏အသားမှာ တဆတ်ဆတ်တုန်နေသည်။ ထိုပုဂ္ဂိုလ်သည် ဦးနော်မာအနီးသို့ တစ်လှမ်းချင်းတိုးကပ်လာပြီး ခေါင်းစွပ်အမည်းကို ချွတ်လိုက်လေ၏။

"ဟင်"

ဦးနော်မာ ထိတ်လန့်သွားသည်။ ရုတ်တရက် အံ့အားသင့်သွားလေသည်။ ပြီးနောက် အားတက်သွားဟန်ဖြစ်သွားသည်။ သို့သော် မထူးတော့ပါဘူးဆိုသော စိတ်လျှော့မှုများလည်း ယှက်သန်း၍နေလေသည်။

"ရှု"

ပါးစပ်မှ အိပ်ရာခင်းစကို ဆွဲလိုက်သည်နှင့်တစ်ပြိုင်နက် နာမည်တစ်လုံးကို အဆောတလျင် ရေရွတ်လေသည်။

"ခင်ဗျားကြီးရဲ့အသက်ကိုခြွေယူမယ့် သေမင်းရဲ့မျက်နှာကိုတော့ မြင်သွားမှဖြစ်မှာပေါ့"

"ရှု ဦး ဦးကို ချမ်းသာပေးပါကွာ၊ ဘာလို့ ဦးကို မင်း သတ်ချင်ရတာလဲ။ အဏ္ဏဝါနဲ့မင်းက ဘယ်လိုပတ်သက်လို့လဲ ရှု"

"ခင်ဗျားကြီးကြောင့် အသက်ဆုံးရှုံးခဲ့ရတဲ့ မိန်းကလေးတွေလည်း သေခါနီး ခင်ဗျားကြီးလိုပဲ ကြောက်နေလိမ့်မယ်လို့ မတွေးမိဘူးလား"





"မလုပ်ပါနဲ့ ရှုရယ်၊ ဦးကို"

"တစ်သက်တစ်ကျွန်းနဲ့ ကြိုးမိန့်တွေကို ခင်ဗျားကြီး ရှောင်လွှဲလာတာ ဘယ်လောက်ကြာနေပြီလဲ။ ခင်ဗျားက ဒီလောကထဲ အသက်ရှင်ဖို့မတန်တော့ဘူး"

"ရှုရယ် . . . ဦးလေ . . . ဦး . . . မင်းလေးကို"

ကြွက်ကိုချောင်းနေသောကြောင်ပါးကြီးနှင့် တူသည်။ ဦးနော်မာ၏စိတ်ကူးသည် တစ်တောင်ခန့်အကွာတွင်ရှိသော ခလုတ်နီနီကို နှိပ်ရန် ဖြစ်၏။ ထိုခလုတ်ကို ဦးနော်မာ နှိပ်လိုက်ပါက တစ်အိမ်လုံး အချက်ပြမီးလေး ဆူညံသွားလိမ့်မည် ဖြစ်သည်။

သို့သော် ဦးနော်မာ၏ စိတ်ကို မျက်ဝန်းမှတစ်ဆင့် ရှု မြင်လိုက်၍ထင်သည်။ လှမ်းလိုက်သော ဦးနော်မာ၏လက်ကောက်ဝတ်ကို ဝက္ကန့်ဝက်အတွင်း ငါးမွှမ်းသလို ဓားရာပေးလိုက်၏။ စုစုပေါင်း သုံးချက်။

ပြီးနောက် . . . ဦးနော်မာကို ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်စေသည်။ ပြီးနောက် . . . ဦးနော်မာ၏ပိုးသားညအိပ်အကျီကို ဆွဲဖြဲလိုက်၏။

ကိုယ်လုံးတည်းဖြစ်သွားသော ဦးနော်မာမှာ ရှက်ရ ကြောက်ရမည်ကိုပင် သတိရတော့မည့်ပုံ မပေါ်ချေ။

ရှုသည် ဦးနော်မာ၏ညအိပ်ဝတ်စုံဖြင့်ပင် ဦးနော်မာ၏



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးကို တုတ်ချည်လိုက်၏။

ဦးနော်မာ၏ခန္ဓာကိုယ်ကြီးသည် ရှုလက်ထဲတွင် မောပန်းနေသော ဘောလုံးတစ်လုံးနှယ်။

"သတ်လိုက်ပါတော့လို့ပြောတဲ့အချိန်ထိ ဒုက္ခခံလိုက်ဦးပေါ့"

အေးအေးလူလူဆိုကာ စားပွဲပေါ်မှ ရေဘူးကို ဆွဲယူပြီး မော့ချလေသည်။

"ရှုရယ် . . . ဦး မင်းအပေါ် ဘာအမှားလုပ်မိလို့လဲ"

ထိုအသံကို ရှု မုန်းသည်။ ကြားလည်း မကြားချင်ပေ။ ဆက်ကြားရလျှင်လည်း အန်ချင်စိတ် ဖြစ်လာရုံမှလွဲ၍ အခြားမရှိ။ ထို့ကြောင့်ပင် အိုးယားဖုန်းကိုထုတ်ကာ နားကို ပိတ်ထားလိုက်သည်။

ပြီးနောက် တစ်ချပ်ချပ်မြည်နေသော နာရီလက်တံကို စိုက်ကြည့်နေမိသည်။

ဆယ့်ငါးမိနစ်ခန့်ထပ်ပြီး အသက်ရှင်ခွင့်ပေးပါဦးမည်။ နောက်ထပ် ဆယ့်ငါးမိနစ်ဆိုပါက။

✻



## အခန်း (၂)

နေ့စဉ်ထုတ် သတင်းစာများနှင့် အပတ်စဉ်ထုတ် ဂျာနယ်များတွင် သူဌေးကြီးဦးနော်မာ နာရေးသတင်းများ နေရာယူနေလေသည်။

ဆေးရုံများ၊ ရုံခန်းများနှင့် ရပ်ကွက်ဈေးပါမကျန် ဦးနော်မာ သေဆုံးသည့်သတင်းက လူထုကြား ဟော့ဖြစ်နေတော့၏။ မနေ့တစ်နေ့ကထိ တီဗီမင်းသားကြီးဖြစ်နေသေးသော ဦးနော်မာသည် ရုတ်တရက် သေဆုံးသွားသဖြင့် အချို့က အသတ်ခံရတယ်ဟု ထင်ကြေးပေးကြသလို အချို့က နှလုံးရောဂါကြောင့် ဆုံးပါးရတယ်ဟု ဆိုကြသည်။

အချို့က ဦးနော်မာ သေဆုံးခြင်းအတွက် စိတ်မကောင်းဖြစ်ကြသလို အချို့က ဝမ်းသာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



“သေပါစေ၊ သေသင့်တာ ကြာပြီရော။ ဒေါင်းယောင်ဆောင်တဲ့ကျီး”

“သိုးရေခြုံတဲ့ ဝံပုလွေကြီး”

“အပြင်ပန်းကသာ ရေမွှေးဖြန်းထားပေမယ့် အတွင်းထဲက ပိုးစားလောက်ကိုက်”

အစရှိသဖြင့် ဦးနော်မာကို ဂုဏ်တင်နေသူများလည်း ရှိကြ၏။

“အမယ်လေး . . . ဝမ်းသာတာ။ လုပ်ကြံခံရတယ်ဆိုလည်း လုပ်ကြံသွားတဲ့လူကြီး ကျန်းမာပါစေ ချမ်းသာပါစေတော်”

“ဟယ် . . . သူသေသွားတော့ သူ့လုပ်ငန်းတွေ ဘယ်သူဦးစီးမလဲ။ သူ့ကုမ္ပဏီကြီးတော့ ဝန်ထမ်းပေါင်း သုံးထောင်ကျော်လောက် ထမင်းကျွေးထားနိုင်တယ်”

“သူ ထမင်းကျွေးတာက သုံးထောင်ကျော်လောက်။ မဝရေစာ စားရတာ၊ သူ ဒုက္ခပေးလို့ ဒုက္ခဖြစ်နေတာ လူပေါင်းသန်းချီနေပြီ သေပါစေ”

ဈေးသူဈေးသားနှင့် ဆင်းရဲသားပြည်သူများက ဝမ်းသာခြင်း ရှိကြသော်လည်း ထွက်သမျှသော နေ့စဉ်ထုတ်သတင်းစာများ၏ နောက်ကျောတွင် ဝမ်းနည်းကြေကွဲခြင်းများ စာလုံးမည်းကြီးနှင့် ပြည့်နှက်၍ နေလေသည်။





မိသားစုနှင့်ထပ်တူ ဝမ်းနည်းခြင်း၊ ဝမ်းနည်းခြင်း။ ကောင်းရာသုဂတိလားစေလိုခြင်း အစရှိသဖြင့် ခေါင်းစဉ်အမျိုးမျိုးနှင့် ဆုတောင်းပေးကြလေသည်။ ရင်ထဲကလာတဲ့ ဆုတောင်းခြင်းလား၊ လူ့မှုရေးအရပေးတဲ့ဆုတောင်းခြင်းလားဆိုတာ ကာယကံရှင်မှလွဲ၍ အခြားလူ[illegible] မသိနိုင်ပါ။

လူကြီးတွေ နှုတ်ဖျား ရေပန်းစားနေသော ဦးနော်မာ၏ သေဆုံးမှုသည် ကလေးများပါးစပ်ဖျားဆီသို့ပင် တောမီးပမာ ကူးစက်ပျံ့နှံ့သွားလေ၏။ စာသင်ခန်းထဲတွင် ဦးနော်မာ၏ သေဆုံးမှုအကြောင်း ကလေးများက ဝိုင်းဖွဲ့၍ ပြောဆိုနေကြလေသည်။

“အံမာ . . . တရုတ်သိုင်းကားတွေထဲကလို မိုးနတ်မင်း အဘိခတ်တာပဲနေမှာ”

“ဒါက တရုတ်သိုင်းကားမှ မဟုတ်တာ။ တကယ့်အဖြစ်အပျက်။ ငါ့အဖေပြောတာတော့ အသတ်ခံရတယ်ဆိုလားပဲ”

“သေချာတာလည်းမဟုတ်ဘဲနဲ့ လျှောက်ပြောမနေနဲ့။ ဦးနော်မာက နှလုံးရောဂါရှိတယ်တဲ့။ အသတ်ခံရတယ်ဆိုရင် အွန်လိုင်းပေါ် အသေကောင်ပုံတွေ တက်လာမှာပေါ့”

“ဒါက အတွင်းရေးဖြစ်နေလို့ပေါ့ကွ။ လူသတ်သမားက ဦးဆက်တော်ကိုတောင် ဖြတ်သွားတယ်လို့ ပြောတာနော်။ သတင်းက အတိအကျ”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမြင်လို့လဲ"

"ခြံစောင့် မြင်တာပေါ့ကွ။ ငါ့အဖေက ဦးနော်မာရဲ့ကုမ္ပဏီ မှာ လုပ်တာ။ ခြံစောင့်နဲ့သိပ်ခင်တာ"

"ဒီကောင် ဟာသတွေ သိပ်ပြောတတ်တယ်"

ဟု ဆံပင်နီကြောင်ကြောင်နှင့်ကလေးကို ငါးယောက်ခန့်က အုပ်စုလိုက်လှောင်ပြောင်ကြလေသောအခါ အမှန်ကိုဆိုသောကလေး သည် လှောင်ပြောင်ကြသူများ၏အလယ်တွင် မျက်လုံးလေး ကလယ် ကလယ်။

"ဆရာလာပြီ"

ဟု ကျောင်းသူတစ်ဦးက အသံစူးစူးဖြင့် သတိပေးလိုက် သောအခါ ကျောက်သင်ပုန်းကို ကျောပေးထိုင်နေသူများ၊ ဘေးတ စောင်းကြည့်နေသူများ၊ ခုံပေးမှောက်အိပ်နေသူများက အနေအထား ကို ပြင်လိုက်ကြပြီး မတ်တတ်ထရပ်လေသည်။

"မင်္ဂလာပါ ဆရာ"

"မင်္ဂလာပါကွယ်"

ဆရာသည် ထုံးစံအတိုင်းပင် စာသင်ခန်းသို့ ရောက်ရော ချင်း ရေတစ်ပုလင်းကုန်အောင် သောက်လေသည်။

"ဆရာ ဟိုသတင်းကြားပြီးပြီလား"

ကျောင်းသူ ကျောင်းသားများသည် ဆရာမိုးသားမှောင်





သူငယ်ချင်လို ရင်းရင်းနှီးနှီးပြောဆိုတတ်လေသောကြောင့် ဟစ်ဖြစ်နေ သောသတင်းကို ဆရာနှင့်ဆွေးနွေးလိုသောသဘောဖြင့် ကျောင်းသူ တစ်ဦးက လှမ်းမေးလေသည်။

"ဦးနော်မာ သေဆုံးတဲ့သတင်း မဟုတ်လား"

ဆရာသည် တပည့်များထက် ခြေလှမ်းသွက်နေရမည့် သဘောမှာရှိ၍ ခေတ်ကို ဆရာမိုးသားမှောင်က မျက်ခြေမပြတ် စောင့် ကြည့်နေသူဖြစ်လေသည်။

"ကောင်းခန့်က အသတ်ခံရတယ်လို့ ပြောနေတယ် ဆရာ"

"ငါပြောတာ မဟုတ်ဘူး ... ငါ့အဖေပြောတာ"

"ဟဲ ... ဒါဆို မင်းတို့ရော ကောင်းခန့်ပြောသလို အသတ်ခံ ရတယ်လို့ ထင်သလား"

မိုးသားမှောင်သည် ရံဖန်ရံခါ ကျောင်းသားများနှင့် ထွေရာ လေးပါးပြောတတ်သည့်ဆရာတစ်ဦးဖြစ်သည်။ ဆရာနှင့်တပည့်က ရင်းရင်းနှီးနှီးရှိရမည်ဟူသော မူဝါဒကို လက်ကိုင်ထားသူဖြစ်၏။ ကျူရှင် ဆရာဆိုသော်ငြား တပည့်များအပေါ် စေတနာထားသည့် ကျောင်းနေ ပျော်အောင် ဖန်တီးပေးသည်။ စာတော်စေချင်သည့် စေတနာကြောင့် ဖြစ်လေ၏။

"သားလည်း အသတ်ခံရတယ်လို့ ထင်တယ်"

"သမီးရောပဲ၊ ကောင်းခန့်စကားကို ထောက်ခံတယ်။ မြေကွ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းလွှန်းလို့ ဦးနော်မာကို သတ်ချင်နေကြတဲ့လူတွေများ အပုံလိုက်ပဲ''

မိုးသားမှောင် ပြုံးမိပြန်၏။ ကလေးများသည် ခေတ်နှင့်သတင်းကို မျက်ခြေမပြတ်ရှိနေကြသည်မှာ ဝမ်းသာစရာကောင်းတဲ့ကိစ္စ မဟုတ်ပါလား။ ပြီးနောက် သူတို့လေးတွေက ကိုယ်ပိုင်အတွေးအခေါ်လေးတွေ ရှိကြသည်ကိုလည်း ဝမ်းသာမိသည်။ သူများယောင်လို့ ကိုယ်ယောင်မှာထက် ကိုယ်ပိုင်စိတ်ကူးကို သူ ပိုလိုလား၍ ထင်မြင်ချက်များကို တောင်းဆိုလိုက်ခြင်းဖြစ်လေသည်။ တစ်ယောက်တစ်ပေါက် ပြောစေချင်သည်။ ကိုယ့်အမြင် သူ့အမြင်နှင့် ငြင်းခုံကြစေချင်သည်။

''သားတော့ မထင်ဘူး။ မြေသိမ်းခံရပြီး ဆန္ဒပြနေကြတာက ဆင်းရဲသားတွေပဲ။ ဆင်းရဲသားတစ်ယောက်က ဦးနော်မာရဲ့အနီးကို ကပ်ခွင့်တောင် ရလိုက်မှာမဟုတ်ဘူး။ နှလုံးရောဂါကြောင့်ပဲ သေတာနေမှာ''

''ဟုတ်တယ် . . . သားရောပဲ။ ကောင်းခန့်ပြောပုံအရဆိုရင် ဖွားဖက်တော်တောင် မရှိတော့တာပဲ။ အဲဒီပုံက ဘယ်လောက်အွန်လိုင်းတင်ဖို့ကောင်းသလဲ။ အခုက သတင်းမှ တက်မလာတာ။ Like တွေ share တွေ အများကြီးရမယ့်သတင်းပဲ။ သားသာဆို တင်မှာပဲ''

''အဲဒီပုံကို တင်ရဲတင်ကြည့်ပါလား။ အကောင့်ပိုင်ရှင်တော့





ခံနဲမိသွားမှာပေါ့။ ဦးနော်မာက နေပါဝါရှိတယ်''

ကလေးများက တစ်ယောက်တစ်ခွန်း ငြင်းခုံကြလေသောအခါ ပြုံးပြီး လက်ပိုက်ကြည့်နေသော သူက ကလေးများ၏ ထင်မြင်ချက်ကို သုံးသပ်မိလေသည်။

ကလေးအတွေးဆိုသော်ငြား မဟုတ်နိုင်ဘူးဆိုပြီး ပစ်ပယ်၍ နေပေ။ စောစောကပဲ လက်ဖက်ရည်ဆိုင်၌ အပေါင်းအသင်းများနှင့် ဤအမှုသာ ပြောဖြစ်ခဲ့သည်။ ယခု ထိုလူသေမှုက ကျူရှင်ခန်းထိပါ ပျံ့နှံ့၍နေလေသည်။

''ကဲ ကဲ . . . အဲဒီအမှုကို ဒီမှာ ခဏခဏ ခေါက်ထားမယ်။ စာသင်မယ်။ အချိန်ပိုမှ ဒီအမှုအကြောင်း ဆက်ဆွေးနွေးမယ်။ ကဲ . . . ကဲ . . . စာအုပ်ထုတ်ကြ''

ကလေးများသည် အမှုကို ဆက်ဆွေးနွေးလို၍ စာအုပ်ကို အဆောတလျင် ထုတ်ကြလေသည်။ ပြီးနောက် သတ်မှတ်ထားသော သင်ခန်းစာပြီးရန် စိတ်ဝင်တစား ရေးမှတ်ကြကုန်သည်။

သူ ကျေနပ်မိ၏။ ဟော . . . တစ်ခုသည် ကလေးတွေရဲ့ စိတ်ကို မည်မျှလန်းဆန်းစေသလဲဆိုတာ သူ နားလည်လိုက်၍ ခဲ့သည်။

''ဆရာ . . . ဆရာ့အထင်လေးပြောတော့လေ ဆရာ''

ဟု စာသင်ပြီးချိန်က ကောင်းခန့်ကဆိုလျှင် သူက စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



များကို သိမ်းဆည်းရင်း –

"ဦးနော်မာက မနေ့ညက သေဆုံးတယ်နော်။ သူက ဆရာတို့ မြန်မာပြည်ရဲ့ ထိပ်တန်းသူဌေးတစ်ယောက်"

"ဟုတ်တယ်လေ ဆရာ"

"ဦးနော်မာ မသေဆုံးခင် တစ်လအလိုမှာ ဦးဖော်ဝင်း ဆုံးတယ်။ ဦးဖော်ဝင်းကို ဆရာ့တပည့်တွေသိမှာ မဟုတ်ဘူး။ သူက သူဌေးတစ်ဦးဖြစ်ပေမယ့် ထိပ်တန်းသူဌေးမဟုတ်လို့ပဲ"

သူ့စကားသည် ဝေ့ဝဲနေသောကြောင့် ကလေးများသည် တိတ်၍ နားစွင့်ကြကုန်သည်။ အသက်တောင်ရှူကြရဲ့လား။

"အဲဒီ ဦးဖော်ဝင်းမဆုံးမီ တစ်လလောက်က ဦးမြင့်သိန်း ဆုံးတယ်။ သူတို့လည်း ဆရာ့တပည့်တွေသိမှာမဟုတ်ဘူး။ သူက အထက်မြန်မာပြည်က သူဌေးတစ်ဦးဖြစ်နေလို့ပဲ"

"ဆရာ အဲဒီသူဌေးတွေနဲ့ ဦးနော်မာက ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ သူတို့က ငယ်သူငယ်ချင်းတွေလေ"

သူက ထိုသို့ဖြေလျှင် ကျောင်းသားများမှာ ပါးစပ်လေးဟောင်းလောင်း ပွင့်သွားကုန်သည်။ အမှန်က သူသည် ထိုသတင်းကို စောစောက လက်ဖက်ရည်ဆိုင်က သိလာခြင်းဖြစ်၏။ သူ၏ လက်ဖက်ရည်ဆိုင်သူငယ်ချင်းများတွင် စာကြမ်းပိုးဟုခေါ်သော စုံထောက်ယောင်ယောင် ရှေ့နေယောင်ယောင် လူတစ်ဦးပါ၍ သတင်းစုံစုံ သိရခြင်း





...ခ်၏။ ထိုလူသည် တိကျသောလူမို့ ထိုလူ့နှုတ်ဖျားက သတင်းမှား ...ဟ်ရိုး ထုံးစံမရှိပေ။ ထို့ကြောင့် ကလေးများအား ခပ်ပိုင်ပိုင် ပြော...ခြင်းဖြစ်သည်။

"ထူးဆန်းတာက ဦးဖော်ဝင်းရော ဦးမြင့်သိန်းပါ ရုတ်တရက် ...သေဆုံးသွားကြတာပဲ"

"အသတ်ခံရတာလား ဆရာ"

"ကဲ . . . ဒီနေ့ သင်ခန်းစာတော့ ဒီလောက်ပဲ။ နောက် ...ရာတစ်ယောက် ရောက်နေပြီ၊ ဆရာထွက်ပေးမှဖြစ်တော့မယ်"

"ဟာ . . . ဆရာကလည်း ကောင်းခန်းရောက်မှ မီးပျက်ပြန် ..."

"ဆရာ ပြောသွားဦးလေ"

"ဆရာ"

ကလေးများက သူ့အား တသသခေါ်ပြီး ကျန်နေရစ်သည်ကို ...က ပြုံးပြီး ကျောခိုင်းလာခဲ့လေသည်။ ထိုအရာက သူ့ရဲ့ ဆွဲဆောင် ...လား။ ထိုသို့ မတင်မကျဖြစ်အောင်လုပ်တတ်ခြင်းဖြင့် ကလေးများ၏ ...တ်အာရုံကို သိမ်းကျုံးထားလေရော့သလား။

သေချာသည်က သူသည် အောင်မြင်သော ကျူရှင်ဆရာ ...တစ်ဦးဖြစ်နေလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မိုးအကုန် နွေအကူး၊ နွေအကုန် မိုးအကူး၊ ဆောင်းအကုန် နွေအကူး၊ နွေအကုန် ဆောင်းအကူး စသည့် တစ်ရာသီမှ တစ်ရာသီ အကူးကို မိုးက ချိတ်ဆက်ပေးလေသောကြောင့် နွေနှင့်ဆောင်းတို့၏ တမန်တော်သည် မိုးမင်းဖြစ်လေတော့သည်။ ထို့ကြောင့် ထင်သည် မြောက်ပြန်လေနှင့်အတူ မိုးရောလေပါ နှောလာသဖြင့် တစ်နေကုန် မိုးစွေ၍နေလေသည်။

ထို့ကြောင့် လမ်းတွေက စိုစိစိနှင့် ရွှံ့အလိမ်းလိမ်းတက်နေသည်မှာ အမှန်ပါ။ သို့သော် လက်ဖက်ရည်စွဲနေသူများသည် မိုးကို ထီးဖြင့်ကာပြီး ပုဆိုးကို တိုတိုဝတ်၍ လက်ဖက်ရည်ဆိုင်သို့ ချီတက်





ကြပြန်သည်။ လက်ဖက်ရည်၏အမိန့်ကို မလွန်ဆန်နိုင်တာလား၊ လက်ဖက်ရည်ဆိုင်၏အမိန့်ကို မလွန်ဆန်နိုင်တာလားမသိပေ၊ သေချာသည်ကတော့ လက်ဖက်ရည်ဆိုင်အပေါင်းအသင်းများကို လွမ်းခြင်းဖြစ်လေတော့၏။

''ဟ . . . ဒီနေ့ ကိုလွမ်းဝေကြီး မမြင်ပါလား''

ဗဟုသုတဟင်းလေးအိုးကြီးကို လွမ်းဝေသည် လက်ဖက်ရည်ဆိုင်ကို ရုံးခန်းလုပ်တတ်သောကြောင့် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လျှင် ကိုလွမ်းဝေမမြင်ပါက နို့ဆီမပါသော လက်ဖက်ရည်ကို သောက်ရသလို အရသာကင်းမဲ့လွန်းလှပေသည်။

''လာပါပြီ ကိုယ့်ဆရာရေ၊ မိုးတွေက သည်းနေလို့ ကွမ်းယာဆိုင်ထဲ မိုးဝင်ခိုနေတာလေ၊ စပ်ကူးမတ်ကူးမိုးက မျက်စိမ်းတတ်တယ် မဟုတ်လားဗျ''

ကိုလွမ်းဝေသည် ပြောပြောဆိုဆိုပင် ခွေးခြေခုံတစ်လုံးကို ဆွဲကာ မိုးသားမောင်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လေ၏။ ထိုအခါ ထိုဝိုင်းလေးသည် ငါးယောက်သောလူဖြင့် စည်ကားဝေဆာသွားလေသည်။ ကျူရှင်ဆရာ မိုးသားမောင်၊ အမှုလိုက်ရှေ့နေ ကိုလွမ်းဝေ၊ ဘဏ္ဍာစီကားဆရာ ကိုလှမျိုး၊ ရပ်ကွက်ရုံးမှ အတွင်းရေးမှူး ကိုနိုင်လင်း၊ ကားဝပ်ရှော့ပိုင်ရှင် ကိုမောင်မောင်၊ အလွှာစုံမှလူများမို့ သတင်းစုံလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဦးတစ်ခွက်ဟော့"

ကိုလွမ်းဝေသည် ထုံးစံအတိုင်း အော်ဟစ်မှာယူသောအခါ ရင်းနှီးကျွမ်းဝင်နေသော စားပွဲထိုးလေးသည် စားပွဲသုတ်ထားသော တဘက်ကို ပခုံးစောင်းတင်ကာ တစ်ဆင့်ပြန်မှာပေးလေသည်။

"မိုးအကုန် ဆောင်းအကူးဆိုပေမယ့် လေရူးက မြူးတယ်ဗျာ။ မသိရင် တပေါင်းတန်ခူး ထင်ရတယ်"

ဟု ကိုလွမ်းဝေက ဆိုလျှင် ကိုလှမျိုးက ရေနွေးကြမ်းကို တစ်ကျိုက်မော့ရင်း ဆက်ပြောသည်။

"လာမယ့်လကနေစပြီး ပေရယ်၊ မေအထိ ခရမ်းလွှန်ရောင်ခြည်က မြင့်ဦးမယ်တဲ့ဗျာ။ ဘယ်လောက်ပူလိုက်လေမလဲ။ ဌာနချုပ်ကတော့ အယ်နီညိုရာသီဥတုလို့ ပြောနေတာပဲ"

"တောတွေက ပြုန်းတော့ သမုဒ္ဒရာထဲ ဆားငန်ရေတွေ အချဉ်ဖောက်နှုန်း မြင့်နေတယ်လေ။ ကျုပ်တော့ မုန်တိုင်းကိုပဲ စိုးရိမ်တယ် ကိုယ့်ဆရာရေ"

"တောပြုန်းတာက ဒေသခံတွေ စည်းမဲ့ကမ်းမဲ့ ခုတ်ကြလို့တဲ့ဗျ ... ဟား ဟား ဟား"

"ဦးနော်မာသေသွားပြီဆိုတော့ တောထဲက ကျွန်းပင်တွေ နလန်ထလာတော့မှာပေါ့ဗျာ"

ကိုမောင်မောင်က စကားဝိုင်းထဲက အရွှန်းဖောက်လျှင်





တစ်ဝိုင်းလုံး ဝေါခနဲရယ်လိုက်မိကြလေသည်။ ထိုရယ်သံသည် ကြည်သင်ရွှန်ပျ၍ မဟုတ်ပါ။ လှောင်ရယ်သံများ နှောနေသည့် တရော်ခြင်းသာ ဖြစ်လေသည်။

"ဗုဒ္ဓအဆုံးအမကိုတော့ ကန့်တော့ပါရဲ့ဗျာ။ ဒါပေမဲ့ ... ဦးနော်မာကို သတ်သွားတဲ့လူကိုတော့ ကျေးဇူးတင်မိသားဗျ"

"အသတ်ခံရတာရော သေချာရဲ့လားဗျာ။ နှလုံးရောဂါဆိုတာမျိုးက အခုတစ်မျိုး တော်ကြာတစ်မျိုးရယ်လေ"

"အသတ်ခံရတာပါဗျာ သေချာပါတယ်။ သူတို့လို သူဌေးကြီးတွေမှာ လေယာဉ်ပျက်ကျတာကလွဲလို့ မတော်တဆဆိုတာ မရှိဘူးဗျ။ ဆရာဝန်ကို ဘော်ဒီဂတ်ခေါ်ထားတဲ့ လူတန်းစားမျိုးက ညစာစားပွဲတောင် ပျော်ပျော်ရွှင်ရွှင်ရယ်မောနေပြီး ညမှာ ခွေခနဲသေသွားတယ်ဆိုတာ ရှိရိုးလား"

"သူ့အိမ်က လုံခြုံရေးကောင်းတယ်ဆိုဗျ"

"လုံခြုံရေးထက် လူသတ်သမားက ပိုစွမ်းလို့နေမှာပေါ့ဗျာ"

"ဘယ်လောက်များ အချိန်ယူပြင်ဆင်ခဲ့မလဲ မသိဘူးဗျာ။ အမှုက စိတ်ဝင်စားစရာပဲ"

မိုးသားမှောင်သည် စကားဝိုင်းထဲ တစ်လုံးမျှ ဝင်မပြောဘဲ ပြောသမျှကိုသာ နားထောင်နေမိသည်။ နားထောင်သည်ဆိုတာ ထက် င်တွင် အသံတိတ်သုံးသပ်နေမိသည်ဆိုလျှင် ပိုမှန်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



''ကိုလွှမ်းက ခင်ဗျားပြောတဲ့ ဦးဇော်ဝင်းနဲ့ ဦးမြင့်သိန်းတို့ရဲ့ အမှု ဆက်ပါဦးဗျ''

''ဆက်ရမယ်ဆိုရင်တော့ လူသတ်သမားက မိန်းမဆိုလား ဗျ''

''မိန်းမ''

အာမေဍိတ်သံနှင့်အတူ ဝိုင်းမှာ ခေတ္တမျှ တိတ်ဆိတ်သွားလေသည်။

''ဟုတ်ချင်မှလည်း ဟုတ်မှာပါ။ ဒါက တိကျတဲ့သတင်းတော့ မဟုတ်ပါဘူး၊ ကောလာဟလပါ။ ဒါပေမဲ့ ဒေသနယ်မြေခံရဲတွေတော့ ခြေချင်းလိမ်နေကြတယ်''

''ဘယ်လိုသတ်သွားတာလဲဗျ''

''ဦးဇော်ဝင်းကတော့ ရေကူးကန်မှာ သေတယ်ဆိုတာပဲ။ ဒါကတော့ လူသိရှင်ကြားပေါ့ဗျာ။ ဒါပေမဲ့ ဦးမြင့်သိန်းကတော့ သေနတ်မှန်ပြီး သေတာတဲ့ဗျ။ အမှုပတ်မှာစိုးလို့ သူ့မိသားစုက ရောဂါကြောင့်ဆိုပြီး သတင်းလွှင့်ထားတယ်''

''သတင်းက သေချာရင်တော့ တစ်ခုခုတော့ တစ်ခုခုပဲဗျ။ ဒါနဲ့ . . . ကိုလွှမ်းဝေ သူတို့က တကယ်ပဲ ငယ်သူငယ်ချင်းတွေလား''

''ချင်း,မချင်းတော့မသိဘူးဗျို့။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်ကတော့ အတူတူ လုပ်ကိုင်ဖူးကြတယ်ဆိုပဲ။ ကျွန်တော်တော့





အတိတ်နဲ့ဆက်စပ်မယ် ထင်သားပဲ''

''တိုက်ဆိုင်တာနေမှာပါဗျာ။ ဒါက ဇာတ်လမ်းရိုက်နေတာလည်း မဟုတ်''

''တကယ့်အဖြစ်တွေက ဇာတ်လမ်းထက် ဆန်းကြယ်တာတွေ တစ်ခုနှစ်ခု ကလို့လားဗျာ''

''ပထမတော့ ကျုပ်လည်း အဲဒီတိုက်ဆိုင်မှုကို ယုံချင်ချင်ပဲ။ ဒါပေမဲ့ . . . အမျိုးသမီးလူသတ်သမားဆို ယုံဖို့ခက်နေပြီ''

ဟု ကိုမောင်မောင်က နောက်ဆုံးသုံးသပ်တော့မှ တစ်ချိန်လုံး ငြိမ်နေသော မိုးသားမှောင်က –

''ဒီခေတ်အမျိုးသမီးတွေကို လျှော့မတွက်နဲ့ဗျ။ သူတို့က ခယ်သွက်သွက်ရယ်။ ရဲလည်း ရဲတယ်ဗျ။ ကျွန်တော့်အတန်းက ကျောင်းသူတွေဆို နှုတ်သွက်လျှာသွက်လေးတွေဗျ။ မေးခွန်းထုတ်လာရင် ကျောင်းသားတွေအသံကို မကြားရဘူး။ ကျောင်းသူအသံချည်းပဲ။ ငယ်ပေမယ့် ဇောင်းလေးတွေနဲ့ဗျ။ ချစ်သူရည်းစားလည်း များသလား မမေးနဲ့ဗျာ။ မသိချင်ယောင်ဆောင်ပြီးမှ နေရတယ်''

''ကဲ . . . ကျောင်းဆရာ။ ဒါဆိုရင်တော့ သတိထားဦးဗျို့။ ခုတလော အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေ မုဒိမ်းမှုများနေတယ်။ ကျောင်းသားမိဘဆိုတာမျိုးက ကျောင်းချိန်မှာ ကိုယ့်သားသမီး မဟုတ်တော့သလို ဆရာတွေကို ဝကွက်အပ်ကြတာမျိုးဗျ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကျောင်းဆရာ။ ခေတ်ကာလသမီးပျိုတွေက သူတို့ကိုယ်သူတို့ ငယ်သေးတယ်ဆိုတာ မေ့နေကြတယ်ဗျ။ ကိုးတန်း ဆယ်တန်းဆိုတဲ့အရွယ်က ဇကောင်းဗျ။ အင်မတန်ထိန်းကျောင်းရ ခက်တဲ့အရွယ်"

"ဟုတ်တယ် ကျောင်းဆရာ။ အင်တာနက်ဆိုတာကို မြန်မာ ပြည်က မသုံးဖူးသုံးဖူး တွင်တွင်ကျယ်ကျယ် သုံးလိုက်ရတော့ မျောက် အဝတ်စရသလို ဖြစ်နေကြတာခင်ဗျားရေ။ ဗဟုသုတရတာမှန်ပေမယ့် တစ်နေ့ ဘိန်းတစ်ငုံကျွေးပြီး ဘိန်းစားဖြစ်အောင် လုပ်နေသလိုပဲဗျ။ ကလေးတွေလည်း လေလွင့်ချစ်သူဆိုလား ဘာလားဗျ။ ခင်ဗျားတော့ တပည့်အများကြီး ဘယ်လိုထိန်းမှန်းမသိပေမယ့် အိမ်က သမီးတစ် ယောက်တော့ နွားတစ်ထောင်လိုပါပဲဗျာ"

ဟု သူအား အားလုံးက ဝိုင်းဝန်းသတိပေးကြသောအခါ သူက ထုံးစံအတိုင်း အပြုံးမပျက် မျက်နှာချိုချိုဖြင့်သာ ခေါင်းတညိတ် ညိတ် လုပ်နေလေသည်။

"ကျေးဇူးပါပဲဗျာ၊ ဒါပေမဲ့ ခက်တာက ကျွန်တော်က တန်းပြ ဆရာဗျ။ အုပ်ချုပ်တာမျိုး အတန်းအုပ်ဆရာတွေ လုပ်ကြပါလိမ့်မယ်။ ဒီလိုပြောတော့ ကျွန်တော့်ကို တာဝန်မဲ့တယ်တော့ မထင်စေချင်ဘူး။ ကျူရှင်လောကဆိုတာမျိုးက ကိုယ်နဲ့အံမဝင်တာ ဝင်စွက်ဖက်ရင် အလုပ်ပြုတ်တတ်တာမျိုးဗျ"





"ခင်ဗျားက ကြိုကာတော့လည်း အထောင်းသက်သာတာ ပေါ့ဗျာ။ ဒါပေမဲ့ ... ဆုံးမထားတာတော့ အပိုမဟုတ်ဘူးပေါ့ဗျာ။ ကျွန်တော်တို့ကြားရသလောက်တော့ ခင်ဗျားက ကျောင်းသားချစ် ဆရာဆိုပဲဗျ။ ကျောင်းသားကြောက်ဆရာနဲ့ ကျောင်းသားချစ်ဆရာ ယှဉ်ရင် ကျောင်းသားချစ်ဆရာရဲ့ ဩဝါဒက ပိုထိရောက်တယ် မဟုတ် လားဗျ"

"ခုလို သတိပေးတော့လည်း ကျွန်တော့်အတွက် သတိဖြစ် တာပေါ့။ ကဲ ... စကားလည်း ကောင်းတယ်ဗျို့။ ဒါပေမဲ့ ခုတော့ အတန်းချိန်ရှိသေးလို့ ခွင့်ပြုပါဦးဗျာ၊ သွားပြီဗျို့"

ဟုဆိုကာ ဝိုင်းထဲမှ ထွက်လာခဲ့လေသည်။

မိုးလေးက မစွတ်တစွတ်မို့ လမ်းလေးက ချော်ချောချောရယ် ပါ။ ထို့ကြောင့် ကတ္တီပါဖိနပ် သားရေခံနှင့်သူက လမ်းကို သတိထား လျှောက်နေရသည်။

လမ်းကို သတိထားနေသည့်ကြားမှ လက်ဖက်ရည်ဆိုင်ကို အာရုံရောက်သွားမိပါသေးသည်။ အဖွဲ့ထဲမှတစ်ယောက် ထွက်သွားပါ က ထိုတစ်ယောက်အကြောင်း အဖွဲ့သားများ သုံးသပ်တတ်သည့် သဘောအရ ကျန်ရစ်ခဲ့သော အဖွဲ့သားများ သူ့ကိုမည်သို့သုံးသပ်နေ ကြမှာလဲ။

ဒီအရွယ်ထိ အိမ်ထောင်မပြုသေးတဲ့ သူ့ဘဝရေးရောက်လား။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများနှင့် သူ့နေထိုင်မှုဘဝကိုလား၊ ဒါမှမဟုတ် တာဝန်မဲ့သလို ဖြစ်သွားသည့် သူ့စကားကိုလား။ တောင်စဉ်မရရော တွေးနေမိရင်းမှ မခိမဆိုင်စိတ်က ထီးဆီ ပျံ့လွင့်သွားပြန်သည်။

ထီးက မဆောင်းတာကြာပြီမို့ သံချေးတက်ချင်ချင် ဖြစ်ရလေ၏။ ထို့ကြောင့် ထီးရိုးကို သူ့ရုပ်အင်္ကျီဖြူဖြူနှင့် မထိမိစေရန် သတိထားနေရသည်။

ဆောင်းရာသီတွင် မိုးရိပ်နည်းသော်လည်း နေပူရှိန်က မြင့်မှာမို့ ထီးကတော့ ဆောင်းရဦးမှာ သေချာသည်။ ထို့ကြောင့် ငွေ တစ်သောင်းလောက်ကို နမြောမနေတော့တဲ့ လာမည့်အပတ် လစာထုတ်လျှင် ထီးလေးတစ်ချောင်းဝယ်ဖို့ ဆုံးဖြတ်လိုက်ပြန်သည်။

"ဆရာ"

ရှေ့သို့ အာရုံစိုက်၍ လျှောက်နေဆဲမှာပင် ရင်းနှီးလှသော ခေါ်သံတစ်ခုကို နောက်နားဆီမှ ကြားရလေသည်။ ထို့ကြောင့် သူက ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

ရှေ့သွားလေးများပေါ်အောင် ပြုံးပြနေသော သူ့တပည့်မလေးစန္ဒာ။

ကျောင်းဆရာပီပီ စန္ဒာ့ဘေးမှပုဂ္ဂိုလ်တစ်ဦးကို ဖျတ်ခနဲ လှမ်းကြည့်မိသည်။ အသက်က သူနှင့်မတိမ်းမယိမ်းအရွယ်မျှ ရှိလိမ့်မည်။ စန္ဒာ့အဖေလား၊ ဦးလေးလား။ ရုပ်ရည်သန့်ပြန့်လွန်းသူမို့ ဒရိုင်ဘာ





တော့ မဖြစ်နိုင်တာ သေချာသည်။

"စန္ဒာပါလား၊ အတန်းမတက်ဘူးလား"

သူသည် သင်္ချာဆရာဖြစ်သည်။ ထို့ကြောင့် သူ့စာသင်ချိန်သည် တနင်္ဂနွေနေ့ဆို ညနေပိုင်းမှဖြစ်သည်။

တနင်္ဂနွေနေ့ဆိုပါက ကျူရှင်ချိန်သည် မနက်ရှစ်နာရီမှ ညနေ ငါးနာရီထိ ဖြစ်လေ၏။ ခုတော့ နှစ်နာရီထိုးပြီးနေပြီဖြစ်သည်။ စန္ဒာက ယခုမှ ကျူရှင်လာသည့်ပုံပေါက်သည်၊ ထို့ကြောင့် မေးလိုက်ခြင်းဖြစ်၏။

"အခုလာတက်ပြီလေ ဆရာ၊ သင်္ချာချိန်တော့ သမီးက မမျှော်ပါဘူး။ ဆရာ့ကို မိတ်ဆက်ပေးရဦးမယ်။ ဒါက သမီးရဲ့ဦးလေး ဦးညြတဲ့"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော်က သားမှောင်ပါဗျာ"

ဟု သူက ဖော်ရွေစွာ နှုတ်ဆက်လက်ကမ်းသော်လည်း သူ့အား ပေမိုတ်မိုတ်ကြည့်နေသော ဦးညြဆိုသည့် လူသည် ရယ်လည်း ရယ်၊ ပြုံးလည်း မပြုံးပေ။

ထိုလူ့ဆက်ဆံရေးကြောင့် သူမှာ အောင့်သက်သက်ဖြစ်သွားသည်မှာအမှန်ပါ။ သို့သော် တပည့်လေးစန္ဒာကို အားနာ၍ သူ့နှုတ်ခမ်းသည် ဆက်လက်၍ ပြုံးထားမိဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒာကတော့ အားနာသွားရှာထင်သည်။ သူ့အား မခို့တ
ကြည့်ရှာသည်။ ထို့ကြောင့် သူကလည်း ရတယ် နားလည်ပါတယ်
ဒါက အားနာစရာမဟုတ်ပါဘူးဆိုသောပုံမျိုးနှင့် ပြန်ကြည့်လေသည်
ထိုအခါမှ စန္ဒာက စိတ်သက်သာရာ ရပုံမျိုး သက်ပြင်းချလေ၏။

''ကဲ စန္ဒာ . . . အတန်းထဲဝင်တော့လေ၊ ဦးပြန်တော့မယ်
အတန်းထဲမှာလည်း တည်တည်တံ့တံ့နေနော်။ ရောရောနှောနှောနေ
တာ ဦးမကြိုက်ဘူး''

ထိုစကားသည် နာမည်တပ်မပြောရုံဘာမယ် ရှိတော့၏။ သူ
တိုက်ရိုက်ပြောနေသည်ဟု ခံစားရသည်။ အသံက ခပ်ဆတ်ဆတ်
ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ထိုပုဂ္ဂိုလ်သည် လောကနှင့် သဟ
ဇာတမဖြစ်သူဟု သူ ခန့်မှန်းမိလိုက်သည်။

သူ့ကိုတုကြည့်ကြည့်ကာ ချာခနဲလှည့်ထွက်သွားသော ထို
ကို သူကလည်း အားမနာပါးမနာ ငေးကြည့်နေဖြစ်သည်။

''ဦးဦးက အပြောဆိုးပေမယ့် သဘောတော့ကောင်းပါတယ်
ဆရာ''

''နှုတ်ကြမ်းတဲ့လူက များသောအားဖြင့် စိတ်ကောင်းတတ်
ပါတယ်။ ကဲ . . . လာလေ အပေါ်တက်ကြရအောင်''

ဟုဆိုကာ သူက ဦးဆောင်လိုက်သောအခါ စန္ဒာက သူ
နောက်မှ ခပ်ရှိုရှိုပါလာလေသည်။





''တခြားအချိန်က ဘာလို့မတက်တာလဲ''

''အိမ်မှာပဲ စာလုပ်လိုက်တယ်။ ကျက်စာတွေဆိုတော့
ကျူရှင်မှာကျက်ရင် မရတတ်လို့။ သမီးက သင်္ချာပဲညံ့တာလေ''

''မင်းတို့ဆရာမ ဒေါ်နီလာသန့်က ခွင့်ပြုရဲ့လား''

''တီချယ့်ကို ဦးဦးက ခွင့်တောင်းပေးပါတယ်''

''အေးပါ . . . မင်းတို့တီချယ် ခွင့်ပြုရင် ပြီးတာပါပဲ။ ဒါနဲ့
ကိုဥသြက သမီးရဲ့ဦးလေးလား''

''ဟင့်အင်း . . . အဖေပါ။ အမေ့ရဲ့ယောကျ်ားပေါ့''

သူနားလည်သွားလေသည်။ ထိုနားလည်ခြင်းကပဲ နား
လည်ခြင်း ဖြစ်ရပြန်၏။ ထိုလူ၏အကြည့်များသည် သူ့အတွက်
ဆူးဆန်းနေသည်မှာ အမှန်ပါ။ ဘာအဓိပ္ပာယ်လဲ၊ ဘာကြောင့် သူ့
အပေါ် အမြင်မကြည်သလို ကြည့်သွားရတာလဲ။

''ဆရာက သမီးရဲ့အဖေဖြစ်မယ်လို့ ထင်နေတာ၊ တကယ်ပဲ
ကိုး''

ဟု သူကဆိုလျှင် စန္ဒာလေးမျက်နှာ ကွက်ခနဲပျက်သွား
သည်ကို သတိပြုမိလိုက်သည်။ ဘာကြောင့်လဲ။

''ဆရာက အင်းစိန်မှာနေတာနော်''

''အင်းလေ . . . ဘာဖြစ်လို့လဲ''

''ဒါဆို လမ်းကြုံရင် သမီးကို ဝင်ခေါ်ပေးပါလား''



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ"

"မေမေက သမီးကို လိုက်မပို့ပေးနိုင်တော့ဘူး။ ပြီးတော့ ကျူရှင်ကိုလည်း သမီးက တစ်ယောက်တည်း မလာတတ်ဘူး။ ဦးဦး ကလည်း သမီးကျူရှင်နေတာ သိပ်မကြိုက်ဘူး။ အိမ်ထဲမှာချည်းလည်း သမီးမနေနိုင်ဘူး"

စန္ဒာလေးက စကားကို တရစပ်ပြောလျှင် သူမှာတော့ ပဟေဠိများစွာ။ ဘာဖြစ်လို့ စန္ဒာ့အမေကလိုက်မပို့ပေးနိုင်တော့တာလဲ ဒါဆို ခါတိုင်းကရော စန္ဒာ့အမေ လိုက်ပို့နေကျဆိုတဲ့သဘောပေါ့ ဦးဦးက ကျူရှင်နေတာမကြိုက်ဘူးဆိုတဲ့စကားက ဘာလဲ၊ စန္ဒာလေး က ပထွေးနှိပ်စက်ခံရတဲ့ကလေးလား။

မဖြစ်နိုင်ပါ။ စန္ဒာလေးပုံက ချမ်းသာမည့်ပုံပေါ်သည်၊ မိထွေး ပထွေး နှိပ်စက်ခြင်းက ခေတ်ဟောင်းပုံပြင်တွေထဲမှာ ကျန်ခဲ့ပြီဖြစ်၏ လွတ်လပ်တဲ့ ယခုခေတ်မှာ ထိုအယူအဆတွေ မရှိနိုင်တော့ပါ။

ဘာလဲ။ ပဟေဠိကို ချက်ချင်း အဖြေညှိလိုက်ချင်သော်လည်း ကျူရှင်စာသင်ခန်းရှေ့သို့ ရောက်နေပြီဖြစ်၍ စန္ဒာသည် သူ့ထက် အလျင်ဝင်သွားသောကြောင့် သူမှာတော့ တစ်ပိုင်းတစ်စဖြင့် ရှေ့တိုး ရခက် နောက်ဆုတ်ရခက်။

"ဆရာလာပြီ မင်္ဂလာပါဆရာ"

စန္ဒာနှင့် မရှေးမနှောင်းဝင်လာသော သူ့ကို စာသင်သား





းက ဝိုင်းဝန်းနှုတ်ဆက်ကြလေသည်။

"မင်္ဂလာပါကွယ် ... ထိုင်ကြ၊ ထိုင်ကြ"

ဟု ဆိုလိုက်ရသော်လည်း မျက်စိက စန္ဒာထံမှ မခွာတော့။ န္ဒာသည် ခါတိုင်းထိုင်နေကျ တတိယတန်းမြောက်မှာ ခပ်ပုံ့ပုံ့လေး ိုင်ရှာ၏။ ကလေးမသည် စိတ်လွတ်နေသူတစ်ဦးနှယ် စားပွဲကိုသာ ိုက်ကြည့်နေသောကြောင့် သူ့ရင်ထဲ မိုက်မဝတဲ့ကလေးငယ်တစ်ဦး ို့ ခံစားရလေသည်။

"ဆရာက စန္ဒာနဲ့အတူလာတာပေါ့လေ။ စန္ဒာက တကယ် ုပ်တာပါလား"

ကျောင်းသားတစ်ဦးက ထိုသို့နောက်ပြောင်လျှင် သူ အံ့အား သင့်သွား၏။ တကယ်လုပ်တာပါလားဆိုသည့်စကားနောက်တွင် အကြောင်းအရာတွေ တန်းစီနေမှန်း သူသတိထားမိသည်။

"စိန်နိုင် ... သားပြောတဲ့ တကယ်လုပ်တာပါလားဆိုတာက ဘာလဲကွ"

တစ်ဖက်လူဖြေသာစေရန် မျက်နှာချိုချိုနှင့်သာ ပေါ့ပေါ့ပါးပါး မေး၏။

"ဆရာက အင်းစိန်ကလာတာလေ။ စန္ဒာကလည်း လမ်းကြို နေတော့ ဆရာ့အချိန်ပဲ တက်မယ်လို့ပြောတဲ့စန္ဒာက ဆရာ့ကားပဲ ဘမ်းကြိုစီးမယ် ပြောလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ စန္ဒာ့ကို လှမ်းကြည့်သည်။ ကလေးမက ပစ္စည်းပျောက်ရှာနေသလို ခေါင်းကို သွင်သွင်ငုံ့နေရှာ၏။

စန္ဒာသည် မိမိစကားကြောင့် ကျဆင်းသွားနိုင်သည့် သူ့သိက္ခာကိုလည်း တွက်မိပုံမပေါ်ချေ။ ဒီအရွယ်က သိက္ခာအကြောင်းထည့်တွက်တတ်သေးတဲ့အရွယ်လည်း မဟုတ်၍ ဆူရမှာလည်း ခပ်ခက်ခက်ပင်။ မလိုသောစကားပြောမိလျှင် တပည့်နှင့်ဆရာကြား အစာမကြေ ဖြစ်လာနိုင်သည်။

ဒါလေးပြောမိတာနဲ့ ဒီလောက်ထိ ဖြစ်ရသလားဟု ထင်သွားမှာလည်း စိုးသည်။ သူ့ကားက ဝယ်တာနှစ်လ မပြည့်သေးမှန်သော်လည်း ကျောင်းသားများအားလုံးလိုလို သိနေကြသည်။ ကားကအကောင်းကြီးမဟုတ်သော်လည်း စာသင်လို့ရတဲ့ ငွေနဲ့ မှုးစုပဲ့ဝယ်ခဲ့ရသည့်ကားမို့ ကားလို့မမြင်ဘဲ ရွှေလို့သာမြင်ပြီး တန်ဖိုးထားသည်။ အမှန်ဆိုရလျှင် သူ့ကားက မိခင်မှလွဲ၍ အခြားမည်သည့်မ,သတ္တဝါကိုမျှ မတင်ဖူးချေ။

တင်လည်း မတင်ဘူးဟု ဆုံးဖြတ်ထားသည်။ အိမ်ထောင်မပြုဘူးဟူသော ဆုံးဖြတ်ချက်နောက်တွင် လူပျိုဘဝကို သန့်စင်အောင်နေတော့မည်ဆိုသော အယူသည်းမှုက ကပ်ပါလာသည်။

ထို့ကြောင့် ဘဝစွန်းထင်းမည့်ကိစ္စကို သူမလုပ်နိုင်ပေ။ ပိုဆိုးသည်က တပည့်မလေးနှင့် ကားတစ်စီးတည်း အတူစီးမည့်ကိစ္စ





ခဲ့သည်။ သူ ဘယ်တော့မှ လုပ်မည်မဟုတ်ပါ။ သူ့စိတ်ရော စန္ဒာ့ကိုယ်ရော မည်မျှဖြူစင်နေစေဦး ပတ်ဝန်းကျင်ဆိုတာကို သူထည့်တွက်၍မရပါ။

ပတ်ဝန်းကျင်ဆိုတာမျိုးက သာချိန်တစ်မျိုး နာချိန်တစ်မျိုး။ အမျိုးမျိုးပြောတတ်သည့် သဘာဝကို သူသိ၏။ တက္ကသိုလ်ကျောင်းသားအရွယ်ကတောင် သွားပုတ်လေလွင့် စကားမျိုး အပြောမခံခဲ့သည့်သူက ဒီအရွယ်ရောက်မှ တပည့်မလေးကြောင့် နာမည်ပျက်မခံနိုင်ပါ။

စန္ဒာကိုတော့ အားနာပါလျက်နဲ့ စန္ဒာ့တောင်းဆိုမှုကို သူမသိချင်ယောင်ဆောင်ရမည်ဖြစ်တော့၏။ ထိုစိတ်သည် ဖဝေဖဝါဖြစ်နေရာမှ စစ်နိုင် စကားအောက်တွင် အသေအချာဖြစ်သွားခဲ့ပါပြီ။

"မဟုတ်ပါဘူး။ စန္ဒာနဲ့ဆရာက ဒီအောက်မှာမှ ဆုံလာတာပဲ။ စန္ဒာ့ကို သူ့အဖေက လိုက်ပို့တာပါ"

"စန္ဒာက အဖေရှိတာယ် ဟုတ်လား။ စန္ဒာ့အဖေက ဆုံးသွားပြီ မဟုတ်ဘူးလား"

စန္ဒာ့ဘေးမှ ခင်ကောင်းသန့်က အသံစာစာနှင့်ဆိုလျှင် အခန်းတစ်ခုလုံးမှာ အပ်ကျသံမကြားရအောင် တိတ်ဆိတ်သွားလေသည်။ သူ စန္ဒာ့ကို အားနာသွားမိသည်။ သူ အမှားလုပ်လိုက်မိပြီထင်ပါရဲ့။ သူ့အမှားကြောင့် ဆယ်ကျော်သက်ရင်ထဲ အနာဖြစ်လောက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ် . . . ငါ့အမေနောက်ယောကျ်ားယူလို့ သူ့ယောကျ်ားက ငါ့အဖေဖြစ်လာတာ ဆန်းသလား”

စန္ဒာ့အသံထဲတွင် အလိုမကျခြင်းနှင့် ဘုတောခြင်းများ ပါဝင်နေလေသည်။

ဆယ်ကျော်သက်များသည် မိမိတို့မိသားစု ဘဝအခြေအနေကို အပေါင်းအသင်းများကို မသိစေချင်ကြပါ။ အကျည်းတန်ခြင်းကို ဝင်ခံစားတတ်သည့်အရွယ်မို့ သရုပ်မှန်ကို ဖုံးကွယ်လိမ်ညာတတ်သည့် သဘောမျိုးရှိလေသည်။ ထိခိုက်လွယ်သည်၊ ခံစားလွယ်သည် အုပ်စုဖွဲ့နေထိုင်လိုကြသည်။

စန္ဒာသည် အင်မတန်ဖော်ရွေသော ဆက်ဆံရေးကောင်းမွန်သော ဆယ်ကျော်သက်အဖြစ်သာ သူသိထားခဲ့၏။ သို့သော် ယခုမှုကား သူ့အမှားတစ်ချက်ကြောင့် စန္ဒာသည် သူငယ်ချင်းများကို စိန်ခေါ်သည့်စကား ဆိုပေသည်။

စန္ဒာ၏ဘဝသည် အနုတ်လက္ခဏာပြလိုက်ပြီဟုထင်သည်။ စန္ဒာသည် ပတ်ဝန်းကျင်နှင့်ဆန့်ကျင်မည့်ဟန် ပြင်လိုက်ပြီဖြစ်၏။

သူတစ်ခုခုပြန်ညှိနှိုင်းပေးမှ ဖြစ်လိမ့်မည်။ နို့မဟုတ်ပါက ဆယ်ကျော်သက်တစ်ဦး၏ စိတ်ကို သူသတ်လိုက်သလို ဖြစ်သွားလိမ့်မည်။

“မဆန်းပါဘူး၊ ဒါက ဘဝရဲ့ဖြစ်ရိုးဖြစ်စဉ်ပဲလေ။ အဲ့ဒါဆိုပြီး





...ွားလာတဲ့အရွယ်မှာ ကိုယ့်ရဲ့အဖော်က မိခင်။ ဒါကြောင့် ကလေးတွေက ဖခင်ထက် မိခင်အပေါ် ပိုလို့တွယ်တာကြတယ်။ ငါ့မှာ အမေရှိတယ်ဆိုတဲ့ စိတ်နဲ့ လောကကို ရင်ဆိုင်ပြတယ်။ ဒါ့ထက်ပိုကြီးလာရင် မိတ်ဆွေအပေါင်းအသင်းနဲ့ ငါ့မှာ ငါ့ကို ချစ်ခင်တဲ့လူတွေ ရှိပါလားဆိုတဲ့စိတ်နဲ့ ပတ်ဝန်းကျင်ထဲ ဝင်ဆံ့ကြတယ်။ ဒါ့ထက်ကြီးလာပြီး ...ဆယ်ကျော်ရင် ချစ်သူ၊ ငါ့ချစ်တဲ့လူရှိပါလား စိတ်နဲ့ ရဲဝံ့တတ်ကြတယ်။ အဲဒီချစ်သူကနေ ဘဝအဖော် ဟသ်ာလို၊ တိရစ္ဆာန်တောင် ...ောင်နှံ့ရှိမှ နေနိုင်တာပဲ။ လူလို အသိဉာဏ်ရှိတဲ့လူက ပိုဆိုးတာပေါ့။ ဒါကြောင့် လူပျိုကြီး၊ အပျိုကြီးတွေကို ပေါင်းသင်းရခက်တဲ့လူလို့ ပြောတာပေါ့။ ခွန်ဆန်လောအတွက် နန်းဦးပြင် ဖြစ်တည်လာရသလို ...အတွက် ဇေမရှိရင် အဲဒီလို ပုံပြင်လေးရှိနိုင်မယ် မထင်ဘူး။ တိရစ္ဆာန်လို အသိဉာဏ်နည်းတဲ့ သတ္တဝါတောင် အဖော်ကို စုံမက်...တော့ လူဆိုတဲ့ သတ္တဝါက မစုံမက်ဘူးဆိုရင် လူမပီသလို့ပေါ့”

“ဒါဆို ဆရာက လူမပီသဘူးပေါ့”

သူ ပြုံးလိုက်သည်။ စန္ဒာ့အတွက် ပြေရာပြေကြောင်း စွပ်စက်ပြောပြီးကာမှ သူ့ရှုံး၊ သူပတ်ခံရခြင်းဖြစ်၏။

သို့သော် သူကျေနပ်သည်။ သူ့ရဲ့သရုပ်မှန်ကို လှောင်ပြောင်ခြင်းဆိုသော်ငြား စန္ဒာအပါအဝင် ကျောင်းသားများအားလုံး ပြုံးသွားကြသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်သုံးဆယ့်ငါးနှစ်အရွယ် ယောကျ်ားတစ်ယောက်က ချစ်သူမရှိခြင်းသည် လောကအတွက် သရော်စရာတစ်ခုများ ဖြစ်နေပြီလား။

✱



## အခန်း (၄)

အဆောင်ဆောင် အခန်းခန်းများစွာရှိသည့်အထဲမှ ထိပ်ဆုံးရှိ အခန်းကျယ်ကြီးထဲတွင် ဆုံလည်ထိုင်ခုံတစ်လုံးရှိ၏။ ထိုဆုံလည်ထိုင်ခုံ၏အရှင်သခင်သည် မှန်ပြတင်းမှတစ်ဆင့် ပြင်ပကို မျက်နှာမူထားသေး၏။ ထိုစဉ် ...

''ဒေါက် ဒေါက် ဒေါက်''

ခွာမြင့်ဖိနပ်တစ်ရံသည် အရှင်သခင်အနီးသို့ တရိပ်ရိပ် တိုးဝင်လာလေ၏။

သို့သော် အရှင်သခင်ကမူ မလှုပ်မယှက် ငြိမ်သက်စွာ ရပ်နေမြဲဖြစ်လေ၏။ ဘာကို ဒီလောက်တောင်စဉ်းစားနေပါလိမ့်။ ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



နေသောကျောပြင်သည် တစ်ခုခုကို လေးလေးနက်နက် တွေးခေါ်စဉ်းစားနေမှန်း သိသာလွန်းနေသည်။

ခြေသံရှင်ကို လှည့်မကြည့်ပုံအရ ထိုခြေသံရှင်သည် မည်သူမည်ဝါ ဖြစ်သည်ကို အရှင်သခင်က သိနှင့်လေရော့သလား။

''အားလုံး ပိပိရိရိပဲ မဟုတ်လား''

အရှင်သခင်၏စကားသံသည် တည်ငြိမ်အေးစက်လှပါသည်။ ထိုအသံ၏အရှိန်အဝါသည် ချစ်ခြင်း၊ မုန်းခြင်း ကင်းမဲ့လှ၏။ အသံအရှိန်အဝါဖြင့် ဆိုးသွမ်းနေသောလူတစ်ဦးကို ထိန်းချုပ်နိုင်သော ဗါဝါမျိုး ရှိလေသည်။

''ဟုတ်ကဲ့''

ဟုတ်ကဲ့ဆိုသော ပြန်လည်ဖြေကြားသံသည် အောက်ကျို့ခြင်းအလျဉ်းမရှိပေ။ တစ်ဖက်လူအပေါ်လည်း လေးစားသမှုရှိသလို မိမိဂုဏ် မိမိလည်းတန်ဖိုးထားသည်ဆိုသော နှိမ့်ချခြင်း၊ မောက်မာခြင်း ကင်းသောအသံမျိုး။

''ဒါပေမဲ့ . . . မင်းနဲ့ တို့ဆက်ပြီး အလုပ်လုပ်ချင်သေးတယ်''

အသံရှင်သည် ဆိုဟဆုံလည်ပေါ်ထိုင်ချပြီး ဗိနုပ်သံပိုင်ရှင်ထံသို့ ခွေခနဲ လှည့်ကြည့်လေ၏။

ပထမဆုံး သတိပြုမိလိုက်သည်၊ နီရဲသော နှုတ်ခမ်းတစ်လွှာ ဖြစ်လေသည်။ ထိုနှုတ်ခမ်းသည် အပြုံးအရယ်နည်းပါးပုံရသည်။





နှုတ်ခမ်းထောင့်စွန်းများသည် သေသေသပ်သပ် ပိပိရိရိပင် အက်ကွဲကြောင်းရာ မရှိပေ။ နောက် သတိပြုမိလိုက်သည်က စူးရှသောမျက်ဝန်းတစ်စုံ ဖြစ်သည်။

ထိုမျက်ဝန်းသည် အေးစက်မာကြောခြင်းနှင့် ရက်စက်ကြမ်းကြုတ်ခြင်းကို ကိုယ်စားပြု၏။ သနားညှာတာမှုဆိုတာ စိုးစဉ်းမျှရှိပုံမရပေ။ သနားခြင်းဆိုသည့် စကားစု၏အနက်အဓိပ္ပာယ် သိပုံမပေါ်ချေ။

လေးထောင့်ကျကျမျက်နှာပေါ်တွင် မုန်းတီးခြင်းတွေသာပြည့်နှက်၍နေသောကြောင့် လှသော်လည်း ထိုအလှသည် တစ်ဖက်လူ၏ထဲ မအေးချမ်းစေဘဲ ကြောက်စိတ်ကို ဖြစ်ပေါ်စေမည်ဖြစ်၏။

''ကျုပ်လည်း ဒေါ်အဏ္ဏဝါရဲ့ကမ်းလှမ်းမှုကို ငြင်းပယ်မှာမဟုတ်ပါဘူး''

စကားဝဲသော ထိုအသံရှင်သည် ဖြေဆိုပုံတိကျသည်။ ထိုအမျိုးသမီးလည်း အေးစက်စက်မျက်နှာပေးပိုင်ရှင်သာ ဖြစ်လေ၏။ ခြေသံပင်လျှင် အနိမ့်အမြင့် အတက်အကျမရှိ ဖြစ်သည်။ အသံကြားရုံနှင့် ထိုမိန်းကလေး၏ရက်စက်မှုကို သိမြင်နိုင်သည်ဖြစ်သည်။

အသက်နှစ်ဆယ်ကျော်မျှသာ ရှိသေးသော်လည်း ရဲရင့်ခြင်းက တစ်ကိုယ်လုံးကို ကာရံထားသော တံတိုင်းကြီးဖြစ်၍ နေလေသည်။

ကိုယ်ခန္ဓာအနေအထားမှာ အချိုးကျလှသည်။ ချုပ်ရပ်သောအသားကပ်ဝတ်စုံကို ဝတ်ဆင်ထားသော်လည်း အဆီပိုမရှိသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကြောင်းအထင်းသားနှင့် စုံမက်ဖွယ်ရှိနေလေသည်။

“ရော့ . . . ဒါ စတုတ္ထပစ်မှတ်ပဲ”

ဟုဆိုကာ ဒေါ်အဏ္ဏဝါသည် စတစ်တစ်ချောင်းကို စားပွဲပေါ် တင်ပြီး ရှု၏ရှေ့ရောက်အောင် တွန်းပို့လိုက်လေသည်။

ထိုစတစ်လေး အရှိန်လွန်ပြီး ကြမ်းပြင်ပေါ်သို့ကျမသွားခင်မှာ ပင် ရှုသည် ကျင်လည်စွာ ဖမ်းယူလိုက်လေသည်။

“ကိစ္စပြီးရင် မင်း ဘဏ်စာရင်းထဲ ငွေရောက်စေရမယ်”

“ကိစ္စရှင်းရမှာလား”

“ဆုံးမရုံသက်သက်လောက်ဆိုရင် မင်းကို ကြေးကြီးပေးပြီး ငှားပါ့မလား”

“ကျွန်မက လက်ခံမယ်လို့ ကြိုတွက်ပြီးသားပေါ့”

“မင်း ငြင်းမှာမဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ မင်းနဲ့တို့ တစ်လှေတည်းစီး တစ်ခရီးတည်းသွားတဲ့ ပန်းတိုင်တူ လူတွေမို့ပဲ”

“ဘယ်လိုအရှုပ်ထုပ်မျိုးလဲ။ ရန်ငြိုးကြောင့်ပဲလား”

“ဒီတစ်ခါတော့ တို့တစ်ယောက်တည်းရဲ့ရန်ငြိုး မဟုတ်ဘူး။ သေမင်းမခေါ်နိုင်သေးတဲ့ သေသင့်တဲ့လူပါ။ အပြည့်အစုံကို မင်းကြည့် ရင် သိမှာပါ။ လိုအပ်တာအကုန် တို့စီစဉ်ပေးမယ်”

ဟုဆိုကာ သော့တစ်တွဲကို လှမ်း၍ ပစ်လိုက်သည်။

ရှုကလည်း ကျင်လည်စွာ ဖမ်းယူလိုက်ပြန်သည်။





“မင်းနေရမယ့်တိုက်ခန်းရဲ့သော့ပဲ”

ရှုသည် လက်ထဲမှသော့တွဲကို ကိုင်ကြည့်နေမိသည်။

“မင်း ဒီကထွက်သွားရင် ခြံထဲမှာ ကားတစ်စီးရှိနေလိမ့်မယ်။ အဲဒါ မင်းအတွက်ပဲ။ ကဲ . . . ဘာမရှင်းတာရှိသေးလဲ”

ရှုသည်လည်း စကားကို လိုတာထက် ပိုမပြောတတ်သူမို့ နှုတ်ပင်မဆက်တော့ပဲ ချာခနဲလှည့်ထွက်လေသည်။

ဒေါ်အဏ္ဏဝါ ကျေနပ်စွာပင် နှုတ်ခမ်းကို တွန့်ရုံပြုံးလေ၏။ ထိုအပြုံးသည် နာကြည်းမှုများစွာတို့ ပျော်ဝင်နေလေသည်။ အတိတ်ရဲ့ ခါးသီးမှုတွေကို တစ်လွှာချင်းစီ ခွာချနေသော အပြုံးပွင့်ဖြစ်လေ၏။

ကဲ . . . ခုတော့ မင်းတို့ ဘာတတ်နိုင်သေးသလဲဟု ခနဲ့လိုက် သောအပြုံးလည်း ဖြစ်နိုင်သည်။

ဒေါ်အဏ္ဏဝါသည် စားပွဲရှိ အင်တာကောကို နှိပ်လိုက်သည်။

“ကားအသင့်ပြင်ထားပါ။ နောက်နာရီဝက်နေရင် အပြင်သွား မယ်”

ဟု ဆိုပြန်သည်။

ထိုသို့ပြောပြီးသည်နှင့် တစ်ပြိုင်နက် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်သည်။ ဆုံလည်ထိုင်ခုံလေးမှာ လည်သွားပြီး ဝင်ပေါက်ကို ကျောခိုင်းသွားလေသည်။ ဒေါ်အဏ္ဏဝါမှုကား ကျောခိုင်းထားသော ထိုင်ခုံကို နောက်တစ်ကြိမ် လှည့်မကြည့်ပါဘဲ ဒေါက်ဖိနပ်သံတခွပ်ခွပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ အာရုံပြု၍ စည်းချက်မှန်မှန် လျှောက်လှမ်းလာမိသည်။

အခန်းထဲမှ ဒေါ်အဏ္ဏဝါထွက်သွားသည်နှင့် တစ်ပြိုင်နက် လျှော့တံခါးမှာ အလိုအလျှောက် ပြန်ပိတ်သွားလေသည်။ ဒေါ်အဏ္ဏဝါသည် အဆောင်ဆောင် အခန်းခန်းတို့ကို ဖြတ်ကျော်လာခဲ့သည်။ ပြီးနောက် ရပ်နေသော စက်လှေကားပေါ်သို့ ခြေစုံရပ်လိုက်၏။

ဒေါ်အဏ္ဏဝါ ခြေတင်လိုက်သည်နှင့်တစ်ပြိုင်နက် ပြန်၍ အသက်ဝင်လာသောစက်လှေကားသည် ဒေါ်အဏ္ဏဝါကို အထက်သို့ ခေါ်ဆောင်သွားပြန်သည်

စီစီတီဗီတွေပြည့်နေသော ဒေါ်အဏ္ဏဝါ၏ အိမ်ကျယ်ကြီးကို ဒေါ်အဏ္ဏဝါသည် ကျေနပ်စွာ တစ်ချက် မျက်လုံးဝေ့ကြည့်လေသည်။

ဒေါ်အဏ္ဏဝါ၏ခြေလှမ်းတိုင်းသည် ယခုတော့ တန်ဖိုးရှိနေပြီ ဖြစ်၏။ ဤသို့သော ခမ်းနားသည့် အိမ်ကြီး၏အရှင်သခင် ဖြစ်လာသည်။ လူများစွာတို့ ဦးညွှတ်ဆက်ဆံရသော သူဌေးမကြီးဖြစ်လာသည်။ ညာလက်က တစ်ဆုတ်ကျဲလျှင် ဘယ်လက်က တစ်လှည့်ဝင်နိုင်သည့်အခြေအနေကို ပိုင်ဆိုင်နိုင်ပြီဖြစ်၏။

ကံဆိုသောအရာသည် ဆိုးခြင်းကိုသာ ဖန်တီးနိုင်၏။ ကောင်းခြင်းကို လူကသာ လုပ်ယူနိုင်မှန်း သဘောပေါက်ခဲ့ပြီဖြစ်၏။ ဘဝက သင်ကြားပေးခဲ့လေသည်။ ဆိုးသောကံသည် တစ်ခုတည်းမလာဘဲ အတွဲလိုက်လာရောက်ပြီး လူကို မခံနိုင်လောက်အောင် ထိုးနှက်





တတ်သည့်သဘောကိုလည်း ဒေါ်အဏ္ဏဝါ ကိုယ်တွေ့ကြုံခဲ့ပြီဖြစ်သလို ကောင်းသောကံသည်လည်း တစ်ကိုယ်တော်မလာဘဲ အပေါင်းအဖော်တွေနှင့် ရောက်လာတတ်မှန်းလည်း ဒေါ်အဏ္ဏဝါ ကိုယ်တွေ့ကြုံခဲ့ပြီ ဖြစ်သည်။ အခွင့်အရေးကို စောင့်တတ်ဖို့သာ အရေးကြီးမှန်းလည်း သိခဲ့ပြီဖြစ်သည်။

ထို့ကြောင့် သွေးအေးတတ်သွားသော ဒေါ်အဏ္ဏဝါသည် အပြုံးပါ အေးစက်ကုန်သည်။

"သူဌေး ... နေ့လယ်နှစ်နာရီမှာ အစည်းအဝေးတက်ဖို့ရှိပါတယ်"

အဝတ်လဲခန်းထဲ ဒေါ်အဏ္ဏဝါ ခြေချလိုက်သည်နှင့် တစ်ပြိုင်နက် အတွင်းရေးမှူးမလေး မာလာက စာရွက်ရှည်ကြီးကိုကြည့်ကာ ဆိုလေသည်။

ဒေါ်အဏ္ဏဝါသည် လက်ကို ဆန့်တန်းလိုက်၏။ ထိုအခါ ဝန်ထမ်းမိန်းကလေးနှစ်ဦး ဒေါ်အဏ္ဏဝါအနီး ရောက်ရှိလာ၏။ ပြီးနောက် ဒေါ်အဏ္ဏဝါကိုယ်ပေါ်မှ အင်္ကျီများကို တစ်ထည်ချင်း ယုယုယယ ချွတ်ယူသည်။

"ဆက်ပြော"

ဒေါ်အဏ္ဏဝါသည် မျက်လုံးကိုမှိတ်ပြီး မာလာ့ထံ အာရုံစိုက်ထားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညနေလေးနာရီမှာ ဝန်ထမ်းတွေကို မှာကြားပြောဆိုဖို့ မှတ်ခိုင်းထားပါတယ်။ ညရှစ်နာရီမှာ ဒင်နာရှိတယ်။ ပြီးတော့ စင်တာထဲ လှည့်လည်ကြည့်ရှုဖို့လည်း မှတ်ခိုင်းထားတယ်။ ဒါ့ထက် အရေးကြီးတာက ဒီနေ့ ထောက်ကြံ့သွားဖို့ကိစ္စ ရှိတာပါပဲ"

မာလာစကားဆုံးသည်နှင့် တစ်ပြိုင်နက် မှိတ်ထားသော ဒေါ်အဏ္ဏဝါ၏မျက်လုံးများ ပွင့်လာလေသည်။

ထိုအခါ မျက်လုံးမှိတ်ချိန်က အနက်ရောင်ဝတ်ထားသော ဒေါ်အဏ္ဏဝါ၏ဝတ်စုံနေရာတွင် ဝါရွှေရောင်ဝတ်စုံက နေရာယူနေပြီဖြစ်၏။

ဝန်ထမ်းမိန်းကလေးတစ်ဦးက အနက်ရောင်ဒေါက်ဖိနပ်ကို ဒေါ်အဏ္ဏဝါစီးရန် ကြမ်းခင်းပေါ် ချပေးသည်တွင် ဒေါ်အဏ္ဏဝါက ခေါင်းခါယမ်း၏။

"အဲဒါ မင်းရဲ့စိတ်ကူးလား၊ ဒီဖိုင်နာရဲ့စိတ်ကူးလား"

ဟု ဖိနပ်ချသောမိန်းကလေးကို ရည်ညွှန်းပြီးပြောလျှင် ထိုမိန်းကလေးမှာ တီကိုဆားနှင့်တို့လိုက်သလို တုန်ခါသွားလေသည်။ ထိတ်လန့်သောမျက်လုံးလေးများနှင့် ဒေါ်အဏ္ဏဝါကို ကြောက်ကြောက်လန့်လန့် ကြည့်ရှာ၏။

"ဟို . . . ဒီဖိုင်နာက အနက်ရောင်ဖိနပ်လို့ပြော ပြော"

"မာလာ"





"ဟုတ်ကဲ့ သူဌေး"

"ဒီဝတ်စုံဒီဖိုင်နာက ဘယ်သူလဲ"

"ခင်နှင်းခိုင်ပါ သူဌေး"

"တို့စာရင်းထဲကနေ အဲ့ဒီဒီဖိုင်နာကို ဖယ်လိုက်တော့"

"ဟုတ်ကဲ့ သူဌေး"

စကားဆုံးသည်နှင့် တစ်ပြိုင်နက် ဒေါ်အဏ္ဏဝါသည် ဖိနပ်များ တန်းစီ၍ထားသော အခန်းသို့လှမ်းကြည့်လေသည်။ ပြီးနောက် ပိတောက်ခြောက်ရောင် ဒေါက်ဖိနပ်တစ်ရံကို လက်ညှိုးထိုးပြလေသည်။

ထိုအခါ ဖိနက်အနက်ကိုင်ထားသော မိန်းကလေးသည် နေရာမှထရပ်ကာ ထိုဖိနပ် ပိတောက်ခြောက်ရောင်ကို အပြေးအလွှား ညှပ်ပြီးဝတ်ထားသော အေပရွှန်နှင့် ကပျာကသီသုတ်ကာ ဒေါ်အဏ္ဏဝါ စီးနိုင်ရန် ချပေးလိုက်၏။

ဒေါ်အဏ္ဏဝါသည် သွယ်ပြောင်းသော မိမိ၏ခြေချောင်းလေးများကို ချပေးသောဖိနပ်ထဲသို့ ထိုးသွင်းလေသည်။

ကိုယ်လုံးပေါ်မှန်ထဲတွင် အဝါရောင်ကြွနေသော ကောရီတစ်ပါး ခန့်ခန့်ထည်ထည် မြင်တွေ့ရလေသည်။

"ရှစ်နာရီ ဒင်နာက ဘယ်သူနဲ့ချိန်းထားတာလဲ"

"နှစ်နာရီစည်းဝေးပွဲက ပုဂ္ဂိုလ်တွေနဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အချိန်စာရင်းထဲက ဒင်နာကို ဖြုတ်လိုက်"

"ဟုတ်ကဲ့ သူဌေး"

"ခု ဘယ်နှနာရီလဲ"

"ဆယ့်တစ်နာရီခွဲပါပြီ"

"စင်တာကို ဝင်မယ်။ ကျန်တာကတော့ အားလုံးအစီအစဉ် အတိုင်းပဲ။ ဒင်နာနေရာမှာ ထောက်ကြံ့ကို ထည့်လိုက်"

ပြောရင်းပင် အံဆွဲကိုဖွင့်လိုက်၏။ အံဆွဲထဲမှ ကြက်သွေး ရောင် ကတ္တီပါဘူးကြီး ထွက်လာသည်။ ထိုအထဲကမှ ရတနာရောင် ဖိတ်ဖိတ်လက်သွားလေသည်။

ပုလဲကိုစီနံရံထားသည့်နားဆွဲလေးနှင့် လည်ဆွဲကို ထုတ်လိုက် သည်။ ပြီးနောက် ရပ်ကြည့်နေသော ဝန်ထမ်းမလေးထံ ပေး၏ ထိုဝန်ထမ်းမလေးသည် ယုယုယယ လှမ်းယူပြီး ဒေါ်အဏ္ဏဝါ၏ကိုယ် ပေါ် ဆင်မြန်းလေသည်။

ပြီးပြည့်စုံသောအလှတရားကို မှန်ထဲ၌ တွေ့မြင်ရလေသည်။ နာရီကိုလှမ်းကြည့်လိုက်၏။ နာရီဝက်ပြည့်ရန် ငါးမိနစ်သာလိုတော့ သည်။

အိမ်ကြီး၏လျှောက်လမ်းမှတစ်ဆင့် ဆင်ဝင်အောက်သို့ သွား ချိန်သည် စုစုပေါင်း လေးမိနစ်ကြာမြင့်သည်။

"ဒီနေ့ ညစာကို တို့ အိမ်မှာပြန်စားမယ်"





ဟုဆိုပြီး တဒေါက်ဒေါက်မြည်အောင် လျှောက်လှမ်းလာ သည်။ ဒေါ်အဏ္ဏဝါ၏နောက်၌ မာလာသည် စာအုပ်လေးပိုက်ကာ ခို့ရှို့ပါလာလေ၏။

စက်လှေကားမှတစ်ဆင့် ဆင်းလာသောအခါ လမ်းဘေး သာ၌ သန့်ရှင်းရေးဝန်ထမ်းအချို့ကို တွေ့ရလေသည်။

ဝန်ထမ်းများသည် ဒေါ်အဏ္ဏဝါကိုမြင်သည်နှင့်တစ်ပြိုင်နက် ပ်လက်စအလုပ်များကို ရပ်တန့်ကာ ကျောက်ရုပ်ပမာ ငြိမ်သက်၍ နေကြလေသည်။

ဆင်ဝင်အောက်တွင် အနက်ရောင်ကားတစ်စီးသည် ဒေါ် အဏ္ဏဝါကို ကားတံခါးဖွင့်လျက်သား ကြိုဆိုနေလေသည်။

ဒေါ်အဏ္ဏဝါသည် ကားပေါ်သို့ ကြော့ရှင်းစွာတက်လိုက်သည်။ ဒေါ်အဏ္ဏဝါ ကားထဲရောက်သည်နှင့်တစ်ပြိုင်နက် ကားတံခါးပြန်ပိတ် သွားလေသည်။

ရှေ့ခန်းထဲ ဒရိုင်ဘာမိန်းကလေးတစ်ဦးနှင့် မာလာရှိနေသည်။ ဒရိုင်ဘာအား မာလာက အချက်ပြပြီး ဖြစ်ပေလိမ့်မည်။

ဘယ်ကိုမောင်းပါဟု နှုတ်မှပြောစရာမလိုဘဲ ဒရိုင်ဘာက ကားကို စက်နှိုးပြီး ဖြေးခနဲမောင်းလိုက်သည်။

ဒေါ်အဏ္ဏဝါသည် မျက်လုံးကိုမှိတ်၍ ငြိမ်သက်နေလိုက်လေ သည်။ ကျောက်ရုပ်ပမာ ငြိမ်နေသော ဒေါ်အဏ္ဏဝါ၏တိတ်ဆိတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် ပွက်လောရိုက်နေသော အတွေးတို့ရှိသည်။

တည်ငြိမ်သော ဒေါ်အဏ္ဏာဝါ၏ ပြင်ပပုံစံကို ဗလောင်ဆူ သော ဝမ်းမီးတို့က ခြိမ်းခြောက်နေလေ၏။

သွေးသံရဲရဲနှင့် ပြူးကျယ်သောမျက်လုံးကြီးများ၊ တဝုန်းဝု ရှာသွန်းနေသော မိုးရေစက်များ၊ နစ်နစ်နာနာဆဲရေးတိုင်းထွာနေသေ ဆူညံသံများ၊ လှောင်ပြောင်ရယ်မောသံများ၊ ငိုသံများသည် အတွေ ထဲ၌ ငရဲခန်းပမာ ပွက်ပွက်ညံနေလေသည်။

ဒေါ်အဏ္ဏာဝါ မျက်လုံးကို ဖျတ်ခနဲဖွင့်ကြည့်လိုက်သည် နေရောင်ပြင်းပြင်းအောက်တွင် ချွေးသံတရွှဲရွှဲနှင့် တောင်းစားနေသေ အဘွားအိုတစ်ဦးကို မြင်ရလေသည်။

ထိုအဘွားအိုသည် မီးပွိုင့်မိသော ကားတန်းကြီးကြား ဝဲ ဝိုင်ဝိုင် သွားလာ၍ လက်ဝါးဖြန့်တောင်းနေလေသည်။

ဒေါ်အဏ္ဏာဝါ ကြည့်နေဆဲမှာပင် ထိုအဘွားအိုသည ဒေါ်အဏ္ဏာဝါ၏ကားဆီသို့ တိုးကပ်လာ၏။

အနက်ရောင်ကားမှန်ကြောင့် ထိုအဘွားအိုက ဒေါ်အဏ္ဏာဝါ မမြင်နိုင်သော်လည်း ဒေါ်အဏ္ဏာဝါကတော့ ထိုအဘွားအိုကို ကောင်း ထင်ထင်ရှားရှား မြင်ရလေသည်။ လုံသောကားမှန်ကြောင့် ထိုအဘွ အို တတွတ်တွတ်ရွတ်နေသောအသံကို ဒေါ်အဏ္ဏာဝါ မကြားရပေ

"ဟင်"





သိသောလူနှင့် တူသလိုခံစားရ၍ စူးစိုက်ကြည့်နေမိရာမှ အံ့အားသင့်ခြင်းတို့ ရင်ထဲ ဗလောင်ဆူသွားလေသည်။ ဆယ်ကမ္ဘာ ခြားလျှင်တောင် မမေ့နိုင်သော မျက်နှာဖြစ်လေသည်။

ယောဂီရောင်လုံချည်လေးနှင့် စုတ်ပြဲသောအကျႌကို ထွယ် အပ်နှင့်ချည်ကာ ဝတ်ဆင်ထားသောအဘွားအို။

အံ့အားသင့်နေသော ဒေါ်အဏ္ဏာဝါမျက်လုံးသည် တဖြည်း ဖြည်း စူးရှပြောင်ဝင်းလာသည်။ တည်တင်းသောနှုတ်ခမ်းတွင် ခါးကြည်းရိပ်များ တရိပ်ရိပ် မြင့်တက်လာသည်။ ဒေါ်အဏ္ဏာဝါ ပြုံးပြန် သည်။ ထိုအပြုံးသည် အဘွားအိုဘဝကို သရော်ခြင်းများ ပြည့်နှက်၍ နေလေ၏။

မှတ်ပြီလား၊ မှတ်ပြီလား၊ ဒါ . . . လောကရဲ့သစ္စာတရားပဲ၊ မှတ်ပြီလားဟုသာ အသံကျယ်ကြီးနှင့် အော်ပြောကာ တဟားဟား လှောင်ရယ်လိုက်ချင်ပါသည်။

"သူဌေး . . . ဘာအဆင်မပြေတာရှိလို့လဲ"

သူ့မျက်နှာကို အရိပ်လိုကြည့်နေသော မာလာက မျက်နှာ အပြောင်းအလဲကို အကဲခတ်မိ၍သာ မေးလိုက်ခြင်း ဖြစ်၏။

"မာလာ"

"ဟုတ်ကဲ့ သူဌေး"

"အဲဒီအဘွားကြီးရဲ့အကြောင်း အပြည့်အစုံသိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ သူဌေး မာလာ စုံစမ်းလိုက်ပါ့မယ်''

ပြောနေရင်းပင် မီးပွိုင့်စိမ်းသွားသောကြောင့် အဘွားအိုသည် လမ်းဘေးသို့ ခပ်သွက်သွက် တိုးကပ်သွားလေသည်။ ထိုသို့ လမ်းဘေး၌ တုတ်ကောက်တစ်တောက်တောက် ထောက်ကာ လက်ဝါးဖြန့် တောင်းနေသော သူတောင်းစားအဘွားအိုသည် တစ်ချိန်က အိမ်ကြီးရခိုင်ဖြင့် ရခဲ့သော အစေအပါးတို့ရဲ့ အရှင်သခင် ဖြစ်ခဲ့ဖူးပါသည် ဆိုတာကို ကျိန်ပြောလျှင်ပင် ယုံမည့်သူ ရှားလိမ့်မည်။

သို့သော် လောကရဲ့မျက်လှည့်ပွဲတွင် အဓိကဇာတ်ကောင် တစ်ယောက်ဖြစ်ခဲ့သည့် ဒေါ်အဏ္ဏဝါကတော့ ထိုဆန်းကြယ်မှုကို ယုံကြည်သည်။ ထိုထက် ဆန်းကြယ်တဲ့အရာကိုတောင် ယုံကြည်နိုင်သည်။ ဒေါ်အဏ္ဏဝါသည် ဇာတ်ကောင်တစ်ဦး၏ဘဝထက် ဇာတ်ကောင်ကို ဖန်တီးသူတစ်ဦးဖြစ်ချင်၍သာ အသက်ဆက်ရှင်နေခြင်း ဖြစ်သောအခါ။

*



## အခန်း (၅)

''ဗျာ . . . လူသတ်မှုထပ်ဖြစ်တယ် ဟုတ်လား''

ဘောလုံးကျာနယ်ကို သဲမဲဖတ်နေသော ဆရာမိုးသားမှောင်သည် အံ့အားသင့်ခြင်းကို ဖုံးမနိုင် ဖိမရ ဖွင့်ထုတ်မိလေသည်။ ထိုအခါ တေတေနေလေ့ရှိသော ကိုလွှမ်းဝေသည် စီးကရက်တစ်လိပ်ကို နှုတ်ခမ်းဖျားနှင့်ဖိကာ မီးညှိလေသည်။

ကိုလွှမ်းဝေ၏ဆေးလိပ်မီးခိုးငွေ့လေထဲ ဝဲပျံသွားချိန်ထိ သည်းသည်းခံစောင့်စားလိုက်ရသည်။

''သူ့မိသားစုအတွက်တော့ သူက မရှိမဖြစ် ဟုတ်ချင်ဟုတ်နေမှာပေါ့။ ဒါပေမဲ့ လောကမှာ မရှိသင့်တော့တဲ့လူပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲဗျ ကိုလွှမ်းဝေရ"

သိချင်စိတ်ကြောင့် တံတွေးပင် မျိုမချအားချေ။ ကျွတ်မှန်… မတတ် မျက်လုံးဝိုင်းကြီးများနှင့် ကိုလွှမ်းဝေ၏လေယူလေသိမ်… မျက်နှာရိပ် မျက်နှာကဲကို အဆက်မပြတ် အကဲခတ်နေမိသည်။

"ဘယ်သူရှိရမှာလဲဗျာ … ဦးနေလပေါ့။ မနေ့ညက ဆုံ… တယ်တဲ့။ အသတ်ခံရတာပဲနေမှာပေါ့"

"ဦးနေလ ဟုတ်လား၊ နေလကုမ္ပဏီပိုင်ရှင်လား"

"ကျောင်းဆရာ … ခင်ဗျား ဘယ်ခေတ်မှာကျန်နေတာလဲ… ခုချိန်ထိ အင်တာနက် ဖွင့်မကြည့်ရသေးဘူးလား။ အင်တာနက်ထဲမှ… ဦးနေလသတင်းက ပလူပျံနေပြီ"

"ဘယ်လိုဆုံးသွားတာလဲ"

"ပါတီပွဲမှာပါ ခင်ဗျာရေ ဝှတ်တုတ်ထိုင်ရင်း အသက်ပျော… နေတာ"

အံ့အားသင့်ခြင်းများ အဆုံးမရှိပါချေ။ လူသတင်း လူချင်… ဆောင်ခဲ့သောကြောင့် ဦးနေလ၏သတင်းကို သူ နားစွန်နားဖျား… ကြားခဲ့ဖူးသည်။ ငွေကြေးချမ်းသာပြီး မိန်းမများ၏။ တရားဝင်တာရော… မဝင်တာရော စုစုပေါင်း အယောက်နှစ်ဆယ်ခန့် ရှိမည်ဟု ခန့်မှန်း… သည်။

သူတို့ လက်ဖက်ရည်ဆိုင် အပေါင်းအသင်းများကြား ဦးနေ…





…ကို မီးတောက်ဟု နာမည်ပြောင်ခေါ်လေ့ရှိသည်။ ဦးနေလက သူရွှေး… …ကစ်ဦးမို့ ဂျာနယ်တွင် မကြာခဏ သတင်းရေးသားလေ့ရှိသည်။ ထိုသို့ …ဦးနေလ၏သတင်းပါလာချိန်တိုင်း ဦးနေလဘေးတွင် မိန်းမချောလေး …တစ်ယောက်မဟုတ်တစ်ယောက် အမြဲရှိနေတတ်သည်မို့ မီးတောက်ဟု …ပေးထားခြင်းဖြစ်လေ၏။

"မေဒင်လေး,ဘာလေး တွက်ကြည့်ဦးမှနဲ့တူတယ်"

"ဘာလို့လဲဗျ ကိုလွှမ်းဝေရ"

"သူရွှေးတွေချည်း ရတ်တရက် ရွှေသေရတဲ့ကိစ္စက သေး… …သေးသောသောတော့ မဟုတ်ဘူးဗျ"

ကိုလွှမ်းဝေသည် အတွေးသမားပီပီ စကားလုံးကို တွေးဆဆ …ဆို၍ ဒါသည် နောက်ပြောင်ခြင်းဟု သတ်မှတ်လို့မရနိုင်ပေ။ သို့သော် …ယ်တော့ရယ်ချင်သားပင်။ သူရွှေးတွေ သူ့ဘာသာသူသေတဲ့ကိစ္စ …ကိုလွှမ်းဝေနဲ့များ ဘယ်လိုပတ်သက်နေပါလိမ့်။ ဘယ်လိုမှ ဆက်စပ် …တွေးစား၍မရပေ။

ထို့ကြောင့် သူများအပူ ကိုယ့်ခေါင်းပေါ်တင် လုပ်တတ်သည့် …ကိုလွှမ်းဝေရဲ့စိတ်ကိုသာ တွေးပြီး နားလည်လိုက်ရတော့၏။

"ဆန်းတော့ဆန်းတယ်ဗျ၊ ရန်ငြိုးနဲ့လိုက်သတ်တယ်လို့ …ကျွန်တော်က စဉ်းစားပြီး သည်အမှုတွဲကို စိတ်ဝင်စားခဲ့တာ။ ခုတော့"

"ခုတော့ … ဘာဖြစ်လဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးနေလက အရင်သေလူတွေနဲ့ ဘာမှမပတ်သက်ဘူးလေ"

"စီးပွားရေးသမားတွေပဲဗျာ။ နောက်ကွယ်က ပတ်သက်ရင်ပတ်သက်နေမှာပေါ့"

"မပတ်သက်နိုင်ဘူးဗျ။ အရင်သူဌေးတွေက ဆောက်လုပ်ရေးလုပ်ငန်းတွေလုပ်ရင်း ချမ်းသာလာကြတာ။ ဦးနေလကတော့ မဟုတ်ဘူးဗျ။ မျိုးနဲ့ရိုးနဲ့ ချမ်းသာတယ်၊ နိုင်ငံခြားမှာ ကြီးပြင်းခဲ့တယ်။ ဘဝက ရပ်တည်မှုဆိုရှယ်ကျတယ်။ အဓိကလုပ်တာက သွင်းကုန်ထုတ်ကုန်လုပ်ငန်း။ ပြီးတော့ ဟိုတယ်တွေပိုင်တယ်။ ကျွန်တော်တော့ ဆက်စပ်မယ် မထင်ဘူးဗျ"

"ခင်ဗျားအတွေးလွန်တာရော မဖြစ်နိုင်ဘူးလား။ သူ့ဘာသာသူ သွေးရိုးသားရိုးသေတာမျိုးလည်း ဖြစ်နိုင်တာပဲဗျ"

"မဟုတ်ဘူးဗျ၊ သတင်းက အတိအကျရထားတာ။ ပြီးတော့ စိတ်တန်နိုးဆိုတာ ကျောင်းဆရာ ယုံသလား။ ကျွန်တော်က သူတော်စင် မဟုတ်ပေမယ့် ကျွန်တော့်စိတ်ထဲ ထင်နေရင် ကိုးဆယ်ရာနိုင်နှုန်းက လွဲတယ်မရှိဘူး"

"ဘာတွေထင်လို့လဲ . . . ရှင်းပါဦးဗျာ။ ကျွန်တော်တော့ ရှုပ်ကုန်ပြီ"

"ဦးနေလက တီဗီထဲ၊ သတင်းစာထဲမှာသာ လူကြီးလူ





ကောင်း အရည်ခြုံထားခဲ့ပေမယ့် ကျွန်တော့်ရင်ထဲ လေးစားလို့မရလို့ သူ့အကြောင်းတွေ အမှုအပ်မယ့်လူမရှိဘဲ စုံစမ်းခဲ့တယ်။ သူက တော်တော် ရှုံစရာကောင်းတဲ့လူပဲ"

"ဘာလုပ်လို့လဲဗျ။ ကျွန်တော်သိတာကတော့ ဘိုးဘွား နိုင်သာတွေ၊ မိဘမဲ့ကလေးကျောင်းတွေရဲ့ ပွဲကိုင်ရှင်ကြီးပါ။ ဦးနေ့်မာ ... မြေလည်း မသိမ်းဘူး။ သစ်လည်း မခိုးဘူး"

"မြေသိမ်း၊ သစ်ခိုးတာက ပေါ်တင်လုပ်တာဗျ။ ခုဟာက ... မဆန်စွာလုပ်တာ"

"ဘာလုပ်လို့လဲဗျ"

"အရွယ်မရောက်သေးတဲ့ မိန်းကလေးတွေနဲ့ ပျော်ပါးတာ"

"ဗျာ"

သူ့အာမေဋိတ်သံသည် ရင်ခေါင်းထဲမှ လာသောကြောင့် ... နဲ့ရှုံထွက်လာခဲ့လေသည်။ ကိုလွှမ်းဝေစကားက နှုတ်ဖျားမှထွက်လာခြင်းဖြစ်သော်လည်း ထိုစကားလုံးသည် သူ့ရင်ကို ဆောင့်မှန်လာလေသည်။ သူ၏ဦးခေါင်းသည် နှစ်ဆသုံးဆ ကြီးထွားလာသလို ခံစားရသည်။

"ကျွန်တော်လည်း အဲ့ဒီသတင်း သိရတုန်းက ခင်ဗျားလို ... အံ့ဩခဲ့ရတာဗျ။ အဲဒီလူကို အမှန်ကြိုက်ပစ်ချင်တာလည်း လွန်ရော ... ဒါပေမဲ့ . . . ဘယ်လိုလုပ်မလဲဗျ။ သူက ငွေနဲ့ဖုံးထားတဲ့လူလေ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့ရင်ထဲ လိပ်ခဲတင်းလင်းပါပဲဗျာ။ ခုတော့ သေတော့ အေ
သွားတာပေါ့''

''အရွယ်မရောက်သေးဘူးဆိုတော့ ကလေးမတွေပေါ့''

''မနိုင်းစကောင်းဗျာ၊ ခင်ဗျားရဲ့တပည့်အရွယ်လေးတွေပေါ့''

သူ့ရင်ထဲ ဆို့သွားလေသည်။ ဦးနေလသည် အနည်းဆုံ
အသက်ငါးဆယ်ခန့်ရှိမည့် လူတစ်ဦးဖြစ်သည်။ ကိုးတန်း,ဆယ်တန်
ဆိုသည့်အရွယ်က အလွန်ဆုံးရှိလှ ဆယ့်ငါးဆယ့်ခြောက်ပေါ့။ လူ
မဆန်လိုက်တာ။

''သူက နွားအိုမြက်နုကြိုက်လေ၊ သူ့မိန်းမတွေကို ပွဲထုတ်
ဖို့ပဲထားတာ။ တကယ်တမ်းတော့ သူက မြေးအရွယ်နဲ့''

''တောက် . . . ခွေးလိုလူ''

''ကျွန်တော် ငွေရှိရင် လူသတ်သမားငှားပြီး ကိစ္စသုဉ်းချင်
လူက ဦးနေလ ထိပ်ဆုံးကပေါ့ဗျာ။ သတ်သွားတဲ့တစ်ယောက်ကို
ကျေးဇူးတင်ပါတယ်။ ဒီလိုလူမျိုးကို ဥပဒေက အပြစ်ပေးဖို့ ခက်တယ်
ဗျ။ သေမင်းကပဲ ခုံးမနိုင်တာ။ အသက်ရှင်ဖို့ကို မထိုက်တန်တော့
လူမျိုးဗျာ''

မဖြစ်ကောင်းသော်လည်း ကျေနပ်သည့်စိတ်က ရင်ထဲ ပျံ့နှံ့
နေလေသည်။ သူကိုယ်၌ကလည်း ထိုပြစ်မှုကို ရှုံ့မုန်းသူမို့ ကိုလွှမ်းေ
နည်းတူ ကျေနပ်အားရစိတ်ဖြစ်မိလေသည်။





''အသတ်ခံရတာရော သေချာရဲ့လား''

''အဆိပ်မိပြီး သေတယ်လို့တော့ ကောလာဟလဖြစ်နေတာ
ဒါပေမဲ့ . . . ကာယကံရှင်တွေဘက်က လူသေမှုဆိုပြီး အဆုံးသတ်
တယ်။ ပြဿနာတက်မှာစိုးလို့ ထင်ပါရဲ့ဗျာ။ အဲဒါ ပါတီပွဲမှာ
တော်မရှိတာနာတာပဲ။ ကျွန်တော်သာဆို ပြဿနာကို အစဆွဲ
ပါတယ်''

''ခင်ဗျားပဲ လူသတ်သမားကို ကျေးဇူးတင်တယ်ဆို။
သနာအစဆွဲထုတ်တာက ကျေးဇူးတင်ရာရောက်မလားဗျ''

''ခြောက်ရမယ်ဗျ။ နောက် . . . ဒါမျိုး ကြံ့နိုင်ငယ်ညှဉ်းမလုပ်
အောင် ကြော်ငြာရမယ်ဗျာ။ ခင်ဗျားတို့ ဥပဒေကို ရှောင်လွှဲနိုင်ပေမယ့်
သေမင်းက ခင်ဗျားတို့နောက်မှာ ရှိတယ်လို့ သိအောင် ပြောရမယ်''

''ဘယ်သူ့ကို ရည်ညွှန်းပြောချင်နေတာလဲ။ ကိုလွှမ်းဝေရဲ့
ထဲမှာ တစ်ခုခုပါနေသလိုပဲ''

''ဘယ်သူရှိရမှာလဲဗျာ၊ မင်းသားခေါင်းဆောင်းထားတဲ့
သားစားဘီလူးတွေပေါ့ဗျာ။ ကိုယ့်ကိုယ်ကိုတက်ချမ်းသာပြီး နောက်ကွယ်က
ရာမှုတွေ လုပ်နေတာတွေပေါ့။ သူတို့က ဂုဏ်ရှိန်ကို ငွေနဲ့ဝယ်ပြီး
အပြစ်ကို ဂုဏ်ရှိန်နဲ့ဖုံး၊ ငွေနဲ့ဖိလုပ်နေကြတာ။ သူတို့ကြောက်တာ
ဒေမဟုတ်ဘူးဗျ။ သေမင်းပဲ . . . သေမင်းကပဲ . . . သူတို့အများ
ကို အပြစ်ပေးနိုင်တာ''

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလူမျိုး များသလားဗျာ၊ ကျွန်တော်က မှန်တာပြောရရင်
ကိုလွှမ်းဝေလောက် မစုံဘူးဗျ"

"များပါ့ ကျောင်းဆရာရယ်"

"ဒါပေမဲ့ . . . အားလုံးကိုသတ်ဖို့ မလိုပါဘူး။ စံပြ သုံးလေး
ယောက်လောက်လေး သတ်ပြလိုက်ရင် ဒုစရိုက်မှုတွေ ငြိမ်သွားမှာပါ
ကဲ . . . ခင်ဗျားနဲ့စကားပြောလို့တော့ ကောင်းပါရဲ့၊ ဒါပေမဲ့ ရုံးချိန်
သေးလို့ ခွင့်ပြုပါဦးဗျာ။ ကျွန်တော်က လူသတ်မှုကို လိုက်ချင်ပေမယ့်
အမှုအပ်မယ့်လူမရှိတော့ ခေတ်စားနေတဲ့ တရားမမှုပဲ လိုက်နေရတယ်
ဗျို့။ လူ့အဖွဲ့အစည်းရဲ့ပိုင်ဆိုင်မှုဖယားက ရှုပ်တာကိုးဗျ။ ကဲ . . . ဒီမှာ
ငွေငါးရာထားခဲ့ပြီဗျို့"

ကိုလွှမ်းဝေသည် ပြောပြောဆိုဆိုပင် ငါးရာတန်တစ်ရွက်ကို
စားပွဲပေါ်တင်ကာ ရေနွေးပန်းကန်နှင့်ဖိပြီး ထွက်သွားလေသည်။ သူ၏
အုပ်စုသည် ကိုယ့်စရိတ်ကိုယ်ရှင်းအုပ်စုမို့ အနေအစားချောင်လှသည်။
ဘယ်သူ့ ဘယ်သူ့ကိုမှ အားနာစရာလည်းမလိုပေ။

"ဟ ကျောင်းဆရာ . . . ထတော့မှာလားဗျ"

ကိုလွှမ်းဝေလည်း ထွက်သွားပြီမို့ သူက ထရန် ပိုက်ဆံအရှင်း
တွင် ကိုလှမျိုး ရောက်လာခြင်းဖြစ်လေသည်။ ကိုလှမျိုးနှင့် စကား
လက်ဆုံကျချင်သေးသော်လည်း အတန်းချိန်က နီးနေပြီမို့ ဆက်ထိုင်
ရန် အချိန်မရှိတော့ပေ။





"တစ်ဆယ်,ဆယ့်ငါးမိနစ်လောက် ထိုင်ပါဦးဗျ"

ဟုဆိုလေသောအခါ နဂိုအားနာတတ်သူအကျင့်ကြောင့်
ပြ လုလုတင်ပါးမှာ ခွေးခြေခုံပေါ် ပြန်ကျသွားလေသည်။

"ကျောင်းဆရာ . . . ကားဝယ်လိုက်တာ ဘယ်လောက်လဲ
ဗျ"

"ရှစ်ဆယ့်ငါးသိန်းပါဗျာ . . . ဘာလို့လဲ"

"ကျောင်းဆရာတွေ ထောတဲ့ခေတ်ဗျ။ ပညာခေတ်ဖြစ်လာ
ကိုးဗျ၊ ကျုပ်တို့တော့ တစ်နေကုန် ဖင်ပူအောင် ထိုင်မောင်းတောင်
တစ်စီးဝယ်စီးဖို့က ငါးနှစ်စုလို့ မဖြစ်နိုင်ဘူး"

"ကျောင်းဆရာလုပ်တဲ့သက်တမ်းက ဆယ်နှစ်ကျော်ပြီလေ
ခင်ဗျားလည်း ဆယ်နှစ်စုပေါ့ဗျ"

သူ့စကားကြောင့် ကိုလှမျိုးသည် တဝါးဝါးအော်ရယ်လေ
သည်။

"ဟုတ်ပါ့ဗျာ . . . ဟုတ်ပါ့။ ကျောင်းဆရာလို့မပြောရဘူး
ပရိယာယ် ကြွယ်ပါ့ဗျာ။ အဲဒါနဲ့ လိုရင်းမေ့တော့မယ်ဗျ"

"ကျွန်တော့်ကို ပြောစရာရှိနေတာလား"

"ပြောစရာထက် သတိပေးစရာဆိုရင် ပိုမှန်တယ်ဗျို့"

"ဘာလဲဗျ"

"ခင်ဗျားတပည့်လေးအကြောင်းလေ"



www.burmeseclassic.com

www.burmeseclassic.com



"တပည့် ... ဟုတ်လား"

သူ မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်သည်။ ကိုလှမျိုးသည် စပ်စုတတ်သည်ဆိုတာမှန်သော်လည်း သူ့တပည့်ထိ သိလိမ့်မည်ဟု ထင်မထားခဲ့ပေ။

"အေးလေဗျာ ... ဟိုတစ်ခါ ခင်ဗျားနောက်လိုက်နေတဲ့ ကောင်မလေးလေ"

သူ ပို၍ စဉ်းစားရခက်သွားလေသည်။ သူသည် ဘယ်သော အခါမှ တပည့်လေးတွေနှင့် အတူတူ လမ်းယှဉ်မလျှောက်ဖူးချေ မိန်းကလေးဆိုလျှင် ပို၍ သိသန့်နေထိုင်သည်။ ဤခေတ် ဤအချိန်က အုတ်ရောရော ကျောက်ရောရော အဖြစ်မခံနိုင်ပေ။

"ဟောဗျာ မေ့တတ်ပြန်ရော ကိုယ့်လူရာ။ ဆံပင်တိုတိုလေး နဲ့လေ။ ယောကျ်ားတစ်ယောက်နဲ့အတူ ကားပေါ်က ဆင်းလာတတ်တဲ့ ကောင်မလေး"

"ဘယ်တုန်းက တွေ့လို့လဲဗျ။ ကျွန်တော့်နောက်လိုက်နေ တယ်ဆိုရင်တော့ ခင်ဗျား မျက်စိမှားနေပြီ ကိုလှမျိုး။ ကျွန်တော် တပည့်မလေးတွေနဲ့ အဲဒီလို ရောရောနှောနှော မနေတတ်ဘူးဗျ"

"သိပါတယ် ကျောင်းဆရာရယ်။ ကျွန်တော်ကလည်း ခင်ဗျားကို အဲဒီလို ရည်ညွှန်းပြောတာ မဟုတ်ပါဘူး။ ဒီလူပျိုကြီးနဲ့ ကျုပ်ပြောတာလည်း သေချာနားထောင်ပါဦးဗျ"





ဟုဆို၍ ကျဆိမ့်လေး မှာယူကာ စီးကရက်ကို တစ်ရှိုက်ဖွာ လိုက်ပြန်သည်။

"ခင်ဗျား ဘယ်နေရာ ဘယ်အတန်းမှာတွေ စာပြသလဲဆို တာ ကျွန်တော် မသိဘူး။ ကျွန်တော်သိတာက ဟိုတက်ရပ်ကွက်က ကျူရှင်ပဲ သိတယ်။ ဒေါ်နီလာသန်းကျူရှင်လေ။ အဲဒီရှေ့မှာ ခင်ဗျားနဲ့ အဲဒီမိန်းကလေး စကားပြောနေတာတွေ့ဖူးတယ်။ ပြီးတော့ ခင်ဗျား နောက် မလှမ်းမကမ်းကနေ အဲဒီမိန်းကလေး လျှောက်နေတာ တွေ့ဖူး တယ်။ ပြီးတော့ အဲဒီမိန်းကလေးက ကားပေါ်က အသားမည်းမည်းလူ တစ်ယောက်နဲ့ ဆင်းလာတာ တွေ့ဖူးတယ်"

ကိုလှမျိုးစကားကြောင့် ချင့်ချိန်လိုက်သောအခါ သူ့အတွေး ထဲ စန္ဒာ၏မျက်နှာက တန်းခနဲဝင်လာလေသည်။ ထိုသို့ဝင်လာသည်နှင့် တစ်ပြိုင်နက် ရင်ထဲ ထိတ်ခနဲတုန်ခါသွားလေသည်။

ဘုရား ... ဘုရား ... စန္ဒာနဲ့သူ ကျူရှင်နားလေး နှစ်ကြိမ် သာ ဆုံဖူးသော်လည်း ပတ်ဝန်းကျင်အမြင်တွင် ရှုပ်ထွေးတဲ့ဆက် ဆံရေး ဖြစ်သွားပြီလား။ တပည့်မလေးများနှင့် အတတ်နိုင်ဆုံး ရှင်း အောင်နေခဲ့သည့်သူက ထိုကိစ္စမျိုးကို အကြောက်ဆုံးဖြစ်လေသည်။ ဘုရား ... ဘုရား ... ဖြူနေတဲ့သူ့စိတ်ကို အရောင်တွေ မတင်ပေးကြ ပါနဲ့။

"ကောင်မလေးကြည့်ရတာ တစ်မျိုးပဲနော်။ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်သွားပို့တုန်း ကျောင်းဆရာနဲ့ အဲဒီကောင်မလေး ပြောဆိုနေတာတွေ့လို့ သတိထားမိသွားတာ။ အဲဒီကောင်မလေးက ကျွန်တော့်ကားကို ငှားစီးဖူးတယ်လေ''

အငှားယာဉ်မှ ငှားစီးတာမဆန်းသော်လည်း ကိုလှမျိုး၏ စကားအသွားအလာက ဆန်းလှသည်။ စန္ဒာနဲ့ကျွန်တော် ဘာမှ မပတ်သက်ပါဘူး။ ဆရာတပည့်တွေပါဟု သူက အကြောက်အကန် ပြောပြန်လျှင်လည်း တစ်ဖက်သူ သံသယဖြစ်သွားမှာစိုးရပြန်သည်။

အကယ်၍ ထိုသံသယကို စိုးရွံ့၍ ငြိမ်နေပြန်လျှင်လည်း စန္ဒာ့အပေါ် သူ့ဘက်က မရိုးသလိုဖြစ်နေရော့မည်။ စားနောက်မလွတ် စားသွားမလွတ်သည့်အခြေအနေမို့ မီးစင်ကြည့်ကဖို့သာ စောင့်ဆိုင်းနေမိတော့၏။ အခွင့်ကြုံရင်ကြုံသလိုတော့ သူ့သိက္ခာကို ချပြရမည်ဖြစ်သည်။

''အဲဒီကလေးမရဲ့လေယူလေသိမ်းနဲ့မျက်လုံးတွေက တစ်မျိုးပဲဗျ။ ကျွန်တော်က တက္ကစီမောင်းစားတာပါဗျာ။ တစ်နေ့ တစ်နေ့ တင်ရတဲ့ခရီးသည်က မနည်းပါဘူး။ ယနေ့စီးတဲ့လူနဲ့ မနက်ဖြန်စီးမယ့်လူနဲ့ ထပ်နေတော့ လူကို မှတ်မိလေ့မရှိပါဘူး။ ဒါပေမဲ့ အဲဒီကလေးမကိုတော့ မှတ်မိတယ်ဗျ''

စိတ်ဝင်စားဖို့ကောင်းသော်လည်း နိဒါန်းက များနေသည်မို့ သူ စိတ်မရှည်ချင်တော့ပါ။ သို့သော် သူနှင့် တိုက်ရိုက်ပတ်သက်သည့်





...မှ့ စိတ်ကို ဆွဲဆန့်ထားရသည်။

''အဲဒီမည်းကြုတ်ကြုတ်လူနဲ့ အဲဒီကလေးမက ဘာတော်သလဲဗျ''

ပထွေးဆိုသူကို တစ်ကြိမ်မြင်ဖူးထားသောသူက ကိုလှမျိုး၏ ...လိုရင်းကို အလွယ်တကူ သဘောပေါက်မိသည်။

''သူတို့ ကိုယ်ရေးကိုယ်တာဖြစ်နေတော့ ကျွန်တော် ပြောဖို့ ...တယ်''

''သူဦးလေးလား။ ဒါမှမဟုတ် . . . အဲဒီလူက နွားအို မြက်နုကြိုက်လား''

''ဟာ . . . မဟုတ်တာဗျာ။ သူ့အမေရဲ့ယောက်ျားပါ''

''ဘာ . . . အမေ့ယောက်ျား ဟုတ်လား''

သူ့စကားအဆုံးတွင် မှင်တက်သွားသော ကိုလှမျိုး၏ပုံက ...ရှိတဲ့ ဘဝင်မကျတာအမှန်ပါ။ ကိုလှမျိုး၏မျက်လုံးများသည် စကား ...များစွာ ဆိုနေလေ၏။ သို့သော် အနက်အဓိပ္ပာယ်ကို သူ ဝေခွဲမ...တ်ပါချေ။

''တစ်ခုခုတော့ လွဲနေပြီ ကျောင်းဆရာ''

ခေါင်းကို သွင်သွင်ခါယမ်းပြီး ပြောနေသော ကိုလှမျိုးသည် ...အကြောင်း တော်တော်တန်တန် သိထားသူတစ်ဦးနှင့်တူနေလေ...သည်။ ဘာတွေ သိထားတာလဲ။ ဘယ်လောက်ထိ သိထားသလဲ။



www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်လို့လဲ ကိုလှမျိုး''

''ပထွေးဆိုတဲ့အမျိုးက အဖေနဲ့ မခြားပါဘူးဗျာ။ ကျွန်တော် ပထွေးကောင်းတာတွေ တွေးမိပြီ ထင်ပါရဲ့။ ငရဲတွေတော့ ကြီးကျ တော့မှာပဲ။ ကဲပါ ကျောင်းဆရာရယ် ... ကျွန်တော့်စကားကို မေ့လိုက် ပါ။ အဲဒါတွေ ကျွန်တော် မပြောခဲ့ဘူးလို့ပဲ မှတ်လိုက်တော့''

ဟုဆိုကာ စားပွဲထိုးလာချပေးသော ကျဆိမ့်ကို စိတ်မပါတ သောက်လိုက်သဖြင့် သူမှာ ဆက်မေးရအောင်လည်း စပ်စုရာကျ တော့မှာမို့ မျိုသိပ်လိုက်ရသည်။ ဘာလဲဆိုတာမျိုးကိုတော့ သိချင်တ အမှန်ပါပဲ။ အစချခဲ့ပြီး အဆုံးမသတ်တဲ့အတွက် မတင်မကျ နေရခ လှပါသည်။ ဆက်ပြီး စကားခေါ်ချင်သေးသော်လည်း စာသင်ချိန် နီးကပ်နေပြီမို့ မအီမလည်ပင် ကိုလှမျိုးကို နှုတ်ဆက်ပြီး ထွက်လာ လေသည်။

သူ လက်ဖက်ရည်ဆိုင်မှထွက်ထွက်ချင်းပင် သူ့ရှေ့ဖြ မောင်းသွားသော ကားတစ်စီးကို သတိပြုမိလိုက်၏။

စန္ဒာ။ ကားရှေ့ခန်းတွင် ထိုင်နေသော စန္ဒာက မျက်နှာရှုပ် နှင့်ဖြစ်ပြီး ကားမောင်းနေသော အသားမည်းကမူ မျက်နှာမှင်တေ နှင့် ဖြစ်၏။

ကိုလှမျိုး၏မတင်မကျစကားကြောင့် ထိုကားကို သာ ထက်ပို၍ အလေးထား သတိပြုမိသည်မှာအမှန်ပါ။





သို့သော် တစ်ဦးတစ်ယောက်၏မတီမကျစကားကြောင့်တော့ ည့်အပေါ် မေတ္တာမပျက်ချင်၍ သံသယကို ကြိုးစားချေဖျက် ခဲ့မိသည်။

လက်ဖက်ရည်ဆိုင်နှင့် ကျူရှင်တန်းသည် ခုနစ်မိနစ်ခန့် လမ်း လျှောက်ရလေသည်။ ကျူရှင်ရှေ့၌ ကားပါကင်ကျပ်သောကြောင့် က်ဖက်ရည်ဆိုင်ကသာ သူ့ကားထားရာနေရာ ဖြစ်ရလေသည်။

ကျူရှင်ရှေ့သို့အရောက်တွင် စန္ဒာ့ကို မျက်လုံးဝေ့ကာ ရှာ က်သေးသည်။ သို့သော် အရိပ်အယောင်ကို မတွေ့ရသဖြင့် စန္ဒာက လျင်တက်သွားပြီဟု တွေးလိုက်မိသည်။

သို့သော် အတန်းထဲသို့ရောက်သောအခါ ကျောင်းသူများ ြား စန္ဒာကို မတွေ့ရသောအခါ သေးသောသံသယသည် တရိပ်ရိပ် ြီးပြုလာလေသည်။

ထို့ကြောင့် မင်္ဂလာပါဆရာဟု နှုတ်ဆက်နေသော ကျောင်းသား ားကို မင်္ဂလာပါ၊ ထိုင်ကြပါဟု ရုတ်တရက် မပြောလိုက်နိုင်ပေ။

စန္ဒာ ဘယ်ရောက်သွားတာလဲ။ စောစောကတင် ကျူရှင်အနီး တွေ့ခဲ့ပါသည်။ သူ မျက်စိမှားတာမဖြစ်နိုင်ပါ။ သူ သေသေချာချာ န္ဒာ့ကို တွေ့လိုက်သည်။

စန္ဒာ့အပေါ် ရောက်နေသည့်စိတ်ကြောင့် သင်ခန်းစာများ ပေါ် အာရုံမရောက်နိုင်ပေ။ ထိုအကြောင်းကို ကျောင်းသားများက



www.burmeseclassic.com

www.burmeseclassic.com



ရိုပ်မိသောကြောင့် ဆရာက လူပျိုကြီးရောဂါထနေပြီဟု မကြားတကြာ နောက်ပြောင်နေသေးသည်။

ခင်မင်စွာ ရောရောနှောနှော နေထိုင်တတ်ပေမယ့် ပုဂ္ဂိုလ် ရေးကို သရော်လာလျှင် သူလည်း ပုထုဇဉ်မို့ ဒေါသထွက်မိသည် သို့သော် ကျောင်းသားနှင့်ဆရာအကြား ဒေါသဆိုတာမရှိကောင်းသော အရာမို့ ကြိုးစားဖြေသိမ့်ရလေသည်။

ကလေးဆိုသော်လည်း စဉ်းစားချင့်ချိန်တတ်သောအရွယ် တွေမို့ သူ့မျက်နှာ ရုတ်တရက်တည်သွားသောအခါ သူ့ကို ဒီ့ထက် မလှောင်ရဲကြတော့ချေ။ အသိစိတ်နှင့် ငြိမ်သက်စွာ သင်ယူကြပြန် သည်။

ကလေးများ သူ့အပေါ် အနေရှိန်သွားသောအခါ သူ့ရင်ထဲ မကောင်းချေ။ မရင်းနှီးတော့သလို ခံစားရ၏။ ထို့ကြောင့် နောက်ပိုင်း ဆိုလျှင် စာသင်ချိန်၌ စာကိုသာ အာရုံစိုက်ရန် မိမိကိုယ်မိမိ သတိပေး မိလေသည်။

သို့သော် ယခုမူကား စန္ဒာ့ကြောင့် စိတ်ကို စုစည်းဖို့ ခက်နေ လေသည်။

ဘယ်သွားနေတာလဲ ဒီကလေးမ ဘာလို့ ကျူရှင်မတက်တာ လဲ။ သူ့ရင်ထဲ ပဟေဠိများစွာ။

အတန်းချိန်ပြီးသောအခါ စန္ဒာ၏ဘေးတွင်ထိုင်သော





ကျောင်းသူတစ်ဦးက စန္ဒာ နေမကောင်းလို့ ခွင့်တင်ထားတယ်ဟု ကျောင်းသူအချင်းချင်း ပြောဆိုသံကို အမှတ်တမဲ့ ကြားလိုက်ရလေ သည်။

ထိုအခါ သေးသောပဟေဠိသည် ပို၍ ကြီးသွားလေတော့ ၏။ နေမကောင်းဘူးဆိုသော စကားစုကို ဘာလို့ သူ အယုံအကြည် မရှိရတာလဲ။

✱



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဆရာ . . . သမီးကိုကူညီပါ ဆရာ၊ ကူညီပါ"

ဆိုသော သိမ်ငယ်သည့်အကူအညီတောင်းသံကြောင့် တယ
တစ်ဦးကို သူ ဘယ်လိုမှ လျစ်လျူမရှုနိုင်ပေ။ ထို့ကြောင့် ပတ်ဝန်းကျ
ဆိုတာလည်း သူ ထည့်မတွက်နိုင်တော့ဘဲ စန္ဒာ ချိန်းဆိုသောနေရာ
သူ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့လေသည်။

စန္ဒာသည် ဖွင့်ထားတာမကြာသေးသော နိုင်ငံတကာအဆ
မိဟိုတယ်ရှေ့ ကားပါကင်၌ သူ့အား လာခေါ်ရန် ပြောဆိုခြင်းဖြစ်
သည်။

သို့သော် စီတန်းကာ ရပ်ထားသောကားများကြောင့် စန္ဒာ





တစ်ရက် မတွေ့လိုက်ချေ။ ထို့ကြောင့် ဖုန်းကို ထုတ်လိုက်၏။
သည် သူနှင့်စိမ်းနေတယ်ဆိုသော်လည်း စန္ဒာခေါ်ခဲ့သော
မို့ စန္ဒာ့ကို မတွေ့သောအခါ ဖုန်းဆက်မေးခြင်း ဖြစ်လေ၏။

ဖုန်းလိုင်းအားကောင်းနေသဖြင့် ဖုန်းသံသည် တူခနဲမြည်သွား
လေ၏။

"ဟယ်လို စန္ဒာလား . . . ဆရာရောက်နေပြီ။ မင်း ဘယ်မှာ
။ အခု ဆရာ သစ်ပင်ကြီးဘေးမှာရှိနေတယ်"

ပြောပြောဆိုဆိုပင် ဘေးဘီဝဲယာကို ကြည့်လိုက်ရာ ကား
နက်ရောင်ကြီးဘေးတွင် ငုတ်တုတ်လေးထိုင်နေရှာသော စန္ဒာ့ကို
မှတ်တမဲ့တွေ့လိုက်ရလေသည်။

"ဩော် . . . အေ . . . တွေ့ပြီ . . . တွေ့ပြီ"

တစ်ဖက်မှ မည်သို့သော စကားတစ်ခွန်းမျှ မဆိုသည်ကို
သူ သတိမပြုမိလိုက်ပေ။

သူသည် ကားပေါ်မှ ကပျာကသီ ဆင်းလေသောအခါ တစ်
က်မှလာနေသော ကားကိုလည်း သတိမပြုနိုင်အားပါ။ ထိုသို့ တစ်
က်မှလာနေသောကားသည် သူ့ကားကို ကျော်လို့မရသဖြင့် သူ့ကား
ရှေ့ နှစ်ကိုက်အကွာတွင်ရှိသော နေရာလွတ်တွင် ပါကင်ထိုးလိုက်၏။

ညအမှောင်ထုက စိုးမိုးနေသော်လည်း မြို့ပြ၏ထည်ဝါခြင်း
ကြောင့် မီးရောင်သည် နေမင်းအလား ဝင်းထိန်၍နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စန္ဒာ . . . စန္ဒာ"

လျှောက်သွားရင်း ခေါ်လိုက်သောအခါ ငုံ့နေသော စန္ဒာ ခေါင်းသည် တဖြည်းဖြည်းလှည့်လာလေ၏။

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားလေသည်။ မိုးပြိုတော့မှာကို သိနေသောလူတစ်ယောက်၏ကြောက်ရွံ့မှုမျိုးနှင့် စန္ဒာ့အနီး တဖြည်းဖြည်းတိုးကပ်သွား၏။

"စန္ဒာ . . . သမီး ဘာလုပ်နေတာလဲ၊ ဘာဖြစ်နေတာလဲ"

"ဆ ဆ . . . ဆရာ"

သူ့ထံ လှမ်းနေသာစန္ဒာ၏လက်သည် အင်အားမရှိတော့ သယောင်။

"ဟင်"

သူ့ခြေလှမ်းများသည် ရုတ်တရက် တုံ့ဆိုင်းသွားလေသည်။ အဘယ့်ကြောင့်ဆိုသော် ခါးအောက်ပိုင်း သွေးအလိမ်းလိမ်းပေနေသော စန္ဒာ့ကြောင့်ဖြစ်သည်။

မှင်တက်နေ၍ ခြေလှမ်းတုံ့ဆိုင်းသွားသော်လည်း စိုးရိမ်စိတ်ကြောင့် အပြေးအလွှား ရောက်ရှိသွားပြန်သည်။

"သ သမီးကို . . . ကယ် . . . ကယ်ပါဦး ဆရာရယ်"

ဖျော့တော့သောစန္ဒာ၏အသံသည် သူ့နားထဲပွဲ့တင်ထပ်သွားလေသည်။ ထိုအသံနှင့် မြင်ရသောမြင်ကွင်းကို ပေါင်းစုလေသောအခါ





ယ်သောအခါမှ မဖြစ်ဖူးသော ကရုဏာတို့သည် အလုအယက်ပင် ထဲ တိုးဝှေ့ကုန်သည်။

သူ့မျက်ဝန်း၌ မျက်ရည်ဥရလေပြီဖြစ်၏။ ထိုသွေးတွေက ကြောင့်လဲ။ ဘာကြောင့် စန္ဒာက ခုလိုပုံမျိုး ဖြစ်နေရတာလဲ။

"ကလေးရယ်"

သူသည် စန္ဒာ့လက်ကို တွဲလိုက်၏။

"ဘယ်လိုဖြစ်ရတာလဲ၊ ဘာဖြစ်တာလဲ သမီး"

စန္ဒာ့ကို စန္ဒာဟုသာ ခေါ်ခဲ့သော်လည်း အမျိုးအမည်မသိ ာ ကရုဏာတို့ကြောင့် သမီးဟု ခေါ်လိုက်မိသည်။

"ဆ ဆရာ . . . သမီး သမီး"

စန္ဒာသည် စကားလုံးကို ပီသအောင် မပြောနိုင်တော့ပါ။ ၌ ကားမီးရောင်သည် သူ့ထံ ရောက်ရှိလာ၏။

စန္ဒာသည် ကားမီးရောင်ကြောင့် တုန်လှုပ်သွားလေသော သူသည် စန္ဒာ့မျက်နှာပေါ် ကားမီးရောင်မရောက်စေရန် ကိုယ်နှင့် ကွယ်လိုက်သည်။

"ဟင် မင်း မင်း . . . ဒါ ဘာလုပ်တာလဲ"

ခပ်ဝဝအမျိုးသမီးတစ်ဦးသည် ဘယ်ကဘယ်လို ပေါ်လာ သိပေ။ စန္ဒာနှင့် သူ့အား မှင်တက်စွာ စိုက်ကြည့်နေလေသည်။ ရောင်အားကိုးနှင့်မြင်ရသော ထိုအမျိုးသမီး၏မျက်လုံးများကို သူ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာသဘောပေါက်သည်။ သူ့အား ရှုံ့ရှာစက်ဆုပ်မှုအပြည့်နှ
ကြည့်နေသောထိုမျက်လုံးများသည် သူက ပြစ်မှုကြီးတစ်ခုကို ကျူ
လွန်ခဲ့သူတစ်ဦးနှင့် တူနေလေ၏။

"လာကြပါဦး . . . လာကြပါဦး"

ရုတ်တရက် ထိတ်လန့်တကြားအော်လိုက်သော အမျိုးသမ
၏အသံသည် ခုနစ်သံချီကာ ထွက်ပေါ်လာလေသည်။ ကျယ်ပြေ
သောဘဒ္ဒကမ္ဘာ၌ သူ့အတွက်နေရာသည် ရှားပါးသွားပြီဖြစ်လေသည်

ထိုအမျိုးသမီး၏အသံဆုံးသည်နှင့် တစ်ပြိုင်နက် ပြေးလာကြ
သောခြေသံများကို သူကြားလိုက်ရလေသည်။

"ဟော့ကောင်"

သူ့အင်္ကျီကုတ်စကို ဆွဲလိုက်သော လက်တစ်စုံဖြစ်သည်
ထိုလက်ပိုင်ရှင်ကို သူကြည့်ခွင့်မရလိုက်ပါဘဲ သူသည် ဆွဲထိုးခံလိုက်
ရပြီဖြစ်၏။

နောက်တစ်ကြိမ် ထပ်အထိုးမခံရခင် လက်ပိုင်ရှင်ကို သူတွေ့
လိုက်ရလေသည်။ ပထွေး။ စန္ဒာ၏ပထွေးဆိုသူဖြစ်သည်။

သူ မှင်တက်ချိန်ပင် မရလိုက်တော့ပါပဲ။ လက်သီးမိုးက
သူ့အပေါ် ဖြိုင်ဖြိုင်ရွာလေတော့သည်။ သူ့ပါးရိုးတစ်ခုလုံးမှာ နာကျင်
လွန်း၍ ကျင်ထုံနေလေသည်။ ဘာကိစ္စနှင့် အထိုးခံနေရမှန်း သူကိုယ
၌က မသိပေ။





သို့သော် အထင်လွဲခံရမှန်းသိလေသောအခါ စန္ဒာ့အား အကူ
ညီတောင်းရန် လှမ်းကြည့်မိလေသည်။

သို့သော် စန္ဒာသည် အနက်ရောင်ကားဘီးကြီးအနီး၌ ငြိမ်
ကျ်၍နေပြီ ဖြစ်လေ၏။

"ခွေးလိုကောင် . . . ခွေးလိုလူ"

"မလုပ်ကြပါနဲ့၊ လက်လွန်ကုန်မယ်။ ဟော့ ဟော့ . . . မလုပ်
ကြပါနဲ့"

ခပ်လှမ်းလှမ်းမှ တားမြစ်သံကိုကြားလိုက်ရ၏။ သို့သော်
သူ့အပေါ်သို့ လက်သီးတင်မက ပုဆိုးချောင်းများပါ ရောက်ရှိ၍ လာလေ
သည်။

"ဒုတ်"

သူ့ခေါင်းပေါ်ရောက်လာသော ပုဆိုးချောင်း၏ပြင်းအားကို သူ
ခံမတုနိုင်တော့ပြီဖြစ်သည်။

တစ်ခဏအတွင်း ဆူညံသွားပြီးနောက် ရဲများနှင့် လူနာတင်
ကားတို့ ခြေချင်းလိမ်ကုန်သည်။ ပြီးနောက် ထိုနေရာသည် ပကတိ
ငြိမ်လည်ငြိမ်သက်သွားပြန်သည်။

သို့သော် ကွန်ကရစ်ခင်းပြင်ပေါ်တင်ကျန်နေသော သွေးကွက်
ကြီးကွက်ကိုမူ အဝိုင်းနှစ်ဝိုင်းကွင်းထားလေသည်။

ထိုအဝိုင်းအနီးသို့ ချွန်မြသောဒေါက်ဖိနပ်အနက်ရောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရုံက နိုးကပ်၍လာလေသည်။

ထိုဖိနပ်ပိုင်ရှင်သည် အခင်းဖြစ်သွားသောနေရာသို့ ကျားသစ်နက်တစ်ကောင်၏သားလိုက်မျက်လုံးဖြင့် စိုက်ကြည့်နေလေသည်။

ထိုမျက်ဝန်းသည် ပဟေဠိကိုအဖြေရှာပုံမျိုးလည်း ဖြစ်သလို ထိုပဟေဠိကို သိနေသည့်ပုံလည်း ပေါက်၏။

ပြီးနောက် လှပသော နှုတ်ခမ်းပါးက သေသပ်စွာ ပြုံးလေသည်။ သို့သော် ထိုအပြုံးသည် ချိုမြခြင်းအလျဉ်းမရှိဘဲ အေးစက်ကြမ်းကြုတ်ခြင်းများ ပွတ်သိပ်၍နေလေတော့၏။

✱



## အခန်း (၇)

ခေတ်ပုံအချို့နှင့် ကိုယ်ရေးအကျဉ်းရေးထားသော စာရွက်သည် ဒေါ်အဏ္ဏဝါ၏စားပွဲပေါ် ပျံ့ကျဲနေကုန်၏။

ဒေါ်အဏ္ဏဝါသည် ဇာပဝါဖြူနောက်ကွယ်မှ စိမ်းလန်းသော ရှုမျှော်ခင်းကို စိုက်ကြည့်၍နေလေသည်။

ရှုမျှော်ခင်းသည် ငှက်ကလေးများနှင့် နှောယှက်သက်ဝင်နေသော်လည်း ထိုအလှတရားကို ဒေါ်အဏ္ဏဝါ ခံစားတတ်ပုံ မပေါ်ချေ။

"သူဌေး . . . ကိုဝေယံလင်းက တွေ့ခွင့်တောင်းနေပါတယ်"

ဟု . . အပြာဝတ်မိန်းကလေးက ခပ်ကျုံ့ကျုံ့လေးရပ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်တွင် ဒေါ်အဏ္ဏဝါသည် မျက်လုံးလေးတစ်ချက် ပုတ်ခတ်
လေသည်။

စကားလုံးတစ်ခွန်းမျှမဆိုသော်လည်း ထိုအပြာဝတ်မိန်
ကလေးသည် ဒေါ်အဏ္ဏဝါ၏စကားကို အဓိပ္ပာယ်ပေါက်ပုံနှင့် အခန်း
မှ ထွက်သွားလေသည်။

သိပ်မကြာခင်မှာပင် အသက်သုံးဆယ်ခန့် ယောကျ်ားတစ်
ယောက် အခန်းထဲသို့ ဝင်လာလေသည်။

ထိုယောကျ်ားသည် ဒေါ်အဏ္ဏဝါအား ဦးညွှတ်ကာ အ
အသေပေးသည်။ ပြီးနောက် ခြေလှမ်းမှန်မှန်ဖြင့် ဒေါ်အဏ္ဏဝါရှေ့
လျှောက်လာလေသည်။ ပြီးနောက် လက်ထဲမှ ဖိုင်တွဲကို ဒေါ်အဏ္ဏ
ထံ ပေး၏။

ဒေါ်အဏ္ဏဝါသည် ထိုဖိုင်တွဲကို ဖွင့်ကြည့်ပြီးနောက် နှုတ်ခမ်
လေး တွန့်ရုံပြုံးလေသည်။

"စီစီတီဗီမှတ်တမ်းတွေက ထူးထူးဆန်းဆန်းပဲ ပျောက်ဆုံး
နေတယ် သူဌေး။ ဒါကြောင့် လုံခြုံရေးအခန်းက ဝန်ထမ်းတွေအား
ကို အလုပ်ဖြုတ်ပစ်လိုက်တယ်"

"ကိုဝေယံလင်း . . . ဘာကြောင့် အဲဒီလောက် ရက်စက်
တာလဲ"

"ဗျာ"





"လုံခြုံရေးခန်းထဲ ဝန်ထမ်းဘယ်နှယောက်ထားသလဲ"

"ဟိုတယ်တစ်ခုလုံးမှာ လုံခြုံရေးနှစ်ဆယ် ခန့်ထားပါတယ်။
ပေမဲ့ အခင်းဖြစ်တဲ့အချိန်မှာ လုံခြုံရေးဆယ်ဦး အလုပ်ဆင်းနေပါ
ယ်။ ထိုအထဲမှာမှ သုံးဦးက စီစီတီဗီအခန်းထဲမှာပါ"

"အဲဒီမှတ်တမ်းကို အဲဒီသုံးဦး ဖျောက်ဖျက်လိုက်တယ်
ထင်နဲ့ သုံးဦးလုံးကို ဖြုတ်ပစ်လိုက်ရောပေါ့"

ဒေါ်အဏ္ဏဝါအမေးကို ကိုဝေယံလင်း မဖြေနိုင်ချေ။ ပစ္စည်း
ပျောက်ရှာသူတစ်ဦးနှယ် ခေါင်းကိုသာ ငုံ့ထားလေ၏။

"နောက်ဆို အလုပ်ကို အထင်နဲ့မလုပ်နဲ့ ကိုဝေယံလင်း။
သံသယတစ်ခုရှိလာရင် စုံစမ်းပါ၊ ဆင်ခြင်ပါ။ ကိုယ်က အထက်မှာ
နေလို့ မှားခဲ့ရင် ဆောရီးတစ်လုံးကို ဝန်ချလိုက်ရုံနဲ့ တစ်ဖက်လူက
သက်မသာ ကျေနပ်လိုက်ရပေမယ့် တကယ်ဆုံးရှုံးနစ်နာသွားသူက
ကို ထိုးကျွေးလိုက်ရတာ။ အလုပ်ကို ပြတ်ပြတ်သားသား လုပ်သင့်
ယ်ဆိုတာမှန်ပေမယ့် လမ်းလွဲနေတဲ့ ပြတ်သားမှုက အဓိပ္ပာယ်မရှိ
ဘူး"

"ဟုတ်ကဲ့ . . . ကျွန်တော် သေသေချာချာစုံစမ်းလိုက်ပါ့မယ်"

"ဒါပေမဲ့ လူသုံးယောက်ကို အလုပ်တော့ထုတ်ခဲ့ပြီးပြီ မဟုတ်
လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



''ဘာအကြောင်းပြချက်နဲ့ ထုတ်လိုက်သလဲ''

''လုပ်ငန်းခွင်ပေါ့ဆမှုနဲ့ပါ''

''ခံရတဲ့လူတွေကလည်း မှားပါတယ်လို့ ဝန်ခံသွားသလား''

ကိုဝေယံလင်းထံမှ အသံတိတ်သွားပြန်သည်။

ဒေါ်အဏ္ဏဝါ မျက်လုံးများ စူးရှတောက်ပ၍နေလေသည်။ ထိုစူးရှမှုသည် သာမန်လူတစ်ဦးအတွက် ပြုလဲသွားနိုင်လေသည်။

ကိုဝေယံလင်းတစ်ယောက်လည်း ချောင်ပိတ်မိသော ယုန်... ငယ် တစ်ကောင်နှယ် ဘယ်ပုန်း၍ ပုန်းရမှန်းမသိပေ။

''တို့က အလုပ်မှာ မန်နေဂျာထက်သန့်ရှင်းရေးဝန်ထမ်းကို ပိုအရေးထားတယ်ဆိုတာ မင်း သိတယ်နော်''

''ဟုတ်ကဲ့ သူဌေး''

''မင်းကို ဟိုတယ်တာဝန်ခံရာထူးကနေ လုံခြုံရေးဌာနမှူး အဖြစ် ရာထူးချတယ် ကိုဝေယံလင်း''

ထိုအခါ ကိုဝေယံလင်းသည် တုန်လှုပ်သွားကာ ချက်ချင်း ဆိုသလို ဒူးထောက်ထိုင်ချလိုက်လေသည်။

''ကျွန်တော် မှားသွားပါတယ် သူဌေး။ ကျွန်တော့်ရဲ့အသိ... အမြင်နည်းမှုဆိုတာကို နားလည်ပါပြီ။ ဒါကြောင့် အဲ့ဒီလောက်ကြီး ကျွန်တော့်ကို မရက်စက်ပါနဲ့။ ကျွန်တော် အားလုံးကို အချိန်မီပြင်ဆင်ပါ့မယ်။ ထုတ်လိုက်တဲ့ လုံခြုံရေးဝန်ထမ်းတွေကိုလည်း ကျွန်တော် ...ခေါ်တဲ့ထိ တောင်းပန်ပါ့မယ်။ ကျွန်တော့်ကိုတော့ အဲဒီလို မရက်စက်... သူဌေး''





''ရာထူးချတာကိုမကျေနပ်ရင် အလုပ်ထွက်နိုင်တယ်။ ...ဝန်ခံရာထူးဆိုတာမျိုးက မက်တဲ့သူအများကြီးပါ''

''ဒါပေမဲ့ . . . လူတိုင်းလုပ်နိုင်တဲ့အလုပ်တော့ မဟုတ်ဘူးမို့ ...''

''ကိုဝေယံလင်း ရှင့်စကားလုံးကို တို့မကြိုက်ဘူး။ ရှင့်ကို ...ကက် နင့်နင့်သီးသီး မပြောသေးခင် ရှင် ထွက်သွားတော့''

''ကျွန်တော့်ကို နောက်ထပ် အချိန်သုံးလပေးရင် ဟိုတယ်ကို ...ကောင်းမြင်အောင် ကျွန်တော် လုပ်နိုင်မှာပါ''

ဒေါ်အဏ္ဏဝါ စိတ်ညစ်ညူးသွားလေသည်။ ထို့ကြောင့် စားပွဲ ...ဆောင့်ခွန်းမှ ခလုတ်အနီကို နှိပ်လိုက်လေ၏။

မကြာခင်မှာပင် ထောင်ထောင်မောင်းမောင်း ယောကျ်ားနှစ်ဦး ...ခန်းထဲသို့ ဝင်လာကာ ကိုဝေယံလင်းကို ဆွဲထုတ်သွားလေသည်။

ကိုဝေယံလင်းသည် ယောကျ်ားမာနပင် ဆည်မထားနိုင် ...ကောက်အောင် အော်ဟစ်ရုန်းကန်ရင်း ထိုလူသန်ကြီးနှစ်ယောက် ...ခေါက် ပါသွားလေသည်။

ဒေါ်အဏ္ဏဝါ သက်ပြင်းကို ချလိုက်လေ၏။ ထိုအခါမှ မွန်း... ...ပ်မှုကြီးက လေထဲတွင် မျောပါသွားသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကို မှိတ်ကာ စဉ်းစားလေသောအခါ လည်ကတ

နှင့်ယောက်ျားတစ်ယောက်မျက်နှာသည် ထင်းခနဲ ပေါ်လာလေသည်

ထိုယောက်ျားသည် အေးဆေးသောမျက်နှာသွင်ပြင်ရှိသေ လည်း မျက်နှာနှင့်မလိုက်စွာပင် ပျာယာခတ်နေသောကြောင့် ဒေ အဏ္ဏဝါသည် ကားပေါ်မှမဆင်းသေးဘဲ ကားထဲမှ ကြည့်နေမိခဲ့သည်

ထိုယောက်ျားသည် ရေးကြီးသုတ်ပြာပင် ကားနှစ်စီးကြား ဝင်သွားလေ၏။

ထိုယောက်ျားသွားပြီး ခဏအကြာ၌ ကားတစ်စီးရောက်လာ လေသည်။ ထိုကားပေါ်မှ လူသုံးဦးဆင်းလာ၍ ကားပေါ်မှ မဆင်း သေးဘဲ အခြေအနေကို စောင့်ကြည့်နေမိသည်။

အဖြစ်အပျက် မျက်လှည့်ပြကွက်လို ဆန်းကြယ်လွန်း သည်။ စက္ကန့်ပိုင်းမျှသာ ကြာသေးသောအချိန်၌ မုဒိမ်းမှုဖြစ်သွားခဲ့သေ သည်။

အံ့သြခဲ့ရ၏။

ကားဖြင့် ဝင်ရောက်လာသူသုံးဦးသည် ကားဆိုက်ပြီး ဒ ယောက်ျားကို ဘုမသိ ဘမသိ ရိုက်နှက်ပုံမှာလည်း ဆန်းလှပါသည်

ပြီးနောက် စက္ကန့်ပိုင်းအတွင်းတွင် မိန်းမငယ်လေးကို အ ပြုကျင့်ပြီး သေစေခဲ့သည့်ကိစ္စမှာလည်း ရိုးရှင်းမှုမရှိပါ။ ပို၍ ထူးဆ သည်က ထိုအနီးတစ်ဝိုက်မှ စီစီတီဗီဖိုင် ပျောက်နေခြင်းဖြစ်သည်





ကိုဝေယံလင်းအပေါ် သံသယမဖြစ်ချင်သော်လည်း တရားခံ ာ ကိုဝေယံလင်းအပါး ရစ်ဝဲနေသော ယင်ကောင်တစ်ကောင်နှယ်။ ပြီးနောက် ကိုဝေယံလင်း၏မျက်လုံးများကို မယုံပါ။ အင်မတန် နူးညံ့ သိမ်မွေ့သူသည် အဘယ့်ကြောင့် ကြမ်းတမ်းရိုင်းစိုင်းသွားရတာလဲ။ ယ်အရာက ကိုဝေယံလင်းရဲ့ သရုပ်မှန်လဲ။

ကိုယ့်ကိစ္စမဟုတ်ဘူးဆိုပြီး ကိုယ်နဲ့မဆိုင်သလို ဘေးဖယ်နေ ၍ မရတော့ပေ။

ထိုပြဿနာကို သိရမှဖြစ်မည်။

ချောက်ချခံရတယ်ဆိုတာ သိလျက်နဲ့ အပြစ်မဲ့ကို ဒုက္ခနဲ့ထံ မထားရက်ပေ။

ထို့ကြောင့် ရှုကို သတိရမိ၏။

ရှုနဲ့သာ စကားအနည်းငယ်ပြောကြည့်လျှင် ရှုပ်နေသော အတွေးကြီးရှင်းသွားမည်ဟုထင်သည်။

ထို့ကြောင့် ရှုထံ ဖုန်းဆက်ဖို့စိတ်ကူးမိသည်။ သို့သော် မိမိ ေါ်တိုင်းလာမည့်မိန်းကလေး မဟုတ်မှန်း သတိရသွားပြီး နေရာမှ ရပ်လိုက်၏။

မသေချာတဲ့ကိစ္စကို အချိန်မကုန်တတ်သော ရှုအကျင့်ကို သိနေသည်မို့ မိမိသတ်မှတ်သေချာရန်အတွက် အမှုသည်ယောက်ျား ကို ပို့ခဲ့ကြသော ဆေးရုံသို့သာ ဦးတည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အဏ္ဏဝါက ကိုယ်ရံတော်များကို ချန်လှပ်ထားခဲ့ပြီး မထ
မရှား ဝတ်စားပြင်ဆင်မှုနှင့်သာ လာခဲ့သည်ဖြစ်ရာ ပတ်ဝန်းကျင်
အာရုံစိုက်ခြင်းမှ ကင်းလွတ်ပြေနိုင်သည်။

ဒေါ်အဏ္ဏဝါက ထိုအမှုသည်ယောက်ျား၏ခုတင်အနီး
ရောက်သောအခါ သတိမေ့နေသောအမှုသည် ယောက်ျား၏လက်
ကို တယုတယကိုင်ပြီး ငိုနေသောအဒေါ်ကြီးတစ်ယောက်ကို တွေ့
ခလေ၏။

ပရိဒေဝမီးကြောင့် ပတ်ဝန်းကျင်ကို သတိမပြုမိလောက်
အောင် ဝမ်းပန်းတစ်နည်းငိုနေရှာသော အဒေါ်ကြီးကို ရုတ်တရက်
ဆိုသလို ကရုဏာသက်သွားမိသည်။

ထိုကရုဏာမျိုး ဒေါ်အဏ္ဏဝါ့ရင်ထဲ ဝင်မလာတာ ဘယ်
လောက်ကြာသွားခဲ့ပြီလဲ။

အဒေါ်ကြီးသည် နှုတ်မှလည်း တတွတ်တွတ် ရွတ်ဆို
တောင်းနေသေးသည်။ မျှော်တော့စွာ လှဲလျောင်းနေသူဘေး၌ ရဲသား
နစ်ဦးကို တွေ့မြင်ရလေ၏။

ထိုရဲသားကြောင့် အခန်းတွင်းသို့ လူအချို့ ကွက်ကြည့်
ကွက်ကြည့် လုပ်နေကြသည်။

''မဒီမ်းမှုတဲ့။ မထင်ရဘူးနော်။ ရုပ်ရည်လေးက သနားကမား
နဲ့''





''ကျူရှင်ဆရာဆိုပဲ။ စာသင်ရင်းနဲ့ ချစ်ကြိုက်ကြတာနေမှာ
ပေါ့''

''ကောင်မလေးက သေသွားတယ်ဆို''

''အို ဘယ်လောက်တောင် တဏှာရူးနေသလဲမှ မသိတာ။
ကြောင့် လူတွေကို အပေါ်ယံပဲကြည့်ပြီး မပိုင်းဖြတ်နဲ့လို့ ပြောကြ
တာပေါ့''

နှစ်နှစ်ဦးသည် လူနာအတွက် ပြုစုစောင့်ရှောက်ရန်ဆိုသော
ဥဒ်အောက်မှ သွေဖီ၍ ပုဂ္ဂိုလ်ရေးကို ပုတ်ခတ်ပြောသွားသဖြင့်
ဒေါ်အဏ္ဏဝါရင်ထဲ သဘောမတွေ့တာအမှန်ပါ။ လူနာဘေး၌ ထိုင်နေ
သော အဒေါ်ကြီးကိုကြည့်ရင်း မျက်ရည်စို့ချင်လာလေသည်။

တခြားလူ၏ ဝမ်းနည်းမှုသည် စစ်မှန်သောကြောင့် မိမိရင်ထဲ
ထိုက်ပုံနှံ့လေသည်ဟု ထင်ပါသည်။

ဒေါ်အဏ္ဏဝါ့ရင်ထဲ မောဟိုက်လာ၏။ ငိုနေသောအဒေါ်ကြီး
ကြည့်ရင်း အတွေးတွေက အတိတ်ရဲ့ခေါ်ဆောင်ရာနောက်သို့
လွှတ်တိုက်မျောပါသွားရလေ၏။

ဒေါ်အဏ္ဏဝါ့မျက်လုံးထဲ ရဲသားနှစ်ဦးကိုလည်း မမြင်နိုင်တော့
သလို ခုတင်ပေါ်မှ ပုဂ္ဂိုလ်ကိုလည်း မမြင်နိုင်တော့ပါ။

ဒေါ်အဏ္ဏဝါ့ခြေလှမ်းများသည် သနားစရာကောင်းသော
အဒေါ်ကြီးဆီသို့ တစ်လှမ်းခြင်း –



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်"

ဒေါ်အဏ္ဏဝါက ထိုသို့ခေါ်လျှင် အဒေါ်ကြီးသည် မျက်ဝန်း… လေးငေ့ကာ ကြည့်လာလေသည်။ ထိုမျက်ဝန်းထဲမှ တစ်စုံတစ်ဦး… အပေါ် အားကိုးရိပ်များ မြင်တွေ့ရလေသည်။ အားကိုးမှုနှင့် ထိုက်တ… လေအောင် သူရဲကောင်းလုပ်ပေးလိုက်ချင်သည်။

"တူမကရော ရဲအရာရှိပဲလားကွယ်။ ဒါမှမဟုတ် သား… တပည့်မလေး အမေလား။ အဒေါ့်သားက လူယုတ်မာမဟုတ်ပါဘူး ကွယ်။ သူ့နောက်ကြောင်းကို စုံစမ်းကြည့်ပါ။ သူ့ဘဝမှာ ရည်းစား… လည်း မထားဖူးပါဘူး။ ဘုန်းကြီးဝတ်မှာစိုးလို့ အဒေါ်က မိန်းမပေး… ရင်တောင် မျက်နှာမမြင်ရသေးခင် ဘူးခံပြီး ငြင်းသူပါကွယ်။ အဒေါ်… အသက်ရှင်လျက်ရှိသေးလို့သာ။ သားက ကျူရှင်ဆရာလုပ်နေသေး… ပေမဲ့ အဒေါ်သေပြီးတဲ့အခါ အဒေါ်မြေကျတဲ့နေ့ သား လူဝတ်ကြေး… စွန့်တဲ့နေ့ဖြစ်မယ်ဆိုတာ မိခင်ဖြစ်တဲ့အဒေါ် ကြိုသိနေပါတယ် တူမကြီး… ရယ်။ အဒေါ့်သားက တူမကြီးထင်သလို လူယုတ်မာ မဟုတ်ပါဘူး… သက်သေသက်ကာယက နိုင်လုံနေတယ်ဆိုရင်လည်း ဒါ ချောက်… ရတာဖြစ်ဖြစ်၊ တိုက်ဆိုင်လွန်းတာဖြစ်ဖြစ် နှစ်ခုထဲကတစ်ခု ဖြစ်ပါလိ… မယ်။ ဒါမှမဟုတ်လည်း ဆန်းကြယ်တဲ့လောကကြီးရဲ့မာယာ ဖြစ်… လိမ့်မယ်။ အဒေါ့်သားမှာ ဒီလိုအမူအကျင့်မျိုး မရှိပါဘူးကွယ်။ မိခင်… လုပ်ကျွေးပြုစုရှာတဲ့လူ သူတော်ကောင်းလေးပါ။ သားရဲ့ရိုးသားမှု…





…အဒေါ့်အသက်နဲ့လဲပြီး အာမခံပါတယ်ကွယ်"

ရင်ဘတ်ကို လက်ကလေးနှင့် အသာအယာဖိ၍ သိမ်ငယ်…သော မျက်ဝန်းလေး၊ ပါးလျတိုးညှင်းသောအသံလေးနှင့်ဆိုသော …အဒေါ်ကြီးကို တစ်ခဏမြင်ရရုံမျှနှင့် တရားခံမှတွင် မွေးလျော်သူတစ်ဦး …ရှိမှန်း သိလိုက်ရသည်။

မည်သို့သောတရားတွေ ရင်မှာပိုက်ထားသော်လည်း ပုထုဇဉ် …တစ်ဦးမို့ ကြမ္မာဆိုးနှင့် ကြုံရသောအခါ မျက်ရည်ကိုသာ အဖော်ပြု၍ …နေရှာတော့သည်။

မိမိကိုယ်မိမိတောင် မယုံရသော ရှင်သန်ခြင်းတွင် မိမိထက် …သားကိုယုံကြည်နေရှာသော မိခင်ကြောင့် ထိုမိခင်အပေါ် ကြည်ညိုမိ …သည့်စိတ်မှာ ကြက်သီးမွေးညှင်းထရပါသည်။

ကံကောင်းလိုက်တာ။ တရားခံဟု ကင်ပွန်းတပ်ခံထားရသော် …လည်း ကိုယ့်စာရိတ္တကိုကို ယုံကြည်နေသူရှိသည်မှာ နည်းတဲ့ကုသိုလ် …ကံ မဟုတ်ချေ။ ခွန်အားလည်း ဖြစ်ချေမည်။

မိမိကိုယုံကြည်သူတစ်ဦးရှိနေခြင်းသည် နေ့ရက်များကို ရှေ့ …ဆက်ဖို့ အကောင်းဆုံးခွန်အား ဖြစ်ပေသည်။

တစ်ချိန်ကသာ မိမိကို ဤအဒေါ်ကြီးလို မိမိအတွက် တစ်စုံ …တစ်ယောက်က မျက်ရည်ကျပေးခဲ့ပါလျှင် ဤအဒေါ်ကြီးလို မိမိဘေး၌ …တစ်စုံတစ်ယောက်က ပူဆွေးသောက ရောက်ပေးခဲ့ပါလျက် မမြင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခြင်းတွေက ရင်ထဲ တဆတ်ဆတ်နာကျင်လာလေတော့သည်။

မျက်လုံးကိုမှိတ်လိုက်တိုင်း အိုဟောင်းစုတ်ပြတ်နေသော လမ်းဘေးအရက်ဆိုင်မှ အ,မင်္ဂလာမြင်ကွင်းများ၊ နားစွင့်လိုက်တိုင်း ညစ်ညမ်းစွာဆဲရေးတိုင်းထွာနေသံများက ပြည့်လျှံထွက်လာသော အခါ။



## အခန်း (၈)

''ဟဲ့ အဏ္ဏဝါ . . . ဘာလုပ်နေတာလဲ၊ အမယ်လေး''

ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်သံနှင့်အတူ တံခါးဖွင့်သံ ခနဲ ကြားလိုက်ရသောအခါ လှပသောအိပ်မက်များ လေထဲ လွင့်ပျောက်ကွယ်သွားရလေသည်။ မျက်လုံးဖွင့်ဖွင့်ချင်း မြင်လိုက်ရ ည်က ဆံပင်ကောက်ကောက်ဖွာလှန်ကျဲနှင့် နုတ်ခမ်းနီရဲရဲဆိုထား သာ အဒေါ်ကြီး။ ထိုအဒေါ်ကြီးသည် အဏ္ဏဝါကို ပြူးသောမျက်လုံး မေတ္တာတရားကင်းမဲ့စွာ စိုက်ကြည့်လေသည်။

''အမယ်လေး,လေး . . . ညည်းကိုယ်ညည်း သူဌေးသမီးများ ာက်မေ့နေသလား။ ဟမ်း . . . ဘယ်အချိန်ရှိနေပြီလဲ။ အခုထိ

www.burmeseclassic.com



အိပ်ရာထဲမှာ စင်းစင်းကြီးသေနေတုံး''

''ဘာခိုင်းစရာရှိလို့လဲ အန်တီချက်''

''ပြောမှလုပ်၊ ခိုင်းမှသွား၊ မောင်းမှပြန်၊ ဟမ် . . . သားရေပေ

အိပ် သားရေနားစားလေးတွေ။ ဟမ်း . . . ကျွန်တွေလို့မပြောရဘူး

ညည်းတို့ကိုပြောရတာ ငါ အာညောင်းတယ်၊ လေကုန်တယ်ဆ

သိရဲ့လား''

ဘာတွေ ဒေါသဖြစ်စရာ ကြုံလာခဲ့မှန်းမသိပေ၊ ဒေါ်ချက်

၏မျက်ဝန်းများသည် ဝင်းဝင်းတောက်၍နေလေသည်။ ဒေါ်ချက်

ဒေါသဖြစ်သည်က အကြောင်းမဟုတ်ပါ။ ကြီးနိုင်ငယ်ညှဉ်းလုပ်တ

သည့် ဒေါ်ချက်စိန်၏အကျင့်ကြောင့် တစ်နေကုန် ဆူပူကြိမ်းမော

ထုထောင်းခံရမည့်အဖြစ်ကို ရင်လေးလှပါ၏။

''ဟိုကောင်လှတင့်လည်း ဘယ်ချောင်မှာ သေနေမှန်း မ

ဘူး။ မနက်စောစော ရေအပြည့်ဖြည့်ထားပါ။ နေ့လယ် အလုပ်က

တယ်ဆိုတာ၊ သူ့ကို သီချင်းဆိုပြနေတယ် ထင်သလား၊ ဟင်း . .

မွဲချင်တဲ့ခွေး ပြာပုံတိုးဆိုတာ ဒါကိုပြောတာပဲ။ ဟော့ . . . လှတ

လှတင့်''

မမေးမမြန်းဘဲ တကြော်ကြော် အော်နေသော ထိုအသံသ

ငှက်စုန်းသံအလား နားထဲကလောသွားလေသည်။ အဏ္ဏဝါလ

စိတ်နဲ့လူပဲ ဒေါသထွက်တာပေါ့။ မနက်အိပ်ရာနိုးကာစမှာ သာ





ညောင်းသံကို အာရုံပြုပြီး မင်္ဂလာယူချင်ပေမယ့် အ,မင်္ဂလာဖြစ်ရော့

ဒေါသထွက်လို့ရှိုးလား။ သူ့ဆန်စား ရဲရတော့မည်မို့ ဒေါသကို

တွေးနှင့်အတူ မျိုချလိုက်ရတော့သည်။

''ကိုလှတင့်ရှိပါတယ် အန်တီချက်။ ဘယ်ကိုမှမသွားပါဘူး။

လည်း မနေပါဘူး။ ချောင်းစပ်မှာ ရေသွားခတ်ပါတယ်။ အရက်

တာက ချောင်းစပ်ရေနဲ့မှ အဆင်ပြေတယ် မဟုတ်လား''

''ညည်းကရော ဒီမှာ ဘာလုပ်နေသလဲ၊ ပန်းကန်တွေဆေး

ပြီလား''

''ပြီးပါပြီ၊ ထမင်းလည်း ပေါင်းထားပါတယ်၊ စားပွဲတွေလည်း

ပြီးပါပြီ။ အိပ်ချင်လို့ ဒီမှာ တစ်မှေးလေး မှေးမိတာပါ''

မှန်ပါသည်။ ညဆိုလျှင် တစ်ဆယ်, ဆယ့်တစ်နာရီလောက်မှ

ရပြီး မနက်ဆိုလျှင် လေးနာရီထပြီး ချက်ပြုတ်ရတဲ့အလုပ်က

သလှတယ် မဟုတ်ချေ။ နေ့လယ်နေ့ခင်း တစ်ရေးတမော ငိုက်မြည်း

ဆိုင်ရှင့်မျက်နှာကြည့်နေရ၍ အိပ်ချင်စိတ်ဖြစ်လာတိုင်း မျက်နှာ

စပ်ရသည်မှာ အကြိမ်ကြိမ်အခါခါ။

အလုပ်ဝင်တဲ့ ငါးလတာကာလတစ်လျှောက် တစ်ရက်ကို

ချောက်နာရီထက်ပိုပြီး မအိပ်ဖူးပါ။

တစ်ရက်ကို ဆယ့်လေးနာရီ အနည်းဆုံး အလုပ်လုပ်ရသော်

ညည်း အကောင်းတစ်ချက်ပြောဖော်မရသောဒေါ်ချက်ဆိုကို အဏ္ဏဝါ



www.burmeseclassic.com

www.burmeseclassic.com



မချစ်သော်လည်း အောင့်ကာနမ်းရတော့သည်။ ငွေရဲ့ကျေးကျွန် ဖြစ်ရ
မဟုတ်ပါလား။ သူများ ငွေယူပြီးမှတော့ သူများခိုင်းတာ လုပ်ရတော
မည် ဖြစ်သည်။

ပင်ပန်းလွန်း၍ အဏ္ဏဝါမျက်နှာတွင် ရွှင်ပြုံးမှုက မှုန်ပြပြလေ
ပင်မတွေ့ရတော့ချေ။ အိပ်ရေးမဝ၍ ညှိုနေသော မျက်ကွင်းအလယ
တွင် မျက်လုံးဝိုင်းဝိုင်းက ရေလယ်ကျွန်းတစ်ကျွန်းနှယ်။ သိသာထင်ရှာ
စွာ မြင်နေရသည်။

ဆိုင်ဆိုသော်ငြား အရက်ဆိုင်မဟုတ်၊ ထမင်းဆိုင် မကျတ
မို့ ဟင်းအမျိုးအမည်လည်း စုံလှသည်။ သို့သော် စားရသည်
အချဉ်ရည်ဟင်း။ မိသားစုခြောက်ကြော်ကို မရိုးအောင်စားရလေ
ရံဖန်ရံခါသဘောကောင်းသည့်နေ့များဆိုလျှင် ငါးပိရည်ဖျော်နှ
ချဉ်ဖတ်တို့စရာပါတတ်သည်။ ဒေါသဖြစ်ပြီး စိတ်မကြည်တဲ့နေ့များ
လျှင် ငရုတ်သီးစိမ်းနှင့် ထောင်းထားသော ငါးပိထောင်းတမယ်
မှသထာချင်ပါ။

အလုပ်သမားများအပေါ် စေတနာမထားသော ဒေါ်ချက်
သည် မြို့ပေါ်ကျောင်းတက်သော သမီးအပေါ်တော့ မိခင်ဝတ်တရာ
ကျေပွန်လွန်းလှသည်။ မျက်နှာငယ် တစ်စက်မခံချေ။ သူများ ဖုန်းကိ
လျှင် ကိုယ်ဖုန်းကိုင်ချင်သောသမီးကို ရှိသမျှ လက်ဝတ်လက်စားမျာ
ရောင်းချပြီး သိန်းသုံးဆယ်ဖြင့် ဖုန်းတစ်လုံးဝယ်ပေးပြီးတာ မကြာသေ





နှမြောမိသည်။

ထိုသိန်းသုံးဆယ်ဆိုသည့်ငွေသည် အဏ္ဏဝါ့အတွက်တော့
ဝပြောင်းသွားနိုင်သည့်ပမာဏဖြစ်သည်။ ထိုငွေနှင့်ရင်းနှီး လုပ်ကိုင်
သောက်၍ရသွားမည်ဖြစ်သည်။ ရောင်းဝယ်ဖောက်ကားရင်း တိုး
က်ရာ တိုးတက်ကြောင်း နည်းလမ်းရှာဖွေ၍ ရနိုင်ပေသည်။

ခုတော့ ခြူးတစ်ပြားမှမရှိတဲ့ဘဝမို့ ဒေါ်ချက်ဆိုင်၏မီးဖိုချောင်
တွင် ထမင်းအိုးသာ ဝင်လုပ်နေရပေသည်။ မီးဖိုချောင်မင်းသမီး
ဒရဲလားလေးလို ကံကောင်းမှုရောက်လာလေမလားဟု စိတ်ကူး
ဘဲ့မိသော်လည်း ဒါ ရူးသွပ်မှုသက်သက်ဆိုတာ နားလည်သည်။

ဒီလို ချောင်ကျကျ အရက်ဆိုင်ထဲ ခွက်ပုန်းရောင်းရသော
ဘဝတွင် အရက်ကို ငါးဆယ်၊ တစ်ရာဖိုး နိုးသောက်တဲ့ ခပ်ထွေထွေ
အရက်သမားတွေကလွဲလို့ မိုးကျရွှေကိုယ် ပေါ်မလာနိုင်ပေ။

ဖရဲသီးထဲမှ ရွှေစေ့ထွက်လာတယ်ဆိုတာမျိုးက ဖြစ်နိုင်သေး
မျိုးရိုးမြင့်မြတ်သူက ဤအရက်ဆိုင်မျိုး ရှိမည်ဟုပင် တွေးလိမ့်
ည်မဟုတ်ပါ။

သို့သော် အဏ္ဏဝါ ဖွဲမလျှော့ပေ။ ဘဝဆိုသည်မှာ ဒီအတိုင်း
ဲနေမသွားဘူးဟု ယုံကြည်သည်။

လူတစ်ယောက်၏ဘဝတွင် ကံကြမ္မာက တစ်ကြိမ်မျက်နှာ
လေ့ရှိသည်ဟု သိခဲ့သည်။ ထို့ကြောင့် အဏ္ဏဝါသည် ကံ၏အမြီး



www.burmeseclassic.com

www.burmeseclassic.com



ကို အမိအရ ဆုပ်ကိုင်ရန် ငါးကြော်ချောင်းနေသော ကြောင်တ
ကောင်နှယ် ရောက်လာမည့် အခွင့်အရေးကို အာရုံစိုက်နေမိသည်
သို့သော် အခွင့်အရေးဆိုသည်က တစ်ခါတစ်ရံ မျက်စိလည
လမ်းမှားပြီး ရောက်လာတတ်သလို တစ်ခါတစ်ရံ ကိုယ်က ဖန်တီးရ
အချိန်မျိုးလည်း ရှိသည်ကို အဏ္ဏဝါအား ဘဝအတွေ့အကြုံများ
သင်ကြားပေးပြီးသား ဖြစ်၏။
လောကတွင် တစ်ဦးတည်းရှိနေသော မိခင်ကို တာဝန်
ဝတ္တရား ကျွေးမွေးပြုစုနေရသော်လည်း အခွင့်သာလျှင် ကျော်နိုင
မည် ဖြစ်ပေသည်။ တစ်ခုကို လိုချင်လျှင် တစ်ခုကို ပေးဆပ်ရစမြ
သည့် လောက၏နိယာမတရားကို အဏ္ဏဝါ ကောင်းစွာနားလည်
ကျွန်ဘဝမှ လွတ်မြောက်ဖို့ဆိုပါက အဏ္ဏဝါသည် မည်သည့်အရာမ
ပေးဆပ်ဖို့ အဆင်သင့်ဖြစ်နေရလောက်သည်ထိ ကျွန်ဘဝကို နာကြည
မိပါသည်။
ဒေါ်ချက်ဆုံ၏ငှက်ဆိုးထိုးသံကို မခံနိုင်လွန်း၍ အပြောမ
အောင် အလုပ်ကို ပိပိရိရိလုပ်သော်လည်း ခေါင်းငုံ့သူကိုမှ ထုထော
ချင်သော ဒေါ်ချက်ဆုံကိုလည်း နာကြည်းလှပါသည်။
သို့သော် မလွန်ဆန်နိုင်သောဘဝမို့သာ သွားကျိတ်လော
သည်ထိ အံကို တင်းတင်းကြိတ်ထားမိသည်။ ရင်ထဲ ကျေလှတယ်
မရှိချေ။ အခွင့်သာလျှင် အဘွားကြီးကို တစ်ပွဲတစ်လမ်း ဝင်တွယ်





တော့ အမြုတေထဲ ကိန်းအောင်းနေလေသည်။
"အဏ္ဏဝါ . . . နင် နေမကောင်းဘူးဆို၊ သွားနားလေ၊ ဒီနေ့
ရက် ငါပဲ ချက်လိုက်မယ်"
ကိုလှတင့်သည် ရေခပ်ပြီး ပြန်လာရာမှ ကရုဏာနှင့်ဆိုလေ
သည်။
ထို့ကြောင့် နောက်ဆုံးကျန်နေသော တတိယမြောက် ထမင်း
ပင်းအိုးကို လွှတ်ချလိုက်၏။
"မဖြစ်ပါဘူး၊ ဘွားတော်က ပွစိပွစိ ပြောနေရင် နားညည်း
တာပဲ အဖတ်တင်တယ်။ ရေခပ်ပြီးကြောင်း သတင်းပို့လိုက်ဦး။
တစောက မေးတော်မူနေတယ်"
"သူ့အလုပ်ပြီးရင် ပြီးတာပဲမဟုတ်လား။ သွားနားပါ။ ငါ
လိုက်ပါ့မယ်။ လုပ်ဖော်ကိုင်ဖက်ချင်း ရိုင်းပင်းကြတာပေါ့"
ရိုင်းပင်းကြတာပေါ့ဆိုသည့်နောက်ဆက်တွဲတွင် အလျော်
စားရှိသည့်သဘော ဖြစ်သွားသည်။ နင်ဖျားတော့ ငါကူလုပ်သလို
များတော့လည်း နင်ကူလုပ်ပေါ့ဆိုသည့်သဘော။
လက်မခံနိုင်ပါ။ စေတနာရှိလျှင် နားပါ၊ ငါက ယောကျ်ား
ားပဲ အကုန်လုပ်လိုက်မယ်။ ရင်ထဲ ဘာမှမထားနဲ့ဟုဆိုလျှင် စိတ်
ချင်းထားပြီး နားနေနိုင်သေးသည်။ ခုတော့ ရိုင်းပင်းဆိုသောစကား
ကြောင့် အဏ္ဏဝါရင်ထဲ နက်မှောင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်တာပြောရလျှင် ကိုလှတင့်လုပ်သောအလုပ်က ထင်း ရေခပ်၊ ဆန်အိတ်ထမ်း၊ အရက်ပုန်းပို့ဖြစ်သည်။ ထိုသို့အားသုံးရသော အလုပ်ကို အဏ္ဏဝါ မလုပ်နိုင်တာအမှန်ပါ။

လုပ်နိုင်သည်ထားဦး မလုပ်ချင်ပါ။ လူမြင်ကွင်း သူမြင်ကွင် တွင် ချွေးဒီးဒီးကျအောင် လုပ်နေရခြင်းသည် အောက်ကျသည် ထင်သည်။ မီးဖိုချောင်ထဲ မနားမနေလုပ်နေရခြင်းက ခံသာသည် အဏ္ဏဝါ ထင်သည်။

သို့သော် ကိုလှတင့်လိုင်တုံးက အဏ္ဏဝါလို တွေးပုံမရချေ ကားဂိတ်တွင် ကုန်တင်ကုန်ချလုပ်လျှင်ပင် အချိန်ပိုင်းနှင့် ငွေ မြိုးမြိုးမြက်မြက်ရပါလျက်ကယ်နဲ့ သူမို့ သည်လိုအရက်ဆိုင်၌ တော တိုမယ်ရလုပ်တယ်ဟု အားမလိုအားမရ တွေးမိသေးသည်။

ကိုလှတင့်ကို အဏ္ဏဝါ အထင်သေးသည်။ ခွန်အားရှိသော လည်း ဉာဏ်နည်းလွန်းသောကြောင့် အဏ္ဏဝါ စိတ်ကူးမယဉ်မိချေ သို့သော် ကိုလှတင့်ကတော့ အဏ္ဏဝါ့ကို စိတ်ကူးယဉ်ချင်ပုံပေါ်သည် နံ့အသောကိုလှတင့်သည် အဏ္ဏဝါ့ကိုကြည့်လျှင် ထိုအကြည့် အရောင်များကို အဏ္ဏဝါ မြင်ရလေသည်။

လှသာ အနေစုတ်ပေမယ့် စိတ်ကတော့ ဝတီထက်မှာ ပေသည်။ မိမိသာ သူများရဲ့ကျွန်၊ ယဉ်ယဉ်ကျေးကျေးဆိုရလျှင် အ သမားဖြစ်နေရပေမယ့် ဖူးစာရှင်ကိုတော့ အမြင့်ဆုံးဖြစ်ရမည်ဟု စိ





ယဉ်ထားသည်။ မျှော်လည်း မျှော်မှန်းထားသည်။ အစုတ်အပြတ် ဝတ်နေရ၍ ရုပ်က လူမွဲသူမွဲ မပြောင်သော်လည်း ဒေါ်ချက်ဆို သမီး အိအိခင်လိုသာ ဝတ်ကောင်းစားလှ ဝတ်လိုက်ပါလျှင် အိအိခင် ည် အဏ္ဏဝါ့ခြေဖျား မီလိမ့်မည်ဟု မထင်ချေ။

မိန်းကလေးဆိုပါက ရုပ်ချောလျှင် လင်ကောင်းသားကောင်း သည်ဟု အဏ္ဏဝါ ယုံကြည်သည်။ ယုံကြည်တဲ့အတိုင်းလည်း ဖြစ် အောင်လုပ်မည်ဟု တွေးထားသည်။

ထိုသို့ ရည်မှန်းချက်ကြီးသော အဏ္ဏဝါက အဲဒီလို မလောက် းမလောက်စား ကိုလှတင့်လိုလူကို လုံချည်လျှော်ပင်မခိုင်းချင်ပါ ။ သူမို့ မှန်းလည်းမှန်းတတ်တယ်ဟု တွေးကာ အထင်သေးပါ သည်။

"ဟဲ့ အဏ္ဏဝါ ...ဘာတွေးငေးနေတာလဲ။ နှုတ်ခမ်းက လာလိုက် တွန့်သွားလိုက်နဲ့ ကိုယ်ပူများပြီး အဖျားတက်သွားတာ မှန်း"

ကိုလှတင့်က လက်ကိုမြှောက်ကာ အဏ္ဏဝါ့နဖူးပေါ် စမ်းသပ် ပြင်တွင် အဏ္ဏဝါသည် သွက်လက်စွာပင် ကိုလှတင့်လက်ကို ချလေသည်။

"မထိနဲ့ ကျွန်မအသားကို သူများထိတာ မကြိုက်ဘူး"

ဟုသာ ခပ်ပြတ်ပြတ်ပြောပြီး မှုတ်ပြောင်းနှင့် ဖိုခနောက်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုကိုသာ မှတ်လိုက်တော့သည်။

ထင်းသားမကောင်းသောကြောင့် ပြာအုံနေသောမီးဖိုသည် မီးတောက်ထွက်မလာဘဲ ပြာတွေသာ လှိုင်သွားရလေသည်။ ဒီ အတိုင်းဆို ဒီဝက်ခြေထောက်ညနေထိ နူးနိုင်ပါဦးမလား။

ညနေဆိုလျှင် အရက်သမားတွေက တန်းစီပြီးရောက်လာ တော့မည် ဖြစ်သည်။ ထိုအရက်သမားများ၏အမြည်းသည် ဝက်ခြေ ထောက်စွပ်ပြုတ်သာ အကောင်းဆုံးဟု ဒေါ်ချက်ဆုံ၏ ဆိုင်က နာမည် ကြီးလေ၏။

လူသတင်း လူချင်းဆောင်ဆိုသလိုပင် အရက်သမားများ၏ စကားသည် မိသားစုများဆီသို့ ပျံ့နှံ့သွားကာ တစ်ပွဲနှစ်ရာမျှ စွပ်ပြုတ် ညနေစာစားရန် မိသားစုအိမ်များကပါ ချိုင့်ဆွဲ၍ ဝယ်တတ်ကြသည် မဟုတ်ပါလား။ ဝက်ခြေထောက်ဝယ်ရင်း ဝက်သားသုပ်နှင့် အမဲနယ် ရောင်းလာရသည်။

ဒေါ်ချက်ဆုံက ဈေးရောင်းကောင်းလို့ ဟင်းအမယ်တိုးလုပ် တာကအပထား လခတော့ တိုးမပေးချင်၍ ပင်ပန်းတာပဲ အဖတ်တင် ကျန်ရစ်ခဲ့သည်။

ထို့ကြောင့် မှန်တာပြောရလျှင် ဒေါ်ချက်ဆုံဆိုင် လူများနှင့် ရောင်းဝယ်ဖောက်ကားနေခြင်းကို အဏ္ဏဝါ မကြိုက်ချေ။ အစားအစာ ကိုလည်း စေတနာမထားဘဲ ချက်လိုက်ချင်သည်။ သို့သော် ဆိုင်ပေ





ဆောင်ခင် ဟင်းအိုးထဲ နှိုက်မြည်းတတ်သည့် ဒေါ်ချက်ဆုံကြောင့် ဆိုထည့်ချင်စိတ်ကို မျိုသိပ်ထားရလေသည်။ ဆားငန်သွားပါက ခံသံချီပြီး ဆဲရေးနေမည့် ထိုအသံကို နားမခံသာ၍ ဖြစ်သည်။

"ကတုန်း ခွမ်း"

ဝက်သားဟင်းအိုးကိုဖွင့်ပြီး အပေါ်အငန် မြည်းနေဆဲမှာပင် ရှေ့မှအသံများကို ကြားရလေသည်။ ထုံးစံအတိုင်း အရက်သမား မူးမူးရူးရူးစကားများကြပြန်ပြီ ထင်ပါရဲ့။

"ဟဲ့ ဟဲ့ အောင်ညို . . . အရက်သောက်ရင် အေးအေး သောက်နေ၊ ဗိုစားပွဲကို ထုလား ရိုက်လား လာမလုပ်နဲ့။ မသောက် ချင် နောက်လာမသောက်နဲ့၊ ရှင်းလား"

ဒေါ်ချက်ဆုံ၏အသံ ဖြစ်သည်။

အရက်သမားများကို အိမ်ကဖနီးမယားတွေထက် အရက် ဆိုင်ရှင်က ပိုနိုင်သည်ဆိုတာကို ဒေါ်ချက်ဆုံကြောင့် အဏ္ဏဝါ ခံလိုက်ပါပြီ။

ဒေါ်ချက်ဆုံ၏လေသံသည် ကောင်တာတွင်ထိုင်ပြီး ငွေတွေ တွက်ကာ လှမ်းအော်လိုက်သောအသံမျိုးဖြစ်သည်။ ဒေါ်ချက်ဆုံ သည် ငွေတစ်ခါရေတွက်လျှင် တစ်ရွက်တိုးတယ်ဟုများ ထင်နေရော့ သလား မသိပါ။ ပါးလျသော ငွေထပ်ကို တစ်ရက်အကြိမ်သုံးရာခန့် တွက်သော်လည်း မိုးမချုပ်နိုင်တယ် မရှိပေ။ အခုလည်း ငွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှစ်ပြန်ရေတွက်ပြီးနေပြီလဲ မသိနိုင်တော့။

"အမယ်လေး ... ပိုက်ဆံထုတ်သွားတာ ဘယ်လောက်ကြ သေးလို့လဲ မပွင့်ရယ်"

မပွင့်ဟုခေါ်သံကြောင့် အမဲသားကို ကြက်သွန်ဖြူနှင့် နယ် ဟန်ပြင်နေသောလက်က လေထဲတန့်သွားရလေသည်။

ဆိုင်ခန်းဘက်သို့ ထရံကြားမှ ချောင်းကြည့်လိုက်သောအခါ ဒေါ်ချက်ဆုံရှေ့တွင် မျက်နှာငယ်လေးနှင့် ရပ်နေသော အမေ့ကို တွေ့လိုက်ရလေသည်။

အဏ္ဏဝါ စိတ်ပျက်သွားလေသည်။ အမေသည် အဏ္ဏဝါ့ကို ဒေါ်ချက်ဆုံထံ အပြွတ်ရောင်းစားဖို့များ ကြိုးနေရော့သလားမသိပါ။ ရသမျှငွေလေးကို ခြိုးချန်ပြီး သုံးစွဲကာ ငွေပိုကိုစုမယ် မရှိပါ။ လစာ ကြိုထုတ်နေတာပင် ခုဆို ဘယ်နှစ်လစာရှိနေပြီလဲ။

တစ်လသုံးသောင်းဆိုတဲ့ငွေ၊ အမေ ဘယ်မှာသွားသုံးနေ သလဲ မသိပါ။ အမေ့တစ်ဝမ်းတစ်ခါးစာအတွက် ငွေသုံးသောင်းက တစ်လမက နှစ်လတောင် စားရှိနိုင်သည်။ သည်ကြားထဲ ယက်ကန်း ရုံတွင် ယက်ကန်းခတ်တဲ့အလုပ်ကလည်း အမေ့အတွက် ငွေပိုဖြစ် သည်။

အမေ ဘာတွေလုပ်နေတာလဲ။ သူများရဲ့အလုပ်သမားဘ ကနေ ရုန်းထွက်ဖို့ စိတ်မကူးလေရော့သလား။ အမေတစ်ယောက်နဲ့





တော့ ခက်ပါရဲ့။

အဏ္ဏဝါ့စိတ်ကူးက ငွေပိုလေးရလျှင် ယက်ကန်းထည်အချို့ ယ်ကာ အထက်မြန်မာပြည်ဘက် တက်ပြီး ရောင်းချမည်ဟု ျှော်လင့်ခဲ့သည်။ ခုတော့ အမေ့အသုံးအစွဲကြောင့် ဘဝပြောင်းဖို့ မမြင်ချေ။

အမေ့ကို သွားသတိပေးရမည်ဟု ရင်ထဲမှတ်ထားမိသည်။

"ကဲ အဏ္ဏဝါ ... ညည်းကြားတယ်နော်။ ညည်းအမေက က ငွေလာထုတ်နေတယ်။ ခုပါထုတ်ပေးလိုက်ရင် သုံးလစာ ထုတ်ပေးလိုက်တာနော်။ အလုပ်ခိုင်းမှ မျက်နှာမည်းနဲ့ ငါ့ကို ပြန် ကြည့်နဲ့။ ရော့ ရော့ မပွင့် ... ငွေသုံးသောင်း"

အရှေ့ခန်းမှကြားနေရသောအသံများကြောင့် အမဲသားပင် က်နှပ်ချင်စိတ်မရှိလောက်အောင် အားအင်ကုန်ခမ်းသွားရလေ သည်။

သို့သော် အလုပ်မပြီးလျှင် အအော်ခံရမည်စိုးသောကြောင့် သမှုအားကို ခြစ်ချုပ်ယူကာ မာန်တင်းလိုက်သည်။ တစ်နေ့ တစ်လံ ဘယ်ရွှေ့မလဲဟုသာ လျှော့တွေးရတော့၏။ အခုတော့ အဏ္ဏဝါ ရက်က တစ်နေ့တစ်လံ ရွှေ့မတိုးဘဲ နောက်ဆုတ်နေရသည့်အဖြစ်။

"ဟာ သမီးလေး"

"မာမီ"



www.burmeseclassic.com

www.burmeseclassic.com



ထပ်ကြားရသောအသံကြောင့် ထရံပေါက်ကို အားပြုပြီး လှမ်းကြည့်လိုက်ပြန်သည်။

ဆိုင်ထဲသို့ အထုပ်အပိုးများနှင့် ဝင်လာသော မိန်းကလေး တစ်ယောက်ဖြစ်သည်။

မြတ်စွာဘုရား အိအိခင်ပါလား။ အိအိခင် ပြန်လာပါလား။ ကျောင်းလည်း မပိတ်သေးဘဲ ဘာလာလုပ်တာလဲ။

သားအမိနှစ်ယောက် ပွေ့ဖက်ကာ အလွမ်းသယ်နေကြပုံမှာ ဗီဒီယိုတွေ၊ ပြဇာတ်တွေထဲမှ မိသားစု တွေ့ဆုံခန်းနှယ် ကဗျာဖွဲ့နေ သည်မှာ အမှန်ပါ။

ဒေါ်ချက်ဆိုကတော့ အိအိခင် ပြန်လာခြင်းကို ဝမ်းမြောက် ဝမ်းသာကြီးဆိုနေသော်လည်း အတ္တဝါတော့ မပျော်နိုင်ပါ။ ဘာများ ဒုက္ခပေးဦးမလဲဟု ရင်တမမ။

*



## အခန်း (၉)

ထင်ထားသည့်အတိုင်းပင် မနက်စောစောတွင် ချက်ဖို့ မြတ် ... လုပ်ရသေးဘဲ အိအိခင်၏မျက်နှာသစ်ရေကို စပ်ပေးရလေသည်။

မြို့ကျောင်းတက်သူပီပီ အလှပြင်ပစ္စည်းများသုံးသောကြောင့် ... အိခင်၏မျက်နှာလေးမှာ ဖြူဖွေးပြောင်လက်နေပေ၏။

အားကျမိသည်။ မိမိမျက်နှာကတော့ မီးဖိုချောင်ထဲမှမထွက် ... သူပီပီ မီးတင်း၍ အဆီပွေ့ပွေ့နှင့်နီမြန်းနေလေသည်။

ရေနွေးဝိုးမီး အချိန်ပြည့်ကိုင်နေရသူမို့ လက်ချောင်းများမှာလည်း ... ကြက်ကြမ်းထော်နေပါသည်။ လက်သည်းခွံများမှာ သဘာဝအတိုင်း ... ချောင်လွှမ်းမနေတော့ဘဲ ရေဆီကြောင့် ညိုမည်း၍နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိအိခင်လက်များနှင့်တော့ ကွာပါ၏။

"အို ... ရေကလည်း ပူကျက်နေတာပဲ။ ဒီရေနဲ့ အိအ
ဘယ်လိုလုပ် မျက်နှာသစ်လို့ရမှာလဲ"

အိအိခင်စကားကြောင့် အဏ္ဏဝါသည် ပုံးထဲစပ်ထားသော
ရေကို လက်ဖြင့်စမ်းကြည့်လိုက်၏။

"သိပ်မပူပါဘူး၊ ထင်လို့ပါ။ နည်းနည်းပူလည်း ရေအေး
လေး ပိုထည့်လိုက်ရင် ပြဿနာမရှိပါဘူး"

အိအိခင်တို့များ ဇီဇာချဲ့လိုက်တာ။ အဏ္ဏဝါတို့ကတော့
တွေ့ကရာရေနဲ့ မျက်နှာသစ်ပြီး လုံခြည်ခါးစနှင့် မျက်နှာသုတ်ခဲ့
သည့်နေ့က ခပ်များများ။

"နင့်ကို ဘယ်သူစမ်းခိုင်းလို့ စွတ်ရွတ်စမ်းရတာလဲ။ ငါက
နင့်လက်စိမ်ထားတဲ့ရေနဲ့ မျက်နှာသစ်ရမှာလား"

ထင်မထားသောစကားမို့ အဏ္ဏဝါ့ရင်ထဲ မျက်ခနဲ ဖြစ်သွား
သည်။ ယောင်နနပင် မိမိလက်မိမိ ပြန်ကြည့်လိုက်မိ၏။ ဘာဖြစ်လို့
လူတကာစားဖို့ နေ့စဉ်ချက်ပြုတ်နေသော လက်က မသန့်ရှ
အကြောင်းမရှိပါ။

"သွား သွန်၊ သွား အသစ်ပြန်လုပ်လာခဲ့"

ဒေါသဖြစ်သွားသည်။ ရင်ထဲရှိသည့်အတိုင်းဆိုလျှင် နင်က
ဘာကောင်မလဲဟုဆိုကာ ဆံပင်ဆွဲပြီး ပါးရိုက်ပစ်လိုက်ချင်သည်





သို့သော် ခပ်လှမ်းလှမ်းမှ အရိပ်အခြည်ကြည့်နေပုံရသော ဒေါ်ချက်ဆို
ကြောင့် ထွက်သည့်ဒေါသကို ရင်ထဲ၌သာ မြိုမ်နှံ့လိုက်လေ၏။ သို့သော်
ကျေနပ်ပါ။

ပွက်ပွက်ဆူနေသော ကရားအိုးထဲမှရေကို လောင်းထည့်
သောလက်များ တဆတ်ဆတ်တုန်နေလေသည်။

အိအိခင်ကို တစ်ခုခုလုပ်ရမှ ဖြစ်မည်။ ထိုသို့မလုပ်ရပါက
လက်အတုန်မှာ တစ်နေ့ကုန်ပြယ်လိမ့်မည်မဟုတ်တော့ပေ။ ဘာလုပ်
မလဲ။ ခပ်ဆတ်ဆတ်ကလေးနာသွားအောင်သာ ဘာလုပ်ရမလဲ။

လူကြီးလျှင် နတ်သိကြားတောင်မနေနိုင်ဘူးဆိုသည့်အတိုင်း
င် ခေါင်းထဲ လင်းခနဲလက်သွားလေသည်။ မျက်လုံးရှေ့မှ အမဲသား
ထားသောရေနွေးဖြင့် ရောကာ ဆားခတ်လိုက်၏။ ဓာတုဆေးဝါး
ကြောင့် ပြောင်ဝင်းသော အိအိခင်မျက်နှာလေးကို မှတ်လောက်
လောက်အောင် ပညာပေးချင်၍ဖြစ်၏။ မျှော်လင့်ထားသည့်
တိုင်းပင် အိအိခင်သည် ရေကိုမကြည့်ဘဲ လက်ဖြင့်သာ အပူအအေး
စမ်းကာ မျက်နှာစသစ်လေတော့၏။

အိအိခင်သည် သွားတိုက်ဆေးဘူးပုံသဏ္ဌာန် ဆပ်ပြာကို
ညှစ်ထုတ်ပြီး မျက်နှာကို စိတ်ရှည်လက်ရှည်တိုက်ပြီးနောက် အမဲသား
ရေနှင့် ဆားရောထားသောရေကို ခွက်ဖြင့်ခပ်ကာ ဆေးကြော
တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မနက်စာကို ပေါင်မုန့်နဲ့ကော်ဖီ ပြင်ထားပေးပါ။ မြို့က... သူငယ်ချင်း ပါလာတယ်"

ဟု အိအိခင်က ပြောသောအခါ ဒေါ်ချက်ဆုံက မယော... မလည်ပင် အနီးနားသို့ကပ်လာ၏။ ပြီးနောက် မျက်နှာသုတ်ပ... လှမ်းပေးရင်းဆိုသည်။

"အိမ်ကိုခေါ်လာတာမဟုတ်ဘူး သမီးရယ်။ အိမ်မှာ အခန်း... တွေရှိပါတယ်"

"ခေါ်မလာချင်ပါဘူး။ သူက သူဌေးသား။ အရက်သမားတွေ... နဲ့ ရှုပ်ရှုပ်ထွေးထွေးဆို သမီးကို အထင်သေးသွားမှာစိုးတယ်။ ဒါ့ထ... ညကျရင် အရက်ချက်တဲ့အနံ့က သူ့အိပ်ချိန်ကို အနှောင့်အယှက်ဖြစ်... စိုးတယ်"

"ဒီလောက်ဂရုစိုက်နေပုံထောက်တော့ ရိုးရိုးသူငယ်ချင်း... ဟုတ်ရဲ့လား"

"သူ့ဘက်ကတော့ မသေချာသေးပေမယ့် သမီးဘက်... တော့ ဖိတ်စာတစ်ခြမ်း ရိုက်ပြီးနေပြီ ... ဟဲ ဟဲ"

"ပြောလိုက်ရင် အတုံးလိုက်အတစ်လိုက်ပဲ။ အဲ ... ... သမီးကတော့ အမေ့ကိုလွမ်းလို့ ပြန်လာတယ်ထားပါဦး။ သူက ဘ... ကိစ္စလဲ"

"သူက အပျော်တမ်းဓာတ်ပုံဆရာလေ။ တောသဘာဝရှုခင်း...





...ကြည့်ချင်တယ်ဆိုလို့ ခေါ်လာတာ"

"အဲ့မယ် ... ဒီအမေကတော့ လွမ်းတယ်ဆိုတော့ ငါ့သမီး ... ဟုတ်လှပြီလို့ ပီတိဖြစ်လို့မဆုံးသေးဘူး"

"ဟာ ... မာမီ မေမေကလည်း"

မိခင်ကို ချွဲနွဲ့ကာ ပွေ့ဖက်နေသော အိအိခင်ကြောင့် အဏ္ဏဝါ ...သဲ ဝမ်းနည်းသွားလေသည်။

သေချာစဉ်းစားကြည့်တော့ အဏ္ဏဝါနှင့်အမေသည် ဒေါ်ချက်...တို့သားအမိလို တစ်ကြိမ်တစ်ခါမှ ရင်းရင်းနှီးနှီး မနေဖူးချေ။

သမီးရင်ထဲ ဘာဖြစ်နေသလဲဆိုတာ အမေမသိရသလို ...နေ့ဖြတ်သန်းမှုက ဘယ်ပုံစံဖြစ်နေသလဲဆိုတာ သမီးမသိသည့် ...ဖြစ်မျိုး။ သိဖို့လည်း မစဉ်းစားခဲ့ဖူးသလို သိအောင်လည်း မကြိုးစား ...ခဲ့ဖူးပါ။

ဒီတစ်ခါတော့ ဆိုင်တွင် အမေငွေလာထုတ်ပါက အမေနှင့် ...ရင်းနှီးနှီးစကားပြောဖို့ အဏ္ဏဝါ စိတ်ကူးမိသည်။

"အယ် ... မြတ်စွာဘုရား။ သူလာနေပြီ၊ ဒုက္ခပဲ၊ မိတ်ကပ် ...ည်း မပြင်ရသေးဘူး၊ ဒုက္ခပဲ"

ဟုဆိုကာ အိမ်ပေါ်သို့ တဝုန်းဝုန်းပြေးတက်သွားသော ...အိခင်ကြောင့် ရေပုံးမဟန်ပြင်နေသော အဏ္ဏဝါသည် သူဆိုသူကို ...မ်းကြည့်လိုက်သောအခါ လျှောက်လှမ်းလာနေမင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ညစ်ညမ်းသောအဏ္ဏဝါ့ကမ္ဘာသည် ရုတ်တရက် လင်းထိန်သွားသည် [illegible] အောက်သိုးသိုးချွေးနံ့ဆိုးများသည် လွင့်ပြယ်ပြီး မွှေးပျံ့သင်းထုံသွ[illegible] လေသည်။

ထိုတဒင်္ဂတွင် အဏ္ဏဝါ အသက်ရှူမိသလား၊ မရှူမိ[illegible] လားဆိုတာ ရေရေရာရာမသိတော့ပေ။

ချောလိုက်တာ ကိုမြို့သားရယ် ဘာတွေစားပြီးတော့ မွေး[illegible] လာခဲ့သလဲ။

ခြေလှမ်းတိုင်းက ဘာလို့များ ခန့်ညားနေရတာလဲ။ မျက်[illegible] တစ်ချက်မှိတ်လိုက်တိုင်း လေပြည်လေးတွေ ဘာလို့များ ရပ်တန့်သွ[illegible] ရတာလဲ။ အို ငါ့ရင်တွေ ခုန်နေပါလား။ သူ ငါ့ဆီ လှမ်းလာနေ[illegible] အို သူပြုံးပြနေပြီ၊ ငါ ဘာလုပ်ရမလဲ၊ ငါ ဘာလုပ်ရမလဲ။

"အဒေါ် ... ဒါ အိအိခင်တို့အိမ်ပါလား ခင်ဗျာ"

ကိုလူချောသည် အဏ္ဏဝါ့ရှေ့ ငါးကိုက်မျှအကွာရှိ ဒေါ်ချက်[illegible] ရှေ့တွင် ရပ်တန့်သွားပြီး မေးမြန်းခြင်းဖြစ်ပေသည်။

ကိုလူချော၏အသံသည် ကြည်လင်ရှင်းသန့်နေသောကြ[illegible] နားဝင်ချို၍ ကြားချင်စိတ်ဖြစ်မိသည်။ ထို့ကြောင့် နားစွင့်မိသည်

"ဟုတ်ပါတယ်ကွယ်၊ အန်တီက အိအိခင်ရဲ့အမေပါ"

"ဪ ... ဟုတ်ကဲ့၊ သိရတာဝမ်းသာပါတယ်[illegible] ကျွန်တော်က အိအိခင်ရဲ့မိတ်ဆွေပါ။ နာမည်က ဇော်ဝင်းပါ"





"မိတ်ဆွေ ဟုတ်လား၊ သမီးပြောတော့ သူငယ်ချင်းဆို [illegible]လဲ"

ဟု ဒေါ်ချက်ဆုံက ဝင်ထောက်လျှင် သူက လှစ်ခနဲပြုံးပြီး [illegible]ဝါကို မျက်လုံးလေးမှေ့ကာ ကြည့်လေ၏။

သူ့အကြည့်က သာမန်ကာလျှံကာဆိုသော်ငြား အဏ္ဏဝါ့ရင်ထဲ [illegible]ခနဲဖြစ်သွားသည်။ တစ်ဆက်တည်းမှာပင် ဝမ်းနည်းခြင်းက [illegible]တိုးဝင်လာ၏။

မှန်တာပြောရစတမ်းဆိုလျှင် မိမိက သူ့အပေါ် မရိုးသားချင် [illegible] သူ့အကြည့်က မိမိအပေါ် မရိုးမသား ဖြစ်စေချင်သည်။ သို့သော် [illegible]ညည်းတူးနေသော စဖို့မလေးကို သူလိုမင်းသားက မှတ်မှတ်ရရ [illegible]ယ်တဲ့လား။ ယောက်ျားဆိုတာမျိုးက အလှအပကြိုက်ပါဘိနဲ့။ [illegible]ဝါသာ ခုနေချိန် လှလှပပဆိုပါက ထိုမြို့သား အဏ္ဏဝါကို ခုလို [illegible]န်ကာလျှံကာ ကြည့်လိမ့်မည် မဟုတ်ပါချေ။

ထိုမြို့သား မှတ်မှတ်ရရ ဖြစ်သွားလေအောင် အဏ္ဏဝါ ဘာ [illegible]လဲ၊ ဘယ်လိုလုပ်ပြီး ဆွဲဆောင်ရမလဲ၊ အဏ္ဏဝါရဲ့အလှတရား [illegible]ဘာလဲ။

ကိုလူချောသည် သူ့ဈေးသားဟု အိအိခင်ပြောသံကို အဏ္ဏဝါ [illegible]တ်သားသားကြားခဲ့ပြီဖြစ်၏၊ ဘာလုပ်ရင်ကောင်းမလဲ၊ ဒါ အခွင့် [illegible]ဖြစ်သည်။ ဒီတစ်ကြိမ် လက်လွှတ်လိုက်ပါက နောက်တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုးက ရှိလာနိုင်တော့မည်ဟုတ်ပါ။ ဒါ ကံကြမ္မာက ပေး
သည့် အခွင့်အရေးဟု မှတ်ယူပါသည်။

"သူနဲ့ ကျွန်တော်က ကျောင်းမှာမဆုံတဲ စာတ်ပုံပြပွဲတ
ဆုံလို့ပါ"

"ဒါဆို မင်းက ကျောင်းသားမဟုတ်ဘူးပေါ့"

"ကျွန်တော် ကျောင်းပြီးသွားတာ နှစ်နှစ်ရှိပါပြီ"

"ဩော် ... ပညာတတ်ကလေးကိုး။ ခဏနော် အန်တီ
သမီးကိုသွားခေါ်ပေးမယ်"

ဟုဆိုကာ ဒေါ်ချက်ဆုံသည် လှေကားပေါ် တဒုန်းဒုန်း
တက်သွားပြန်သည်။

ထိုအခါ ထိုမြို့သားနှင့် အဏ္ဏဝါသာ မြေပြင်ပေါ်ကျန်
လေသည်။ နှစ်ယောက်တည်းကျန်ခဲ့သော အချိန်သည် အခွင့်အ
ကောင်းဟု မှတ်ယူလိုက်သည်။

ယောက်ျားတို့မည်သည် အားနွဲ့သောမိန်းကလေးအ
စာနာကူညီလေ့ရှိသည်။ မိန်းမသားဆိုတာထက် မိန်းမပျို့ဆိုပါက
ကူညီတတ်သည့်သဘောကို အဏ္ဏဝါ ကောင်းစွာသိနေ၏။

ထိုအသိကို အားကိုးရတော့မည်ဖြစ်သည်။ ထို့ကြော
မတ်နေသောကိုယ်ဟန်ကို စောင်းလိုက်၏။ ထိုအခါ မထား
လေးပင်သည့်ရေပုံးမှာ ဟန်ချက်ပျက်သွား၏။





မိမိက ဟန်လုပ်လဲချချင်သော်လည်း ထိုစွန့်စားခန်းသည်
ရာယ်ရှိမယ်မှန်း သိသည်။ အခန့်မသင့်ရင် ခြေဆစ်လွဲသွားနိုင်
ည်။ သည့်ထက်ပိုဆိုးပါက နှုတ်ခမ်းသားစုတ်နေသော ရေပုံးဖြင့်
ကောက်ဝတ် ခြစ်မိပြီး သွေးထွက်သံယိုဖြစ်နိုင်သည်။

မတတ်နိုင်ပါ။ တစ်ခုခုကိုရရှိဖို့ တစ်ခုခုကို စွန့်လွှတ်ရမည်
သည်။ ဟန်လုပ်တယ်ဆိုသော်ငြား သရုပ်မပါ၍မရပေ။ မိမိလို
ချောင်မိန်းကလေးက သူလိုသူဌေးသား ရိပ်မိသွားပါက ပြဿနာ
ကွင်းဆက်လိုက်လာနိုင်သည်။

အခုမှမြင်ရသောလူမို့ စိတ်နေစိတ်ထားကို အကဲမဖမ်းမိသေး
ထိုမြို့သားက အာချောင်ပြီး အီအိခင်နှင့်သာတိုင်လျှင် ဒေါ်ချက်
ဟောင်ဖွာဖွာပါးစပ်ကို ကြောက်လှပါသည်။ အရှက်ဟက်တက်
အောင် ခုနစ်အိမ်ကြား အော်ဆဲခံရမည့်အဖြစ်။

ထို့ကြောင့် သရုပ်ပါအောင် သရုပ်ဆောင်ရပေလိမ့်မည်။
ချင်လည်း အနာခံရလိမ့်မည်။ မလှသော မိန်းမက မာယာတော့
တတ်ရမည်ဖြစ်၏။ လူတစ်ယောက်၏အသွင်သဏ္ဌာန်တွင်ရှိသော
ကို အရယူရလိမ့်မည်။

ခိုင်မာသောဆုံးဖြတ်ချက်နှင့်အတူ ခြေကို ယိုင်နဲ့အောင်
ကြုက်ပြီးနောက် လက်ထဲ မြဲမြဲနေသော ရေပုံးကို လွှတ်ချလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



''အား''

နာကျင်လွန်းသဖြင့် အာမေဋိတ်သည် ဟန်မဟုတ်ဘဲ သဘာဝအတွင်းသံ ဖြစ်သွားလေသည်။

''ဟင် . . . ဘာ ဘာဖြစ်သွားသေးလဲ ညီမ''

ထင်သည့်အတိုင်းပင် ကိုလူချောက အဏ္ဏဝါ့အပါး ရွေ့ခဲ ရောက်ရှိလာသည်။

ကိုလူချောသည် အဏ္ဏဝါ့လက်မောင်းကို မဝံ့မရဲကိုင်ကာ အဏ္ဏဝါ့ကို ဆွဲထူလိုက်သော်လည်း အဏ္ဏဝါ ရင်မခုန်နိုင်တော့ချေ

သဘာဝအကျလွန်သွားသောကြောင့် ခြေသန်းဖျားလေး ပွ သွားပြီဖြစ်၏။ နာကျင်လွန်း၍ ခြေချောင်းလေးများ ဆတ်ဆတ်တုန် နေလေသည်။

နဂိုစုတ်နေပြီဖြစ်သော ရေချောင်းပုံးမှာ ကုန်းဆင်းအတိုင်း တရွေ့ရွေ့ လိမ့်ဆင်းသွားလေသည်။

ခြောက်သွေ့နေသော မြေကြီးပေါ် ရေဖိတ်စင်သွားပြီး ထို နေရာ၌ပင် ထိုင်လျက်ကျသွားသောကြောင့် တင်ပါးတစ်ဝိုက်တွင် ရေစိုသဲမှုန်များနှင့် ပေကျံသွားလေသည်။

''ဟာ . . . သွေးတွေနဲ့ နာသွားလား ညီမ''

နာသွားတာတော့အမှန်ပါ။ ရင်ထဲ အီစိမ့်နေအောင် ခံစား သော်လည်း တစ်ဖက်သား၏ ကရုဏာကို ဒို့ထက်ပိုရရန် မနာလိုဟန်





ပြနေသည်ဖြစ်သည်။ သွေးများ ယိုစီးနေသည်ကို မနာပါဘူးဟု ဟန်လုပ် ပြောလျှင် ထိုမုသားသည် အပြစ်မဲ့လိမ့်မည်ဖြစ်၏။

''ဟင့်အင်း . . . ရပါတယ်၊ ရတယ် ရတယ် အစ်ကို . . . နာပါဘူး''

''ဘယ်ဟုတ်ပါ့မလဲ ညီမရယ်။ ဒီလောက် သွေးတွေထွက်နေ တာကို တွဲထူပေးပါ့မယ်''

ကိုလူချောသည် ပြောပြောဆိုဆိုပင် အဏ္ဏဝါ့လက်မောင်း သားကို တယုတယ ဆုပ်ကိုင်ကာ တွဲထူလေ၏။

ထိုအခါ အဏ္ဏဝါသည် သူ့အား ရှမ်းရှမ်းစားစားကြီးကို စိုက် ကြည့်ပစ်လိုက်လေ၏။

အဏ္ဏဝါ့မျက်လုံးသည် ညှို့စာတ်ရှိသည်ဟု အမေ တစ်ချိန်က ပြောခဲ့ဖူးသည်။ အခြား ဘယ်နေရာမှ မလှသော်လည်း မျက်လုံးလေး နှစ်ခုတော့ အဏ္ဏဝါ့မှာ ဆုတောင်းကောင်းလေသည်ဟု ဆိုခဲ့သည်။ ထို့ကြောင့် အဏ္ဏဝါသည် မိမိအားသာချက်ကိုသာ လက်နက်သဖွယ် အသုံးချခြင်းဖြစ်လေ၏။ အဏ္ဏဝါ အကြံအောင်သွားလေပြီဟုပဲ ဆိုရ ပေမည်။ ကိုလူချောသည်လည်း အဏ္ဏဝါကို ရိုးစေ့စွာ ပြန်ကြည့်နေလေ သည်။ ထိုအကြည့်တွေက အဓိပ္ပာယ်များစွာတို့ ရစ်သီနှောင်ဖွဲ့နေ သည်။

သူ ဘာပြောချင်တာလဲ။ မျက်လုံးတွေနဲ့ အဏ္ဏဝါကို ဖော်ကား



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသည်။ ထိုစကားလုံးများကို အဏ္ဏဝါ နားမလည်သလို လည်
သလို အဏ္ဏဝါ့ရင်ထဲ ကြည်လင်နေတာတော့အမှန်ပါ။

"ဟော့လူ . . . ခင်ဗျား ဘယ်သူလဲ။ အဏ္ဏဝါ ဘာဖြစ်နေ
လဲ"

ကောင်းခန်းရောက်မှ ကြော်ငြာဖြတ်ခံလိုက်ရသည့်အဖြစ်
နှင့် ကြုံလေသည်။

ထင်းတစ်စည်းထမ်းကာ ဝင်လာသော ကိုလှတင့်ကြော
အဏ္ဏဝါ့ရင်ထဲ မချင့်မရဲ ဖြစ်ရသည်မှာအမှန်ပါ။ သနားခံခဲ့ပြီးမှ
အသာစံလိုက်ချင်သည်။ သို့သော် ကိုလှတင့်လှုပ်ပုံကြောင့် ခဲလေသ
သဲရေကျရတော့မည့် အခြေအနေ။ လူရိုင်းစိုင်းကိုလှတင့်က ထ
စည်းကို မြေပြင်၌ ဖြစ်သလိုပစ်ချပြီး အပြေးတစ်ပိုင်း ရောက်လာပုံ
မြို့သားကိုထိုးလားကြိတ်လားလုပ်တော့မည့် အနေအထားမှာရှိ၏

"အို ကိုလှတင့် မလုပ်ပါနဲ့။ ကူညီနေတဲ့လူကို အထင်မ
အပ်ဘူး။ ရှင် ငရဲကြီးလိမ့်မယ် ရှင့်"

အယဉ်ကျေးဆုံး လေယူလေသိမ်းနှင့်ဆိုလျှင် ကိုလှတင့်
အံ့ဩသောမျက်လုံးနှင့် မင်တက်၍နေလေသည်။ ကိုလှတင့် မင်တ
လျှင်လည်း မင်တက်စရာပင်။ အဏ္ဏဝါသည် ကိုလှတင့်ကို လေ
ဖြင့် တစ်ကြိမ်တစ်ခါမှ စကားမပြောဘူး၍ ဖြစ်လေသည်။

"ခင်ဗျားက ဒီအိမ်ကလား။ ဒါဆိုရင်တော့ အတော်ပဲ





ညီမက မတော်တဆဖြစ်လို့ဗျ။ ဟိုမှာ ရေပုံးနဲ့ရေတွေ တခြား
ကုန်ပြီ"

ကိုလှတင့်က ပို၍အံ့ဩသွားပုံဖြင့် အဏ္ဏဝါ့ကို ကြည့်လေ
သည်။ အဏ္ဏဝါက အလုပ်ကို နမော်နမဲ့လုပ်တတ်သူမဟုတ်မှန်း
တင့် သိနေသောကြောင့် ဖြစ်လေသည်။

"ကျွန်တော်တို့က မောင်နှမ မဟုတ်ဘူးဗျ၊ လုပ်ဖော်ကိုင်ဖက်

ဟုဆိုကာ သူ့လက်ထဲမှ အဏ္ဏဝါ့ကို ကိုလှတင့်က ဆွဲခေါ်
သောကြောင့် ဆုံးရှုံးသွားသောသွေးတွေအတွက် နမြောသွားမိ
သည်။ ကံတရားက အဏ္ဏဝါ့အပေါ် မျက်နှာသာမပေးဘူးဟု ယူဆမိ
သည်။

"ဟုတ်တယ် ကိုဖော်ဝင်းရဲ့။ သူတို့နှစ်ယောက်က အိမ်တို့ဆိုင်
ခိုင်းဖို့ခေါ်ထားတာလေ"

ဟု အိမ်ကြီးရှင်လေသံနှင့်ဆိုကာ လှေကားပေါ်မှ ဆင်းလာ
သားအမိကြောင့် အဏ္ဏဝါ၏မျှော်လင့်ချက်သည် ဝေးသည်ထက်
သွား။

"အဏ္ဏဝါရယ် ဘယ်လိုလုပ်လိုက်တာလဲ။ ညည်း အလုပ်
တာ ပေါ့ဆလှချည်လား။ ညည်း နမော်နမဲ့လုပ်တာ အရေးမကြီး
မောင်ဖော်ဝင်းကို ရေတွေ ဖိတ်စင်မိကုန်ပြီထင်တယ်"

www.burmeseclassic.com



ဟု သူ့ခြေဖျားလေးမှာပေနေသော ရွှံ့စက်ကို ရည်ညွှန်း ဆိုလျှင် အဏ္ဏဝါ့ရင်ထဲ ဆတ်ဆတ်ခါနာသွားမိလေသည်။ အဏ္ဏ ခြေသန်းလေး ပွဲ့ပြီး သွေးထွက်နေသည်ကို မြင်လို့ ဒေါ်ချက် ကန်းများနေရော့သလား။

"ဟာ ... ရပါတယ်၊ ကိစ္စမရှိပါဘူး။ ဒီကညီမလေး ဆိုးဆိုးဝါးဝါးထိခိုက်သွားတာပါ။ အနာကို ရေဆေးပြီး ဆေး ဘာလေး ထည့်လိုက်ဦးလေ"

"ရပါတယ် အစ်ကို ကျေးဇူးပါပဲရှင်၊ ဒီအနာက ကိစ္စမရှိပါ အဏ္ဏဝါတို့အတွက် အသေးအဖွဲ့ပါပဲ။ အစ်ကို့ဖိနပ်ပေါ် စင်သွား ရွှံ့အတွက် ကျွန်မ"

ဟု တစ်ပိုင်းတစ်စဆိုလျှင် အဏ္ဏဝါ့အပေါ် ကြည့်နေသော ကိုမြို့သားရဲ့မျက်လုံးများနှင့် ရင်ဆိုင်မိလေသည်။ ထိုမျက်လုံး ကြောင့် အဏ္ဏဝါ ကျေနပ်သွားမိ၏။

"သွား သွားတော့ မီးဖိုချောင်ထဲမှာ လုပ်စရာရှိတာ သွား တော့"

အိအိခင်က ပ,ထုတ်ချင်၍ အဏ္ဏဝါနှင့်ကိုလှတင့်ကို နှင် လျှင် အိမ်ရှင့်ဆန္ဒအတိုင်း အဏ္ဏဝါတို့ ကျောခိုင်းလာမိသည်။ သို့ အသံတို့ကိုတော့ နားစွင့်ထားခဲ့ဖြစ်၏။

"ဒါ ... အိရဲ့အမေလေ၊ ဒေါ်ချက်ဆုံတဲ့။ အမေ ဒါ





ကိုဇော်ဝင်းတဲ့၊ အိရဲ့ဧည့်သည်ပေါ့"

"ဟုတ်ကဲ့ အန်တီ။ အန်တီနဲ့ အိအိခင်က ရုပ်ချင်းသိပ်မတူ ဆိုတော့ ကျွန်တော် စောစောက မယဉ်ကျေးမိတာကို နားလည်ပေး ပါ"

"ရပါတယ်ကွယ်။ စိတ်ထဲမထားပါနဲ့။ သမီးက လှတော့ ဘယ်တူပါ့မလဲ။ အန်တီက ရွက်ကြမ်းရေကျိုလေ"

"ဒါကြောင့် ပြောတာပေါ့၊ အိမ်မှာနေလည်း လှလှပပ ဝတ် စားပြင်ဆင်ပါဆိုတာ ပြောမရဘူး။ ရွှေလေးဘာလေး ဝတ်ထားတော့ နည်းနည်းတောက်ပြောင်တာပေါ့။ ခုတော့ မဝတ်မစားနဲ့"

နောက်နားဆီမှကြားရသောအသံကြောင့် အဏ္ဏဝါ ပြုံးမိလေ သည်။

ရွှေကြိုက်သော ဒေါ်ချက်ဆုံတစ်ယောက် ရှိလို့များ မဝတ်ဘဲ နေလိမ့်မလဲ၊ သမီးကို ဖုန်းတစ်လုံး ဝယ်ပေးဖို့အရေး လည်ပင်းက ကြိုးနှင့်နားမှနားကပ်ပါမကျန် အကုန်ဖြုတ်ပြီး ရောင်းခဲ့ရတာကို အဏ္ဏဝါအသိဖြစ်သည်။

သမီး လင်ကောင်းသားကောင်းရဖို့အရေး မြို့ကျောင်းပို့ သူဌေးသမီးလိုထားရသည်က အရက်ပုန်းရောင်းသော ဒေါ်ချက်ဆုံ အတွက် လွယ်လှတဲ့ကိစ္စတော့မဟုတ်ပေ။

"အိအိခင်တို့သားအမိက ထင်တာထက် ပိုပြီး ရှေ့တွေး

www.burmeseclassic.com



ကြမယ့်ပုံပဲ။ အဲ . . . ဒါနဲ့ အိအိခင်မျက်နှာကြီး နီမြန်းနေတာပဲ။ ဓာတ်မတည့်တာ တစ်ခုခုများ စားမိလို့လား''

ကိုမြို့သား၏အသံကြောင့် အဏ္ဏဝါ ကြိတ်ပြုံးမိပြန်သည်။

''မသိတော့ပါဘူး ကိုဇော်ဝင်းရယ်၊ အစားအစာကြောင့်တော့ မဖြစ်နိုင်ဘူး။ အိ ခုချိန်ထိ ဘာမှမစားရသေးဘူး။ ခရီးပန်းလာလို့ ဖြစ်ပါလိမ့်မယ်''

မှတ်ပြီလား အိအိခင်။ ငါ့ကို ဒို့ထက်နှိမ့်ချဆက်ဆံရင် ငါက ဘယ်လောက်ထိ အဆိပ်ပြင်းမှန်း နင် မကြာခင် သိရလိမ့်မယ်။

ငါ့သွေး ဘယ်လောက်ရဲ့ရဲလဲသိချင်ရင်တော့ စမ်းကြည့်ပေါ့။ အဏ္ဏဝါ့ရင်ထဲ စိန်ခေါ်သံတို့ ပြင်းထန်စွာ။

✱



## အခန်း (၁၁)

''မင်းနာမည်က အဏ္ဏဝါ ဟုတ်ပါတယ်နော်''

''အမယ်လေး လန့်လိုက်တာ''

မီးဖိုချောင်ထဲ ချက်ပြုတ်နေစဉ် နောက်နားဆီမှ ရုတ်တရက် ...က်ပေါ်လာသောအသံကြောင့် ဟင်းအိုးမွှေနေသော ယောက်မကို ...ကိုင်ပြီး မိမိကိုယ်မိမိ ကာကွယ်ဖို့ အသင့်အနေအထား ဖြစ်နေ...သည်။ သို့သော် မထင်မှတ်ဘဲ တွေ့လိုက်ရသည့်မျက်နှာကြောင့် ...ယောက်မကို ကပျာကသီပင် နောက်တွင်ဖွက်လိုက်မိ၏။

''ဆောရီး . . . ကိုယ် အသံမပေးလိုက်မိဘူး။ မင်းချက်ပြုတ်နေ... ဂီတာသံနဲ့တူလို့ ကိုယ် နားထောင်ကောင်းကောင်းနဲ့ နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေမိတာ ကြာပြီ''

ဘုရားရေ ဒါဆို ချွေးတလုံးလုံးနဲ့ ပေတူးနေတဲ့ပုံကို မြင်သွ ပြီပေါ့။ ရှက်လိုက်တာနော်။ ဟင်းချက်လျှင် ပူအိုက်သောကြော နဖူးမှချွေးများကို လက်ကောက်ဝတ်ဖြင့် ဖြစ်သလို သုတ်တတ်သေ မိမိအကျင့်ကို မဝံ့မရဲဖြစ်သွားမိသည်။

''လိုက်တင်က အရမ်းကောင်းနေလို့ ကိုယ် မင်းကို ခ တွေ့ရိုက်မိတယ်''

''ရှင် ... ကျွန်မကို''

''ဟိုလေ ... ခွင့်မတောင်းဘူးဆိုတာက သဘာဝကျ ပုံလေး ရချင်လို့ပါ။ ဒါကြောင့် ခွင့်ပြုပေးဖို့ တောင်းဆိုပါရစေ။ ကိုယ့ ယုတ်မာတဲ့စိတ် လုံးဝမရှိပါဘူး။ ပြီးတော့ သိပ်ကောင်းတဲ့ဓာတ်ပုံ ရလိုက်လို့ ဝမ်းသာနေတာပါ။ ကိုယ်ထင်ပါတယ် ဒီပုံနဲ့ ကိုယ်ပြိုင်ပွဲ ဖြစ်လိမ့်မယ်။ မင်း ခွင့်ပြုရင်ပေါ့''

ထင်မှတ်မထားတဲ့စကားကို ကြားရသည့်အပြင် မိမိအ တောင်းပန်ညွတ်ကျိုးပြီးပြောဆိုသည်ကို ပထမဆုံးကြုံဖူး၍ မနေတ လောက်အောင် ဆွံ့အကုန်သည်။ ထို့ကြောင့် မျက်ရည်ဥတို့က မျက် တစ်ဝိုက် ဝေ့ဝဲလာကုန်သည်။

ပို၍မထင်ထားသည့်အလုပ်ကို သူက ထပ်လုပ်လိုက် အဏ္ဏဝါ့ပုံကို တဖျပ်ဖျပ် ဓာတ်ပုံရိုက်လေတော့သည်။





''မင်းရဲ့မျက်ရည်တွေက အစစ်တွေပဲ အဏ္ဏဝါ၊ မင်း စကား ခွန်းမှ ပြန်မပြောပါနဲ့တော့။ ကိုယ့်ရဲ့မျက်လုံးကတစ်ဆင့် မင်း သဲကို မြင်လိုက်ရပါပြီ''

''ရှင် ... အဲ အစ်ကိုက ကျွန်မနာမည် သိတယ်''

''ဟိုနေ့က ဟိုအန်တီနဲ့ ဟိုပုဂ္ဂိုလ် ခေါ်သံကြားလိုက်တယ် ''

အဆိုးထဲကအကောင်းဟု ဆိုရပေလိမ့်မည်။ မျှော်လင့်ချက် သုဉ်းသွားပြီဟု ယူဆကာ စိတ်ဓာတ်ကျခဲ့ရ၏။ သူ့ကို ထပ်မတွေ့ ဘူးဟု ယူဆခဲ့သည်။ သူ မှတ်မိမှာမဟုတ်ဘူးဟုလည်း တွေးခဲ့ ည်။ သို့သော် သူကတော့ အဏ္ဏဝါတွေးသလို မဟုတ်ပေ။ အဏ္ဏဝါ့ ည်ကို မှတ်မှတ်ရရ ရှိနေသည်ဆိုပဲ။

ကျေနပ်မိသည်။ ဆန္ဒစောစွာ ခပ်မြန်မြန် စိတ်ဓာတ်ကျခဲ့ခြင်း ည်း နောင်တရမိသည်။ ဘာလို့များ အဏ္ဏဝါ့စိတ်က အဲဒီလောက် တာလဲ။ ဝုန်းခနဲတောက်ပြီး ငြိမ်းသွားတဲ့ ကောက်ရိုးမီးကို လိုချင် ား။ တဖြည်းဖြည်း မီးစွဲလောင်နေတဲ့ ဖွဲမီးကိုလိုချင်တာလား။ တာ အရှိန်ပိုမြင့်မယ်ဟု ယူဆသည်။ သန်းခေါင်ထက်တော့ ညဦး နိုင်တော့ပြီမို့ အရိပ်လိုချင်လျှင် အပူက စောင့်မှဖြစ်မည်။

''ဟိုလေ အန်တီချက်နဲ့ အိခင်တို့မရှိကြဘူး။ ဈေးသွားကြ ''



www.burmeseclassic.com

www.burmeseclassic.com



''ကိုယ်သိပါတယ်၊ မနေ့က အိခင်ပြောတယ်လေ''

''ဒါဆို''

''မင်းခြေထောက်က သက်သာသွားပြီလား''

''သြော် ... ဟုတ် ဟုတ်ကဲ့''

''မင်း ဒီအိမ်မှာနေတာ ကြာပြီလား''

''ငါးလကျော် ခြောက်လနီးပါးတော့ရှိပါပြီ''

''ဒါဆို အိခင်နဲ့သိတာ မကြာသေးဘူးပေါ့''

''အိခင်ကိုတော့ ငယ်ငယ်တည်းက သိပါတယ်။ သူ
နာမည်ကြီးတယ်လေ''

''ဘယ်လိုနာမည်ကြီးတာလဲ''

''ရုပ်ချောတယ်၊ စာတော်တယ်။ ပြီးတော့ မြို့ကျောင်းတ
ရတယ်လေ''

''မင်းလည်း ချောပါတယ်''

ထိုစကားကို မြို့သားပြောလိုက်တာမှ ဟုတ်ပါလေစ။ မ
လည်းချောတယ်ဆိုပါလား။ ထိုသို့ ချီးမွမ်းစကားကို အဏ္ဏဝါ
ပထမဆုံးအကြိမ် ကြားဖူးခြင်းဖြစ်ပါသည်။

''အားတော့နာပါတယ်၊ ဒါပေမဲ့ ကိုယ်က အမှန်အ
ပြောတတ်လို့ပါ။ မင်းရဲ့ကိုယ်လုံးကောက်ကြောင်းက မော်ဒယ်လု
ရတယ်''





''ရှင်''

''မပြင်မဆင်လို့ မျက်နှာက မီးခိုးကြက်တိုက်ခံထားရပေမယ့်
ပြင်လိုက်ရင် မင်းမျက်လုံးမျိုးက ဆုရနိုင်တယ်။ ပြီးတော့ သွားလေး
တွေ ဖွေးပြီး ညီညာနေတယ်။ ပြီးတော့ နှာတံ၊ သဘာဝအတိုင်း
ပြောင့်ဖို့က ကုသိုလ်ထူးမှ ဖြစ်လိမ့်မယ်။ အသားအရေနဲ့ မိတ်ကပ်
က ငွေရှိရင် ဦးဖွ မန်းလို့ရတယ်''

အဏ္ဏဝါကိုယ်လေး လေထဲမှာ လွင့်မျောသွားသလိုခံစားရ
သည်။ စိတ်ကူးယဉ်ခဲ့ဖူးသည့်အတိုင်း လှပတဲ့နတ်သမီးလေးတစ်ပါး
သွင်ဖြစ်အောင်ကို မြို့သားက ပုံဖော်ပြောပေးသည့်အတွက် အဏ္ဏဝါ
အတွေးကမ္ဘာသည် ရွှေရောင်ဖြင့် ဖိတ်ဖိတ်လက်နေသည်မှာအမှန်။

''အရည်အချင်းလည်း မင်းက ပြည့်စုံပြီးသားပါ''

ထိုမြို့သား စိတ်မှမှန်သေးရဲ့လား။ အဏ္ဏဝါ့လို မိန်းကလေးကို
အရည်အချင်းပြည့်စုံတယ်ဆိုပါလား။ ဖွတ်မိုတ်ပြီး ပျော်လိုက်ချင်သော်
သည်း မြှောက်ပြောမှန်းသိသွားပြီမို့ ရင်ထဲ မတင်မကျ ဖြစ်ရလေသည်။

''ပုံကောင်းတွေရဖို့ ကိုယ် ရွာထဲအနှံ့သွားလာတယ်။ ရွာသား
တွေနဲ့ စကားပြောကြည့်တယ်။ သူတို့တွေက အဏ္ဏဝါရဲ့ဟင်းချက်
လက်ရာကို ညွှန်းကြတယ်။ ပြီးတော့ အဏ္ဏဝါက အရက်ကောင်း
ကောင်း ချက်တတ်တယ်ဆိုပဲ''

ရင်ထဲ အနေချောင်လာသလိုခံစားရ၏။ မိမိလုပ်တတ်သည်



www.burmeseclassic.com

www.burmeseclassic.com



က အိမ်မှုကိစ္စအပြင် မရှိသည့်မို့ မိမိတတ်ရာလေးကို ချိုးကျူးပေးနေ၍ ကျေးဇူးတင်မိသည်။

"ကိုယ်က တခြားလူစကားကို လွယ်လွယ်ယုံတတ်တဲ့လူစားမျိုးတော့ မဟုတ်ဘူး။ ဒါကြောင့် မနေ့က ကိုယ်တည်းတဲ့ဧည့်ရိပ်သာကကောင်လေးကို ငွေပေးပြီး အဏ္ဏဝါ့လက်ရာတွေကို ဝယ်ခိုင်းခဲ့တယ်။ ကိုယ် တော်တော်မူးသွားတယ်။ ခုချိန်ထိ ခေါင်းမကြည်နိုင်သေးဘူး။ အကယ်၍ အဏ္ဏဝါ အဆင်ပြေမယ်ဆို ကိုယ့်ကို သံပရာရည်လေး ဖျော်တိုက်ပါလား"

အဏ္ဏဝါ လှစ်ခနဲပြုံးမိလေသည်။ ခဏအတွင်းတွင် သူ့အပေါ် တွယ်တာမိလာသည်။ နဂိုတည်းက သူက အဏ္ဏဝါ၏ မျှော်လင့်ချက်ဟု တွေးထားခဲ့၍ ယခုတော့ မျှော်လင့်ချက်ထက်ပိုသည့် လောဘက အရှိန်မြင့်လာ၏။

"ကိုယ့်အစ်မက မန္တလေးမှာ မြန်မာထမင်းဆိုင်ဖွင့်ထားတယ်"

သူ့စကားကြောင့် သံပရာသီးလှီးဟန်ပြင်နေသော အဏ္ဏဝါ့လက်က တွန့်ဆုတ်သွားလေသည်။

"အကယ်၍ မင်းဆန္ဒရှိမယ်ဆိုရင် သူ့ဆိုင်မှာ စားဖိုမှူးလုပ်ဖို့ ကိုယ်ပြောပေးနိုင်တယ်"

ကိုင်ထားသော သံပရာသီးကို လွှတ်ချလိုက်မိသည်။





ထိုသံပရာသီး မြေပြင်ပေါ်ကျမသွားခင် သူက လျင်မြန်စွာ သုပြီး ဓားဖြင့် ဆက်လှီးသည်။ ပြီးနောက် ထိုသံပရာသီးခြမ်းကို ည်မညှစ်ဘဲ အခွံလိုက်ပင် ဝါးစားပစ်၏။

ချဉ်ပြီး ခါး၍ထင်သည်။ သူ့မျက်နှာက ရှုံ့တွသွားလေသည်။ နောက် ရေတစ်ခွက်မော့သောက်သည်။

"အခုမှပဲ ကြည်လင်သွားတော့တယ်။ တစ်ခါတစ်ရံမှာ င်ပန်တီးထားတဲ့ သံပရာရည်ထက် အဲဒီလို သဘာဝသီးကို ာဝအတိုင်း စားရတာက ပိုအာနိသင်ရှိတယ်"

ထိုစကားလုံးတွင် ရိုးရှင်းမှုကို အဏ္ဏဝါမတွေ့ရပေ။ အဓိပ္ပာယ် ာတို့ တွဲခိုကပ်ပါနေ၏။ ပြီးတော့ ရူးရှုတဲ့ သူ့အကြည့်များ။

"ကိုယ် မင်းရဲ့အချိန်တွေ အများကြီးခိုးမိသွားပြီထင်တယ်။ ... အချိန်ပြည့်ပြီဆိုတော့ ကိုယ့်ကို ခွင့်ပြုပါဦး"

ဟုဆိုကာ ကင်မရာကိုလွယ်ပြီး ထွက်သွားသောသူ့ပုံက ဆွဲ ာင်မရှိလှသည်။

ထို့ကြောင့် သူ့ကျောပြင်ကို အဏ္ဏဝါ ငေးနေမိသည်။ အဏ္ဏဝါ နမိစဉ်မှာပင် သူက အဏ္ဏဝါ့ထံ ဖျတ်ခနဲ ကြည့်လာသောကြောင့် ဝါမှာ သူခိုးလူမိသည့်အဖြစ်နှယ် အရှက်သည်းရပြန်သည်။

"မင်းနဲ့ ဟိုကောင်နဲ့မလိုက်ဖက်ဘူး အဏ္ဏဝါ"

ဟု အစမရှိ အဆုံးမရှိ ပြောပြီး ချာခနဲထွက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူစကားက အစအဆုံးမရှိသော်လည်း အဏ္ဏဝါ နားလည်နေပါသည်
သူသည် အဏ္ဏဝါ့စိတ်ကို ထွင်းဖောက်သိမြင်သော လူဖြစ်၏။
ကြောင့် ကိုလှတင့်ရဲ့ မျက်လုံးတွေရဲ့ မရိုးသားခြင်းကို သူသိ၍
သွားခြင်းသာ ဖြစ်လိမ့်မည်။

အဏ္ဏဝါ့ရင်ထဲ ဝိတ်လှိုင်းတံပိုးက ဒီရေအလား နိမ့်လိုက်
မြင့်လိုက်။

✱



## အခန်း (၁၂)

"အား"

အိမ်ကြီးပေါ်မှ အော်သံကြောင့် အရက်ချက်ရန် ဆန်များကို
ဆေးနေသော အဏ္ဏဝါသည် လန့်ဖျပ်သွားလေသည်။

အဏ္ဏဝါ၏မီးဖိုချောင်သည် ဆိုင်နှင့်တွဲလျက်ဖြစ်၏။ အိမ်မ
ကြီးသည် ဆိုင်၏ဘေးတွင် ခပ်ခွာခွာလေး ဆောက်ထားသဖြင့် သိပ်
ဝေးသောကြောင့် အသံကို ကြားလိုက်ရခြင်းဖြစ်၏။

အိအိခင်၏အော်သံဖြစ်လေသည်။

ဘာကြောင့်အော်ရသလဲ၊ ဘာလုပ်လို့များ ခုလို ငယ်သံပါ
အောင် အော်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်သူ့အသံလဲ အဏ္ဏဝါ''

ဆိုင်စဖွင့်ချိန်မို့ ဆိုင်ထဲတွင် စားပွဲတွေလိုက်ခင်းပြီး ခုံနေရာ ချနေသော ကိုလှတင့်က ရေးကြီးသုတ်ပြာ ရောက်လာ၏။

''မသိဘူး၊ အိအိခင်လို့တော့ ထင်တာပဲ''

''ဘာဖြစ်တာလဲမသိဘူး၊ သွားရအောင်''

ဟု ကိုလှတင့်က ဦးဆောင်သဖြင့် အဏ္ဏဝါက ဆေးလက်ဆန်ကို ရေသွန်ပြီး ပြေးလိုက်လာလေ၏။

''အီး ဟီး ဟီး''

အိအိခင်၏ အိပ်ခန်းအနီးသို့ရောက်သောအခါ တဟီးဟီး နေသော အိအိခင်အသံကို စတင်ကြားလိုက်ရလေ၏။ အဏ္ဏဝါနှင့် ကိုလှတင့်မှာ ဝင်ရခက်၊ ထွက်ရခက်။ ကိုလှတင့်က ခေါ်လိုက်ပါ သော အစ်ပွာယ်ဖြင့် မျက်နှံပင့်ပြသောအခါ အဏ္ဏဝါကပဲ သူ့ရဲကောင်း ဝင်လုပ်ရတော့၏။

''အိအိခင် ... အိအိခင် ဘာဖြစ်တာလဲ၊ ငါတို့ဝင်လာမယ် နော်''

ဟု အသံပြုလေ၏။ အခန်းထဲမှ ခွန်းတုံ့ပြန်သံကိုမူ မကြား ပေ။ သို့သော် မိန်းမသားချင်းမို့ အိအိခင်၏ ခွန်းတုံ့မပြန်ခြင်းမှာ ထ လာဖို့ ပြောခြင်းကို နားလည်မိသည်။ အိမ်ကြီးရှင်မို့ အခန်းထဲလည်း ခွတ်ရွှတ်မဝင်ရဲချေ။ ထို့ကြောင့် တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေလေ၏။





''ဟင်''

အခန်းထဲ ဝင်ဝင်ချင်းပင် မှန်ကိုကြည့်ပြီး ငိုနေသော အိအိခင် ကြောင့် အံ့အားသင့်သွားသည်။ အကြောင်းမှာ မှန်ထဲမှ အိအိခင် မျက်နှာကို မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

''အမယ်လေး ဘာကြီးလဲ''

ကိုလှတင့်မှာ ဟန်မဆောင်နိုင်စွာပင် လန့်ဖျပ်သွားလေသည်။ ကိုလှတင့် လန့်လျှင်လည်း လန့်လောက်ပေသည်။ အိအိခင်မျက်နှာ ကြီး ဘာဖြစ်နေတာလဲ။ ပျားတုတ်ထားသလို ယောင်ကိုင်းပြီး နီမြန်း နေလေ၏။

''အီး ဟီး ဟီး''

''ဘယ်လိုဖြစ်တာလဲ အိခင်။ ညက ခြင်ထောင်ထောင်မအိပ် ဘူးလား''

စိုးရိမ်တကြီးမေးသော်လည်း အိအိခင်က ပြန်မဖြေနိုင်ပေ။ မျက်နှာကြီးကိုကိုင်ပြီးမှသာ မဝံ့မရဲငိုနေရှာသည်။ ထိုသို့ငိုနေပြန်တော့ လည်း အိအိခင်ထံတွင် မာန်မာနကို စိုးစဉ်းမျှ မတွေ့ရ၍ သနားတော့ သနားမိသား။

ဝမ်းပန်းတနည်း ငိုကြွေးနေသော အိအိခင်ကို နှစ်သိမ့်ချင် သော်လည်း အိမ်ကြီးရှင်နှင့်ကျွန်မို့ မဝံ့မရဲဖြစ်ရပြန်သည်။ ထိုစဉ် အကားပေါ် တဝုန်းဝုန်း ပြေးတက်လာသော ခြေသံတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘာဖြစ်တာလဲ သမီးရယ်။ အမေ ဈေးက ခုပဲ ရောက်တယ်၊ သမီးငိုသံကြားလို့။ အဲ . . . မြတ်စွာဘုရား"

ဒေါ်ချက်ဆုံသည် စကားလုံးကိုပင် ပြီးအောင်မဆိုနိုင်တော့ဘဲ အိအိခင်မျက်နှာကို မြင်လိုက်၍ မှင်တက်သွားသည်။

"သမီး ဘယ်လိုဖြစ်တာလဲ"

"မေမေ"

မိခင်ကိုတွေ့သွားပြီမို့ အိအိခင်သည် ပို၍ ရှုံ့မဲ့ချ ငိုကြွေး လေတော့သည်။

ဒေါ်ချက်ဆုံကလည်း အခြားလူအပေါ်သာ ကြမ်းကြု ရက်စက်သူဆိုသော်ငြား အိအိခင် အတွက်တော့ မိခင်ကောင်းတစ်ဦး ဖြစ်လေ၏။ အိအိခင်ကို ရင်ခွင်ထဲပိုက်ကာ ယုယုယယနှစ်သိမ့်ရှာ အားကျဖွယ်ကောင်းသော မြင်ကွင်းဖြစ်၏။ တစ်နည်းအားဖြင့် မနာ ချင်စရာလည်း ကောင်းနေပြန်သည်။ မိမိကတော့ အိအိခင်ခြေဖ လောက်လေးတောင် ဘာလို့ ကံမကောင်းရတာလဲ။

ဖခင်မရှိတော့တာချင်း အတူတူ ဒေါ်ချက်ဆုံကျတော့ သမီး မြို့ကျောင်းထား၊ ယုယကြင်နာပေးပြီး အဏ္ဏဝါ့အမေ ဒေါ်ပွင့်ကတော့ အဏ္ဏဝါ့ကို အထက်တန်းထိလေးတောင် ကျောင်းနေခွင့်မပေးခဲ့ပေ

"မေမေရယ် ကြည့်ပါဦး . . . သမီးမျက်နှာကြီး။ ဘယ် ဖြစ်တာလဲ မေမေရယ် . . . အီး ဟီး ဟီး"





ကြာလာတော့လည်း ထိုငိုသံက နည်းနည်းအီစီကလီနိုင်လာ ထင်၏။ သနားစိတ်များ လျော့ပါးစပြုလာလေသည်။

တစ်ခါတစ်ရံ အမေ၊ တစ်ခါတစ်ရံ မာမီ၊ တစ်ခါတစ်ရံ မေ အမျိုးမျိုးပြောင်းခေါ်နေသော အိအိခင်ကိုလည်း ပလီပလာများ ည်ဟုထင်လာသည်။

"ဘာဖြစ်လို့လဲ၊ ဘယ်လိုဖြစ်ရတာလဲဆိုတာ အမေ နားလည် အောင် ရှင်းပြပါဦး သမီးရယ်"

"မသိပါဘူး အမေရယ်၊ ကိုဇော်ဝင်းကို ဟိုဟိုဒီဒီလိုက်ပို့ရင်း လောင်လို့ ညက ရေနွေးပူပူနဲ့ မျက်နှာသစ်ပြီး ပေါင်းတင်လိုက်တာ ကြီး ဖြစ်သွားတော့တာပဲ"

"အို ဖြစ်ရလေ၊ ဓာတ်မတည့်လို့လားမှမသိတာ"

"မတည့်စရာအကြောင်းရှိလို့လား အမေရယ်။ သမီး အမြဲ ဒီပေါင်းတင်ဆေးကို အမြဲသုံးပါတယ်။ တစ်ပတ်ခြားတစ်ခါ ျက်နှာချေးချွတ်ပေါင်းတင်နေကျပါ။ ခုမှ ခုမှ ဟင်း အီး ဟီး ဟီး"

အိအိခင်က ပြောရင်းငိုနေလေသောအခါ ပြဿနာရင်းမြစ်ကို သွားသော အဏ္ဏဝါမှာ ထိတ်လန့်သွားလေ၏။ တုန်လှုပ်ချောက်ချား သွားမိသည်။

ဒါဆို ပြဿနာရဲ့တရားခံက မိမိပေါ့။ လက်ချောင်းများပင် တုန်ယင်အေးစက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက်ထိ မရည်ရွယ်ခဲ့တာကို မိမိစိတ်မိမိ အသိဆုံး ဖြစ်သည်။ အမြဲသုံးနေကျပစ္စည်း မဟုတ်သည့်ကသာလျှင် အင်္ဂ ပြဿနာ အရင်းအမြစ်ဆိုတာကို အီအီခင် မတွေးမိပါစေနဲ့။ တွေး လို့တော့ မိမိ ပြေးပေါက်မှားပြီဟုသိကာ နောက်ကျောမလုံချင်တော့ပါ

ပြေးလမ်းကို ရှာဖွေထားရမည်ဖြစ်၏။

ကံကောင်းလျှင် မည်သူမျှမသိသော လျှို့ဝှက်ချက်ကို မယ် မသာ ရှောင်လွှဲနိုင်ပေမယ့် ကံဆိုးပါက ခွေးမောင်းဝက်မောင်း အမောင်းခံရမည့်အဖြစ်။

ကောင်းသောကံသည် တစ်သက်လုံး မိမိထံ မျက်စိမလည် ဖူးသည်မို့ အဆိုးဆုံးကို ရင်ဆိုင်ဖို့သာ ပြင်ဆင်ရတော့မည်ဖြစ်၏။

ထွက်ပေါက်က ဘာလဲ၊ ထွက်ပေါက်က ဘယ်မှာလဲ၊ ဘာ လုပ်သင့်သလဲ၊ ဘာလုပ်ရမလဲ။

မေးခွန်းများစွာက ခေါင်းထဲ ပိတ်ကြပ်ညပ်နေလေတော့ သည်။

*



# အခန်း (၁၃)

အိမ်အောက်ဆီမှ တံခါးဖွင့်သံကြားရသောအခါ နှိုအအိပ် သော အဏ္ဏဝါသည် ဖျတ်ခနဲ လန့်နိုးလာလေ၏။

ဘယ်သူများလဲ။ အသက်ကိုအောင့်၍ နားစွင့်ထားမိသည်။

အီအီခင်၏မျက်နှာက ပို၍ဆိုးလာသောကြောင့် အီအီခင်တို့ အမိ မန္တလေးသို့ခင်းသွားကြသည်မှာ ယနေ့ဆို နှစ်ရက်မြောက်ပြီ ။ ထို့ကြောင့် ဤအိမ်ကြီးထဲတွင် မိမိတစ်ယောက်တည်းသာ သည်။

ကိုလှတင့်ကလည်း ဆိုင်ထဲတွင် အိပ်သူမို့ အိမ်ပေါ်တက်လာ အကြောင်းမရှိချေ။ သူခိုးများလား။



www.burmeseclassic.com

www.burmeseclassic.com



နေလာတဲ့ကာလတစ်လျှောက်တွင် ဒေါ်ချက်ဆုံအိမ် သူ
ဝင်သည်ဟု တစ်ကြိမ်တစ်ခါမျှ မကြားဖူးချေ။

မအိပ်ခင်ကလည်း အိမ်တံခါးတွေကို သေသေချာချာ စစ်ပြ
ကလန့်ချခဲ့သည်။ ကြောက်တတ်သူမဟုတ်သော်လည်း သတိဆိုတာ
အပိုမရှိသောကြောင့် အိပ်ရာဘေး၌ လှည်းတံပိုးချေးတစ်ချောင်း
ဆောင်ထားလေ၏။

"ကလစ်"

တံခါးဖွင့်သံကြားရသောအခါ ရင်ထဲ ထိတ်ခနဲဖြစ်သွား
ဆတ်ခနဲ ထထိုင်လိုက်သည်။ လက်ကလည်း လျှင်မြန်လှစွာပင် တံ
ချေးကို ကိုင်ပြီးလျက်သား ဖြစ်နေ၏။

ခေါင်းအုံးအောက်မှ ဓာတ်မီးကို ဆွဲယူလိုက်၏။ ဓာတ်ခဲအ
မရှိသောကြောင့် မီးရောင်က ခပ်မှိန်မှိန်ရှယ်ပါ။ သို့သော် တစ်စုံတစ်
ကိုမူ သဲသဲကွဲကွဲ မြင်နိုင်ပေ၏။

အိမ်ရှင်ကဲ့သို့ အသံပေးရမလား။ သို့မဟုတ် မည်းမည်းမြင်
ရမ်းသမ်းရိုက်ထည့်ရမလားဟု ဇဝေဇဝါ ဖြစ်နေမိသည်။

အိမ်ပြတင်းပေါက်ကိုဖွင့်ပြီး သူခိုးဟု အသံကုန်အော်လိုက်
က ရပ်ကွက်မှ ကာလသားတွေ ပြေးလာပြီး ဝိုင်းဖမ်းကြမည်မှာအ
ပါ။ သို့သော် ခက်တာက သောင်းကျန်းနေသော ကြွက်လား။ ကို
တင့်လား။ သူခိုးလားဆိုတာ ဝေခွဲမတတ်ပေ။ ဒါမှမဟုတ် မြို့ဆေ





ချင် အိအိခင်ရောဂါသည်းပြီး ဆုံးသွား၍ အသံလာပေးတာလည်း
နိုင်သည်။

သူခိုးမရောက်တဲ့ သူခိုးဟု အော်မိပါက ရပ်ကွက်က သရော်
ခံရလိမ့်မည်။ သို့မဟုတ် ကိုလှတင့်ဆိုပါက အရှက်တကွဲဖြစ်ပေ
ည်။ ကိုလှတင့်သည် အဏ္ဏဝါ့အပေါ် သရိုးသရီဖြစ်နေမှန်း လူ
တော်များများသိကြသည်။

အဏ္ဏဝါ့ကို နဂိုတည်းက ကဲ့ရဲ့ချင်သော ပတ်ဝန်းကျင်သည်
ဏ္ဏဝါ အနေအထိုင်မတတ်၍ ကိုလှတင့်က အိပ်ခန်းတက်တာပါဟု
ာင်းချိတ်ပြောကြဦးမည်။

ထို့ကြောင့် မိမိပြဿနာ မိမိ တိတ်တဆိတ်ဖြေရှင်းတာ
ကောင်းဆုံးပါဟုတွေးမိသည်။

အခန်းထဲဝင်လာတာနဲ့ တစ်ပြိုင်နက် ခေါင်းကို နှက်လှဲပစ်ဖို့
ိုးချေးကို ကိုးဆယ်ဒီဂရီ မြှောက်ကိုင်ထားလိုက်သည်။

"အဟင်း"

အမှတ်မထင်ကြားရသော ချောင်းဟန့်သံကြောင့် အဏ္ဏဝါ
အေးသွားသလို ခံစားရ၏။

ကိုလှတင့် ဖြစ်ပေသည်။ ဘာလို့များ အိမ်ပေါ်တက်လာပါ
ိ

"ကိုလှတင့်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဟုတ်လား။ အဏ္ဏဝါ မအိပ်သေးဘူးလား"

"ဘာလုပ်မလို့လဲ ကိုလှတင့်၊ တံခါးကို ဘယ်လိုဖွင့်ဝင်

သလဲ"

မေးသာမေးလိုက်ရသည် အိမ်တံခါး ကလန့်မကောင်းသည်

ကို ဒေါ်ချက်ဆုံ မကြာခဏပြောနေ၍ ကိုလှတင့်က သိပြီးဖြစ်မှ

အဏ္ဏဝါ သတိရလိုက်သည်။ အဓိကပြဿနာက တံခါး ဘယ်လိုဖွ

ဝင်လာသလဲဆိုတာမျိုး မဟုတ်တဲ့ ဒီအချိန်ကြီး သူနိုးလိုကျင့်လာသေ

ကိုလှတင့်ရဲ့ အပြုအမူကသာ အဓိကကျလိမ့်မည်။

"မီးခြစ်လာယူတာ၊ ဆိုင်ထဲမှာ အရမ်းအေးနေပြီ။ အိပ်မ

တော့လို့ မီးထလှုံမလို့"

"အမယ်လေး ကိုလှတင့်ရယ် . . . မီးခြစ်လိုချင်တာမျာ

အိမ်ပေါ်ထိ တက်ယူရတယ်လို့။ မီးဖိုဘေး မရှိဘူးလား။ မနေ့

ကျွန်မ အဲဒီမှာထားခဲ့တယ်"

"ဂက်စ်ကုန်နေတယ် ခြစ်မရတော့ဘူး"

"ဪ . . . ခက်ပါရဲ့"

တံခါးကို ဖွင့်မပေးသေးဘဲ ပြောလိုက်ခြင်းဖြစ်၏။

"မင်းမှာ မီးခြစ်ရှိတယ် မဟုတ်လား။ ငါ့ကို ငှားစမ်းပါကွာ

ငါချမ်းလှပြီ"

ကိုလှတင့်အသံမှာ အမှန်တကယ် ချမ်းအေးနေပုံမျိုးနှ





နှိုယင်နေလေသည်။ ရာသီဥတုက အဲဒီလောက်ထိ အေးနေပြီလား။

ယ်ထဲမှာ စပါးပင်မပေါ်သေးပါဘဲ အေးသည်ဆိုတော့ ဆောင်းဝင်

တော့ပြီထင်ပါရဲ့။

"ဂျလောက်"

ခတ်ထားသောဂလန့်ကို ဖြုတ်ပြီး မီးခြစ်လှမ်းပေးလိုက်သော

ခါ -

"ဝုန်း"

ခပ်ဟဟလေးဖွင့်လိုက်သော တံခါးမှာ ကိုလှတင့်၏ ကိုယ်

အကြောင့် ဝုန်းခနဲပွင့်သွားပြီး ကိုလှတင့်ပါ အဏ္ဏဝါ့အခန်းထဲ ရောက်

လာလေသည်။

မြန်ဆန်လွန်းသော အခိုက်အတန့်လေးမို့ အဏ္ဏဝါ ကြောင်

အမ်းသွားမိသည်။

ထိုသို့ ကြောင်အမ်းနေမိဆဲမှာပင် အဏ္ဏဝါ့ကိုယ်လေးသည်

ကိုလှတင့်၏ရင်ခွင်ထဲ ဇွတ်ခနဲရောက်ရှိသွားလေ၏။

"ချစ်လိုက်တာ အဏ္ဏဝါရယ်၊ အရမ်းချစ်တာပဲ"

"ကိုလှတင့် . . . ဒါဘာလုပ်တာလဲ။ လွှတ်စမ်း ခွေးကျင့်ခွေး

မကြံနဲ့"

ဟုဆိုကာ ကိုလှတင့်ကို တွန်းဖယ်လိုက်လေသည်။

"ခွေးကျင့်ခွေးကြံ ဟုတ်လား အဏ္ဏဝါ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ခုချက်ချင်း အပြင်ထွက်ပါ။ အလိုမတူရင် မုဒိမ်း
မြောက်တယ်ဆိုတာ နင့်ခေါင်းထဲ တွေးထားလိုက် ဝတုံးရဲ့"

"ဟုတ်တယ် . . . ငါက ဝတုံး အသားအေးရေနဲ့ ဆားအ
ရည်တွေရောရင် မျက်နှာကြီးစုတ်ပြတ်သတ်သွားအောင် ရုပ်ဆိုး
တယ်ဆိုတဲ့နည်းလမ်း ငါမသိဘူး"

ကိုလှတင့်က ထိုသို့ ခပ်ပိုင်ပိုင်ပြောသောအခါ အဏ္ဏဝါရှင်း
တုန်ယင်သွားသည်။ ဘာပြန်ပြောလို့ ပြောရမှန်းလည်း မသိပါ။

လုံလုပြီးအထင်ဖြင့် မှင်တေတေနေခဲ့ရပေမယ့် ကိုယ့်လိပ်ပြ
ကိုယ်မလုံ၍ သောကတွေက ဖိစီးလှပါပြီ။ ခုတော့ ကိုလှတင့်
သိနေသည်ဆိုပါလား။ ဘယ်ကတည်းက သိနေတာလဲ၊ ဘယ်လော
ထိ သိနေတာလဲ။ အိအိခင်၏အခြေအနေသည် ဘယ်လောက်
ဆိုးဝါးမှန်း အဏ္ဏဝါ မသိပေ။

သို့သော် မဂ္ဂဇင်းနှင့် စာတိုပေစများ ဖတ်ခဲ့မိသည့်အ
အကြုံအရ ဓာတ်မတည့်သည့်ဖြစ်စဉ်သည် လူတစ်ဦး အသက်ဆုံး
သည်ထိ ဆိုးဝါးတတ်သည်ဟု သိရသည်။ မပြောကောင်းမဆိုကော
အိအိခင်သာ တစ်ခုခုဖြစ်ခဲ့ရင် အဏ္ဏဝါက တရားခံ။ ခုတော့ ကိုလှ
ပါ သက်သေခံနေ၍ ပြဿနာက မီးနိုးကြွက်လျှောက်ဖြစ်တော့
ကိုလှတင့်ကို ဘယ်လိုနှုတ်ပိတ်ရမှန်းလည်း မသိပေ။

"နင် ဘာပြောနေတာလဲ၊ နင့်စကားကို နားမလည်ဘူး"





"အိပ်ချင်ယောင်ဆောင်မနေစမ်းပါနဲ့ အဏ္ဏဝါရယ်။ ငါ
ခပ်ထည့်နေရင်း မင်းရဲ့လုပ်ရပ်ကို အကုန်မြင်တယ်။ ဒီအကြောင်း
သာ ဒေါ်ချက်ဆုံကို ပြောလိုက်လို့တော့ မင်းရဲ့လည်ပင်းက ကြိုးကွင်း
ပြီးသားပဲ။ ဒေါ်ချက်ဆုံအကြောင်း သိတယ်မဟုတ်လား။ အရပ်
ကလှည့်ပြောထားလို့ ဒီရွာထဲ မင်းခြေထောက်ချစရာမရှိအောင်
ရမယ်။ အခန့်မသင့်ရင် ထောင်ကျမယ်။ ဒါ့ထက်ဆိုးရင် မင်းရဲ့
မေ အိမ်ရောင်းပြီး လျော်ရင်းလည်း လျော်ရနိုင်တယ်"

"ဘာလို့ အခုချိန်ထိ ချေးငုံထားသလို နေခဲ့တာလဲ"

"မင်းကို ချစ်လို့ပေါ့"

"ငါတော့ နင့်ကိုမချစ်ဘူး ကိုလှတင့်"

"မမိတဲ့ပန်းကို တုံးခုမလှမ်းချင်ပါနဲ့ အဏ္ဏဝါရယ်။ အဲဒီမြို့
သားက မင်းကို ကြိုတုန်းလေး ပြုံးပြလိုက်တာပါ။ သာယာမနေပါနဲ့။
ငါကသာ မင်းကို သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းမယ့်သူပါ။
ကယ်၍ နင်သာလက်ခံမယ်ဆိုရင် ငါ့ပါးစပ်ကို အပ်နဲ့ချုပ်ထားသလို
နေပါ့မယ်"

"လက်မခံရင်ရော"

"မင်းထိုက်နဲ့ မင်းကံပေါ့။ ဒီထက် ငဲ့ညှာစရာအကြောင်းလည်း
ရှိတော့ဘူး။ မဖိုက်ချင်စမ်းပါနဲ့ အဏ္ဏဝါရယ်။ ငါ့ခွန်အားနဲ့ မင်းကို
ဝတ်မထားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုလှတင့်သည် မိုက်ရူးရဲဆန်စွာပင် အဏ္ဏဝါ့ကို ဆွဲဖ
လေသည်။

အဏ္ဏဝါ လက်မခံနိုင်ပါ။ မိမိရဲ့အပျိုစင်ဘဝကို ကိုလှတင့်
အောက်တန်းစားလူတစ်ယောက်ထံ မပေးပစ်နိုင်ပါ။ မိမိချစ်သူကို
မိမိဘဝကို ပုံအပ်မည်ဟု အဏ္ဏဝါ စိတ်ကူးထားခဲ့သည်။

ထို့ကြောင့် ရှိသမျှခွန်အားတို့ဖြင့် ကိုလှတင့်ကို တွန်းဖ
လိုက်လေသည်။

ထိုအခါ ကိုလှတင့်သည် ဒေါသဖြစ်သွားလေ၏။ ထို့ကြော
ကျားနာတစ်ကောင်လို လုံးထွေးလာလေသည်။ အဏ္ဏဝါကလည်း
ဖူးဆို ဖရုံမသီးတတ်သူမို့ ရုန်းကန်လေသည်။ အကယ်၍သာ ဒီတစ်ခ
ကိုလှတင့်ကို ရှုံးပါက ရာသက်ပန် ရှုံးရတော့မည်ဖြစ်သည်။

ကိုလှတင့်၏ဇနီးမယားဘဝသို့ အရောက်မခံနိုင်ပါ။ အဏ္ဏ
မျှော်လင့်ခဲ့သည်က အစေအပါး၏လက်တွဲဖော်မဟုတ်ပါ။ အိမ်ရှေ့
မင်းသား၏ကြင်ယာတော်ဖြစ်သည်။

"လွှတ်စမ်း ... လွှတ်"

ဒီပုံအတိုင်းသာ ကြာကြာရုန်းပါက မိန်းမသားအား
ယောကျ်ားမာန်ကို ရှုံးတော့မည့်အခြေအနေမှာ ရှိသည်။ ထို့ကြော
... အဆင်သင့်ရှိနေသော တံပိုးချေးကိုသာ အားကိုးရတော့မည် ဖြ
သည်။





ဖြစ်ချင်ရာဖြစ်ဟု တွေးကာ ... ကိုလှတင့်လက်ထဲမှ ကန်
ကြောက်ရုန်းကန်ပြီး တံပိုးချေးကို ဆွဲယူကာ အားဖြင့် လွှဲရိုက်လိုက်
သည်။

"ဒုတ်"

ဟူသော မြည်သံနှင့်အတူ ကိုလှတင့်မှာ ငြိမ်ကျသွားလေ
သည်။

အဏ္ဏဝါ ထိတ်လန့်သွား၏။ သို့သော် ... ကိုင်ထားသော
ချေးကို မလွှတ်မိသေးပါ။ မီးခြစ်ကို အကြောင်းပြုပြီး အဏ္ဏဝါ့
န်းထဲထိ ဝင်လာသော ကိုလှတင့်၏ပရိယာယ်ကို အဏ္ဏဝါ မယုံ
ပါ။

ထို့ကြောင့် နောက်တစ်ချက် ထပ်ရိုက်သည်။

"ဒုတ်"

ဒီတစ်ကြိမ်တော့ ညှို့သကျည်းကို ဖြစ်၏။ ဟန်ဆောင်ပြီး
သူဆိုပါက ညှို့သကျည်းကို ထုလျှင် ဟန်လုပ်နိုင်စရာအကြောင်း
သေး။

သို့သော် ... တုတ်တုတ်မျှမလှုပ်သော ကိုလှတင့်ကြောင့်
ဏ္ဏဝါ ထိတ်လန့်စပြုလာသည်။

"ကိုလှတင့် ... ကိုလှတင့်"

ဘုရား ... ဘုရား ... သေသွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားသော တံပိုးချေးကို လွှတ်ချပြီး ခါတ်မီးဖြင့် ...

ကြည့်လေသည်။

"ဟင်"

ခေါင်းမှသွေးများ ယိုကျနေသော ကိုလှတင့်ကြောင့် အ...

ကမ္ဘာသည် ချောက်ချား၍ မှောင်မိုက်သွားလေတော့သည်။

✱



## အခန်း (၁၄)

အံ့သြလွန်း၍ ကိုယ့်နားကိုယ် မယုံနိုင်အောင် ဖြစ်ရပါသည်။

...မယား သဲကိုးဖြာတဲ့။ ခုတော့ ယောက်ျားမယားက သဲဆယ့်ကိုး ...သောက်ရှိနေပေရော့မည်။

ကိုလှတင့်သည် ယုတ်မာရုံမက ကောက်ကျစ်၍ပါနေတော့ ...ည်။ ဘာတဲ့၊ အဖြစ်မှန်ကို ဒေါ်ချက်ဆုံအား ဖွင့်ပြောမည်ဆို၍ ...မြစ်ရင်း ခေါင်းကို ရိုက်ခွဲလိုက်တာတဲ့လား။

ရလဒ်က ဒေါ်ချက်ဆုံ၏လက်သံ ဘယ်လောက်ပြောင်, ...ပြောင်ကို အဏ္ဏဝါပါးက မြည်းစမ်းခွင့်ရလိုက်သည်။ ဒေါ်ချက်ဆုံ ...မက အိအိခင်ပါ လက်စမ်းလာသောအခါ အဏ္ဏဝါ ပါးပြင်သို့



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲနီသွားပြီဖြစ်သည်။

"အယုတ်တမာမ၊ နင့်ကိုငါ အိမ်မှာထားတာ ဂြိုဟ်ဆိုး တာပဲ"

"ရိုက်ရတာ လက်သနတယ်"

သားအမိနှစ်ယောက်သည် အတိုင်အဖောက်ညီစွာ လက်ကို ပဝါဖြင့် သုတ်နေကြရာ အဏ္ဏဝါ့နှလုံးသားထဲ ဆတ်ဆတ် နာသွားလေတော့၏။

ခေါင်းတွင် ပတ်တီးအဖွေးသားနှင့် ကိုလှတင့်သည် ခပ် လှမ်းမှ အဏ္ဏဝါတို့ကို ကြည့်နေသော်လည်း ကျေနပ်နေသော ကို တင့်မျက်နှာကို အဏ္ဏဝါ မြင်နေရသည်။

မှတ်ပြီလား။ ငါ့ဆန္ဒကို လိုက်လျောခဲ့ရင် မင်း ခုလို တိုင် ကြိုးတုတ်ခံရမှာမဟုတ်ဘူး။ ခုတော့ မှတ်ပြီလားဟု မျက်လုံးမျာ တစ်ဆင့် ပြောသယောင်ရှိ၏။

အဏ္ဏဝါ အားငယ်မိသည်။ မိမိက မဟုတ်ဘူးဟု ရှင်း လည်း ယုံမည့်လူက တစ်ယောက်မှမရှိချေ။ ခြံအပြင်ဘက်တွင် ကြည့်နေကြသူများက ဆယ်ယောက်ထက်မနည်းရှိ၏။

သို့သော် အဏ္ဏဝါ့ဘက်မှ ရပ်တည်ပေးမည့်သူတော့ တစ် တစ်ယောက်မှ ရှိပုံမပေါ်ချေ။ အဏ္ဏဝါ့စကားကို ယုံကြည်ပေး လူလည်း တစ်ယောက်မှ ရှိပုံမပေါ်ပါ။ ဝိုင်းကြည့်သူများသည် တ





ာ်တစ်စ ပိုများလာ၍ ထိုအထဲတွင် အမေများပါလာလေမလား အဏ္ဏဝါ မျှော်လင့်မိပြန်သည်။

လက်ပြန်ကြိုးတုပ်ထားသောကြောင့် လက်ကောက်ဝတ်မှာ ျင်နေသလို လက်မောင်းဆုံမှာလည်း ကိုက်ခဲ၍နေပါပြီ။ ထိုစဉ် ပ်ကြားထဲ တိုးဝင်လာသူတစ်ဦး။

သူ သူက ကိုမြို့သား။

ကိုမြို့သားသည် အဏ္ဏဝါတို့၏ဖြစ်ရပ်ကို မှင်သက်စွာ ကြည့် လေသည်။ ကိုမြို့သား၏မျက်ဝန်းထဲ အံ့အားသင့်ခြင်းတွေ ပြည့် နေ၏။

အဏ္ဏဝါ ရှက်မိပါသည်။ မိမိ၏ဆိုးဝါးသောပုံကို ပြမိသည့် ွက် ရင်ထဲနာကျင်မိသည်။ ဖြစ်နိုင်လျှင် အဏ္ဏဝါ ဤနေရာ၌ပင် တုတ်ကြီး အသက်ပျောက်သွားချင်မိသည်။ အရှက်ကို အသက် ပိုမြတ်နိုးမိသည်။

"ဘယ်လိုဖြစ်ကြတာလဲ အိခင်"

"အစ်ကို . . . ကိုဇော်ဝင်း"

အိအိခင်သည် ရွှဲပစ်သောအသံဖြင့် မျက်ရည်ကို ချူယူလေ

"အိ ခေးရုံတက်ရအောင် သူလုပ်တာပေါ့။ အိ လှနေတာကို ို့ မျက်နှာသစ်ရေထဲ မဟုတ်တာတွေ လျှောက်ထည့်ထားတာပေ



www.burmeseclassic.com

www.burmeseclassic.com



လေ။ အဲဒါတွေက အိမ်လိမ်းတဲ့မိတ်ကပ်နဲ့မတည့်လို့ အိမျက်
ဆေးရုံတက်ရတဲ့ထိ ဖြစ်ကုန်တာ။ အဲဒါ သူ့ကြောင့်''

အိအိခင် စကားအဆုံးတွင် မြို့သားသည် အဏ္ဏဝါ့
မျက်လုံးစွေကာ ကြည့်လေ၏။ ကိုမြို့သား၏အကြည့်သည် စူးရှ
သည်။ ပဟေဠိဆန်လှသည်။ ကိုမြို့သား ဘာပြောချင်နေသလဲဆို
အဏ္ဏဝါ မစူးစမ်းနိုင်တော့ပေ။ ရက်စက်ဖြင့်သာ မှန်ထူး၍ နေ
တော့၏။

''သူကရော ဘာလို့ ပတ်တီးကြီးနဲ့ ဖြစ်နေရတာလဲ''

''သူရိုက်လိုက်တာလေ။ သူပေါ့။ ကိုလှတင့်က အဖြစ်မှန်
ပြောပြမယ်လုပ်လို့ ရိုက်လိုက်တာတဲ့''

အိအိခင်စကားကြောင့် မြို့သားမှာ ငြိမ်ကျသွားပြန်လေသ
ထိုစဉ် လူအုပ်ကြားထဲမှ ထိုးထွက်လာသူတစ်ဦး။

''ဟင် ... အမေ''

အမေ့ကိုမြင်လိုက်ရတဲ့ တစ်ခဏတွင် ကုန်ဆုံးနေသော
အားအင်တို့ ပြန်လည်ပြည့်တင်းလာသလို ခံစားရလေသည်။ အ
မျက်လုံးသည် ဒေါသဖြင့် နီမြန်းနေလေသည်။

အမေရယ် ကျွန်မဘက်ကနေပြီး သူတို့ကို ရန်တွေ့လိုက်
ပါ။ ငါ့သမီးမှာ ဒီလိုအကျင့်မရှိဘူး။ မင်း ခွေးစကားမပြောနဲ့
ကိုလှတင့်ကို ရန်လုပ်လိုက်စမ်းပါ။ ကိုလှတင့်က ကျွန်မအပေါ် မတ





လို့ ကျွန်မ ထုထည့်လိုက်တာပါဆိုတာကို ကိုလှတင့်အရှက်ဟက်
က်ရသည်ထိ အသံကျယ်နဲ့ ပြောပစ်စမ်းပါ ဟု ရင်ထဲမှ အားပေး
မိသည်။

''ဖြန်း ... အယုတ်တမာမ။ မိတမျက်နှာကို အိုးမည်းသုတ်တဲ့
... ဖြန်း''

လေထဲရောက်သွားသော အဏ္ဏဝါ့ဝိညာဉ်သည် အမှောင်တိ
ွင်းသွားလေသည်။ အမေက ပိန်ပြီးအားနွဲ့သော်လည်း အိအိခင်နှင့်
ချက်ဆုံရိုက်သော ရိုက်ချက်ထက် အမေ့ရိုက်ချက်က အဏ္ဏဝါ့
ုံးသားထဲ စူးနစ်သွားလေသည်။

အမေ့အပြုအမူကြောင့် ကြွက်ကြွက်ညံနေသော လူအုပ်ကြီး
ဝစ်ခနဲ တိတ်သွားလေသည်။ ပတ်ဝန်းကျင်တွင် လေတိုးသံမှလွဲ၍
သံတို့မှာ တိတ်ဆိတ်သွားလေသည်။

''မချက်ရေ ... ကျွန်မကို ဘာမှအားမနာနဲ့။ ဒင်းကို အပြစ်
ဲ့အတိုင်းသာ စီမံလိုက်တော့။ ဘယ့်နှယ်ကွယ် ... ကိုယ့်ကို ရိုင်း
းကူညီနေတဲ့ လှတင့်ကို သွေးထွက်သံယိုဖြစ်အောင် လုပ်ရတယ်
ို့ ရိုင်းလိုက်တာ။ ဘာသွေးလဲ။ ညည်းကို မွေးရတဲ့ငါက ဝမ်းရှည်
ယ်တယ်ဟဲ့။ နားလည်သလား''

''မဟုတ်ဘူး အမေ။ အမေ အထင်လွဲနေပြီ။ ကိုလှတင့်ကို
ျွန်မ ထုထည့်လိုက်တယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ ကိုလှတင့်က

www.burmeseclassic.com



ကျွန်မကို မတရားကြံလို့ ကျွန်မကိုယ်ကျွန်မ ကာကွယ်လိုက်တာပါ"

"တော်စမ်း ... လုတင့်လို လူအေးလူအက ဒီလိုအလုပ်မျိုး လုပ်ပါ့မလဲ။ လုတင့်က လူရိုးတစ်ယောက်ဆိုတာ ငါတင်မကဘူး တစ်ရွာလုံး သိတယ်။ ဘာမှ ပလီစီချောက်ချက်ပြောမနေနဲ့။ ညည်း အသံကိုလည်း မကြားချင်ဘူး။ ညည်းရုပ်ကိုလည်း မမြင်ချင်ဘူး။ ဒီ နေရာမှာတင် ညည်းနဲ့ငါ ဆွေမျိုးပြတ်တယ်။ ကဲ မချက်ရယ် ... သူ့ကို ထောင်ထဲသွင်းချင်လည်း သွင်း၊ သူ့အမှုတွေ ကျွန်မနဲ့ ဘာမှ မဆိုင်ဘူး။ ကြိုက်သလိုသာလုပ်တော့"

"အေး မပွင့် ... တော်နဲ့သူ မဆိုင်တော့ဘူးဆိုလည်း ကျုပ် ဆီမှာ ယူထားတဲ့ ကြိုတင်လစာတွေက ဘယ်လိုလုပ်မှာလဲ"

"သူ့တစ်ကိုယ်လုံးတောင် တော့်ဆီအပ်ပြီပဲ။ ဘာညာတွေ လာပြောနေသေးတာလဲ။ သူ့ကို ပြုချင်သလိုပြု၊ သေသေ ရှင်ရှင် ကျွန်မနဲ့ မဆိုင်တော့ဘူး။ သားအမိဆိုတဲ့ရေစက်ပါ ပြတ်တယ်။ ရှက် လွန်းလို့ လုတင့်ရယ်။ မောင့်ကိုတော့ အားနာပါတယ်။ မောင် မကျေနပ်လည်း သူ့ကိုသာ တရားစွဲပေတော့"

"အမေ အမေ ... ကျွန်မရဲ့စကားကို ဘာလို့မယုံရတာလဲ အမေက ကျွန်မရဲ့အမေမှ ဟုတ်ရဲ့လား"

"မဟုတ်ဘူး၊ ဟုတ်လည်း မဟုတ်ချင်ဘူး။ ညည်းကို ငါ ပါးနှစ်ချက်တီးပြီးပြီ။ အဲဒီနှစ်ချက်နဲ့အတူ သံယောဇဉ်ပြတ်တယ်





ညည်းလို သနွေယုတ်မျိုး ငါတို့အမျိုးထဲမှာ မရှိဘူး။ ကိုယ့်သမိုင်း ကိုယ်ရေး ညည်းထိုက်နဲ့ညည်းကံ နေပေရော့"

ဟုဆိုကာ ကျောခိုင်းသွားသောအမေကြောင့် မှောင်နေသော အတ္တာဝါ့ကမ္ဘာသည် နီရဲသွားလေသည်။ ဒေါသမုန်တိုင်းတို့က အတ္တာဝါ့ ဆီသို့ အလိပ်လိုက်။ အတ္တာဝါ ရှာကျွေးနေတုန်းကတော့ ... သမီး ... မိဘကိုလုပ်ကျွေးတဲ့သားသမီး မတိမ်ကောဘူးဆိုကာ ဒေါ်ချက် ... တွင် ပစ်ပစ်ခါခါထားသွားခဲ့တာ ဘယ်လောက်ကြာသေးလို့ ...။

ရပ်ကွက်ထဲတွင် ဒေါ်ချက်ဆိုက အခိုင်းသန်ပြီး ချိုးနှိမ်တတ် ... နာမည်ကြီး၍ မနေချင်ပါဘူးလို့ ငြင်းခဲ့တာကို အမေက နည်းနည်း ... အရေးမစိုက်ခဲ့ပေ။ ခုတော့ မိသားစုသံယောဇဉ်ပါ ပြတ်လိုက်ပြီ ...။

အတ္တာဝါရဲ့စကားကို ဘာလို့ နားမထောင်ကြတာလဲ။ အတ္တာဝါ ... ပြောတာကို ဘာကြောင့် လက်မခံနိုင်ကြတာလဲ။ အတ္တာဝါ့ကို ယုံတဲ့ ... ဘာလို့ တစ်ယောက်မှ မရှိရတာလဲ။ ညည်းထိုက်နဲ့ညည်းကံ ... လား။ ဒီထက်ဆိုးတဲ့စကားလုံးရော ရှိသေးရဲ့လား။

"မေမေ ... ဘာရပ်ကြည့်နေတာလဲ၊ သူ့ကို ရဲလက်ထဲအပ် ... လိုက်တော့လေ"

ဟု ... အိအိခင်က ပြောလိုက်တော့မှ ပြန်လည်သက်သာ



www.burmeseclassic.com

www.burmeseclassic.com



လာလေ၏။

"အလကား ဆန်ကုန်မြေလေးပဲ။ မင်းကို လိုလားတဲ့
တစ်ယောက်မှရှိမနေမှတော့ အသက်ရှင်ရတဲ့ မင်းဘဝက ဘာလု
တော့မှာလဲ"

ဒေါ်ချက်ဆုံ၏စကားသည် အဏ္ဏဝါ့ရင်ထဲ အနာပေါ်တုတ်က
ခံစားရလေသည်။ ဒေါ်ချက်ဆုံက အဏ္ဏဝါ့ကို သေလိုက်တော့
ပြောလိုက်တာပေါ့။

ဘယ်လူ့ဆန္ဒနဲ့ အဏ္ဏဝါက သေပေးရမှာလဲ။ ဘာကိစ္စကြော
သေပေးရမှာလဲ။ ရှက်လွန်း၍ သေချင်စိတ်ပေါ်မိပေမယ့် ဒေါ်ချက်
က ဤသို့ပြောသောအခါ မိမိအသက်ရှင်မှဖြစ်မယ်ဟု မာန်တင်
သည်။

ဒါမှ လူယုတ်မာကိုလှတင့်ကို ဆုံးမနိုင်မည်ဖြစ်သည်
အမှန်တရားဆိုတာ ဆိတ်ကွယ်ရာနေရာမရှိဘူးဟု အဏ္ဏဝါ ယုံကြည်
သည်။

ကံကြမ္မာက မျက်စိမှိတ်ထားခဲ့လျှင်တောင် ထိုမျက်စိကို
ခွန်အားနှင့် ဖွင့်ရမည်မှာ အမှန်။ အကယ်၍သာ ကံမျက်စိကို ဖွင့်နိုင်
ပါလျှင် မိမိကိုအနိုင်ကျင့်သည့် ကိုလှတင့်ကိုလည်းကောင်း၊ မိမိပါး
နာကျင်စေသူ ဒေါ်ချက်ဆုံတို့သားအမိကိုလည်းကောင်း၊ မိမိ
လျစ်လျူရှုနိုင်လွန်းသော မိခင်ကိုလည်းကောင်း လက်စားချေရန် ရည်





အတွင်းကြိတ်ထားမိသည်။

"ကျွန်တော့်ထင်မြင်ချက်ကလေးကို ပြောလို့ရမလား"

ခွန်အားရှိသောအသံဖြစ်သည်။ အဏ္ဏဝါသည် ရေနစ်နေသူမို့ ကိုမြို့သားသည် အဏ္ဏဝါ့အတွက် ကောက်ရိုးတစ်မျှင် ဖြစ်ပေသည်။

"ကိုလှတင့်က အဏ္ဏဝါ မကောင်းကြံခဲ့တဲ့ကိစ္စကို ဘယ်အချိန်က သိတာလဲ"

ကိုမြို့သား၏မေးခွန်းအဆုံးတွင် အိုးတိုးအမ်းတမ်း ဖြစ်သွားသော ကိုလှတင့်၏မျက်နှာကို မြင်ရသည်မှာ ကျေနပ်အားရလှသည်။

"ကြားရပုံအရ ကိုလှတင့်က အဲဒီကိစ္စကို အရင်တည်းက ကြိုသိနေခဲ့ပုံပဲ။ သိနေခဲ့ပါလျက်နဲ့ ဘာလို့မပြောခဲ့တာလဲ။ ဘာလို့ ဆွံ့နှုတ်ပိတ်နေခဲ့တာလဲ။ အကယ်၍ အဏ္ဏဝါ့ကို ရဲစခန်းပို့မယ်ဆိုရင် ကိုလှတင့်ကိုပါ ကြံရာပါအဖြစ် ဆွဲသွင်းရမှာပဲ"

"ဟင်"

ကိုမြို့သား၏စကားအဆုံးတွင် မှင်တက်သွားသော ကိုလှတင့်မျက်နှာတွင် ကြောက်ရွံ့ခြင်းက ဖုံးမနိုင် ဖိမရ။ ဟုတ်သားပဲ။ ဒါကို အဏ္ဏဝါ ဘာလို့မတွေးမိခဲ့တာလဲ။ မိမိ မတွေးမိတာကို သတိရှိနေသော ကိုမြို့သားကို တဖြည်းဖြည်း အထင်ကြီးလာမိသည်မှာ အမှန်။

"မျက်နှာသစ်ရေကြောင့် ဓာတ်မတည့်ဖြစ်ရတဲ့ဖြစ်ပုံမှာ



www.burmeseclassic.com

www.burmeseclassic.com



အိအိခင်ကရော ဘာကြောင့် မျက်နှာသစ်ရေကို ကိုယ့်လက်နဲ့ ခပ်မယ ခဲ့ရတာလဲ။ ပျင်းလို့လား၊ ဒါမှမဟုတ် အနိုင်ကျင့်တာလား။ ရဲစခန်းဝ ရင် တရားကာကောင်ဖြစ်ကြတော့မှာ။ အဲဒီအချိန်ဆို ဒီမှာ ဝိုင်းကြည့်နေ သူထက် ငါးဆလောက်ပိုများနိုင်တယ်။ ကိုယ်ပျင်းကြောင်းနဲ့ ကြိုးနှ ယ်ညှည်းလုပ်ကြောင်း တစ်ရွာလုံး မသိစေချင်ရင် ပြဿနာကို ဒီနေရ မှာ နိဂုံးချုပ်လိုက်တာအကောင်းဆုံးပဲ အိအိခင်။ ပြဿနာကို ပုံကြီးခ လို့လည်း ကောင်းတာ တစ်ခုမှဖြစ်လာမှာမှ မဟုတ်တာ။ သူ့ကို လက ပြန်ကြိုးတုတ်ပြီး ပါးရိုက်နေတယ်ဆိုကတည်းက ပြစ်မှုက မြောက် နေပြီ။ ကဲ ပြော . . . သူ့ကို ကြိုးဖြည်ပေးရမလား၊ ရဲစခန်းပို့ပေးရ မလား။ မင်းပဲ ဆုံးဖြတ်ပါ''

လေပြည်အေးဖြင့်ပြောနေသော ကိုမြို့သားကြောင့် အိအိခင် တို့သားအမိမှာ ဘာဆုံးဖြတ်၍ ဆုံးဖြတ်ရမှန်းမသိအောင် ဇဝေဇဝ ဖြစ်နေပုံနှင့် သမီးက အမေ့အရိပ်အခြည်ကို ကြည့်ပြီး အမေက သမီး အရိပ်အခြည်ကို ကြည့်လေသည်။

''ဒါပေမဲ့ . . . သူ့အမေထုတ်သွားတဲ့လစာက ရှိသေးတယ် အဲဒါကို အရှုံးမခံနိုင်ဘူး''

''ဘယ်လောက်လဲ''

''တစ်သိန်းခွဲ''

ဒေါ်ချက်ဆုံစကားဆုံးသည်နှင့် တစ်ပြိုင်နက် ကိုမြို့သားသည်





အိတ်ထဲမှ ငွေတစ်ထပ်ကိုထုတ်ပြီး ပစ်ပေးလိုက်သည်။ ပြီးနောက် နိုင်စွာပင် အဏ္ဏဝါ့အား တုတ်ချည်ထားသော ကြိုးများကို ဖြည်ပေး လေသည်။

''ကဲ အဏ္ဏဝါ . . . ဒါ ကိုယ် အတတ်နိုင်ဆုံးကူညီတာပဲ။ ဘဝကို မင်း ဆက်ကနိုင်တယ် မဟုတ်လား''

ကိုမြို့သား၏လက်ကို အဏ္ဏဝါ ဆွဲထားလေသည်။ ရူးရူ သော မျက်လုံးများစွာရှိသည့် ဤမြို့၌ အဏ္ဏဝါက ဘယ်လိုသတ္တိမျိုး ဆက်နေသွားရမှာလဲ။ မထားခဲ့ပါနဲ့၊ အဏ္ဏဝါ့ကို ကူညီပါဟု တောင်း န်သည့်အကြည့်လေးများ။

''ကျွန်မကို အဲဒီထမင်းဆိုင်မှာ အလုပ်ပြောပေးမယ်ဆိုရင် န်းကန်ဆေး၊ စားပွဲသိမ်းပါ လုပ်ပါ့မယ်''

အဏ္ဏဝါ့စကားကို ကြည့်ရှုနားဆင်နေသူများက သဘော ပေါက်ကြလိမ့်မည်မဟုတ်ပေ။

သို့သော် ကိုမြို့သားတော့ ကောင်းစွာ နားလည်နေလိမ့်မည် ဖြစ်၏။

ကိုမြို့သားသည် အဏ္ဏဝါ့ထံ လက်ကမ်းသဖြင့် အဏ္ဏဝါ ာလည်း ကိုမြို့သား၏လက်ကိုဆွဲပြီး ကိုမြို့သားနောက်မှ ခပ်ရှိရှိ ိုက်ပါခဲ့လေသည်။

သေလိုက် အိအိခင်။ ငါ့ကြောင့် နင်နဲ့ကိုမြို့သားတို့ ရေစက်



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ပြီပဲ။ နှင် ငါ့ကို သေအောင်မနာလိုဖြစ်လိုက်စမ်းပါ။ သေအောင်မုန်းလိုက်စမ်းပါ။ တစ်နေ့နေ့တော့ အဲဒီအမုန်းပင်က ဘယ်လော အဆိပ်ပြင်းသလဲဆိုတာ နှင်သိအောင် ငါ သင်ကြားပေးမယ်။

ကျောခိုင်းလာသော အဏ္ဏဝါ့ကျောပြင်တွင် ဆူးချက်၊ ဒ ချက်တွေများစွာ။

✱



## အခန်း (၁၅)

မန္တလေးမြို့ကြီးပေါ် ယောင်လည်လည်ရောက်လာသော အဏ္ဏဝါသည် ကိုမြို့သား ကိုဇော်ဝင်းကသာပင် အားကိုးရာဖြစ်၏။

ကိုဇော်ဝင်းသည် တောင့်တင်းသောမိသားစုအသိုင်းအဝိုင်းမှ ဆင်းသက်လာသူဖြစ်၏။ ထို့ကြောင့် အဏ္ဏဝါကို ကောင်းမွန်သော ညှို့ရိပ်သာ၌ ခေတ္တခဏတည်းခိုစေသည်။ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် လိုက်လာသော အဏ္ဏဝါအတွက် အဝတ်အစားများ ဝယ်ပေးသည်။ အမေပေးတဲ့အမွေဆိုလို့ ယခုချိန်တွင် မှတ်ပုံတင်တစ်ခုသာ ချမ်းသာတော့၏။ မစားဖူးတာတွေ စားရပြီး မနေဖူးသောနေရာတွင် နေရ၍ အဏ္ဏဝါ အပျော်ကြီးပျော်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆယ်ရက်ခန့်ကြာသောအခါ ကိုဇော်ဝင်းကို အားနာ စိတ်များ ဖြစ်လာ၏။ နေရသည်ကိုလည်း ပျင်းလာသည်။ မွေးကတည်းက အလုပ်နှင့်လက် မပြတ်ခဲ့သူမို့ ငြိမ်နေရသောအခါ တစ်ခုခုလိုနေ သလိုခံစားရသည်။

တောက်ပြောင်သော အဝတ်အစားကြောင့် ချပ်ရပ်သော ကိုယ်လုံးလေးမှာ အထင်းသားပေါ်လာသလို အလုပ်နဲ့ဝေးလာသော အခါ မည်းတူးသော လက်သည်းခွံမှာ နီရဲစပြုလာသည်။ အဆီပြန်နေ သော မျက်နှာမှာ ဖြူဝင်းစပြုလာခဲ့သည်။

ဒါကို အဏ္ဏဝါ ကျေနပ်သော် လည်း အလုပ်လုပ်ချင်မိသည်။ တစ်ပါးသူရဲ့ပိုက်ဆံကို အခန့်သား ထိုင်ဖြုန်းရသည်ကိုလည်း လိပ်ပြာ မလုံချင်လာတော့ပေ။ ထို့ကြောင့် ကိုဇော်ဝင်းအား အလုပ်သွင်းပေးရန် သတိပေးခဲ့သည်။

သို့သော် ကိုဇော်ဝင်းက အလုပ်ဝင်လျှင် တောက်လျှောက် လုပ်ရတော့မည်ဖြစ်၍ အားနေတဲ့အချိန်လေးမှာ အေးအေးဆေးဆေး နားရန်ပြောသဖြင့် ထပ်ပြောဖို့ ဝန်လေးမိပြန်သည်။

သို့သော် တစ်နေ့တွင် ကိုဇော်ဝင်းက အဏ္ဏဝါ့ကို ပွဲတစ်ခုသွား ရန် ခေါ်လေသည်။ အဏ္ဏဝါ ကြောက်မိသည်။ ပွဲဆိုသည့်အရာမျိုးကို လူအများကြီးနှင့် အသံပလံတွေ ဆူညံနေမည်ဟု အဏ္ဏဝါ ထင်ခဲ့သည်။

အဏ္ဏဝါ ပျော်ပါသည်။ ရွာတွင် ဇာတ်ပွဲရောက်ပါက ဆိုင်မှာ ...ည်လွှန်း၍ ပွဲတက်မျက်နှာမလှည့်နိုင်ခဲ့ပါ။ ထို့ကြောင့် ပွဲဆိုသော ...ရာမျိုးထံ အဏ္ဏဝါ သွားချင်လှ၏။

ကိုဇော်ဝင်းသည် အဏ္ဏဝါ့အား ပွဲသွားရန် အဝတ်အစားသစ် ...ယ်ပေးသည်။ ပြီးနောက် အလှပြင်ဆိုင်သို့ခေါ်သွားကာ အဏ္ဏဝါ့ ...က်နှာကို ခြယ်မှုန်းပေးသည်။

တစ်သက်လုံးတွင် တစ်ကြိမ်မျှ အလှပြင်ဆိုင်တွင် သူများ ...ပြင်အဆင်မခံခဲ့ရဖူးသူမို့ အနေခက်မိတာအမှန်ပါ။ သို့သော် လှချင် ...န်းသူမို့ အလှပြင်ရခြင်းကို နှစ်သက်မိ၏။ အလှပြင်ခံနေရင်းပင် ...ပြင်ပြီးပါက မိမိဘယ်လောက်ထိ လှသွားမလဲဟု စိတ်ကူးဖြင့် ...မျိုးမျိုးပုံဖော်မိခဲ့သည်။

တကယ်တမ်း အလှပြင်ပြီးသွားသောအခါ မိမိသည် စိတ်ကူး ...ထက် ပို၍ လှသွားသောအခါ စိတ်သည် မိုးပေါ်ပျံတက်သွား ...ည်ဟု ထင်ရလေသည်။

ပြုံးနေသော နုတ်ခမ်းနှစ်လွှာကို မစေ့နိုင်တော့ချေ။

"မျက်နှာကို အမြဲတမ်း ရှုကိုက်ပါ။ ညီမမျက်နှာက အဆီတွေ ...နေတော့ မိတ်ကပ်သိပ်မစွဲဘူး။ ဒါပေမဲ့ အစ်မတို့ အကောင်းဆုံး ...စားထားပါတယ်၊ သဘောကျရဲ့လား"

"ယုံတောင် မယုံနိုင်တော့ပါဘူး အစ်မရယ်"

"နဂိုရှိလို့ပါ။ လှတဲ့မျက်နှာကို လှအောင်မနေတတ်လို့ ခုလို







www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာပါ''

''ကျွန်မ ဒီလိုမျိုး အမြဲပြင်ချင်ရင် ဘယ်လိုလုပ်ရမလဲဟင်''

ဟုဆိုသောအခါ ထိုအမျိုးသမီးက အထွာဝါ့ထံ အိတ်...

လေးတစ်လုံး ထိုးပေးသည်။

''ဒီထဲမှာ အလှပြင်ပစ္စည်းတွေပါတယ်။ ကိုဇော်ဝင်းက ...

နိုင်းထားတာပါ။ ညီမလေး သုံးတတ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်''

အပျော်ကြီး ပျော်သွားမိလေသည်။

ထိုအိတ်ကို ရင်ခွင်ပိုက်ကာ အလှပြင်ခန်းထဲမှ ထွက်ခဲ့သော...

အခါ ကိုဇော်ဝင်းကို အခန်းဝ၌ အဆင်သင့်တွေ့ရလေသည်။ မိမိအ...

ကို ကိုဇော်ဝင်း မြင်ပါက ငေးမောသွားလိမ့်မည်ဟုထင်သော်လည်း...

မိမိအထင်က တက်တက်ဆင်လွဲသွားခဲ့ပါသည်။

ကိုဇော်ဝင်းသည် မိမိကို သာမန်ကာလျှံကာသာ ကြည့်ပြီး...

''အိုကေ ... သွားမယ်''

ဟု လေးလုံးသာ ဆိုလေသည်။

ကိုဇော်ဝင်းသည် ခါတိုင်းလို ဆိုင်ကယ်နှင့်မဟုတ်ဘဲ ကား...

တံခါးဖွင့်ကာ တက်ဟူသောသဘောနှင့် ခေါင်းညိတ်ပြသဖြင့် အထွာ...

မှာ ပဟေဠိများစွာ ဖြစ်ရလေသည်။

သို့သော် ထိုသို့ကားအကောင်းစားမျိုး မစီးဖူးသဖြင့် အထွာ...

သည် ထိုကားပေါ်သို့ ရွှေ့ခနဲတက်လေသည်။





ဆိုဖာအိအိပေါ်ကျသွားသော အထွာဝါ့တင်ပါးတစ်ခြမ်းသည်

...င်း၏နူးညံ့မှုကို ခံစားရလေ၏။

နှစ်သက်မိသည်။ ကိုဇော်ဝင်းသည် အထွာဝါ့အတွက် နတ်

...ားတစ်ပါး ဖြစ်လေသည်။ ကယ်တင်ရှင်လည်း ဖြစ်၏။ ကိုဇော်ဝင်းနှင့်

...ွေ့ခြင်းမှာ အထွာဝါ့ဘဝ တစ်ဆစ်ချိုး ပြောင်းလဲခြင်း ဖြစ်ပေရော့၏။

''ကိုဇော်ဝင်း ... ကျွန်မတို့ ဘာပွဲသွားနေကြတာလဲဟင်''

''ရောက်တော့ သိမှာပေါ့''

ကိုဇော်ဝင်း၏မျက်နှာသည် ခါတိုင်းနဲ့မတူအောင် သုန်မှုန်နေ

...ာအမှန်ပါ။ အထွာဝါ့အတွက် ငွေတွေအများကြီးကုန်သွားလို့များလား။

...ဖြစ်ပါ၊ အထွာဝါ အလုပ်လုပ်မှဖြစ်တော့မည်။ ကိုဇော်ဝင်း စိတ်ရွှင်နေ

...အချိန်ကို စောင့်ပြီး အလုပ်သွင်းပေးဖို့ တောင်းဆိုရမည်ဟု ရင်ထဲ

...တ်သားမိသည်။

ကိုဇော်ဝင်းသည် အထွာဝါ့အား ခမ်းနားသော အဆောက်

...ဦးထဲ ခေါ်လာခဲ့သည်။

အထွာဝါမှာ မြေကြီးပေါ် ခြေထောက်ချဖို့ပင် မဝံ့ရဲတော့ချေ။

...ချေ။

အထွာဝါသိသောပွဲမှာ ထိုသို့နေရာမျိုးမဟုတ်ချေ။ လူသံတွေ

...ညံပြီး အသံချဲ့စက်သံ ခပ်စူးစူးကြားရ၏။ ယခုမူကား တိတ်ဆိတ်၍

...နေလသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းလေ၊ ဘာလုပ်နေတာလဲ"

"ဟုတ်"

ခမ်းနားသောအဆောက်အဦကို မော့ကြည့်မိ၏။ ဒါ ဘယ် နေရာမျိုးလဲ။ ဆိုင်းဘုတ်ကြီးတစ်ခုကို တွေ့ရသည်။ သို့သော် အင်္ဂ လိုရေးထား၍ ဘာမှန်း အဏ္ဏဝါ နားမလည်ချေ။ ထွက်ပေါက် ပေါက်နှင့် ကားရပ်ရာနေရာအချို့တွင် တူညီဝတ်စုံနှင့် ဝန်ထမ်းမျာ တွေ့ရလေသည်။

ဒါ . . . ဘယ်လိုနေရာမျိုးလဲ။

ဇဝေဇဝါဖြင့် ဟိုဟိုဒီဒီကြည့်နေဆဲမှာပင်၊ အဏ္ဏဝါ့လို ဝ စားကောင်းလှဖြင့် ရောက်လာသူအချို့ကို တွေ့ရလေသောအခ အဏ္ဏဝါ အသက်ရှူချောင်သွားလေသည်။

တကယ်ပဲ ပွဲရှိနေတာကိုး။ သူတို့လိုသူဌေးတွေရဲ့ပွဲက ဒီ လှတဲ့ အဆောက်အဦထဲမှာတဲ့လားဟု မပွင့်တစ်ပွင့်တွေးကာ ကြ ပြုံးမိသေး၏။ သူဌေးပွဲကို တက်ဖူးတော့မှာမို့ ပျော်မိသည်။

ကိုဇော်ဝင်းဆွဲခေါ်ရာနောက်သို့ ပါလာပြီးနောက်ဆုံး၌ ခန်း ကြီးထဲသို့ ရောက်လာ၏။

အင်္ဂလိပ်ဂီတသံကို တိုးတိုးလေးကြားနေရ၏။ လူအချို အရက်ခွက်ကိုယ်စီကိုင်ကာ စကားဝိုင်းဖွဲ့ ပြောနေကြသည်ကို အဏ္ဏ သတိပြုမိလေသည်။





မြင်ကွင်းကြောင့် အဏ္ဏဝါမှာ အသက်ရှူဖို့ပင် မေ့နေလေ သော၏။

နိုင်ငံခြားကားတွေထဲမှာ ပါတီဆိုသောပုံစံမျိုး ဖြစ်လေသည်။ ကယ်ပဲ အဏ္ဏဝါက အထက်တန်းလွှာအသိုင်းအဝိုင်းထဲ ရောက်လာ ပြီပေါ့။

ကိုဇော်ဝင်းသည် အဏ္ဏဝါ့အား သူ့လက်ကို ချိတ်ရန် ပြော ဖြင့် အဏ္ဏဝါသည် ရှက်ရှက်နှင့်ပင် ကိုဇော်ဝင်း၏လက်ကို ချိတ်ထား လေသည်။

ခံစားချက်တော့ တစ်မျိုးကြီးဖြစ်လေ၏။ ရည်းစားလည်း ဟုတ်ဘဲ ယောကျ်ားတစ်ယောက်၏ လက်မောင်းကိုချိတ်ထားရသဖြင့် သဲ ကတုန်ကရင်ဖြစ်ရလေသည်။

ကိုဇော်ဝင်းသည် အဏ္ဏဝါ့အား ယောကျ်ားသုံးယောက် ကားပြောနေသော ဝိုင်းသို့ ခေါ်လာလေသည်။

"နေကောင်းတယ်နော် ကိုမြင့်သိန်း"

ကိုဇော်ဝင်းနှင့် ရင်းနှီးပုံရသော ကိုမြင့်သိန်းဆိုသူမှာ အသက် ဆယ်ကျော်ခန့်ရှိပြီဟု အဏ္ဏဝါ ခန့်မှန်းမိသည်။

"ကောင်းပါတယ်ဗျာ၊ ကောင်းပါ့။ ဪ . . . ဒါနဲ့ သူလေးက ဇော်ဝင်းပြောနေတဲ့ မိန်းကလေးလား"

ကိုဇော်ဝင်းက ခေါင်းညိတ်ပြသောအခါ အဏ္ဏဝါ့ရင်ထဲ ပျော်



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ဖြစ်သွားရလေသည်။ ဘာအဓိပ္ပာယ်လဲ။ ကိုဇော်ဝင်းက ဘာ
အဏ္ဏဝါမသိတဲ့လူဆီမှာ အဏ္ဏဝါ့အကြောင်းကို ပြောပြရတာလဲ
သေသေချာချာ ပြန်တွေးကြည့်လျှင် အဏ္ဏဝါနှင့် ကိုဇော်ဝင်းတို့ပ
သက်မှုသည် ပြောရမှာ ခက်သည်။ သမီးရည်းစားလည်း မဟုတ်
ကိုဇော်ဝင်းက အဏ္ဏဝါ့ကို ချစ်နေသည့် အရိပ်အယောင်မျ
တစ်ကြိမ်တစ်ခါမျှ မပြဖူးချေ။ သွေးသားလည်း မတော်စပ်ပေ။ မိ
ဆွေဟု ဆိုရအောင်လည်း ကိုဇော်ဝင်းနှင့် အဏ္ဏဝါက ထင်သလော
လည်း မရင်းနှီးပါ။

အဏ္ဏဝါ ဒုက္ခဖြစ်နေ၍ ကိုဇော်ဝင်းက ကယ်တင်ထားသည်
အဏ္ဏဝါ့ကိုစောင့်ရှောက်ထားသည်၊ ကူညီထားသည်၊ ထမင်းကျွ
သည်၊ နေစရာပေးသည်၊ အဝတ်အစားဝယ်ပေးသည်။ ကိုဇော်ဝင်း
ကျေးဇူးက များလွန်း၍ အားနာသည်။ ထိုကျေးဇူးကို ဘယ်လိုဆပ်
မှန်းပင်မသိတော့ပေ။ လှသူတော်ကောင်းကြီးမို့ အိပ်ရာဝင်တိုင်း စိတ်
ဖြင့် ရည်မှန်းကာ ကန်တော့ပြီးမှအိပ်သည်။

ပထမတော့ ခုလိုကူညီနေသည်မှာ အဏ္ဏဝါ့ကို ချစ်လို့လား
လိုရာဆွဲတွေးခဲ့ဖူးသည်။ သို့သော် ကြာလာသည်နှင့်အမျှ အဏ္ဏ
အပေါ် စောင့်ရှောက်သူ ခေါင်းစဉ်မှ မသွေဖီသောကိုဇော်ဝင်းကြော
အဏ္ဏဝါရင်ထဲ ပဟေဠိဖြစ်ခဲ့သည်မှာအမှန်။

ဘာလို့ ကိုဇော်ဝင်းက အဏ္ဏဝါ့ကို ကူညီခဲ့တာလဲ။ သနား





သား။ သနားလို့ဆိုသည့် အဏ္ဏဝါ့ကို တသွေးတစ်မွေးထားဖို့ မလို
ပြောခဲ့သောထမင်းဆိုင်၌ အလုပ်သွင်းပေးလျှင် ပြီးတဲ့ကိစ္စကို။
ကြောင့်လဲ။

"နာမည်က အဏ္ဏဝါတဲ့၊ အဏ္ဏဝါ . . . ဒါ ကိုမြင့်သိန်း"

ဟု ကိုဇော်ဝင်းက မိတ်ဆက်ပေးသောအခါ ကိုမြင့်သိန်း
သည် အဏ္ဏဝါ့လက်ကို ခပ်ဖွဖွဆွဲကိုင်ပြီး ပြုံးပြလေသည်။ ထိုအပြုံး
သည် ချိုသာသော်လည်း နောက်ကွယ်၌ ရမ္မက်ကိုမြင်ရ၍ အသည်း
ခနဲ ခံစားရသည်။

"ကဲ အဏ္ဏဝါ . . . မင်း ဒီမှာခဏနေခဲ့ဦးနော်"

ဟုဆိုသဖြင့် အဏ္ဏဝါမှာ ကြောင်တောင်တောင် ကျန်နေရစ်
သည်။ ကိုဇော်ဝင်းကတော့ အခြားယောကျ်ားသားများနှင့် ဝိုင်းဖွဲ့ကာ
ားပြောနေလေ၏။

ပါတီပွဲဆိုတာမှန်သော်လည်း ထိုပါတီသည် ဘာခေါင်းစဉ်
်း အဏ္ဏဝါမသိပေ။ ဘေးဘီဝဲယာ အကဲခတ်လိုက်သောအခါ
ရောင်ဖိတ်ဖိတ်လက်နေသော အမျိုးသမီးအချို့ကို တွေ့ရလေ
သည်။ အမြင်နှင့်ပင် အဆင့်အတန်းရှိမှန်းသိသာလှတာမို့ အဏ္ဏဝါမှာ
ရိုးထိုင်ရင်းပင် အားငယ်လာသလို အနေကျုံ့သွားလေ၏။

မိမိသည် ပညာလည်း မတတ်ပေ။ ရုပ်လည်း ဆိုသလောက်
ပေ။ ယခုလို ဝတ်စားပြင်ဆင်၍ အရောင်ထွက်နေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အဏ္ဏဝါ အစစ်အမှန်က ဒီပုံမဟုတ်ဘူးဆိုတာ မိမိကိုယ်မိမိသာ အသိ ဆုံးဖြစ်သည်။ ထိုသို့ မိန်းကလေးက ရွှေမှုန်စားပြီး ရွှေလင်ပန်း အချင်းခေါ်ကြသည်။ ထိုအသိုင်းအဝိုင်းမှ မတ်တတ်နေရမှာလား ငုတ်တုတ်ထိုင်ရမှာလား။ ပန်းအိုးနောက်ကွယ်၌ ပုန်းခိုနေရမှာလား

ရောက်တတ်ရာရာ ဖြစ်နေပေမယ့် တကူကူမြည်နေသော ဗိုက်ကြောင့် အများနည်းတူပင် ပန်းကန်ပြားတစ်ချပ်ကို ခပ်တည်တည် နှင့် ဆွဲယူကာ လှပသောမုန့်များကို ယူထည့်သည်။ ထိုစဉ် အဏ္ဏ ရှေ့မှ အမျိုးသမီးသည် အဏ္ဏဝါ့ကို ခေါင်းစခြေဆုံးကြည့်လေသည်

"မင်းက ကိုဇော်ဝင်းနောက်မှာပါလာတဲ့တစ်ယောက် မဟုတ် လား"

"ဟုတ် . . . ဟုတ်ကဲ့ပါရှင့်၊ ဟုတ်ပါတယ်"

မိမိကို သတိထားမိသူ ပေါ်လာပြီမို့ အားတက်သရော ပြော သည်။

"အသက်ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ကိုးနှစ်ပြည့်ပြီးပါပြီ။ မကြာခင် နှစ်ဆယ်ပြည့်တော့မှာ ပါ"

"ဟုတ်၊ မဟုတ်တော့မသိဘူး။ တို့သတင်းကြားထားတာမှာ တော့ သတိထားနေပေါ့"

"ရှင်"





"ကိုဇော်ဝင်းနဲ့ အမျိုးတော့ မတော်ပါဘူးနော်"

"ဟင့်အင်း . . . မတော်ပါဘူး"

"ထင်တော့ ထင်သားပဲ"

လေယူလေသိမ်းနှင့် မျက်လုံးအကြည့်တွေကြောင့် ရင်ထဲမှာ ဆို့သွားလေသည်။ ဘာအဓိပ္ပာယ်လဲ။ ဘာကိုသတိထားနေရမှာလဲ။ ထိုစဉ် အဏ္ဏဝါ့ဘေး၌ ကိုဇော်ဝင်း ရောက်လာသည်။

"ကဲ အဏ္ဏဝါ . . . ကိုယ်တို့သွားရအောင်"

ဟုဆိုသဖြင့် အဏ္ဏဝါမှာ ဘုမသိ ဘမသိပင် ကိုဇော်ဝင်း၏ နောက်သို့ပါလာရသည်။

ကိုဇော်ဝင်းသည် အဏ္ဏဝါ့ကို ကားတစ်စီးပေါ်တက်စေ၏။ အဏ္ဏဝါတို့အလာတုန်းက စီးလာသောကားနဲ့မတူတော့သည်မှာ အမှန် ။ ကိုဇော်ဝင်းမှာ ကားများစွာရှိနေတာလား။ သို့သော် အဏ္ဏဝါ ကားထဲသို့ရောက်သောအခါ အဏ္ဏဝါ့ကို စိုက်ကြည့်နေသော မျက်လုံး ကြောင့် –

"ဟင် . . . ဦးမြင့်သိန်း"

"အဏ္ဏဝါ မင်း ဒီနေ့ ကိုမြင့်သိန်းနောက် လိုက်သွား။ ဟုတ် ။ မနက်တော့ ကိုယ် မင်းကို ပြန်လာခေါ်ပါ့မယ်"

"ရှင်"

အဏ္ဏဝါ့အာမေဍိတ်သံ မဆုံးသေးခင်မှာပင် ကားမှန်မှာ



www.burmeseclassic.com

www.burmeseclassic.com



လျှောခနဲ ပိတ်သွား၏။

အဏ္ဏဝါ အားငယ်သလို ခံစားရသည်။ ဦးမြင့်သိန်းထံ မဝံ့မ ကြည့်ပြီးနောက် တံခါးရွက်နှင့် အနီးဆုံးသို့ရွှေ့ပြီး ထိုင်လေသည်။

"မကြောက်ပါနဲ့ ကလေးရယ်။ ဦးက ကလေးကို ကိုက်မစား ပါဘူး။ လာပါ ဦးအနားကို"

ကားရှေ့တွင် ဒရိုင်ဘာရှိနေသဖြင့် အဏ္ဏဝါသည် ဦးမြင့်သိန်း စကားကို ရှက်လည်း ရှက်သည်။ ဦးမြင့်သိန်း၏လေယူလေသိမ်း နာဘူးတစ်ယောက်၏ချွဲပျစ်သံမျိုးရှိနေ၍ အဏ္ဏဝါကြောက်မိသည် မိမိကိုယ်မိမိ မလုံခြုံတော့သလိုလည်း ခံစားရသည်။

"ဦး ... ကျွန်မ ဒီမှာပဲဆင်းနေလို့ မရဘူးလား"

"ဘာလို့လဲ"

"ဟိုလေ ... ဟို"

"မရဘူး ကလေး။ ဦးက ကိုဇော်ဝင်းကို ငွေတစ်ဝက်ချေလိုက် ပြီ"

"ရှင်"

"ဒီညတော့ ဦး မင်းကလေးနဲ့ ပျော်ပါးမယ်။ တကယ် မင်းကလေးကို နှစ်သက်ရင် မင်းကလေး အပိုကြေးရမယ်။ ဒါ နှစ်သက်ရင် မင်းကလေးကို ဦးရဲ့အနားမှာ ခေါ်ထားမယ်။ မင်းကလေ ရဲ့ပြုစုယုယမှုအပေါ်မှာ ဦးရဲ့စိတ်တွေ ပြောင်းလဲသွားမှာပဲ ဟုတ်လား"





အဏ္ဏဝါ့မျက်ရည်တစ်စက်သည် လက်ဖမိုးပေါ် ကြွေဆင်း ရလေသည်။

ရက်စက်လိုက်တာ၊ လုပ်ရက်လိုက်တာ။ အဏ္ဏဝါတော့ ယုံ က်ရတာ၊ ရက်စက်လိုက်တာ။

ထိုညက ပန်းတစ်ပွင့်ဘဝ ကြွေခဲ့သည်ကို ကမ္ဘာကြီးက နေလိမ့်မည် ဖြစ်သည်။

✱



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဘဝရှုံးရသည့်အဖြစ်မှ တွယ်တာရသူ၏ရင်ခွင်ထဲ၌ ဝမ်း
တနည်း ငိုကြွေးမိသည်။

မိမိ၏အပျိုစင်ဘဝကို ချစ်တဲ့သူထံ ပေးအပ်လိုခဲ့ကြော
အဏ္ဏဝါက ရင်ဖွင့်ပြောသောအခါ သူကလည်း အဏ္ဏဝါ့ကို ချစ်လ
နဲ့ ဆန္ဒကို မျိုသိပ်ခဲ့ရကြောင်း ပြောလေတော့ အဏ္ဏဝါ ပို၍ရင်
သည်။

အကယ်၍ သူက အဏ္ဏဝါ့ကို ထိုသို့လုပ်ရက်သည့်
အဏ္ဏဝါ့ဘဝကို သူ့လက်ထဲသာ ကြွေခံစေချင်မိသည်။ ခုတော့
ကြောင့်လဲဟု အဏ္ဏဝါက သူ့ကို အကြိမ်ကြိမ်မေးသောအခါ





လိုချင်လို့ဟု သူက ရိုးရှင်းစွာ ဖြေလေ၏။ သူ့စကားက ရိုးရှင်းလှ
သော်လည်း အဏ္ဏဝါ့ရင်ထဲ နင့်သည်းစွာ ခံစားလိုက်ရသည်။

ငွေတဲ့လား။ သူလိုချင်တာက ငွေတဲ့လား။

ဒါဆို အဏ္ဏဝါ့ကို သူ စောင့်ရှောက်ခဲ့တာက ငွေကြောင့်ပေါ့။
ရည်စိမ်ကိန်းဆွဲပြီး အဏ္ဏဝါ့ကိုယ်ပေါ် တန်ဆာတွေဆင်ပေးခဲ့တာ
ပေါ့။ ငွေကြောင့်ပေါ့။

ထိုတစ်ခဏအတွင်းပင် အဏ္ဏဝါသည် လောကတွင် ကူ
ယ်ရာမဲ့ ဖြစ်သွားရပြန်သည်။

ဘယ်သူ့ကို ယုံကြည်ရမှာလဲ။ ဘယ်သူ့ကိုအားကိုးရမှာလဲ။
လောကမှာ မိမိယုံကြည်ရမယ့်လူက တစ်ဦးတစ်လေမျှ မရှိပါ။ မိမိ
ပေါ် စေတနာရှိသူလည်း တစ်ဦးမျှမရှိပါ။

ဒါနဲ့များ လောကကြီး၌ ဘယ်လိုအဓိပ္ပာယ်ဖြင့် အဏ္ဏဝါ
သက်ရှင်ခဲ့ပါလိမ့်။ အဏ္ဏဝါ့ဖြစ်တည်မှုက ဘာပါလိမ့်။

"အရမ်းလည်း ဝမ်းနည်းမသွားပါနဲ့ အဏ္ဏဝါ။ မင်း ကောင်း
သရွေ့ ကိုယ် မင်းအနားမှာ အမြဲရှိနေမှာပါ"

နှစ်သိမ့်စကားမဟုတ်သည့် အလျော့်အစားစကားလုံး ဖြစ်
ည်း ထိုစကား၌ မေတ္တာတရားတို့ ပျောက်ဆုံးနေရလေသည်။

ရွာမှာတုန်းက အများသူငါရှေ့တွင် အဏ္ဏဝါ့ဘက်မှ ရဲရဲကြီး
ရပ်တည်ခဲ့တဲ့ ကိုဇော်ဝင်းက ဘယ်ဆီရောက်သွားပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို အဲဒီလိုမျက်လုံးနဲ့ မကြည့်နဲ့အဏ္ဏဝါ။ ကိုယ် အဲ
အကြည့်တွေကို မကြိုက်ဘူး။ ကိုယ့်ဆီက မင်းလိုချင်တာ ဘာမှ
ကိုယ် သိတယ်။ ဒီညတော့ ကိုယ်နဲ့မင်း ပျော်ပါးကြတာပေါ့။ ကိုမြင့်သိန်း
ကတော့ မင်းအပေါ် ချိုးမွမ်းခန်းဖွင့်သွားတာပဲ။ ကိုယ်လည်း မင်း
ချိုးမွမ်းချင်သေးတယ်"

တဆတ်ဆတ်တုန်နေသော အဏ္ဏဝါ့နှလုံးသား သွေးစ
ရှင်ရှင် ယိုစီးနေပေသည်။ ဆိုးလိုက်တဲ့ဘဝ။ ကျားကြောက်လို့ ရှင်ကြီး
ကိုးပါမှ ကိုးတဲ့ရှင်ကြီးက ကျားထက်ဆိုးနေပေသည်။

"လောကမှာ ပေးထားတာမရှိတဲ့ ဘာမှပြန်မရဘူး။ အဏ္ဏ
မင်းအပေါ် ကိုယ်က သူ့ရဲကောင်းဝင်လုပ်ပေးခဲ့တယ်။ မင်းရဲ့လက်
ဘယ်သူမှ မကမ်းချင်ကြတဲ့အချိန်မှာ မင်းကို ကိုယ် ဆွဲထူခဲ့တယ်
ဟုတ်တယ်နော်"

မျက်ခမ်းစပ်မှ မျက်ရည်တို့သည် အလုံးအရင်းလိုက် စီး
လာကုန်၏။ ရှိုက်သံမထွက်သလို အသက်ရှူဖို့လည်း မေ့လျော့
နေပါပြီ။

"ကိုယ်သာမကယ်ခဲ့ရင် ခုနေချိန် မင်း ကိုယ့်ကိုယ်ကို အ
စီရင်ချင်စီရင်မယ်၊ ဒါမှမဟုတ် ထောင်ထဲရောက်ရင်ရောက်နေမယ်
ဒါမှမဟုတ် ဟိုလူယုတ်မာရဲ့မိန်းမ ဖြစ်ချင်ဖြစ်နေမယ်။ ကဲ . . . ခု
ကိုယ်နဲ့တွေ့ပြီး ဒီလိုဟိုတယ်ခန်းမှာ သာသာနားနားနေရတယ်။ ဒီ





ရာ အိအိစက်စက်မှာ ဖိမ်နဲ့ နေရတယ်။ မစားဘူးတာတွေ စားရ
ယ်၊ မဝတ်ဖူးတာတွေ ဝတ်ရတယ်။ ကိုမြင့်သိန်းဆိုတာ နယ်နယ်
လူမဟုတ်ဘူးနော်။ ရတနာကုန်သည်။ ထိပ်တန်းသူဌေးတစ်ဦး။
သာ သူ့ကိုအပိုင်ကိုင်နိုင်ရင် ကိုယ်လည်း ဘဝပြောင်းသွားနိုင်သလို
လည်း အခြေအနေကောင်းသွားမှာပဲ။ အတွေးမမှားနဲ့ ကလေး။
ရလည်း ခဏပဲ။ ဒီနေ့ယောကျ်ားတစ်ယောက်နဲ့ အိပ်လိုက်တာက
က်တစ်လနေရင် အဲဒီကိစ္စကို မင်းမေ့သွားမှာပဲ။ မမေ့နိုင်လည်း
သွားအောင် ကိုယ်ကူညီနိုင်တယ်"

ကျောက်ရုပ်လို တောင့်တင်းနေသော အဏ္ဏဝါ့ကို သူက
ဖက်လေသည်။

သူ့ကို အဏ္ဏဝါမုန်းမိသည်။ သို့သော် သူ့စကားကလည်း
မှားတစ်ခုမှမပါချေ။ ထို့ကြောင့် ဖြစ်ချင်ရာဖြစ်တော့ဟု စိတ်ကို
လျော့ချလိုက်မိသည်။

ထိုသို့ စိတ်ကိုလွှတ်ချလိုက်တော့မှ အသက်ကိုမှန်မှန်ရှူလာ
င်တော့သည်။

စိတ်လျော့လိုက်သောရလဒ်သည် အဏ္ဏဝါက ကိုဖော်ဝင်း၏
စ်သူမကျ၊ မိန်းမ မရောက်ဘဝသို့ ကူးပြောင်းသွားလေတော့၏။

ကိုဖော်ဝင်း သွားဆိုသွား၊ လာဆိုလာ၊ ဘဝနှင့်မန္တလေး
စ်ခွင် ခြေဆန့်ခွင့်ရသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ဖြစ်ပြီး တွယ်တာလွန်း၍တော့ မဟုတ်ပေမယ့်
အဏ္ဏဝါ့အတွက် ကိုဇော်ဝင်းက တစ်ဦးတည်းသော အသိအကျွမ်း
မဟုတ်ပါလား။

ကိုဇော်ဝင်းကို လိုအပ်သေး၍ ချော့ပေါင်းနေရသော်လည်း
မုန်းတီးစိတ်က ရင်ထဲ အလုံးလိုက် အရင်းလိုက် ကိန်းအောင်းနေ
မိမိဘဝကို ဖျက်ဆီးသောလူ၊ မိမိကို လိမ်ညာသောသူ၊ မိမိကို ဖန်
ပြီး ငွေရှာသောလူ၊ မိမိကိုရောင်းစားသောလူ အစရှိသဖြင့် ခေါင်းစဉ်
အမျိုးမျိုးအောက်တွင် အမုန်းသည် ကြီးထွားပြီးရင်း ကြီးထွား၍
နေလေတော့သည်။

အခွင့်အရေးသာရပြီး ကံကြမ္မာကသာ မျက်နှာသာပေးမယ်
ဆိုလျှင် ကိုဇော်ဝင်းကို လက်စားချေချင်မိသည်။

ကိုဇော်ဝင်းသည် လောက၌ အသက်ရှင်သင့်သူ မဟုတ်ပေ
ကိုဇော်ဝင်း ရှင်သန်နေခြင်းသည် အဏ္ဏဝါတွေများစွာ ပေါ်ထွက်လာ
နိုင်ခြင်း၏ လမ်းစဖြစ်သည်။

သူဌေးသားယောင်ယောင် အပျော်တမ်း ခတ်ပုံသမား
ယောင်ယောင်ဖြင့် မိန်းမကျွမ်းကျင်လှစွာ မိန်းကလေးတွေအနား
ချဉ်းကပ်ပြီး ဘဝပေါင်းများစွာကို ဖျက်ဆီးသူတစ်ဦးမှန်း အဏ္ဏဝါ
သိနေခဲ့ရပါပြီ။

ကိုဇော်ဝင်းသည် သရုပ်ဆောင်ပညာကို တစ်ဖက်ကမ်းခတ်





...တ်သူဖြစ်၍ ချဉ်းကပ်ပုံမှာ လိမ္မာပါးနပ်လှသည်။

ဘယ်လိုမိန်းမကို ဘယ်လိုစကားပြောရမယ်။ ဘယ်လို
...နှာထားနဲ့ ဆက်ဆံရမယ်ဆိုတာ ကိုဇော်ဝင်း ကောင်းစွာသိ၏။
...သို့ ကိုဇော်ဝင်း၏စရိုက်ကို အလုံးစုံသိသွားသော အဏ္ဏဝါသည်
...ည်း တဖြည်းဖြည်း လူရည်လည်လာပြီဟု ဆိုရပေလိမ့်မည်။

ကိုဇော်ဝင်းအနားတွင်နေပါက လိုင်းမိန်းကလေးဖြစ်တော့
...ကို ရိပ်မိနေ၍ ဦးမြင့်သိန်းဆီ ဒုတိယအကြိမ် ပြန်ရောက်သွားခဲ့
...င် မာယာပေါင်းတစ်ထောင်ဖြင့် ဦးမြင့်သိန်း၏စိတ်ကို ချုပ်ကိုင်ထား
...သည်။

အဏ္ဏဝါ့လုပ်ရပ် အောင်မြင်သည့်နောက်ပိုင်းတွင် ကိုဇော်
...သည် အဏ္ဏဝါ့ကြောင့် ဦးမြင့်သိန်းထံမှ အချိုကြီး ပွသွား၏။ သို့
... ... လူယုတ်မာပီပီ အဏ္ဏဝါ့ကို ရွှေတစ်မတ်သားပင် စွန့်ကြဲ
...ချေ။

ထို့ကြောင့် ကိုဇော်ဝင်းသည် အဏ္ဏဝါ့ဘဝထဲ မှတ်တမ်းမည်း
...ဖြစ်ပြီး ကျန်ထားခဲ့သည်။

အငြိုးအမျက်ရလာသောအခါ အဏ္ဏဝါသည် ပို၍ မာယာ
...တတ်လာသည်။

ထို့ကြောင့် မယားများသော ဦးမြင့်သိန်း၏လက်စွဲတော်မယား
...ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်သိန်း သွားလေရာပါသည်။ ထို့ကြောင့် . . . နိုင်ငံ
တိုင်းပြည် တော်တော်များများ ရောက်ဖူးလာသလို ကျော်
ရတနာအကြောင်းလည်း နားလည်လာသည်။

သို့သော် ဘဝအတွေ့အကြုံအရ ဦးမြင့်သိန်းကို အ
မယုံတော့ပေ။ ကယ်တင်ရှင်၊ ထွက်ပေါက်တစ်ခုဟုလည်း ယုံ
မထားပေ။

အဏ္ဏဝါကလည်း မိမိ၏လိုအပ်ချက်ကြောင့် ဦးမြင့်
အပါး ရှိနေသလို ဦးမြင့်သိန်းကလည်း အဏ္ဏဝါကို လိုအပ်နေ
အနားမှာရှိ ခွင့်ပြုနေသည်ဟုထင်သည်။

ကာစီနိုကိုခုံမင်သော ဦးမြင့်သိန်းကြောင့် အဏ္ဏဝါ
နာမည်ကြီးကာစီနိုများကိုပင် ဝင်ဆံ့လာ၏။ အဏ္ဏဝါ ပါလာ
နိုင်ပွဲများသာ ကြုံတွေ့ရတတ်၍ ကာစီနိုလောကတွင် အဏ္ဏဝါ
လပ်ကီးဂဲလ်အဖြစ် နာမည်ကြီးလာသည်။

ထိုအချိန်များသည် အဏ္ဏဝါ့အတွက် လက်ဖျားငွေ
ကာလများ ဖြစ်လေ၏။

သို့သော် ဘဝသင်ခန်းစာနှင့် ပြည့်စုံသော အဏ္ဏဝါ
သတိရှိရှိပင် ရှယ်ယာများ ဝယ်စုခဲ့လေသည်။

တစ်နေ့တွင် ဦးမြင့်သိန်းသည် ကာစီနိုရုံးကာ အ
သူပိုင်ပစ္စည်းအဖြစ် လောင်းကစားရုံ၌ ထည့်လောင်းလေသည်





အဏ္ဏဝါသည် မျက်နှာကြောတင်းတင်းပင် ရဲရင့်ချင်ယောင်
ဆောင်ထားရသော်လည်း မိမိကို တန်ဖိုးမထားရက်လေခြင်းဟု ရင်ထဲ
နာကျင်ကျင်ခံစားခဲ့ရသည်။

ဘဝကိုလည်း နာကြည်းမိသည်။ အခြေအနေအရ သူ
ပါးအနီး၌ ကပ်ပါးကောင်လိုနေနေရပေမယ့် အဏ္ဏဝါ့စိတ်သည်
ခင်သာဖြစ်လိုသည်။

ထိုသို့ စိတ်နေမြင့်သူကို လောင်းကစားဝိုင်း၌ လောင်းကြေး
ခြင်းကို နှလုံးသားထဲ အနက်ရှိုင်းဆုံးမှတ်သားခဲ့မိသည်။

အဏ္ဏဝါ့မှတ်တမ်းတွင် လူတစ်ယောက်ထပ်တိုးလာပြီ ဖြစ်၏။

ထိုကစားဝိုင်း၏ရလဒ်သည် အဏ္ဏဝါနှင့် ဦးမြင့်သိန်းတို့
မ်းပြင်ပြင် ဖြစ်သွားကြခြင်းဖြစ်သည်။

အဏ္ဏဝါသည် ဖိလစ်ပိုင်နိုင်ငံသား ဂျဒ်ဆင်လက်ထဲ အပျော်
သားအဖြစ် နှစ်နှစ်မျှနေခဲ့ရသည်။

ထိုအချိန်၌ ဦးနော်မာကို အဏ္ဏဝါ စသိခဲ့ခြင်းဖြစ်၏။ ဂုဏ်
ရှိ လူကြီးမင်းနာမည်ခံ ဦးနော်မာသည် ကိုဖော်ဝင်းလို ကြောင်ပါး
ဦးဖြစ်၏။

အဖူးအညွန့်လေးကိုမှ ခြွေစားချင်သူဖြစ်သည်။ မိမိစား၍
ဆိုပါက ကောင်မလေးများကို နိုင်ငံခြားသို့ ပို့ပစ်တတ်သည်။

ဦးနော်မာကြောင့် အပျိုစင်တွေ ဘယ်လောက်တောင် ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ပျက်ခဲ့ရပြီလဲ။

မြန်မာပြည်တွင် ဟိုတယ်လုပ်ငန်းလုပ်သော ဦးနော်မာ
ဖိလစ်ပိုင်မှ ခရီးသွားလုပ်ငန်းပိုင်ရှင် ဂျဒ်ဆင်တို့က ရင်းနှီးကြသည်
ထိုအခါ မြန်မာမြေတွင် ခြေချချင်သော အဏ္ဏဝါသည် ဦးနော်မာ
ရင်းနှီးအောင် ပေါင်းပြီး ဦးနော်မာ၏ အကူအညီဖြင့် မြန်မာပြည်
ဝင်လာပြန်သည်။

အဏ္ဏဝါ တွေ့ဖူးသမျှသော ယောက်ျားများထဲတွင် ဂျဒ်
သည်သာ အပြေပြစ်ဆုံးယောက်ျားဖြစ်၏။ အဏ္ဏဝါ့အပေါ် အကြင်
ဆုံးလည်းဖြစ်သည်။

ဂျဒ်ဆင်၏အကူအညီဖြင့် မြန်မာပြည်ထဲ အဏ္ဏဝါ လုပ်
လုပ်ကိုင်နိုင်ခဲ့သည်။

ဦးနော်မာရှေ့တွင် ပြုံးနေသောအဏ္ဏဝါသည် ရင်ထဲ၌
ကြိတ်နေခဲ့၏။

ဦးနော်မာသည် အဏ္ဏဝါ့ကို စီးပွားရေးအရ အတိုက်အခံ
သည်မှာ အကြိမ်ကြိမ်ဖြစ်သည်။

သို့သော် ဂျဒ်ဆင်နောက်ခံအရှိန်ကြောင့် မိုက်နေသော
အဏ္ဏဝါသည် ဦးနော်မာကို ဆုတ်ယုတ်မှုဖြစ်ပေါ်စေခဲ့သည်။ ထို
မစားရတဲ့အမဲ သဲနဲ့ပက်သော ဦးနော်မာသည် အဏ္ဏဝါ့နောက်ကြော
ကို လှန်လေတော့၏။





အလုပ်တွေအရှိန်ရစပြုလာသော အဏ္ဏဝါသည် လုပ်ငန်းခွင်
ခါမည်ပျက်ခြင်းများစွာ ကြုံရပြီး နောက်ဆုံး၌ ဖိလစ်ပိုင်သို့သာ
ပြေးသွားခဲ့ရလေသည်။

ဦးနော်မာသည် အဏ္ဏဝါ့ရင်ထဲ မြားတစ်စင်း ထိုးစိုက်လိုက်
သည်။

သမီးပျိုများကြောင့် ဦးနော်မာကို သတ်ချင်သော အဏ္ဏဝါ့
သည် အငြိုးကြောင့် ပို၍ ကြီးထွားလာလေသည်။

ဘဝတွင် ဒဏ်ချက်များပြည့်နေသော အဏ္ဏဝါသည် ခက်ခဲ
သောဘဝများကို ကြမ်းတမ်းစွာပင် ကြုံကြုံခဲ့ကျော်ဖြတ်ပြီးသောအခါ
ဘော့တင်နိုင်မသော မိန်းမတစ်ဦးဖြစ်လာလေသည်။ အဏ္ဏဝါမှာ
ရှိပြီ ငွေရှိပြီ။ အဏ္ဏဝါ လုပ်စရာတစ်ခုသာရှိတော့သည်။ လက်စား
ချေရန် ဖြစ်၏။ မရှိသင့်တော့တဲ့သူတွေကို လောကကြီးထဲမှ ထုတ်
ပစ်ရန် ဖြစ်သည်။

ပေဖြစ်တုန်း ခံခဲ့သလို တူဖြစ်ပြီဆိုတော့လည်း ထုရန်အတွက်
အဏ္ဏဝါ့ရင်ထဲ အာဃာတတရားတွေ ပြည့်နှက်နေပြီဖြစ်၏။

သို့သော် လက်နက်လိုပေသည်။ အဏ္ဏဝါ၏လျှို့ဝှက်
လက်နက်ကို အဏ္ဏဝါ စိတ်ရှည်စွာ ရှာဖွေခဲ့ရသည်။ မိမိကျွမ်းကျင်
သောကိစ္စကို ကျွမ်းကျင်သူလက်ထဲ ထိုးအပ်လေသောအခါ ရှုသည်
အဏ္ဏဝါ၏ကိုယ်ပွား ဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဏ္ဏဝါသည် ရှုံ့ကိုမယုံပါ။ ရှုကို မဆိုထားနှင့် မိမိကိုယ်မိမိလည်း မယုံပါ။

ဘဝက သင်ခန်းစာပေးလိုက်၍ ယုံကြည်မှုကို ယုံတမ်းစကားဟု အစိုပ္ပာယ်ဖွင့်သော အဏ္ဏဝါသည်။

✱



## အခန်း (၁၇)

အတိတ်ကို ပြန်တွေးမိသောအခါ အဟောင်းတွေက အသစ်အသစ်ဖြစ်လာ၍ ဘယ်ဘက်ရင်အုံမှ စူးနစ်နာကျင်လာလေသည်။ ဆက်ရှုပါ ကျုပ်လာသောကြောင့် မိသားစုဆရာဝန်ဖြစ်သည့် ကိုသူရိန်ကိုခေါ်ကာ စမ်းသပ်ခိုင်းရလေသည်။

ကိုသူရိန်က ဒေါ်အဏ္ဏဝါအား စိတ်လျှော့ဖို့ပြောသော်လည်း အတိတ်ဆိုးများနှင့် အဏ္ဏဝါသည် စိတ်တစ်ခုကိုသာ အားပြုပြီး ဆက်ရှင်နေရ၏။ ကိုသူရိန်ပြောသလိုသာ ဒေါ်အဏ္ဏဝါက မာန်ချလိုက်ပါလျှင် ယခုနေချိန် ဒေါ်အဏ္ဏဝါဆိုတာလည်း မရှိနိုင်ပါ။ ဒေါ်အဏ္ဏဝါသည် စိတ်ဆောင်၍ နပျိုနေသောအမျိုးသမီးဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းများစွာ ဘဝခရီးကြမ်းကို နှင်လာသူမို့ နှလုံးသား
အက်ကွဲကြောင်းရာတွေ ဗရပွနှင့်မလှပတော့တာ ယခုဆိုလျှ
လောကမှာ အရှင်မထားသင့်တော့သည့် ကိုဇော်ဝင်း၊ ကိုမြင့်သိ
ဦးနော်မာတို့ကိုလည်း ငရဲသို့ ပို့လိုက်ပြီဖြစ်၏။ လက်စလက်နမကျ
စေရန် ကျွမ်းကျင်သည့် ရှုကိုလည်း ငှားရမ်းထားပြီးဖြစ်သည်။

ရှုသည် အလုပ်လုပ်တာ သေသပ်ပြီး စနစ်ကျသည်။ အ
ပတ်လာမည့်ဗိုး၍ မိမိကို မေ့လောက်ပြီဖြစ်သော ထိုလူသုံးယောက်
သို့ ရုပ်လုံးမထွက်ပြခဲ့ပါ။ ရှုကိုသာ လွှတ်ပြီး နောက်ကွယ်မှကြိုးကို
ချယ်လှယ်ခြင်းသာဖြစ်၏။

ရှုသည် အင်မတန်လှသောမိန်းကလေးဖြစ်သည်။ သို့သေ
အပြုံးအရယ်မရှိသောမျက်နှာကြောင့် မှင်တေတေကြီးဖြစ်နေသည်
အမှန်ပါ။ ရှု၏အေးစက်မှုကို အဏ္ဏဝါပင် တစ်ခါတစ်ခါ လန့်မိပါသည်

ရှု၏အကြည့်များသည် စူးရှလှသည်။ ရှုစိုက်ကြည့်နေပြီ
အဏ္ဏဝါကိုယ်၌က မလုံမလဲဖြစ်မိ၏။ ရှု၏ကိုယ်ရေးအချက်အလက်အ
ရှုသည် မြန်မာလူမျိုးတစ်ဦး ဖြစ်ပေသည်။

သို့သော် ရှုနှင့်အဏ္ဏဝါသည် အမေရိက၌ ဆုံခဲ့ကြခြင်း ဖြ
သည်။

နာမည်က ရှု၊ အရပ်က ငါးပေရှစ်။ အသတ်အပုတ် ကျွမ်း
ကျင်တယ်။ ဘာသာစကား ငါးမျိုးတတ်တယ်။ မြန်မာလူမျိုး ဖြစ်





သို့ လက်ရှိတွင် အမေရိကန်နိုင်ငံသားဖြစ်သည်ဆိုတာမှလွဲ၍ ရှု
အကြောင်း ဒါ့ထက်ပိုမသိပေ။

သို့သော် အဏ္ဏဝါသည် ရှုကို ခင်မင်မိသည်။ ပြုံးရွှင်ရယ်မော
သူတစ်ဦးထက် ရှုနှင့်နေရသည်မှာ ပို၍ သက်သောင့်သက်သာ
ဖြစ်သည်။

ရှုကိုမြင်ရလျှင် မိမိကိုယ်မိမိ မြင်ရသလို ခံစားရသည်။ ဘဝ
မှာ ဘယ်လောက်ထိ ဆိုးဝါးတဲ့ဒုက္ခတွေ ခံခဲ့ရလို့ ခုလို မရယ်နိုင်
ပြုံးနိုင်ဖြစ်ရသလဲဆိုတာက စိတ်ဝင်စားစရာကောင်းနေတော့သည်။

ဒီနေ့တော့ အိပ်ရာပေါ် လဲလျောင်းအနားယူနေရသော
အဏ္ဏဝါသည် ရှုကို သတိရလာ၍ အိမ်ကိုလာရန် ဆင့်ခေါ်ရပြန်သည်။

သိပ်မကြာခင်မှာပင် ရှုသည် အေးစက်စက်မျက်နှာနှင့်
အဏ္ဏဝါ့ထံ ရောက်လာ၏။ အဏ္ဏဝါသည် လူရည်လည်သူဖြစ်၏။
သို့သော် ရှုကိုမူ မခန့်မှန်းတတ်ချေ။ ရှုစိတ်ထဲ ဘာတွေရှိနေသလဲ၊
ဘာတွေးနေသလဲဆိုတာ ဝေခွဲမတတ်ပါ။

"ဘာအကြောင်းရှိလို့လဲ သူဌေး"

"လူသေမှုဖြစ်တယ်"

"ဘယ်မှာလဲ"

"ကိုယ်ဖွင့်လိုက်တဲ့ ဟိုတယ်ရဲ့မျက်နှာစာကားပါ့ခ်မှာ"

နဖူးကြောတွန့်သွားသော ရှုမျက်နှာကြောင့် ရှု အံ့အားသင့်



www.burmeseclassic.com

www.burmeseclassic.com



သွားမှန်း အဏ္ဏဝါ ရိပ်မိလေသည်။

"မုဒိမ်းမှုနဲ့ အသက်ဆယ့်ငါးနှစ်အရွယ် ကလေးမလေး သေ
သွားတယ်"

အဏ္ဏဝါ့စကားကြောင့် ရှုံ့တွန့်ရှုံ့ရှုံ့သောမျက်လုံးမှာ ပို၍ နက်
မှောင်လာလေသည်။ ရှုမှာ ဘယ်လိုဒဏ်ချက်တွေ ရှိခဲ့တာလဲ။ သက်
ငယ်မုဒိမ်းမှုဟုပြောတိုင်း ရှုက ဘာလို့ မျက်နှာထားပိုတင်းသွားရတာ
လဲ။

"တရားခံကို ရဲတွေ ဖမ်းထားတယ်။ သူက ကျူရှင်ဆရာ
တစ်ဦးပဲ။ မိုးသားမှောင်လို့ ခေါ်တယ်။ အသက်က သုံးဆယ်ငါးနှစ်
အမေနဲ့နှစ်ယောက်နေတယ်။ လူပျိုကြီး"

"သူက သေဖို့ထိုက်တန်တဲ့လူလား"

အဏ္ဏဝါ ခေါင်းယမ်းပြလေသည်။

"ကျူရှင်က ကလေးတွေ ထွက်ဆိုထားတာကတော့ တရား
နဲ့ သေဆုံးသူတို့မှာ ရင်းနှီးတဲ့ဆက်ဆံရေး ရှိခဲ့ကြတယ်တဲ့။ အတန်း
ကိုတောင် အတူလာတဲ့ကိစ္စမျိုး ရှိခဲ့တယ်။ သေဆုံးသူ အတန်းမတက်
ရင် တရားခံက စိတ်မပျော်သလိုတွေ ဖြစ်ခဲ့တယ်။ ဒါက အသက်
မပြည့်သေးသူတွေရဲ့ထွက်ဆိုချက်ပါ။ ဒါက ဟုတ်,မဟုတ် ကာယက
ရှင်တွေပဲ သိလိမ့်မယ်"

"ကျွန်မက ဘာလုပ်ရမှာလဲ"





"သူ့အပေါင်းအသင်းတွေတော့ အံ့ဩနေတယ်။ တရားခံက
ဒီလိုလုပ်လောက်တဲ့လူမျိုးမဟုတ်ဘူးလို့ ပြောကြတယ်။ အဲဒီလို
ကိစ္စကိုလည်း စိတ်မဝင်စားဘူးတဲ့"

"တဲ့ဆိုတဲ့စကားက မသေချာဘူးဆိုတဲ့ အနေအထားမှာ
ရှိတယ်"

"မှန်တယ်၊ မသေချာဘူး။ ဒါပေမဲ့ သေချာတာတစ်ခုက
မိုးသားမှောင်ဟာ တရားခံအစစ်မဟုတ်ဘူး"

တောက်ပနေသော ရှုမျက်လုံးများ ရုတ်ခနဲ ငြိမ်ကျသွားသည်။
အဏ္ဏဝါက မသေချာတဲ့ကိစ္စကို အပိုင်မပြောတတ်မှန်း ရှု ကောင်း
သိသည်။

"တို့ စိုးရိမ်တာက မိုးသားမှောင်ကိုမဟုတ်ဘူး။ တရားခံ
အစစ် လွတ်သွားမှာကိုပဲ။ ဒီလိုလူမျိုးက သေသင့်တဲ့လူလေ"

"ဦးနေလလိုလူမျိုးပေါ့"

"နိုး နိုး . . . လွဲနေပြီ။ ဦးနေလကိုသတ်တာက ရည်ရွယ်
ချက် ရှိတယ်။ အကျင့်ပျက်သူဌေးတွေ အကြောင်းမဲ့သေနေခြင်းက
သူဌေးတွေကို ပဟေဠိပေးလိုက်တာပဲ။ အဲဒီအဖြေကိုရှာမိတဲ့ သူတို့က
အကျင့်ပျက်ရဲကြတော့မှာ မဟုတ်ဘူး။ များများသတ်ဖို့ မလိုပါဘူး။
နှစ်သုံးယောက်လောက် သေပြလိုက်ရင် အဲဒီအကျင့်ပျက်မှုတွေ
ပြီးနားသွားမှာပါ။ ခုပဲကြည့်လေ။ ရလဒ်က ဘယ်လောက်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားလဲ။ လူထုကြားမှာ လူသတ်သမားက နာမည်ကြီးနေပြီလေ၊ သူတို့က အာဏာပိုင်တွေလုပ်တယ် ထင်နေကြတယ်။ ကစားပွဲက သိပ်အရသာ ရှိတာ''

''ကျွန်မကို ညွှန်ကြားပါ သူဌေး''

''တို့ ဟိုတယ်က နေစပြီး စုံစမ်းရမှာပဲ။ လူသေမှုဖြစ်တဲ့အခန်း အတိုင်းအတာလေးပဲ ကွက်ပြီး ဗီဒီယိုဖိုင်ပျောက်နေတယ်။ ဒီလိုကိစ္စ မျိုးဆိုတာ အာဏာကိုသုံးပြီး လုပ်လို့ အမှန်ကို သိလာစရာအကြောင်း မရှိဘူး''

''ကျွန်မ နားလည်ပါပြီ၊ ကျွန်မ ဘယ်တော့လောက် အလုပ် ဝင်ရမလဲ''

''မနက်ဖြန်''

''ကျွန်မ ပြင်ဆင်ထားလိုက်ပါ့မယ်''

ဟုဆိုကာ နှုတ်ဆက်ပြီးထွက်သွားသော ရှုကျောပြင်ကို အဏ္ဏဝါ ငေးကြည့်နေဖြစ်သည်။

''ဒေါက် ဒေါက်''

''ဝင်လာပါ''

ရှုထွက်သွားပြီးသည်နှင့်တစ်ပြိုင်နက် အတွင်းရေးမှူးမာယာက ကျော့မော့သော ခြေလှမ်းတို့ဖြင့် ဝင်လာပြန်သည်။ ပြီးနောက် ဖိုင်အချို့ကို အဏ္ဏဝါထံ လှမ်းပေး၏။





''သူဌေး စုံစမ်းနိုင်းတဲ့ကိစ္စတွေပါ''

ဖိုင်တွဲကို လှမ်းယူလိုက်သော လက်များသည် တုန်ယင်၍ နေသည်။ သိချင်၍ စုံစမ်းနိုင်းပြီးကာမှ သိရမှာကြောက်နေမိသည်။ ...သောအတိတ်မှန်သော်ငြား ထိုခါးသက်ခြင်းက နှလုံးသားထဲ စွဲလမ်း နေမိ၏။ သိချင်နေသော်လည်း သိရမှာကြောက်နေမိသည်။ ဝေဒနာ ...တွက အပေါင်းမှအသစ်ဖြစ်လာမှာစိုးသည်။

သို့သော် လက်စားချေ သင့်တဲ့လူကိုတော့ လက်စားချေမှ ...ဖြစ်လိမ့်မည်။

အကယ်၍ . . . လက်စားမချေခဲ့ပါလျှင် ယခုနေချိန် သေမယ် ...လျှင်ပင် အသေမဖြောင့်ပေ။ အနှစ်နှစ်ဆယ်နီးပါး ကြာခဲ့ပြီဖြစ်သော် ...သည်း စွဲလမ်းနေသော ဒဏ်ချက်သည် ယခုချိန်ထိ နာနေဆဲဖြစ်သည်။

အရက်နံ့စူးစူးကို ရှူမိတိုင်း ကိုလှတင့်မျက်နှာ၊ အိအိခင် ...မျက်နှာနှင့် ဒေါ်ချက်ဆုံမျက်နှာက လတ်လတ်ဆတ်ဆတ် ပေါ်လာမြဲ ဖြစ်သည်။

ဖိုင်တွဲကို လှန်ကြည့်ချင်သော်လည်း တုန်ယင်နေသော ...လက်များကို ထိန်းချုပ်မရနိုင်၍ စိတ်ကို တည်ငြိမ်အောင် စုစည်းမိ သည်။

''ဒေါ်ပွင့်ကတော့ လွန်ခဲ့တဲ့ဝါတွင်းမှာပဲ ရာသက်ပန်သီလရှင် ...ဝတ်သွားပါပြီ''



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးကြားရသောစကားမှာ မယုံနိုင်စွာ အံ့အားသင့်

သည်။ အဏ္ဏဝါ ရွာမှထွက်လာခဲ့စဉ်က အရွယ်ကောင်းသောအ

သည် နောက်အိမ်ထောင်မပြုဘူးလား။

နာကြည်းသော်လည်း လောက၌ တစ်ဦးတည်းသောဆွေမျိုး

မို့ သတိရသည်။ မိမိရင်နာခဲ့ရသလို အမေ့ရင်ဘတ်ကိုလည်း ဒဏ်ရာ

တွေထည့်ပေးချင်မိသည်။ ဘဝအတွက် အုတ်မြစ်ခိုင်မာအောင် တည်

ဆောက်နေရ၍ အချိန်တွေကြာသွားခဲ့ရသည်။ ခုတော့ သီလရှင်ဝတ်

ဝတ်လိုက်ပြီတဲ့လား။

"သီလရှင်မဝတ်ခင်ကတော့ အိမ်ထောင်ရှိတယ်။ အရက်

သမားလို့ ပြောပါတယ်။ အဲဒီအိမ်ထောင်နဲ့ သားတစ်ယောက် ရှိတယ်

သားကလည်း ထောင်ကျသွားလို့ စိတ်ဓာတ်တွေကျပြီး သီလရှင်ဝတ်

တယ်လို့ ပြောပါတယ်။ သားက ခုနေချိန် အသက်ဆယ့်ငါးနှစ်လော

ရှိပါပြီ"

"ထောင်ကျတယ် ဟုတ်လား"

"ဟုတ်ကဲ့ . . . နှစ်နှစ်ရှိပါပြီ။ လူရိုက်မှုနဲ့တဲ့။ ဒီလထဲမှာ

လွတ်မယ်လို့ ပြောပါတယ်"

"အဲဒီသတင်းကို အတိအကျ စုံစမ်းခဲ့ပါ။ အဲဒီကောင်လေး

ကြောင်း အသေးစိတ် သိချင်တယ်"

"ဟုတ်ကဲ့ သူဌေး"





ဟုဆိုကာ မာလာက စာအုပ်ပေါ်တွင် ရေးမှတ်ပြန်သည်။

အဏ္ဏဝါ နှုတ်ခမ်းတွန့်ရုံ ပြုံးမိသည်။ အဖေပေါင် အမေကွဲ မောင်နှမရဲ့ ကျရှုံးခြင်းအပေါ် ကျေနပ်အားရသလို ခံစားရသည်။ မှတ်ပြီလား အမေ။

ကျွန်မကတော့ အသက်ဆယ့်လေးနှစ်နဲ့ ကျောင်းထွက်ပြီး အမေ့ကို ကျွန်လုပ်ကျွေးခဲ့တယ်။ အခုတော့ အမေ့သားက ဆယ့်သုံးနှစ်နဲ့ ထောင်ကျသတဲ့လား။ အမေ ဒုက္ခတွေမှ တော်တော်ခံခဲ့ရရဲ့လား။

"ဒေါ်ချက်ဆုံတို့သားအမိကတော့ ရွာကနေပြောင်းသွားတာ ဆယ့်ခြောက်နှစ်လောက်ရှိပြီလို့ ပြောပါတယ်။ အိမ်ရောပါ ရောင်းသွားကြတယ်တဲ့"

"ဘယ်ကိုပြောင်းသွားတာလဲ"

"အိအိခင်ရဲ့ခင်ပွန်းအိမ်လို့ ပြောပါတယ်။ မန္တလေးတဲ့"

"လိပ်စာကရော"

"အဲဒီလိပ်စာမှာ စုံစမ်းတော့ အိအိခင်ရဲ့ခင်ပွန်း ဆုံးသွားပြီး အိအိခင်က နောက်အိမ်ထောင်ပြုသွားတယ်လို့ ပြောပါတယ်။ ရန်ကုန်မှာလို့တော့ သတင်းရပါတယ် သူဌေး"

ဒေါ်အဏ္ဏဝါ ပြုံးမိသည်။ တူပါတယ်လို့ထင်ခဲ့တာ တကယ်ပဲ ဖြစ်နေတာကိုး။ ဒေါ်ချက်ဆုံက သူတောင်းစားဘဝ ဘယ်လိုရောက်သွားပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"တိုက်တိုက်ဆိုင်ဆိုင်ပဲ သူဌေး၊ ကိုလှတင့်ကတော့ အ
သူဌေးရဲ့ဟိုတယ်မှာ ညစောင့်လုပ်နေပါတယ်"

"ဘာ"

ရင်ထဲ စူးခနဲ နာကျင်သွား၏။

တစ်ချိန်က မိမိဘဝကို စုတ်ပြတ်အောင်လုပ်ခဲ့သူကို မိမိ
အရိပ်ခိုခွင့်ပေးထားသည်တဲ့လား။

"ဟိုလေ ... သူဌေး ... ဟို သူဌေးသဘောမကျ
ခုချက်ချင်း ဖြုတ်လိုက်ပါ့မယ်"

ဟု မာလာက ထိတ်ထိတ်လန့်လန့်ဆိုသောအခါ အလု
သမားကို အပြစ်မဲ့မထုတ်ဘူးဆိုတဲ့ မူဝါဒကို ကျင့်သုံးခဲ့သော မိ
စည်းမျဉ်းကို ပြန်လည်သုံးသပ်မိပြန်သည်။

ရင်ထဲ မွန်းကျပ်လာ၏။ ထို့ကြောင့် မျက်လုံးကိုပိတ်ပြီး
အသက်မှန်မှန်ရှူလေသည်။

စိတ်ကို နှာဖျား၌ထားပြီး အငြိမ်းချမ်းဆုံးဖြစ်အောင် ငြိမ်နေ
လိုက်သည်။

ငါးမိနစ်မျှကြာသောအခါ နီနေသောမြင်ကွင်းအာရုံမှာ
ပြာသွားရာမှ တဖြည်းဖြည်း ဖြူလာ၏။

ထိုအခါ မှိတ်ထားသော ဒေါ်အဏ္ဏဝါ့မျက်လုံးများ ပြန်ပွင့်
သွားလေသည်။





"ဒီကိစ္စကို လောလောဆယ် ဒီအတိုင်းထားလိုက်ဦး။ ဒီနေ့
ယ်တွေသွားစရာရှိသလဲ"

"ဟိုတယ်မှာ မီတင်ရှိပါတယ် သူဌေး ညနေပိုင်းမှာ မင်္ဂလာ
စ်ခု သွားစရာရှိတယ်"

"မီတင်က လေးနာရီ မဟုတ်လား"

"ဟုတ်ကဲ့"

"ကားအဆင်သင့်ပြင်ထားနိုင်းလိုက်ပါ။ တို့ အပြင်သွားမယ်"

"ဟုတ်ကဲ့ သူဌေး"

"တို့ တစ်ယောက်တည်း သွားမှာနော်။ မာလာကတော့
ယ်မှာပဲ စောင့်လိုက်ပါ"

"ဟုတ်ကဲ့ သူဌေး"

"ဒါဆို သွားလို့ရပြီ"

မာလာသည် ခေါင်းကလေးငုံ့ကာ ထွက်သွားလေသည်။
ာ့ကို သဘောကျသည်။ အလုပ်လုပ်တာ ပိပိရိရိနှင့် စနစ်တကျ
ည့်မို့ ဒေါ်အဏ္ဏဝါသည် ကိစ္စတိုင်းကို အာရုံစိုက်စရာမလိုပေ။

မာလာသည် အတွင်းရေးမှူးဆိုသော်ငြား အချို့ကိစ္စများ
မာလာ့အား ပေးမသိချင်ပါ။ ထို့ကြောင့် တစ်ယောက်တည်း
များဖို့ မာလာ့ကို နှင်လိုက်ခြင်းဖြစ်သည်။

ပထမဆုံးအနေနှင့် သာမန်ဝတ်စုံများကို ဝတ်ဆင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မိုးသားမှောင်၏သတင်းကို မိုးသားမှောင်နေထိုင်သော ပတ်ဝန်း
တွင် စုံစမ်းရမည်ဖြစ်သည်။

မိုးသားမှောင်သည် တရားခံမဟုတ်မှန်း သိသော်လည်း
စရိုက်ကိုမူ မသိရသေးချေ။ ကျောင်းသားများ၏ ထွက်ဆိုချက်
တော့ မိုးသားမှောင်သည် ကျူညီထိုက်သူ မဟုတ်တူးဟု ယူဆရ

သို့သော် ... မိုးသားမှောင်ကိုသာ အားကိုးပြီးနေရ
သော အဒေါ်ကြီး၏မျက်လုံးများသည် မိုးသားမှောင်ဟာ ရိုး
တယ်လို့ သက်သေခံသလို ဖြစ်နေ၏။

အမှန်မှာ မိုးသားမှောင်ကိစ္စကို မဆီမဆိုင် ဝင်ရောက်စွ
ရလောက်တဲ့ထိ မအားလပ်ပေ။ သို့သော် စွက်ဖက်ချင်သည်
ချိုးနှိမ်လို့မရချေ။

မိုးသားမှောင်ကို ကူညီချင်တာထက် တရားခံအစစ်
သွားမှာကိုစိုး၍ ဖြစ်သည်။

ဒီကမ္ဘာတွင် ဒေါ်အဏ္ဏဝါ အမုန်းဆုံးကိစ္စမှာ မုဒိမ်းမှု
၏။ ထိုမုဒိမ်းမှုထဲမှာမှ အသက်မပြည့်သေးသူ ကလေးသူငယ်
ဆိုတာမျိုးကို အသည်းဆတ်ဆတ်တုန်သည်ထိ မုန်းတီးသည်

ဒုတိယမုန်းတီးမှုမှာ ယုတ်မာကောက်ကျစ်သူဖြစ်
လူတစ်ဖက်သားရဲ့ ပျော့ကွက်ကို ဖိနှင်းပြီး တက်လှမ်းချင်သူကို
မှစ၍ သုတ်သင်လိုစိတ်ရှိသည်။





အမုန်းသည် အတိတ်မှမြစ်ဖျားခံသည်ဟုဆိုကြသည်။
ချည်တစ်ခါ၊ သာချည်တစ်လှည့် ဖြစ်တတ်သော ကံကြမ္မာသည်
တော့ ဒေါ်အဏ္ဏဝါလက်ထဲ ရောက်နေပြီဖြစ်၏။ လုပ်ပိုင်ခွင့်နှင့်
အင်အားတို့ ကြွယ်ဝနေသော ဒေါ်အဏ္ဏဝါသည်။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဒေါက်ဖိနပ်သံတချပ်ချပ်သည် အုပ်ချုပ်ရေးရုံးခန်းဆက်

ဦးတည်နေလေ၏။

မှန်တံခါးနှစ်ချပ်က လျှောခနဲပွင့်သွားသောအခါ ကွန်ပျူ

ခလုတ်နှိပ်သံများက အဆက်မပြတ် ထွက်ပေါ်လာလေသည်။

သို့သော် ... တစ်စုံတစ်ယောက်က လက်ခုတ်တီးလိုက်

သောအခါ ကွန်ပျူတာနှိပ်သံများ ရုတ်တရက် ငြိမ်ကျသွားလေသည်

ငြိမ်ကျသွားပြီး ခဏအကြာတွင် အခန်းထဲမှလူအားလုံး မတ်တတ်

လာကြသည်။ ထိုတစ်ခဏလေးကို ရှု ကောင်းစွာအကဲခတ်မိပြီး

လေသည်။





"အားလုံးကို မိတ်ဆက်ပေးပါ့မယ်။ ဒါက ရှုတဲ့။ ဝန်ထမ်း

စ်ပဲ။ ဒီဌာနမှာ အလုပ်လုပ်လိမ့်မယ်"

မာလာ့စကားအဆုံးတွင် အကြည့်များသည် ရှုထံ စုပြုံ

က်ရှိလာလေသည်။

ရှုသည် မင်တေတေနှင့် အားလုံးကို တစ်ယောက်ချင်းစီ

ည့်လေ၏။ ရှု၏မျက်လုံးသည် သားကောင်ရှာနေသော စွန်ရဲ တစ်

ာင်နှင့်တူလှသည်။

"ရှု လိုအပ်တာကို ကူညီပေးကြပါ မိုးမိုး"

"ဟုတ်ကဲ့ မမ"

"ရှုကို နေရာချပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့"

"ရှု လိုအပ်တာရှိရင် မိုးမိုးကို ပြောပါ။ သူ အားလုံးပြေလည်

ာင် ညှိပေးလိမ့်မယ်"

ရှုသည် မာလာ့အား ကျေးဇူးတင်စကားပင် မပြောတော့ပါ

မိမိအတွက် ပြင်ဆင်ထားပုံရသော စားပွဲတွင် ဝင်ထိုင်လိုက်လေ

ည်။

မာလာ ကြိုရှင်းပြထားမှုကြောင့် မိမိသည် နိုင်ငံခြားမှလာ

ာဧည့်သည်ဆေးများကို ဘာသာပြန်ပေးရမည်ဟု သိရသည်။ ကိုယ့်အလုပ်

ကိုယ်အကောင်းဆုံးလုပ်လျှင် ဘာပြဿနာမှဖြစ်နေဖို့ မလိုဘူးဟု



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ထားသော ရှုသည် မည်သူ့ကိုမှ ဟန်ဆောင်ပန်ဆောင် နှုတ်မဆက်ချေ။ ဒါကို မိုးမိုးဆိုသူ အမျိုးသမီးက သိပ်ကျေလည်ပုံမရပါ။

သို့သော် ... ဌာနသို့ သူ့ဌေးရဲ့အတွင်းရေးမှူးကိုယ်တိုင်လိုက်ပို့သောဝန်ထမ်းမို့ မည်သူကမှ မကျေနပ်သည့်ပုံ မပြကြသော်လည်း ရင်ထဲ အသံတိတ် ကျိန်ဆဲကြမည်ကို ရှု မသိ၍မဟုတ်ပါ။ ဟန်လုပ်ပြီး ပြုံးပြရမယ့်အဖြစ်ကို မုန်း၍သာ ဖြစ်သည်။

ပြီးနောက် မိမိက ထိုအလုပ်တွင် နေရာမြဲပြီး ရာထူးရေလစာမြင့်ဖို့ ရည်ရွယ်ချက်မရှိချေ။ ကိစ္စရှိ၍ ခဏတာခိုအောင်းခြင်းသာဖြစ်၏။

ထို့ကြောင့် လက်ရှိအလုပ်ဆိုတာ ရှုအတွက် ဟန်ပြသာဖြစ်၏။ အကင်းပါးသော ရှုအကြည့်ကသာ ဝန်ထမ်းအားလုံးကို သံသယဖြင့် ကြည့်နေလေသည်။

ရှုမှာ ပါရမီထူးတစ်ခုရှိသည်။ မရိုးသားသောလူ၏ရန်ကို ခံနိုင်စွမ်းရှိ၏။ မျက်လုံးချင်းဆုံလိုက်သည်နှင့် တစ်ပြိုင်နက် ထိုလူသည် အပြစ်လုပ်ခဲ့ မလုပ်ခဲ့ကို ရှုစိတ်ထဲ အလိုလိုသိနေလေ၏။

ထို့ကြောင့် ရှုသည် မိမိ၏ပင်ကိုအရည်အချင်းကို အသုံးပြု၍ အားလုံး၏မျက်လုံးကို အကဲခတ်ဖို့ ကြိုးစားတော့၏။

ဝန်ထမ်းလစ်အရ အားလုံးကို ပုံနှင့်နာမည်တွဲပြီး စုစမ်းသော်လည်း မသင်္ကာစရာမရှိပေ။





ထို့ကြောင့် ဤဌာနသို့ အလုပ်ဝင်ခြင်းမှာ အချိန်ဖြုန်းရာများလေပြီလားဟု သံသယဝင်မိသည်။

သို့သော် အမှန်တရားက လွယ်လွယ်ပေါ်လေ့မရှိမှန်း အတွေ့အကြုံက သင်ပေးခဲ့ပြီးသားဖြစ်၏။ ခက်သည်က ဦးတည်ချက် ဖြစ်သည်။

ဤအမှုတွင် ဦးတည်ချက်က ပျောက်နေသည်။ ရော ... သူ ဒီလူကို ကိစ္စသည်းလိုက်ပါဟု အမိန့်ကျခဲ့လျှင် ထိုလူကို သတ်သင့်သတ်သင့် ရှု ဝေဖန်၍ရအောင် ပတ်ဝန်းကျင်၌ ထိုလူ၏အကျင့်စရိုက်ကို စုံစမ်း၍ ရနိုင်ပေသည်။

ယခုမှုကား မည်သူမည်ဝါမှန်းမသိပေ။ အပြစ်မဲ့သူတစ်ယောက် ထောင်ကျပြီး ဘဝကစဉ့်ကလျားဖြစ်မယ့်အရေးမှ လွတ်ရန် အပြစ်ရှိသူတစ်ဦးကို ဖော်ထုတ်ရမည့်အခြေအနေ ဖြစ်သည်။

အပြစ်မဲ့သူဟုဆိုရာတွင် အဲဒီလူက ရှုနှင့် ဘာဆိုင်လို့လဲဟု မေးစရာရှိသည်။ မဆိုင်တာကို လုပ်ရသည်က ရှု အလုပ်ဖြစ်၏။ နားလည်း ပါသည်၊ နှစ်လည်း နှစ်သက်သည်။ အလုပ်ကို မသေချာဘဲ မလုပ်တတ်သည့် ရှုက အချိန်တိုအတွင်းမှာပင် မိုးသားမှောင်အကြောင်း စုံစမ်းခဲ့သည်။

ဆယ်ကျော်သက်ကျောင်းသားအချို့က သေဆုံးသူနှင့် ဆရာဟု သမုတ်ချင်ကြသည်။ ဒါကို ရှု နားလည်သည်။ ဆယ်ကျော်သက်



www.burmeseclassic.com

www.burmeseclassic.com



များသည် ဝေဖန်ပိုင်းခြားနိုင်မှု အားနည်းကြသည်။ စွဲနေသောကိုယ့်
အခြေခံကာ မည်းမည်းမြင်ရာ မိန္တာထင်တတ်သည့်သဘောမှာရှိသည်
တို့ကြောင့် မိုးသားမှောင်သွားလာတတ်သော လက်ဖက်ရည်
ဆိုင်၌ စုံစမ်းခဲ့သည်။ ထိုအခါ ရိုးအသော မိုးသားမှောင်၏စိတ်အနေ
အနေကို သိခဲ့ရသည်။

မိုးသားမှောင်သည် အသက်သုံးဆယ့်ငါးနှစ်ရှိပြီး ရည်စား
သူ လူပျိုတစ်ဦးဖြစ်သည်။ အသက်နှစ်ဆယ်ကျော်ခန့်တွင် ချစ်သူ
ဖူးသော်လည်း သစ္စာဖောက်ခံရပြီး နောက်ထပ် ချစ်သူမထားတော့
မိခင်နှင့်အတူ မိသားစုဘဝမှာ အေးချမ်းစွာ နေထိုင်နေသူဖြစ်သည်
မကြာခဏဆိုသလို တရားရိပ်သာ၌ တရားအားထုတ်တ
ပြီး ပွဲလမ်းသဘင်ကို ရှောင်ရှားသူဖြစ်သည်။

ထိုသို့သော နေထိုင်မှုပုံစံမျိုးရှိသောလူသည် တပည့်မလေး
ကို မုဒိမ်းမှုကျူးလွန်လိမ့်မည်ဟု ရှု မထင်ချေ။ ပို၍ မထင်သည်
မဟုတ်ပါဘူး ကျွန်တော့်မှာ အဲဒီလို မှောက်မှားစိတ်မျိုး လုံးဝမရှိ
ဘူးဆိုတာမှလွဲ၍ အခြားသောဖြေရှင်းချက်မှ ထပ်မပေးသောတရား
ဖြစ်နေသည့်အတွက် ဖြစ်သည်။

မိုးသားမှောင်နှင့် မရင်းနှီး မသိကျွမ်းသော်လည်း စကား
မပြောသောလူမို့ ရှု ပို၍ယုံကြည်မိသည်။

အကယ်၍ ဒေါ်အဏ္ဏဝါမငှားလျှင်ပင် ထိုကိစ္စကို မိမိသဘော





နိုင်မိ စူးစမ်းဖို့ စဉ်းစားပြီးသားဖြစ်သည်။

မုဒိမ်းမှုကို မုန်းသော်လည်း ထိုအမှုကိုတော့ ရှု စိတ်ဝင်စားမိ
သည်။ ဤမျှငယ်ရွယ်သေးသောမိန်းကလေးကို ဘယ်လိုလူမျိုးက
နိုင်ကျင့်စော်ကားလိုက်တာလဲ။

ပြီးနောက် ဘာကိစ္စနဲ့ ဤသို့လို ခမ်းနားသော ဟိုတယ်ကြီးရှေ့
ထားထားရတာလဲ။ မိုးသားမှောင် ကရော ဘာလို့ အဲဒီနေရာကို
ချိန်ကိုက်ရောက်လာရတာလဲ။

မေးခွန်းတွေ တရစပ်ထွက်ပေါ်လာလေ၏။

ထို့ကြောင့် ညနေတော့ မိုးသားမှောင်၏နေအိမ်သို့ ဝင်မည်ဟု
စဉ်းစားလိုက်မိသည်။

"ရှု နေ့လယ်စာ မစားဘူးလား။ သွားရအောင်လေ"

ပါလာသောထမင်းချိုင့်လေးကိုယ်စီဖြင့် တန်းစီကာ ထွက်
သွားကြသော ဝန်ထမ်းများကို ရှုက တစ်ချက်ကြည့်ပြီး –

"ကျွန်မ မဆာသေးဘူး"

"ဒါဆို တို့တစ်တွေ သွားပြီနော်"

ဝတ္တရားကျေလေး ရှု ခေါင်းညိတ်ပြလိုက်သည်။

ဝန်ထမ်းတွေအားလုံး ထွက်သွားသောအခါ ရှုသည် နေရာမှ
ထရပ်ကာ စားပွဲတိုင်းရှိ ကွန်ပျူတာတိုင်းကို စစ်ဆေးလိုက်သည်။
ပြီးနောက် စီစီတီဗီခန်းထဲသို့ ဖွေ့ခနဲဝင်သည်။ ပြီးနောက် ဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



စာရင်းကို လှန်သည်။

ထိုစဉ် အခန်းထဲ တစ်စုံတစ်ယောက်ဝင်လာ၍ ရှုသည် လှ
မြန်စွာပင် တံခါးရှက်နောက်၌ ဝင်ပုန်းနေလိုက်သည်။

ထိုလူသည် ဆုံလည်ထိုင်ခုံတွင် ကျကျနနထိုင်ပြီး စခရင်ပေါ်
မှ နေရာများကို အနှံ့အပြားကြည့်နေလေသည်။ ထိုစဉ် ရှု သတိပြု
လိုက်မိသည်က လုံခြုံရေးဝန်ထမ်းတစ်ယောက် ဖြစ်လေသည်။

ထိုဝန်ထမ်းသည် ဘီအမ်ဒဗလျူကားကြီးပေါ်မှ ဆင်းလာပြီး
ဟိုဟိုဒီဒီကြည့်နေလေသည်။ ပြီးနောက် ဟန်မပျက်ပင် ကားပုံရိပ်၌
မယောင်မလည်ရပ်နေလေ၏။ မသိလျှင် ဝတ္တရားမပျက် တာဝန်ထမ်း
ဆောင်နေဟန်ရှိသည်။ စခရင်ပေါ် မြင်နေရသော ထိုလူ၏တည်နေရာ
ကို ရှု မှတ်သားလိုက်သည်။ ပြီးနောက် ရှုသည် ပါးနပ်စွာပင် အခန်းထဲ
မှ ထွက်လာခဲ့သည်။

ညှော်သည်များကြား ရှု ဖြတ်လျှောက်ခဲ့သော်လည်း ဝန်ထမ်း
ဝတ်စုံနှင့်မို့ ရှုကို မည်သူမှ သတိမထားမိကြချေ။ သို့သော် ရှုမှာမူ
တစ်စုံတစ်ယောက်ကို သတိပြုမိလိုက်၏။

"ဟင်"

Lobby တွင် ရယ်ပွဲဖွဲ့ပြောဆိုနေသော လူတစ်ဦးဖြစ်သည်။
အသားမည်းကြုတ်ကြုတ်၊ နှုတ်ခမ်းလန်လန်နှင့် ထိုလူ။ ရှု တစ်သက်
တစ်ရက်မှ မမေ့ခဲ့တဲ့လူဖြစ်သည်။





ဦးညွှန့်။

သဘောတွေ့နေလျှင် ကမ္ဘာ့အပြုံးပိုင်ရှင်ဆုရနိုင်ပြီး ဒေါသ
ထွက်လျှင် ကမ္ဘာ့ကြောက်စရာအကောင်းဆုံး လူဖြစ်အောင် မျက်နှာကို
ချိုးမျိုး အသွင်ခွဲတတ်သူ။

ရှုသည် ဦးညွှန့်ကို မြင်လိုက်သည့်တစ်ခဏ၌ လုပ်လက်စ
ကိစ္စများကို မေ့လျော့သွားကာ နေရာ၌ ခြေစုံရပ်နေမိသည်။

အေးစိမ့်နေသော အဲကွန်းခန်းထဲ ချွေးစေးများပြန်လာသည်။
လက်သီးကိုဆုပ်ပြီး အံကိုတင်းတင်းကြိတ်ထားလေ၏။ ဘယ်လောက်
ကြာခဲ့ပြီလဲ။

ထိုလူကို ရှု ရှာနေခဲ့တာ ဘယ်လောက်ကြာနေပြီလဲ။
ဘာ့မှတွေ့တော့လည်း မိမိကျင်လည်ရာဝန်းကျင်၌ ဆိုက်ဆိုက်မြိုက်
မြိုက်။

ရှုသည် ဦးညွှန့်ကို စူးရှနေအောင် စိုက်ကြည့်နေမိသည်။
မျက်ဝန်း၌ ဒေါသမီးတို့သည် အလျှံညီးညီး တောက်လောင်နေကုန်
သည်။

ရှု ကြည့်နေစဉ်မှာပင် ဦးညွှန့်သည် ရယ်ရယ်မောမောပင်
ရှုထံသို့ အမှတ်တမဲ့ အကြည့်ရောက်လာလေ၏။

ရှုရင်ထဲ ထိတ်ခနဲဖြစ်သွားလေသည်။ မှတ်မိသွားမလားဟု
ပင်နိုမ်သွားသည်။ ဒါကလည်း တဒင်္ဂလေးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရှုသည် လေ့ကျင့်ထားသူပီပီပင် စိတ်လှုပ်ရှားခြင်းကို တ
ခဏအတွင်း ဖျောက်ဖျက်ပစ်နိုင်သည်။

မျက်စိရှေ့မြင်နေရသောလူကို ရှု အလွတ်မပေးချင်ပါ။ ထို
အနီး ချဉ်းကပ်ဖို့ ရှု ကြိုးစားရမည်ဖြစ်သည်။

ဦးဉာဏ်သည်လည်း ရှုကို အမှတ်တမဲ့ကြည့်မိရာမှ ဒုတိ
အကြိမ် ပြန်ကြည့်လာသည်။

ရှုလည်း ထိုအကြည့်ကို တန်ပြန်၍ တိုက်စစ်ဆင်လို
သည်။

ဦးဉာဏ်ကို လိုလားသောမျက်လုံးများဖြင့် ကြည့်လေ
ဦးဉာဏ် သည် ထိုင်နေရာမှ ထလာသည်။

"မင်းကို ကိုယ် တစ်နေရာမှာ ရင်းရင်းနှီးနှီး မြင်ဖူးနေတ
ထင်တယ်"

"အဲဒီလိုချဉ်းကပ်မှုမျိုးက ခေတ်မမီတော့ဘူး"

"ကိုယ် အတည်ပြောတာပါ"

"ချဉ်းကပ်မှုမဟုတ်ဘူးဆိုတဲ့ သဘောပေါ့"

"မင်းလက်ခံမယ်ဆိုရင်တော့ ချဉ်းကပ်မှုလို့ သဘောထား
အဆင်ပြေပါတယ်။ ကော်ဖီလိုက်သောက်ပါလား"

"ကျွန်မက ဒီဟိုတယ်ရဲ့ဝန်ထမ်းပါ"

"နာမည်က ရှု၊ တစ်လုံးတည်းလား"





ရင်ညွန့်မှာထိုးထားသော နာမည်ကို ဦးဉာဏ်က ကြည့်ပြီး
လိုက်ခြင်းဖြစ်၏။

"ဟုတ်ကဲ့"

"မင်းနဲ့ထပ်ဆုံချင်သေးတယ်။ ဒါနဲ့ မင်းက ဘယ်ဌာနမှာ
ပ်တာလဲ"

"အုပ်ချုပ်ရေးရုံးခန်းမှာပါ"

"အော့ . . . ဒါဆို သိပ်အဆင်ပြေတာပေါ့။ ဒီဟိုတယ်
ာဝန်ခံ ကိုဝေယံလင်းက ကိုယ့်သူငယ်ချင်းလေ။ မင်း ရာထူးတက်ဖို့
ိုယ် အများကြီးကူညီနိုင်တယ်"

"ကျေးဇူးပါပဲ။ အလုပ်ချိန်မို့ ကျွန်မကို ခွင့်ပြုပါဦး"

"အိုကေ . . . မင်းနဲ့ကိုယ် ထပ်ဆုံကြတာပေါ့"

ရှု သိပ်ကျွမ်းကျင်သော ညို့ငင်သည့်အပြုံးမျိုးနှင့် နှုတ်ဆက်
ိုက်လေသည်။ ထိုလူ ရှုကို နောက်တစ်ကြိမ် လာမရှာဘဲမနေနိုင်
အောင် ရီဝေစူးရှစွာ စိုက်ကြည့်မိသည်။

ရှု အံ့ဩပါသည်။

ဦးဉာဏ်သည် ကောင်းတဲ့လူမဟုတ်ပေ။ ထိုသို့ မကောင်းတဲ့
ူ၏သူငယ်ချင်းကလည်း ကောင်းတဲ့လူ ဖြစ်စရာအကြောင်း မရှိပေ။
ဒီလိုလူမျိုးက ဟိုတယ်တာဝန်ခံ ဖြစ်နေတယ်တဲ့လား။ တာဝန်ခံ
ဖြစ်တယ်ထားပါဦး။ အဲဒါကလည်း ဒေါ်အဏ္ဏဝါရဲ့ ဟိုတယ်မှာတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အဏ္ဏဝါသည် အလုပ်လုပ်ခြင်း သေသပ်ပြီး တိကျသူ ဖြစ်သည်။ စုံစမ်းရေးလည်း အင်မတန်မှ ကောင်းသူဖြစ်သည်။ ဒါနဲ့ ကိုဝေယံလင်းဆိုသူ၏နောက်ကြောင်းကို မစုံစမ်းဘူးလား။

ပဟေဠိက ရှုရင်ထဲ ပြန့်ကျဲလာ၏။

ထိုအခါအတွေ့အကြုံအရ ဒေါ်အဏ္ဏဝါအပ်သောအမှုသည် ကိုဝေယံလင်းဆိုသူနှင့် ပတ်သက်နေလိမ့်မည်ဟု ဆက်စပ်စဉ်းစား သွား၏။ ထို့ကြောင့် ကားပါ့ခ်သို့သွားနေသော ရှု၏ခြေလှမ်းများသည် ရုံးခန်းထဲသို့ ဦးတည်လိုက်ပြန်သည်။

ထမင်းစားရာမှ ပြန်မလာကြသေးသော ဝန်ထမ်း၏စား မွှေနှောက်လေသည်။ ထိုသို့ မွှေနှောက်ခွင့်ရရန် စီစီတီဗီမှအချိန် ပြောင်းလဲရသည်။ ပုံရိပ်ယောင်များ အစားထိုးရလေသည်။ ပြီးတော့ ဝန်ထမ်းရေးရာဌာန၌ ကိုဝေယံလင်းဆိုသူ၏ကိုယ်ရေးအကျဉ်း ရှာတော့၏။

ဝန်ထမ်းပေါင်းတစ်ရာကျော်ခန့်ထားသောနေရာမို့ ရှာရသည် မှာ အချိန်ကြန့်ကြာမှုရှိလေသည်။

သို့သော် နောက်ဆုံး၌ ကိုဝေယံလင်း၏စီဗွီဖောင်ကို ရလိုက် သည်။

မှတ်တမ်းကောင်းများရှိနေသော ကိုဝေယံလင်းရဲ့ ခပ်ညံ့ညံ့ ကိုယ်ရေးအကျဉ်းကို ဖတ်ရင်း ရှု ပြုံးလိုက်မိသည်။ ရှု၏တည်ချက်သည်





ကိုဝေယံလင်းဖြစ်သွားတော့၏။ ပြီးနောက် ဦးညြ။

ဦးညြကို ကမ္ဘာရန်ဖွဲ့ခဲ့သော ရှုသည် နည်းလမ်းမျိုးစုံကို စဉ်းစားရတော့မည်ဖြစ်သည်။ ဦးညြကို ရှု စိတ်နာသည်။ ရင်ထဲရှိ သည့်အတိုင်းဆို ရက်ရက်စက်စက် သတ်ပစ်လိုက်ချင်သည်။

ဦးညြ ကိုတွေ့ရလျှင် သတ်ပစ်မယ်ဟု ရှု ကြုံးဝါးခဲ့ဖူးသည်။ ဦးညြကို သတ်ရန်လည်း ဓားတဝင်းဝင်း ပြင်ဆင်ခဲ့ဖူးသည်။ သို့သော် ဦးညြကို မြင်လိုက်ရသည့် တစ်ခဏ၌ သတ်ပစ်ချင်စိတ်တို့ ကွယ် ပျောက်သွားလေသည်။

ရင်နှင့်အောင် ဘဝပေးခဲ့ရသည့် မိမိသည် စိတ်ဒဏ်ရာကို ဆယ်စုနှစ်တစ်ခုထိ အံကြိတ်သည်းခံခဲ့ရသည်။ သေဖို့က လွယ်သည်။ တစ်စက္ကန့်ပင် အချိန်မလိုပေ။ ဝေဒနာမရှိတဲ့ဘဝကူးသွားခြင်းက ဦးညြအတွက် လွယ်လွန်းနေသည်ဟုထင်သည်။ လူများစွာ၏ဘဝ များစွာကို နင်းချေခဲ့သော ဦးညြကို အရင်လူများကဲ့သို့ တိတ်တဆိတ် သေခွင့်မပေးနိုင်ချေ။

မိမိဘဝ ကြေမွခဲ့သလို တူညီသည့် တန်ပြန်မှုမျိုး ရယူပြီးမှ သာ သေနှင့်မခြားသည့် ရှင်သန်မှုကိုပေးချင်သည်။ ဒုက္ခလှလှဆိုတာမျိုး ကို ခံစားစေချင်သည်။ သောကပင်လယ်ဆိုသည့် အနက်အဓိပ္ပာယ်ကို လေ့လာစေချင်သည်။ သို့သော် ဦးညြကို ထိုသို့လုပ်ဖို့ မလွယ်မှန်း ရှု သဘောပေါက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးညွှသည် ဉာဏ်သမားဖြစ်သည်။ ကောက်ကျစ်ယုတ်
မှုအပေါင်းတို့၏ အရှင်သခင်မှန်း ရှု ကောင်းစွာသိ၏။ ထိုအခါ ရှုသည်
နိုင်မာသော အစီအစဉ်ကို စနစ်တကျ ဆွဲရတော့၏။

✱



## အခန်း (၁၉)

''ကျွန်မက မိုးသားမှောင်ရဲ့သူငယ်ချင်းပါ''

ပါတိတ်ဝမ်းဆက် ဝတ်ထားသော ရှုရဲ့ပုံကို အဒေါ်ကြီးက
ခြေဆုံးကြည့်လေသည်။ အဒေါ်ကြီး၏မျက်လုံးသည် ယုံရခက်
သော အသွင်ရှိ၏။ သို့သော် ပါဝါမျက်မှန်လေးတပ်ထား၍လည်း
င်း၊ စိန်ဆွဲသီးလေးဆွဲထား၍လည်းကောင်း၊ ယဉ်စစပုံနှင့်
နှုရရှိ၍လည်းကောင်း မဝံ့မရဲပင် တံခါးသံပန်းကို သော့ဖြင့်
ပေးလေသည်။

အိမ်ထဲသို့ရောက်သောအခါ ရှုသည် အနေအထားကို အကဲ
လိုက်၏။ အိမ်လေးမှာ သပ်သပ်ရပ်ရပ်ရှိသော်ငြား ကျဉ်းမြောင်း



www.burmeseclassic.com

www.burmeseclassic.com



လှ၏။ ထို့ကြောင့် မိုးသားမှောင်တို့၏ အိမ်အခြေအနေသည် ပြေလည်ရှိသာ စုစုဆောင်းဆောင်းနေတတ်မှန်း ရှု ခန့်မှန်းမိလေသည်။

ဧည့်ခန်းတွင် ရှုနည်းတူ ဧည့်သည်တစ်ဦးကိုတွေ့ရ၏။ အတ္တာဝါ အရွယ်ခန့် အမျိုးသမီးတစ်ဦးဖြစ်သည်။ ထိုအမျိုးသမီးသည် ငိုထားသောကြောင့် မျက်လုံးများနီရဲပြီး မို့အစ်၍နေသည်။ ဘယ်သူများလဲ။ မိုးသားမှောင်နဲ့ သက်ဆိုင်သူတစ်ဦးဦးလား။

"ဘာကိစ္စများရှိပါသလဲကွယ်၊ သားတော့ အိမ်မှာမရှိဘူး"

"ကျွန်မ မိုးသားမှောင်ရဲ့သတင်းကိုကြားပါတယ်။ မယုံနိုင်လွန်းလို့ ရောက်လာတာပါ။ ဘယ်လိုဖြစ်ရတာလဲရှင်။ သူက အဲ လူစားမျိုး မဟုတ်မှန်း ကျွန်မ သိပါတယ်။ သူက အင်မတန်ရိုးတဲ့လူ အေးလည်း အေးတယ်"

"မသိတော့ပါဘူး သမီးရယ်။ ကံပေါ့။ ကံတရားက သား ချောက်ချလိုက်တာလေ။ ကဲ ... ရောက်လက်စနဲ့ မထူးပါဘူး ဆက်ပေးရဦးမယ်။ ဒါက အိအိခင်တဲ့။ သေဆုံးသူသမီးလေးစန္ဒာ မိခင်ပေါ့"

"ဩော်"

ရှု ရင်ထဲနင့်ခနဲဖြစ်သွားရလေသည်။ ချုံးပွဲချငိုယိုနေသူ နှစ်သိမ့်ချင်သော်လည်း နှစ်သိမ့်စရာစကားလုံးကို ရှာမတွေ့ပေ။ သမီး ဒုက္ခက အမေ့အတွက် သောကဖြစ်ခဲ့ရလေပြီ။





"ကဲ ... ဧည့်သည်ရောက်လာတယ်ဆိုတော့ ကျွန်မကို ပြပါဦး အဒေါ်"

"ကောင်းပါပြီကွယ် ... ကောင်းပါပြီ။ ညတော့ အဒေါ် ပြန်ဆက်ပါ့မယ်"

ရှု အံ့ဩမိသည်။ တရားခံရဲ့အမေနှင့် သေဆုံးသူ၏အမေတို့ ဆက်ဆံရေးကြောင့် ဖြစ်လေသည်။ ဘယ်လိုတွေပါလိမ့်။

"သမီးရယ် ဘယ်ကဘယ်လို စပြောရမှန်းမသိပါဘူးကွယ်။ ရားကိုနတ်စောင့်တယ်ဆိုပြီပဲ ဖြေနေရတော့တာပါပဲ"

"စန္ဒာလေးရဲ့အမေနဲ့ အဒေါ်နဲ့က အစောကတည်းက ရင်းနှီးတာလား"

"မဟုတ်ပါဘူးကွယ် ... ခုကိစ္စဖြစ်မှပါ။ စန္ဒာလေးပြောပြောလို့ ဆရာမိုးသားမှောင်ဆိုတာကို အိအိခင်က ရင်းနှီးပြီးသားပါလို့ ပြောရတယ်ကွယ်။ သားမှာ အပြစ်မရှိလောက်ဘူးလို့လည်း ယုံကြည်ရှာတယ်။ ခက်တာက သားကို တာဝန်ရှိတဲ့လူတွေ မယုံကြတာပဲ"

"အဒေါ် နေရောကောင်းရဲ့လား"

"အဒေါ်ကတော့ ဒီလိုပါပဲကွယ်။ ဆောင်းဝင်စပြုလာပြီဆိုတော့လည်း ရင်က ကျပ်စပြုလာတော့တာပါပဲ။ သည်ကြားထဲ သားကမရှိတော့ ပိုဆိုးတာပေါ့။ သားရှိရင်တော့ ဂရုစိုက်ရှာသား



www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်းလေးကိုမှ ကံကြမ္မာကလည်း ဘာကြောင့် နှိပ်စက်
ရတာလဲကွယ်။ အဲဒီနေ့ကသာ အန်တီတားခဲ့မယ်ဆိုရင် အကောင်း
သား။ နောင်တလည်း ရမိပါရဲ့"

"အဲဒီနေ့က ဟုတ်လား အန်တီ"

"ဟုတ်တယ်လေ၊ အဲဒီနေ့က သား အိပ်ရာဝင်ခါနီးအချိန်မှာ
ဖုန်းဝင်လာတယ်။ အမှန်က သားဟာ ဖုန်းနံပါတ်စိမ်းရင် ကိုင်လေ့
မရှိပါဘူး။ သား ဘုရားရှိခိုးနေလို့ အဒေါ်က ကိုင်လိုက်တာ။ စန္ဒာ
ဖြစ်နေလို့ သားဆီ ဖုန်းလွှဲပေးခဲ့တာ"

"စန္ဒာနဲ့ အဒေါ်က ရင်းနှီးကြတယ်ပေါ့"

"လူချင်းတော့ မရင်းနှီးပါဘူး။ နာမည်တော့ ကောင်းကောင်း
သိနေတယ်။ ည ည အဒေါ့်ကို သားက နှိပ်နယ်ပေးရင်း သူ ကြုံ
ခဲ့ရတာတွေကို ပြောပြလေ့ရှိတယ်။ ဒါကလည်း သားရဲ့စေတနာ
ပတ်ဝန်းကျင်နဲ့ အဆက်အဆံမရှိတဲ့ အဒေါ့်ကို ပတ်ဝန်းကျင်ထဲ
သွင်းတဲ့အနေနဲ့ အပြုသဘောပြောပြတာပါ"

ထိုသားအမိဆက်ဆံရေးက နွေးထွေးပုံရသည်။ အဒေါ်ကြီး
နှုတ်ဖျားမှ သားဟုခေါ်နေသံသည် သိပ်ကို နွေးထွေးလွန်းလှပါသည်။

"ဒီအကြောင်းတွေကို သက်ဆိုင်ရာကို သားက ပြောပြခွင့်
မရဘူး။ သူ့တပည့်လေးစန္ဒာ့ဘဝမှာ သေဆုံးတာတောင် အမည်းစက်
တင်ကျန်ရစ်မှာစိုးလို့ ထင်ပါရဲ့ကွယ်"





ပို၍ သိချင်လာသည်။ ဘယ်လိုအကြောင်းမျိုးပါလိမ့်။

"တစ်နေ့ သားရဲ့မျက်နှာ မရွှင်မလန်းဖြစ်နေလို့ ဒေါ်က
မေးမိတယ်။ သားက စန္ဒာ့အကြောင်းကို စဉ်းစားနေကြောင်း ပြော
တယ်။ သူ့ပထွေးဆိုတဲ့လူကို မသင်္ကာကြောင်းနဲ့ ပထွေးနဲ့စန္ဒာလေး
ကို သားမိတ်ဆွေ ကိုလှမျိုး တွေ့ခဲ့ကြောင်းပြောလို့ အဒေါ်တောင်
လေးမအတွက် စိတ်ပူခဲ့သေးတယ်။ တံစဉ်ကောက်တာကို မြင်နိုင်
မယ့် လူ့စိတ်ကောက်တာကိုတော့ မမြင်နိုင်ဘူး မဟုတ်လားကွယ်"

"စန္ဒာက ပထွေးနဲ့နေတာပဲ"

"ဒီလိုဆိုလို့ ပထွေးကို တရားခံဆိုပြီး လွှဲချနေတာ မဟုတ်
ဘူးကွယ်။ သူများမိသားစုပြိုကွဲအောင် မလုပ်ရက်ပါဘူး"

"ဒါပေမဲ့ အဒေါ် ... ဒါက အမှန်တရားလေ။ ထွက်ဆို
က်ပေးသင့်တယ်။ ရေနစ်နေသူအတွက်တော့ ကောက်ရိုးတစ်မျှင်
စေဦး မိမိရရ ဆွဲကိုင်သင့် ဆွဲကိုင်ရမှာပဲ"

"ရှိပါစေတော့ သမီးရယ် ... တရားကိုနတ်စောင့်ပါတယ်။
လေးစန္ဒာရဲ့ကိုယ်ထဲမှာ တွေ့ရတဲ့ သုက်ရည်နဲ့ သားရဲ့သုက်ရေကို
ကို စစ်ဆေးတော့မှ သားလွတ်လာမယ်လို့ အဒေါ်ယုံကြည်ပါတယ်"

ညှိုးလိုက်လေခြင်း။ အကယ်၍ တမင်ချောက်ချပါတယ်ဆိုရင်
ယ်သူက လက်စလက်န ချန်ခဲ့မှာလဲ။ မိုးသားမှောင်ရဲ့အခြေအနေက
သီးကြွေခိုက် ကျီးနင်းခိုက် ဖြစ်ပါစေလို့ပဲ ဆုတောင်းရတော့မည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"အဒေါ်နဲ့သားကြောင့်တော့ စန္ဒာလေးရဲ့သိက္ခာရော ကုန်...
သူမိသားစုရဲ့ သာယာရေးကိုရော မပျက်စီးစေချင်ပါဘူး"

"ဒေါ်အိအိခင်ကရော မိုးသားမှောင်ကို ယုံရဲ့လား"

"ယုံလို့ စိတ်မကောင်းကြောင်း လာပြောတယ် ထင်တာ...
သူကလည်း အဲဒီအချိန် အိမ်မှာမရှိဘူး ပြောတာပဲ။ သူလည်း အ...
ဆိုတော့ တော်တော်စိတ်ထိခိုက်နေရှာတယ်ကွယ်"

ဖြစ်နိုင်ပါသည်။ ဒေါ်အိအိခင်၏ပုံစံက အစွယ်ကျိုးနေသော...
ကျားတစ်ကောင်နှင့် တူလှပါသည်။

"ဒါနဲ့ သုက်ပိုးစစ်မယ်ဆိုတာက"

"ရှေ့နေကတော့ အစွမ်းကုန်ကြိုးစားပေးနေတာပဲ။ အမြန်...
အမှုမှန်ပေါ်ပစေလို့တော့ ဆုတောင်းရတာပဲ။ ခုဆို သားရဲ့သတင်း...
ဂျာနယ်ထဲ နှံ့ကုန်ပြီ။ သားလည်း တော်တော်စိတ်ထိခိုက်နေရှာတ...

သားဖြစ်သူ မိုးသားမှောင်ကိုတော့ ရှု မမြင်ရ၍ မသိ...
သို့သော် အဒေါ်ကြီးရဲ့သောကကိုမူ မျက်ဝါးထင်ထင် တွေ့မြင်ရလေ...
အဒေါ်ကြီးသည် ညညအိပ်မပျော်၍ ထင်သည်၊ နားထင်မှာ...
ကျပြီး မျက်တွင်းများ ညိုမည်း၍နေလေသည်။

မနေ့ကတည်းက မိခင်ကိုမမြင်ခဲ့ဖူးသော ရှုသည် မိခင်မေ...
ကို ပထမဆုံး ခံစားမိခြင်း ဖြစ်လေ၏။ အဆိုးထဲမှအကောင်းဆိုသ...



...သားမှောင်သည် ကံကောင်းသောလူဟု မြင်ပါသည်။ သောကကို
...ဝေခံစားပေးသော မိခင်ရှိနေခြင်းသည် ဘာနဲ့မှ မလဲနိုင်စရာ ပီတိ
ဖြစ်ပေလိမ့်မည်။

ရှုမှာတော့ ရှုရဲ့သေခြင်း၊ ရှင်ခြင်းကို စိတ်ဝင်စားမည့်လူ
...ရှိချေ။ ရှင်သန်နေချိန်၌လည်း အစိမ့်ပွာယမ်ခဲ့ရသလို သေဆုံးခဲ့လျှင်ပင်
...သူမသိ သူမသိ ထွက်ခွာသွားရမည်ဖြစ်၏။

သို့သော် မိမိဘဝကို ဝမ်းနည်းစရာဟု ရှု ဘယ်တုန်းကမှ
ခံစားခဲ့ဖူးချေ။ သို့သော် သားအတွက် ပူပန်နေသော ထိုအဒေါ်ကြီးရှေ့
...မှာတော့ မိမိကိုယ်မိမိ မှန်တစ်ချပ်လို ကြည့်တတ်လာသည်။

"ကျေးဇူးတင်ပါတယ် သမီးရယ်။ ခုလို သတင်းလာမေးပေး
တာနဲ့တင် အဒေါ့်အတွက် အားဖြစ်ရပါပြီ။ သားကို ယုံကြည်ပေးတဲ့
အတွက် ကျေးဇူးပါပဲ သမီးရယ်"

ရှု နှုတ်ဖျားက မိုးသားမှောင်ကို ယုံကြည်ပါတယ်ဟု တစ်ခွန်း
မှ မဆိုရသေးပေ။ သို့သော် မိမိက ယုံကြည်နေသည်ဟုထင်သွားသော
အဒေါ်ကြီးကြောင့် အလိုလိုနေရင်း မိုးသားမှောင်ကို ယုံကြည်ချင်လာ
မိ၏။

ထိုသို့ ယုံကြည်လိုစိတ်ဝင်မိသောအခါ စိုးရိမ်မှုက ထိတ်ခနဲ
ဖြစ်သွားရသည်။

ဒေါ်အဏ္ဏဝါ၏ဟိုတယ်၌ အခင်းဖြစ်ပွားချိန်အချိန်ပိုင်းလေးဟာ



www.burmeseclassic.com

www.burmeseclassic.com



ကွက်ပြီး ဗီဒီယိုဖိုင် ပျောက်သွားခြင်းကို သွားသတိရမိ၏။ ထိုဗီဒီယို ဖျောက်ဖျက်သူကို ရှာပါက တရားခံကိုတွေ့နိုင်မည်ဖြစ်သည် ဗီဒီယိုဖိုင်ထက် အရေးကြီးသည့်ကိစ္စကို ယခုဆောင်ရွက်တော့ ဖြစ်သည်။

ထိုသို့တွေးမိသောအခါ ရှုရင်ထဲ ထိတ်ခနဲဖြစ်သွားရသည် လူဆိုသည့်သက်ရှိမှာ မရှိသည့်ကိစ္စကိုလည်း ဖန်တီးနိုင်သလို ရှိ သည့်ကိစ္စကိုလည်း ဖျောက်ဖျက်နိုင်သူဖြစ်၏။ ထို့ကြောင့် ရှုသည် စိတ်ပူသွားသည်။ ဘာကိုဘာကြောင့် ဘယ်လောက်ထိ စိတ်ပူသွ သလဲဆိုတာ မသိသော်ငြား ရှုခြေလှမ်းများသည် သုက်ပိုးစစ်ဆေး ဆေးရုံဆီသို့သာ။

✱



## အခန်း (၂၀)

"ဘာ သက်သေမခိုင်လုံလို့ အဲဒီကောင်လွတ်သွားတယ် ...တ်လား"

ဦးညွှန့်၏အသံသည် အခန်းထဲ ဟိန်း၍ထွက်လာသည်။

"မင်းတို့ကောင်တွေ အလုပ်ကို ဘယ်လိုလုပ်ကြတာလဲကွ ... ဟမ်း ခွပ် ခွပ်"

ဦးညွှန့်၏ဒေါသသည် အခန်းထဲမှ လူအားလုံးကို ပတ်ယမ်း ...နဲ့တော့၏။

"ကျွန်တော်တို့လည်း လုပ်ခဲ့တာပဲ ဆရာ။ ဒါပေမဲ့ မိန်း ...လေးတစ်ယောက်က ဝင်ရှုပ်သွားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတစ်ယောက် ဟုတ်လား"

"ကျွန်တော်တို့ အဲဒီနေ့က နမ္မနာချင်းလဲဖို့အတွက် အသွား မိန်းကလေးတစ်ယောက်နဲ့ ဝင်တိုက်မိခဲ့တယ်။ ဒါပေမဲ့ ရိုးရိုးဝင်တ ကယ်ပဲ ထင်ခဲ့တာပါ ဆရာ။ ခုလိုအဖြေသိရတော့မှ ဆက်စပ် စဉ်းစားမိသွားတာ"

ဖြေသံအဆုံးတွင် ဦးညွှန့်၏လက်သီးသည် ထိုလူ့မျက်နှာ သို့ ရောက်ရှိသွားပြန်သည်။

"အဲဒီမိန်းကလေးက ဘယ်သူလဲ"

"တစ်ခါမှ မမြင်ဖူးဘူးဆရာ။ ဒါပေမဲ့ မြင်ရင်တော့ မှ မှာပါ"

"တောက်"

မချိုတင်ကဲ တက်ခေါက်သံသည် ခန်းမတစ်ခုလုံး ဟိန်း သွားလေသည်။

ဒီကလေးမနဲ့ကျမှ ခံရသည့်အတွက် ရင်ထဲ ဗလောင်ဆူ ပါသည်။ ဒါတွေအားလုံး အိအိခင်ကို အယူမှားခဲ့လို့ ဖြစ်ရသည် များသာ။

အဓိကတရားခံသည် အိအိခင်ဖြစ်သည်။ ကျွေးမွေးတဲ့ ကို ပြန်ကိုက်ချင်တဲ့ အိအိခင်ကို တွေ့သည်နေရာတွင် သတ်ပစ် ချင်သည်။





ခုတော့ အိအိခင်တို့သားအမိက ဘယ်ရောက်လို့ ရောက်နေ နေမသိ။ ကြက်ပျောက် ငှက်ပျောက်။

သို့သော် အိမ်ပြန်သွားလျှင်မူ လူဝင်သွားသယောင် ခြေရာ သက်ရာတွေ ပျက်နေသည်ကို သတိထားမိနေသည်မှာ ကြာပါပြီ။ အိအိခင်ပါပဲဟု စိတ်ထဲက သိနေသော်လည်း လက်ရမဖမ်းမိနိုင်ခြင်းကို အားမလို အားမရဖြစ်ရသည်။

သက်ရှည်လာလဲသွားသူမှာ အိအိခင် စေလွှတ်လိုက်သူလား ဖြစ်နိုင်ပါ။ သမီးဖြစ်သူကိုပင် ပါအောင်ခေါ်မသွားနိုင်ဘဲ ထွက်ပြေး သွားသည့် အိအိခင်မှာ ခုလောက်ထိ သတ္တိမကောင်းနိုင်ဘူးဟု ထင်ပါ သည်။

အမှန်က အမှုမရှည်ရလေအောင် မိမိသက်ရှည်နှင့် ကျောင်း ဆရာဆိုသူ၏သက်ရှည်ကို လဲဖို့ အားလုံးအကွက်ဆင်ခဲ့ပြီးသား ဖြစ်၏။ ဒါမှ ထိုအမှု မြန်မြန်အပြီးသတ်သွားမည်ဖြစ်သည်။ နို့မဟုတ်လျှင် အရှည်အရှည်တွေဖြစ်နေ၍ သူမှာ အခြားအလုပ်များကို ရှေ့မဆက် နိုင်ဘဲ တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်နေရသည်။

ခုတော့ သက်သေမခိုင်လုံ၍ ပြန်လွတ်သွားသည်ဆိုပါလား။ ထိုကျောင်းဆရာ လွတ်သွားပါက မြာဦးသည် သူ့ထံ ဦးတည်လာလိမ့် မည် ဖြစ်သည်။ ထိုကိစ္စကို သူ မည်သို့မျှ ရှောင်လွှဲ၍ မရနိုင်ပေ။

ထင်သည့်အတိုင်းပင် သူ့ထံသို့ ဆင့်ခေါ်ခြင်းခံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံး၌ အစစ်ဆေးခံရသည်။ သို့သော် သူကမူ မိခင်ပစ်သွားသူ စန္ဒာဒေ
ပေါ် ဖခင်မေတ္တာအပြည့်အဝထားပြီး စောင့်ရှောက်ခဲ့ကြောင်း မျက်ရည်
ခံ ထိုးရလေတော့သည်။

သူပဲ သရုပ်ဆောင်ကောင်း၍လား အကြောင်းပြချက်
နိုင်လှ၍လားမသိ စခန်းမှ အသာတကြည်ပြန်လာရသည်။ သို့သော်
ထိုပြဿနာသည် ဤမျှလောက်နှင့် မရပ်နားနိုင်ကြောင်း ခန့်မှန်း
သည်။ အကြောင်းမှာ သူ စခန်းမှအထွက်တွင် သတင်းထောက်မျာ
ရောက်လာပြီ နာမည်ကြီးနေသောအမှုမို့ သတင်းယူ ဓာတ်ပုံရိုက်သွာ
သောကြောင့် ဖြစ်လေသည်။

သူ စိတ်ညစ်သည်။ တစ်ယောက်ယောက်ကို ကုတ်ဖဲ့ရိုက်နှ
လိုက်ချင်ပေမယ့် သတင်းသမားရှေ့မှာမို့ မဟာကရုဏာရှင်အသွင်
ဆောင်ရလေတော့သည်။

"အိအိခင်ကို အမြန်ဆုံး တွေ့အောင်ရှာကြစမ်း။ အသေ
ဖြစ်ဖြစ် အရှင်ဖြစ်ဖြစ် အိအိခင်ကို အမြန်ဆုံး တွေ့ချင်တယ်"

ဟု ကားပေါ်တက်တက်ချင်းပင် သူ့တပည့်လေးများကို မာ
ဖြင့်ပြောလိုက်သည်။

ထိုအခါ ကားမောင်းနေသူသည် သူ့ထံ မဝံ့မရဲကြည့်လေ
သည်။

ထိုအခါ သူက ထိုလူ့အင်္ကျီကုတ်စကိုဆွဲကာ -





"ဟေ့ကောင် . . . မင်း ဘာသိထားသလဲ . . . ဟမ်း"

"ဟိုလေ ဆရာ . . . မသေချာမှာစိုးလို့ပါ"

"ဘာမသေချာတာလဲ"

"ဟိုလေ မနေ့က ကမ္ဘာအေးဘုရားရှေ့မှာ ဆရာ့ယောက္ခမ
ကြီးကို တွေ့လိုက်လို့"

"ဘာ"

ဒေါသဖြစ်ဖြစ်ပင် ထိုလူ၏နောက်စေ့ကို နှစ်ချက်သုံးချက်မျှ
ခေါက်ထည့်လိုက်လေသည်။ ဒီလောက်အရေးကြီးတဲ့ကိစ္စကို ခုမှ ပြောရ
သလားဟု ရင်ထဲ တနုံ့နုံ့ ဒေါသထွက်နေပြန်သည်။

"တောက် . . . အသုံးမကျတဲ့ကောင်တွေ။ အဲဒါကို မင်း
ခုမှ ပြောရသလား"

"ဟို . . . မသေချာမှာစိုးလို့ပါ"

"သွား . . . အဲဒီအဘွားကြီးရှိတဲ့ဆီသွား။ ချက်ချင်း ငါ့ဆီ
ခေါ်လာခဲ့"

"အခု အဲဒီကို မောင်းရမလားဆရာ"

"မဲကြီးတို့အုပ်စုကို လှမ်းတိုက်။ တောက် . . . အသုံးမကျတဲ့
ကောင်တွေ"

ကားနောက်ခန်းထဲ တစ်ယောက်တည်းထိုင်ရင်း အလိုမကျမှု
များစွာဖြင့် ခွေးစေးပြန်နေပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်၍လုပ်ရမှန်းလည်းမသိပါ။ ယခုလို စောင့်ကြည့်ကာလ၌လည်း ခေါ်ထားသော မိန်းကလေးများကို တစ်ဖက်နိုင်ငံ ပ,ထုတ်သွားဖို့လည်း မဖြစ်နိုင်ပါ။

စန္ဒာ စန္ဒာ . . . တော်တော်ဒုက္ခပေးပါလား။

ဒီကြားထဲ အိအိခင်ဆိုတဲ့ ကြောင်ချေးမကလည်း ဘာတွေကြံစည်နေမှန်းမသိပေ။

အိအိခင်ကို အမြန်ဆုံးဖမ်းမိမှဖြစ်မည်။

သူသည် တရားခံပါဆိုတာ ဖော်ထုတ်မည့်လူသည် လောက၌ အိအိခင်တစ်ယောက်တည်းသာရှိနေသည်။

အိအိခင် ပုန်းရှောင်နေခြင်းမှာ သူ့အတွက် ရတက်မအေးသည့် အကြောင်းအရင်းတစ်ခု ဖြစ်ပေသည်။

သို့သော် အချစ်ကြီးသည့်အိအိခင်သည် ခုလောက်ထိ မလှပ်လောက်ဘူးဟုလည်း တစ်ဖက်မှ ယုံကြည်နေမိပြန်သည်။ အိအိခင်သည် သူမသိအောင် သူတို့နေထိုင်ရာ အိမ်သို့ ပြန်လာနေခြင်းလည်း သူ့အပေါ် သံယောဇဉ်မကုန်သေးလို့ဟု တွေး၍လည်းရနိုင်ပေသည်။

ဒါသဖြစ်၍သာ တပည့်တပမ်းများကို ငေါက်ငမ်းနေရသော်လည်း အိအိခင်ကို ဖမ်းလိုပါက အိမ်မှာစောင့်နေခြင်းသည် အကောင်းဆုံး နည်းလမ်းဟု တွေးမိသည်။

ထို့ကြောင့် ဒေါ်ချက်ဆုံကို စောင့်ဖမ်းရန် တပည့်များကိုပင် လွှတ်ထားမိသည်။ အမေအပေါ် သံယောဇဉ်တွယ်သည့် အိအိခင်သည် မိခင်နှင့်အတူ ဤရန်ကုန်မြို့တစ်နေရာ၌ ပုန်းခိုနေလိမ့်မည်ဟု ထင်သည်။

ဒေါ်ချက်ဆုံကိုမိပါက အိအိခင်ကိုမိတာနှင့်အတူတူပဲဟုလည်း တွေးမိသည်။

ထို့ကြောင့် အိအိခင် ဘယ်လိုမှ မလွတ်ရလေအောင် သူ့အပြင် သွားလေ့ရှိသော မနက်ဆယ်နာရီတွင် သူ့တပည့်များကိုသာ သူ့အယောင်ဆောင်ပြီး အပြင်သွားခိုင်းလိုက်သည်။

တပည့်များကလည်း ပါးနပ်လှသည်။ အိအိခင် မရိပ်မိစေရန် တွားတွားနှစ်ယောက်ကြား၌ သူနှင့် အရပ်အမောင်း ကိုယ်လုံးကိုယ်ထည်တူသူကို ညှပ်ခေါ်သွားလေ၏။ သူသည် သိန်းကျော်တန် အရက်တစ်ခွက်ကို ရေခဲတုံးလေးများနှင့် စိမ်သောက်ရင်း အိအိခင်အလာကို စောင့်နေလိုက်သည်။

နှစ်နာရီနီးပါး အချိန်ဖြုန်းပြီးသောအခါ အိမ်ရှေ့ဘက်ဆီမှ သော့ဖွင့်သံကို ကြားလိုက်ရသည်။ အိအိခင်ဆိုတာ သေချာလှ၏။ ထို့ကြောင့် သူသည် ဗီရိုကြီးနောက်၌ ပုန်းခိုနေလိုက်သည်။ အိအိခင်က အိမ်ထဲသို့ တိတ်တဆိတ်ဝင်ပြီး ဘာတွေ ခိုးကြောင်ခိုးဝှက် လုပ်သလဲဆိုတာ သိချင်လှသည်။ ထို့ကြောင့် အိအိခင်နောက်မှ တိုးတိုးတိတ်တိတ် ချောင်းကြည့်မိသည်။







www.burmeseclassic.com

www.burmeseclassic.com



ကွန်ဒိုခန်းမှ ကျယ်ပြီး အခန်းများသောကြောင့် အိအိခ
သည် တစ်ခန်းဝင်တစ်ခန်းထွက် အလုပ်ရှုပ်နေလေ၏။ အိမ်ကြီး
တစ်ယောက်တည်းရှိသည်ဟုထင်နေလေရော့သလားမသိ။ လွတ်လွ
လပ်လပ်ပင် ဆိုဖာခုံပေး၌ ဒူးထောင်ပြီးထိုင်ကာ တီဗီဖွင့်ကြည့်
သည်။

ပြီးနောက် သူနှင့် နှစ်ယောက်သား အိပ်ခဲ့ကြသည့် ခုတင်
သွားကာ ပက်လက်လှန်အိပ်လိုက်သည်။ ပြီးနောက် သူ့ခေါင်းအုံး
တယုတယ ဖက်ကာနမ်းသည်။ ရင်ထဲ ကျေနပ်သလို လုံခြုံသ
ခံစားရသည်။ သူသည် ယခုချိန်ထိ အိအိခင်နှလုံးသားကို အပိုင်စား
ထားဆဲဖြစ်၏။

ပြီးနောက် အိအိခင်သည် တရှုံ့ရှုံ့ ငိုနေပြန်သည်။ ငိုယို
ပင် စန္ဒာ့အခန်းဘက် ကူးသွား၏။

''အမေ့ကြောင့်၊ အမေအသုံးမကျလို့ အမေ့သမီးလေး ခု
ဖြစ်ရတာ။ အဲဒီလူကို အမေ့လက်ထပ်ခဲ့မိလို့ ငါ့သမီးလေး ခုလိုဖြစ်
တာ။ အမေ့မိုက်ပြစ်တွေကြောင့် သမီးလေး ခုလိုဖြစ်ရတာ အမေ့
ခွင့်မလွှတ်ပါနဲ့တော့ သမီးရယ်''

ဟုပင် အော်ကြီးဟစ်ကျယ်ပြောကာ ငိုယိုနေလေသည်
သူသည် အိအိခင်ကို မသနားသည့်အပြင် ရယ်ချင်မိ၏။

အိအိခင်ရယ် လောကမှာ အလကားရတဲ့အရာဆိုလို့ ဘာ





ဘူးကွ။ မှတ်ထား။ ငါက ဘာမို့လို့ မင်းကို ရှာကျွေးရမှာလဲ။ ငါနဲ့
ဆိုင်လို့ စန္ဒာ့ကို ငါက စောင့်ရှောက်ပေးနေရမှာလဲ။ မင်းတို့က
ရှာသမျှ သုံးဖြုန်းခဲ့ပြီးမှတော့ ဘာမှပြန်မပေးလို့ရမလား။ ငါ့ဆီမှာ
ချောင်စားချင်လို့ ရမလား''

''ဒင်းကို အမေ တစ်သက်ခွင့်မလွှတ်ဘူး။ ထောင်ချပစ်မယ်။
မီးအတွက် အမေ သူ့ကို ကောင်းကောင်းလက်စားချေပေးမယ်''

''ငါ့ကို လက်စားချေချင်တဲ့လူက ငါ့ခေါင်းအုံးကိုတော့ မနမ်း
သာက်ပါဘူးနော် အိအိခင်''

''ဟင်''

အသံကြောင့် ကိုင်ထားသော ဝက်ဝံရုပ်ကလေးပင် လွတ်ကျ
းလေတော့သည်။

''ဟင် ရှင် ရှင် . . . ဘယ်တုန်းက ပြန်ရောက်နေတာလဲ''

''မင်း ဝင်မလာခင်ကတည်းကပဲ''

ဟုဆိုကာ နောက်ဆုတ် နောက်ဆုတ်ဖြင့် နံရံနားတိုးကပ်
သော အိအိခင်၏နှုတ်ခမ်းလေးကို လှမ်းနမ်းလေသည်။ အိအိခင်သည်
ငြိုင်းမတစ်ကောင်နှယ် သူ့ကို ပြုတ်သားစွာ တွန်းထုတ်လေသည်။
သော် သူ ဟက်ခနဲရယ်မိသည်။

''ရှာလိုက်ရတာ အိရယ် . . . တွေ့မှတွေ့တော့လည်း ကိုယ့်
မှာ ဆိုက်ဆိုက်မြိုက်မြိုက်ပါပဲလား။ မင်းတော့ ကိုယ် အပြင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီအထင်နဲ့ ဝင်လာတယ် ထင်တယ်''

ဦးဥညြရဲ့မာယာထဲ ရုန်းမရအောင် ညိတွယ်မိပြန်သည် ဘယ်အချိန်ထိများ တုံးအ,နေဦးမှာလဲဟု မိမိကိုယ်မိမိ အပြစ်တင် ပြန်သည်။

''အိမ်မှာ ခြေရာလက်ရာပျက်နေတာကို သတိထားမိ ကြာပါပြီ။ စန္ဒာမသေခင် တစ်ရက်ကရော သေပြီးနှစ်ရက်ကရော ဘောစင်မှာ ငါလက်ရေးဆေးရင်း ဆပ်ပြာဘူး မှောက်ကျခဲ့တယ်။ ဒါ ငါပြန်လာတော့ အဲဒီဆပ်ပြာရည်တွေက ပြောင်စင်နေပြီ။ ပြီး ငါ့အိပ်ခန်း ငါ့အိပ်ရာမသိမ်းဘဲ ထွက်သွားခဲ့တယ်။ ဒါပေမဲ့ ငါပြန် တော့ အားလုံးက နေသားတကျပဲ။ အဲဒီလောက်ထိ သံယော မပြတ်နိုင်ဘဲနဲ့များ ဘာလို့ထွက်ပြေးနေသေးလဲ အိအိခင်ရယ်။ ... မင်း ထွက်ပြေးသွားတော့ မင်းသမီးလေးက မင်းကိုယ်စား''

''လူယုတ်မာ၊ လူစိတ်မရှိတဲ့လူ''

အိအိခင်သည် သူ့ကိုရိုက်ရန် မာန်ဝင့်ပြီးထလာခဲ့သည် သို့သော် သူက အားသန်သူမို့ အိအိခင်လက်ကို ဖမ်းယူပြီး ရင်ခွင် ဆွဲသွင်းထားမိသည်။

''ဆေးရုံက နမူနာသုက်ရည်ကို မင်းလဲလိုက်တာမဟုတ် လား''

သူ ကောက်ကာငင်ကာ မေးလိုက်သောအခါ အိအိခင်သည်





ကျက်မှောင်ကြုတ်ပြီး မှင်တက်သွားလေသည်။

''ခုတော့ ဟိုကောင်ကျောင်းဆရာ လွတ်သွားပြီ။ ဒါတွေ အားလုံး မင်းလုပ်တာမဟုတ်လား''

သူက ထပ်မံ၍ပြောလိုက်သောအခါ အိအိခင်မျက်လုံးမှ အားသင့်ခြင်းများကို တန်းစီ၍ တွေ့ရလေ၏။

သူ သဘောပေါက်သွားသည်။ အိအိခင်လက်ချက် မဟုတ် ကြောင်း သိသွားသည်။ အိအိခင်က ခုလောက်ထိ မလျှင်ဘူးဟုတော့ ခန့်မှန်းမိခဲ့သားပင်။

ဒါဆို ဘယ်သူလုပ်တာလဲ။ အိအိခင်မဟုတ်ဘဲ သူ့ကို ထောင် ချရောက်စေချင်သူက ဘယ်သူလဲ။

ဒေါ်ချက်ဆုံလား။ မဖြစ်နိုင်ပါ။ ထိုအဘွားကြီးကို သူက ချုပ်ချိုးထားလို့ မာန်ကျတဲ့ကျားအိုတစ်ကောင် ဖြစ်နေပါပြီ။ ဒါဆို ဘယ် သူလဲ။ ဘယ်သူက သူ့ကို လက်သီးပုန်းနှင့် ချုံခိုတိုက်နေတာလဲ။

''ဆရာ''

ထိုစဉ် သူ့အနီးသို့ တပည့်ကျော်များ ရောက်လာကြသည်။

''အဘွားကြီး လွတ်သွားတယ် ဆရာ။ ကားတစ်စီးက စောင့်ခန့် ရောက်လာပြီး ကျွန်တော်တို့ထက်ဦးအောင် အဘွားကြီးကို တင်ခေါ် သွားတယ်''

''တောက် ... ဖြောင်း သောက်သုံးမကျတဲ့ကောင်တွေ''



www.burmeseclassic.com

www.burmeseclassic.com



ဒီအဘွားကြီးကိုတောင် မိအောင်မဖမ်းနိုင်ဘူးလား''

''ရှင် ရှင် အမေ့ကို ဘာလုပ်မလို့လဲ။ ဘာကိစ္စနဲ့ ဖမ်းရတာ လဲ''

''ဒီကောင်မကို ဖမ်းချုပ်ထားလိုက်''

သူ့အမိန့်က ပြင်းထန်လှသည်။

''လွှတ်နော် ... ကျွန်မကို လွှတ်။ လွှတ်စမ်း ... ငါ့အသားကို မထိနဲ့ ... လွှတ်''

အိအိခင်သည် တပည့်ကျော်ကြီးများနောက်သို့ လုံးလား ထွေးလားပါသွားလေသည်။

ပိုပြီးစိတ်ချရရန် အိအိခင်အား မြောက်ဒဂုံရှိ ရောင်းတန်း ကောင်မလေးများနှင့်အတူထားရန် မှာကြားလိုက်၏။

ကိစ္စကို အမြန်ရှင်းမှဖြစ်လိမ့်မည်။ စန္ဒာအမှုပြတ်ပါက ထိုအ ထာဝရချုပ်ငြိမ်းရန်အတွက် အိအိခင်ကို လောကထဲမှ ထုတ်ပစ်ရတော့ မည်ဖြစ်သည်။

ခက်တာက ဒေါ်ချက်ဆုံ။ သမီးကို ပိုးမွေးသလို ဥထားသည့် ဒေါ်ချက်ဆုံက သူ့သမီးပျောက်နေခြင်းကို ငြိမ်ခံနေလိမ့်မည် မဟုတ် ချေ။

ဒေါ်ချက်ဆုံ ဘယ်ရောက်သွားတာလဲ။ ဒေါ်ချက်ဆုံကို ကား တင်ခေါ်သွားတယ်ဆိုတာက ဘယ်သူတွေလဲ။ သေသေချာချာ





တွေးကြည့်သောအခါ ဒီကိစ္စသည် သွေးရိုးသားရိုးမဖြစ်နိုင်မှန်း ရိပ်မိ လာသည်။

အဘယ့်ကြောင့်ဆိုသော် အိအိခင်တို့သားအမိထံတွင် ကား စီးနိုင်လောက်တဲ့အသိမိတ်ဆွေ မရှိမှန်း သူ အစောကတည်းက သိပြီး သားဖြစ်၏။

အဘွားကြီးကို ဘယ်သူတွေခေါ်သွားတာလဲ။ အမှုစစ်ဖို့ ရဲတွေများ ခေါ်သွားတာလား။

မဖြစ်နိုင်ပါ။ ဒေါ်ချက်ဆုံသည် အိအိခင်ကို သူ နှိပ်စက်နေ သည့်ပုံကို မကြည့်ရက်နိုင်တော့၍ အိမ်ပေါ်မှဆင်းသွားသည်မှာ တစ် နှစ်ကျော်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ဒေါ်ချက်ဆုံဆိုတာကို သူတို့မိသားစု စာရင်းတွင် မရှိတော့ပါ။ နယ်ပြန်သွားတယ်ဟုသာ သူ့ကို စစ်ဆေးစဉ် က ပြီးစလွယ်ပြောခဲ့သည်။ သူ့ကို အမြင်မကြည့်၍ အိမ်ပေါ်မှ ဆင်း သွားသော ဒေါ်ချက်ဆုံကို သူကိုယ်၌ကလည်း အမြင်မကြည့်ပါ။

ထို့ကြောင့် ဒေါ်ချက်ဆုံကို ငွေတစ်ထောင်ပေး၍လျှော်ပင် လက် ထုတ်ပစ်မည်ဟု အိအိခင်ကို ခြိမ်းခြောက်ထားခဲ့သည်။ ဒေါ်ချက်ဆုံနှင့် လည်း အဆက်အသွယ်မလုပ်စေခဲ့ပါ။ သူ့ကို နဂိုကြောက်သော အိအိခင်က သူ့အမိန့်ကိုမလွန်ဆန်ရဲမှန်း သူသိသည်။ တပည့်များကို စောင့်ကြည့်ခိုင်းခဲ့သော်လည်း အိအိခင်နှင့် ဒေါ်ချက်ဆုံတို့ အဆက် အသွယ်မရှိဘူးဟု ဆိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တပည့်တပန်းများက ဒေါ်ချက်ဆုံက မီးပွိုင့်များ၌ တောင်းရမ်းစားသောက်နေသည်ကို တွေ့ခဲ့သည်ဟုဆိုခဲ့သောအခါ သူ လျော့ရယ်မိသည်။

သမီးဖြစ်သူနှင့် မတူဘူး မတန်ဘူးဆိုကာ သူ့ကို ချိုးနှိမ်ဆက်ဆံခဲ့ဖူးသည့် အဘွားကြီး မှတ်ပြီလားဟု ခနဲ့မိသည်။

အိအိခင်လို ကလေးအမေ မုဆိုးမကို သူက သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းပါမည်ဆိုတုန်းကတော့ အဘွားကြီးက ငါ့သမီးနဲ့ တူလို့လား၊ တန်လို့လား၊ ကလေးကချေးရဲ့ဟုပြောခဲ့သော စကားလုံးကို ယခုချိန်ထိ သူ့နားထဲက မထွက်ချေ။

အိအိခင်၏ ပိုင်ဆိုင်မှုနှင့် အလှအပကို ကြည့်ပြီး တပ်မက်ခဲ့တာမှန်သော်လည်း အိအိခင်အပေါ် ချစ်တဲ့စိတ်ကြောင့်လည်း ပေါင်းသင်းလိုစိတ် ဖြစ်ခဲ့သည်။

ငွေမရှိသော်လည်း သူက လူပျိုလူလွတ်ဖြစ်သည်။ ဒါနဲ့များ ငါ့သမီးနဲ့ တူသလား တန်သလား ကလေးကချေးရဲ့ဟု ပြောသောစကားကို သူ နာကြည်းခဲ့သည်။ ထို့ကြောင့် သူ့သမီးကို ကလေးကချေးကောင်ရဲ့မိန်းမဖြစ်အောင် ဖန်တီးခဲ့သည်။

သူ့ရည်ရွယ်ချက်သည် ဒေါ်ချက်ဆုံ၏စကားကို လက်စားချေရန်ဖြစ်သည်။ ထို့ကြောင့် သာယာပြည့်စုံသော ဒေါ်ချက်ဆုံတို့သားအမိဘဝကို ဖျက်ဆီးပစ်လိုသည်။





အိအိခင်ကို အမွေပေါင်းသင်းပြီး နှစ်ဦးသဘောတူ ရုံးတက်လက်မှတ်ထိုးပစ်သောအခါ ဒေါ်ချက်ဆုံသည် ဘာမှမတတ်နိုင်တော့ပေ။

ယောက်ျားဆုံးတာ တစ်နှစ်မပြည့်သေးသော အိအိခင်က နောက်အိမ်ထောင်ပြုသောအခါ ပတ်ဝန်းကျင်ရဲ့ ပြောစမှတ်ဖြစ်လာသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကို အကြောင်းပြုပြီး ရန်ကုန်သို့ ပြောင်းနေကြရန် သူက တိုက်တွန်းခဲ့၏။

သူက ခင်ပွန်းဖြစ်၍ အိအိခင်ကို မပူမပင်နေရန်နှင့် သူက အစ်လှည့်ရှာဖွေကျွေးမွေးချင်ကြောင်း၊ သူ့အရည်အချင်းကို ယောက္ခမသိအောင် ထုတ်ပြချင်ကြောင်း၊ ထိုသို့ အရည်အချင်းကို ပြနိုင်မှ ယောက္ခမနဲ့ သူ့ရဲ့ဆက်ဆံရေး ပြေလည်မည်ဖြစ်ကြောင်း ရန်ကုန်တွင် နေလျှင် စန္ဒာလေးရဲ့ပညာရေးအတွက်လည်း အဆင်ပြေကြောင်း အစရှိသဖြင့် ရှိသမျှ မာယာကို ခြစ်ခြုတ်သုံးလိုက်သောအခါ အိအိခင်သည် ပိုင်ဆိုင်သမျှ အိမ်ခြံမြေ အထည်ဆိုင်ပါ ရောင်းချလိုက်၏။

ပြီးနောက် ရန်ကုန်တွင် အိမ်ဝယ်ရန် သူ့ကို ငွေထုပ်နှင့် အပ်လေသည်။

ထို့ကြောင့် သူဝယ်ခဲ့သော ကွန်ဒိုခန်းသည် သူပိုင်ပစ္စည်းဖြစ်သည်။ သူ့နာမည်ပေါက်သည်။ သူဝယ်ခဲ့သော ကားမှာ သူ့နာမည်ပေါက်သည်။ ပြီးနောက် ကျန်သမျှငွေတို့ကို အသုံးပြုကာ သူလုပ်ငန်းကို



www.burmeseclassic.com

ချဲ့ထွင်သည်။ ယခုချိန်တွင် သူ့ထံ တပည့်တပန်းတွေ များပြား
နယ်အနှံ့ လူဖြန့်ကျက်ထားကာ နိုင်ငံများစွာနှင့် လုပ်ငန်းကို ချိတ်ဆ
လုပ်ကိုင်နိုင်ပြီ ဖြစ်လေ၏။

အင်အားလည်း ကြီးမားလာသလို ငွေကို ရေလိုသုံးနိုင်
အဆင့်မှာရှိပြီးဖြစ်သည်။ သူ့ဆန္ဒအတိုင်းလည်း အဘွားကြီးက လ
သေးရောက်ပြီဖြစ်သည်။

ခက်တာက ပြဿနာအိုးလေးစန္ဒာ။ အစပိုင်းမှာတော့ လိ
နေပါလျက်နဲ့ သေခါနီးမှ ဗွေဖောက်သွား၍ သူမှာ အခက်တွေ့နေ
သည်။ သို့သော် သူမကြောက်ပါ။

အကယ်၍ အဘွားကြီးကိုသာ မိလိုက်ပါက သက်ဆိုင်ရာ
သူ့အပေါ် သံသယမရှိအောင် နေတတ်ပြီဖြစ်၏။ သို့သော် သူ ထိ
လန့်မိသည်က လက်သီးပုန်းထိုးနေသူ။ ထိုလူက ဘယ်သူလဲ။ သူ
လက်သီးပုန်းချိန်နေသူက ဘယ်သူလဲ။ ဘယ်သူက လုပ်နေတာလဲ

*



## အခန်း (၂၁)

"သူဌေး . . . သူက ဝန်ထမ်းသစ်ပါ။ နာမည်က ခန့်ဝါတဲ့"

ဝင်လာသောအီးမေးလ်ကို ဖတ်နေရာမှ ခန့်ဝါဆိုသူထံ လှမ်းကြည့်လိုက်၏။

ကောင်လေး၏မျက်လုံးသည် ခပ်တောက်တောက်လေး ဖြစ်သည်။ နှုတ်ခမ်းလေးများသည် ညိုမည်းနေသော်ငြား သေသပ်လှ၏။ နှာတံသည် ထူးခြားစွာပင် ဖြောင့်စင်းနေ၏။ မျက်နှာကျမှာ ခပ်ရှည်ရှည်လေးဖြစ်၏။

ဒီအမ်အေစစ်စရာမလိုပေ။ အမေနှင့် ချွတ်စွတ်တူနေသောကြောင့် အမေ့သားမှန်း သိသာလှသည်။

www.burmeseclassic.com



လက်မခံချင်သော်လည်း သွေးနီးမှုန်း နှလုံးသားက သိ
သဖြင့် အေးစက်ချင်ယောင်ဆောင်နေရသော်လည်း စိတ်တွေ
ဂဏှာမငြိမ်ချင်ပါ။

သွေးမျိုးတော်သော အဏ္ဏဝါသည် သွေးမျိုးရင်းချာကြီးကို ရှေ့
မြင်ရလေသောအခါ ဘယ်တုန်းမှမခံစားဖူးသော ခံစားမှုမျိုး ခံစားရ
မိမိဘဝသည် ခြောက်သွေ့နေခဲ့သလိုနှင့် မိမိဘဝ၏ လိုအပ် ချက်
သိလာသည်။

ဒဏ်ချက်များခဲ့သည်ဆိုသော်ငြား မိမိလည်း လူထဲကလူ
မိသားစုဘဝကိုတော့ တမ်းတလှပါသည်။ ရှန်းကန်းခဲ့ရစဉ်က နွေးထွေး
မှုဆိုတာကို တစ်မက်ရကောင်းလားဟုပင် မတွေးခဲ့ပေမယ့် ဥစ္စာပစ္စည်း
ပြည့်စုံချိန်မှာတော့ မိသားစုနေရာတွင် ကွက်လပ်ကြီးတစ်ခု ဖြစ်လာ
သည်။

အလုပ်မှအိမ်သို့ပြန်ရောက်လျှင် မိမိကို ရိုသေနေသူများကြ
ပျော်ရွှင်မှုဆိုတာ ဆိတ်သုဉ်း၍နေသည်။ ကြီးကျယ်ခမ်းနားသော
အဆောက်အဦဆိုသော်ငြား အိမ်နှင့်မတူပေ။ ရုပ်ရှင်ဇာတ်လမ်းတွေ
ကလို မလိမ္မာတဲ့သားသမီးအား ဆူပူပြောဆိုနေသော မိခင်မျိုးရဲ့အ
ကို ကြားချင်လှသည်။ မိမိပြဿနာဖြစ်တိုင်း မိမိနှင့်ထပ်တူ ကြေ
ဝမ်းနည်းပေးမည့် မိုးသားမှောင်၏မိခင်လို အမေလိုမျိုး လိုချင်မိသည်

သို့သော် အဏ္ဏဝါ၏ တကယ့်အမေအစစ်သည် ရှေးတ





သိုလ်ဆိုး၍ မိဘရက်မကောင်းခဲ့သော်လည်း မိမိမျက်နှာကိုကြည့်ပြီး
ဝရှေ့ဆက်မည့် သွေးသားရင်းချာ ရှိချင်ခဲ့ဖူးသည်။

လောကစောင့်နတ်မင်းကြီးက အဏ္ဏဝါ့ကို ပစ်မထားခဲ့ပေ။
ခုတော့ သွေးသားရင်းချာတစ်ယောက် အဏ္ဏဝါ့ရှေ့မှောက်၌ ရပ်နေ
ဖြစ်သည်။

သို့သော် စိတ်ကူးယဉ်ခဲ့ဖူးသလို အဏ္ဏဝါ့ဘက်မှ မနွေးထွေး
တာအမှန်ပါ။

ဘာ့ကြောင့်လဲ။

အမေနှင့်ချွတ်စွပ်တူသော ကောင်လေးကိုကြည့်ရင်း အမေ
ပြောခဲ့သော စကားလုံးများကို ကြားယောင်မိသည်။ ထိုအခါ အဏ္ဏဝါ
လိုက်သည်က မေ့မေ့ပျောက်ပျောက်နေခဲ့သော်လည်း အမေ့ကို
ချိန်ထိ နာကြည်းနေဆဲသာ ဖြစ်ပေ၏။ အမေ့ကို နာကြည်းသူမို့
မေ့သားအပေါ်လည်း ကောင်းမပေးချင်မိတာအမှန်ပင်။ ချိုးနှိမ်ပြ
ချင်သည်။ မိမိခံစားခဲ့ရသလို ခံစားစေချင်သည်။

"ကောင်းပြီလေ သူ့ကို နေရာချပေးလိုက်။ သူ အဓိကလုပ်
မှာက တို့စီးမယ့်ကားကို ရေဆေးရမယ်၊ သန့်ရှင်းရေးလုပ်ရမယ်။
တံခါးပိတ်ဖွင့်လုပ်ရမယ်။ နားလည်တယ်နော်"

"ဟုတ်ကဲ့ သူဌေး"

"ဒါဆို သွားနိုင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



အမိန့်သံဆန်ဆန်ပြောလိုက်ရသော်လည်း ရင်ထဲမသက်သာလှပါ။ ထိုကောင်လေးကို အဖက်မတန်သလိုပြောလိုက်သော်လည်း အားနာမိသလို ခံစားရ၏။

ရင်ထဲရှိတဲ့အတိုင်းဆိုလျှင် ထိုကောင်လေးမျက်နှာကို ယုယုယယ ကိုင်ကြည့်ချင်မိသေးသည်။ မင်းက အမေ့သားကိုးဟု လွမ်းလွမ်းဆွေးဆွေး ငေးလိုက်ချင်သေးသည်။ ကြည့်ကောင်းရုံ ဝတ်ထားသော အင်္ကျီတွေကို ဆွဲချွတ်ကာ ကောင်းပေ့ညွှန့်ဆိုတဲ့အရာမျိုးတွေ ဆင်မြန်းပေးလိုက်ချင်သည်။

ပြီးနောက် ဒီအရွယ်လေးနဲ့ ထောင်ထဲဝင်ရအောင် ပေတေးလုချည်ရဲ့ဆိုပြီး မချိုတင်ကဲ ဒေါသတို့ဖြင့် မနာအောင် ထုရိုက်လိုက်ချင်သေးသည်။ သို့သော် အမေက ကြားတွင် ခံနေသောကြောင့် ခန့်ဝါနှင့် အဏ္ဏဝါသည် ဘယ်တော့မှ ရင်းနှီးကြတော့မည် မဟုတ်ပေ။

နာကြည်းစရာအတိတ်တွေကို ဆယ်စုနှစ်နှစ်ခုကြာတဲ့ ရင်ထဲ သိမ်းဆည်းလာသော အဏ္ဏဝါလည်း ပင်ပန်းလှပါပြီ။ ထိုအထုပ်ကိုချွာချလိုက်ချင်ပါသည်။ ချွာချဖို့လည်း အချိန်တန်ပြီဟုထင်သည်။

"သူဌေး"

ပြင်ပသို့ ငေးပြီး ဆွေးနေသော အဏ္ဏဝါ့ထံသို့ မာလာ ပြန်ရောက်လာပြန်သည်။ ထို့ကြောင့် ဝင်ပေါက်ကို ကျောပေးထားသော အဏ္ဏဝါသည် ခြေကိုသော့ပြီး ဆုံလည်ခုံကို လှည့်လိုက်၏။





"ဒေါ်ချက်ဆုံကို ဘယ်လိုစီစဉ်ရမလဲ သူဌေး"

"အိုကေ ... တို့တွေ အခုပဲ သွားကြတာပေါ့"

ဒေါ်ချက်ဆုံကို မြေအောက်ခန်း၌ထားသည့်မှာ နှစ်ရက်မြောက်လေပြီဖြစ်၏။

ညှဉ်းသည်ကို ကောင်းကောင်းညှဉ်းခံထားချင်သော်လည်း တစ်ချိန်က စားခဲ့ရသည့်ငါးပိရည်ကျဲကျဲနှင့် ငါးခြောက်တို့ကိုသာ ကျွေးထားလေသည်။

အဏ္ဏဝါ မျှော်လင့်ခဲ့သည်က ထိုသို့သောအစားအစာမျိုးကို မြိုက်ကဲ့သို့ မုန်းတီးနေစေချင်သည်။ သို့သော် ဒေါ်ချက်ဆုံမှာ ဝတ်ဝတ်မွတ်မွတ် စားလေသည်ဟု သိရသဖြင့် သနားမိသလို ခံစားရလေသည်။

သို့သော် ရင်ထဲ၌ နှစ်ပေါင်းများစွာ ရန်ငြိုးဖွဲ့ခဲ့သူမို့ သနားဖို့သင့်ဘူးဟု နိုင်မာစွာတွေးထားမိသည်။

ထို့ကြောင့်ပင် ဖရာထောင်းနေပြီဖြစ်သော အဘွားကြီးကို အလင်းရောင်မမြင်ရသော နေရာ၌ထားခဲ့သည်။ မိမိကိုလည်း တစ်ချိန်က ထိုသို့နေရာ၌ ထားခဲ့သည်မဟုတ်ပါလား။

တစ်နေ့တစ်နေ့ ချက်ပြုတ်ရန်နှင့် မီးဖိုချောင်မှမထွက်ရတဲ့နေ့တွေလည်း ရှိခဲ့ဖူးသည်။ အလုပ်များလွန်း၍ ရေမချိုးခဲ့ရသောနေ့တွေလည်း ရှိခဲ့ဖူးသည်။ အတိတ်ကိုမတွေးလျှင် ပစ္စုပ္ပန်သည် အဏ္ဏဝါ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် အလင်းတန်းတစ်ခု ဖြစ်၏။ သို့သော် အတိတ်ဝင်လာပါက ကြပ်ခိုးတိုက်နေသော မီးဖိုခန်းသည် ချောက်ချားစရာ ငရဲခန်းတစ်ခု နှယ်။

''ဒေါက် ဒေါက်''

ခွာမြင့်ဖိနပ်သည် လိုဏ်သံကြောင့် ခန်းမတစ်ခုလုံး ညံ့ပွက်သွားလေသည်။

မှောင်ပျပျနေရာလေးတစ်ခုကို ပြင်ပအလင်းရောင်က ရှုံးနိမ့်ကျရောက်နေ၏။ ထိုအလင်းရောင်ကိုအားပြုကာ ထိုင်နေသောအဘွားအိုတစ်ယောက်။

''ဒေါက် ဒေါက် ဒေါက်''

ခြေသံသည် အဘွားအိုနှင့် တဖြည်းဖြည်းနီးကပ်လာသောအခါ အဘွားအိုသည် မှုန်သောမျက်လုံးကို ကျုံ့ကာအားယူကြည့်ရှုသည်။

''ဒေါက် ဒေါက် ဒေါက်''

ခွာမြင့်ဖိနပ်သံသည် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိသည်ဟု ပြောနေသယောင်ရှိသည်။ စည်းချက်မှန်သော ခြေလှမ်းများသည် ခမ်းနားထည်ဝါမှုကို ညွှန်ပြနေလေသောကြောင့် အနေကျုံ့ထားသော အဘွားအိုမှာ ကိုယ်ကို ပို၍သေးကျုံ့ထားလိုက်လေသည်။

''ဒေါက် ဒေါက်''





တဒေါက်ဒေါက် လျှောက်နေသော ခွာမြင့်ဖိနပ်သည် အဘွားအို ရှေ့နှစ်ကိုက်ခန့်အကွာတွင် ရပ်တန့်သွားလေသည်။

''သူဌေးလားရှင်''

ကျိုးနွံသောအသံတစ်ခုဖြစ်သည်။

သို့သော် အဏ္ဏဝါ ပြန်မဖြေချေ။

အဘွားအိုသည် ကျုံ့ကျုံ့လေးထိုင်နေရာမှ ဒူးထောက်ထိုင်ချလိုက်သည်။

''ကျေးဇူးတင်ပါတယ် သူဌေးရယ်။ အဘွားမှာ မင်းပေးတဲ့အသက်ပဲ ရှိပါတော့တယ်။ ဒီကျေးဇူးကို အဘွားတစ်သက် မမေ့ပါဘူး''

အဘွားဆိုပါလား။ အဏ္ဏဝါ့ရင်ထဲ အသံတိတ် ရောင်ရယ်လိုက်မိသည်။

ဒေါ်ချက်ဆုံအသက်က အလွန်ဆုံးရှိလှ ခြောက်ဆယ့်ငါးနှစ်ပေါ့။ ဆင်းရဲနွမ်းပါးမှုကြောင့် ရုပ်ရည်မှာအိုကျနေပြီး နေလောင်ကွက်ကြောင့် မျက်နှာမှာ လူရုပ်မပေါ်တော့ပေ။ ထို့ကြောင့် ခြောက်ဆယ်ကျော်ခန့် ဒေါ်ချက်ဆုံသည် ရှစ်ဆယ်ကျော်ခန့်မည်ဟု ထင်ရလေသည်။ လမ်းဘေးတောင်းစားသူမို့ အများသူငါ၏ သနားစိတ်ကို ရလို၍အမင် အရွယ်ချထားသလားဆိုတာတော့ အဏ္ဏဝါ ရေရေရာရာ သိပေ။ ဒေါ်ချက်ဆုံလိုမိန်းမက ယုံရသည့်အမျိုးအစား မဟုတ်ပေ။

www.burmeseclassic.com



ငယ်တဲ့အကျင့်ကြီးအောင် ကြီးတဲ့အကျင့် သေအောင်ဆိုတဲ့ ...
သဘောကို အဏ္ဏဝါ ကောင်းကောင်းသိသည်။

"လိုက်ဖမ်းတဲ့လူတွေက ဘယ်သူတွေလဲ"

အဏ္ဏဝါက ပြတ်သားစွာမေးလျှင် ဒေါ်ချက်ဆုံသည် မဝံ့မ...
ခေါင်းကလေးမော့ကာ လှမ်းကြည့်သည်။

"ပြောရမှာလည်း ရှက်စရာပါပဲကွယ်။ ရှက်လည်း မရှက်နိုင်
တော့ပါဘူး။ တကယ်တော့ အဘွားက သူတောင်းစားမျိုးရိုး မဟုတ်ပါ
ဘူးကွယ်။ မလွှဲသာတဲ့အခြေအနေမို့ ခုလို တောင်းနေရတာပါ"

ဒါတွေက အဏ္ဏဝါ သိပြီးသားဖြစ်သည်။ ဘယ်ကဘယ်လ...
ဒီပုံစံဖြစ်သွားတယ်ဆိုတဲ့ ဇာစ်မြစ်ကိုတော့ မသိပေမယ့် သမက်...
နှိပ်စက်မှုကို မခံနိုင်၍ သမီးအိမ်မှထွက်ခဲ့ရကြောင်း၊ သမီးဖြစ်သူကိုပင်
တောင်းရမ်းရငွေနှင့် ပြန်လည်ထောက်ပံ့ခဲ့ရကြောင်း သိရ၏။

ဒေါ်ချက်ဆုံကို အံ့လည်း အံ့ဩမိသည်။ တစ်ဆက်တည်းမှာ
လည်း ဒေါ်ချက်ဆုံလို မိန်းမမျိုးကို မိခင်တော်ရသည့် အိအိခင်အပေ...
လည်း အားကျမိပါသည်။ အားမလို အားမရလည်း ဖြစ်ရသည်။
မိခင်က ဒီလောက်ပြည့်စုံအောင်ထားခဲ့ပါလျက်နဲ့ ဘဝကို ဖြစ်သလိုတည်
ဆောက်ခဲ့သည့်အတွက် ဒေါသထွက်မိသည်။

"အဲဒီလူက အဘွားရဲ့သမက်ပါပဲ"

မအံ့ဩတော့ပါ။ သိပြီးသားမို့ ဖြစ်သည်။ တိုက်ဆိုင်လွန်းလှ...





...င် အိအိခင်တို့သားအမိသည် မိုးသားမှောင်၏အမှုနှင့် တိုက်ရိုက်
...တ်သက်နေသည်။ သို့သော် ထူးဆန်းစွာပင် အိအိခင် ပျောက်ဆုံး
နေ၏။

"အဘွားသမီးက ကံဆိုးရှာပါတယ်။ လင်ကို ယုံမိတော့
...သမျှ စည်းစိမ်တွေလည်း ပြုတ်ပြုတ်ပြုန်းတဲ့အပြင် အဘွားလည်း
...လို လမ်းဘေးရောက်ရတော့တာပါပဲ၊ အဘွားရှိနေရင် သမီးကို
သမက်က နှိပ်စက်လွန်းလို့ အဘွားက အိမ်က ထွက်လာကာမှ မြေးပါ
...ဆုံးရတဲ့အထိပါပဲကွယ်"

ဒေါ်ချက်ဆုံသည် ပြောရင်းပင် လုံချည်စလေးနှင့် မျက်ရည်
...တ်ရှာသည်။

"အဘွားရှိနေလို့များ နှိပ်စက်သလားလို့ အတွေးခေါင်ပြီး
...က်ခဲ့မိတာက အဘွားရဲ့မဟာအမှားပါပဲ။ သမက်က အဘွားကို
...အတုတွေ ရွှေအတုတွေပေးခဲ့လို့ အဘွားမှာ ထောင်ထဲဝင်ရလုလု
အခြေအနေတွေနဲ့ ကြုံခဲ့ရပါသေးတယ်။ နောက်ဆုံးတော့ သမီးဆီ
...က်ဖြန့်တောင်းရမှာလည်း အားနာလို့ ခုလိုတောင်းနေရတာပါ"

တောင်းလို့ရတဲ့ငွေနဲ့ သမီးကိုထောက်ပံ့ခဲ့တာတော့ ဘာလို့
...ပြောရတာလဲ ဒေါ်ချက်ဆုံရယ်။ သမီးကလည်း မအေပေးသမျှကို
...မနာ ပါးမနာယူသည်။ အမေ ဘယ်ကရလိုက်သလဲဟုပင် ပြန်
...မေးချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်နေ့တော့ မအေကတောင်းပြီးပေးနေမှန်း

အိအိခင်နှင့် ဒေါ်ချက်ဆုံတို့ လမ်းမကြီး၌ မွေ့ဖက်ပြီး ငိုယိုခဲ့ကြသည်

သိခဲ့ရသည်။ ထိုနေ့က အိအိခင်က အိမ်ကိုပြန်သွားပြီး မရှိမဲ့ရှိမဲ့

ဖြင့် ခင်ပွန်းဖြစ်သူကိုရန်လုပ်ရာ ကန်ကျောက် ရိုက်နှက်ခံခဲ့ရ၍ အ

အိတ်ပင် မယူနိုင်ဘဲ ဒေါ်ချက်ဆုံထံ ခွေးပြေးဝက်ပြေး ပြေးပြီး

နေခဲ့ရသည်ဟု သိရသည်။

ခပ်စုတ်စုတ်ရပ်ကွက်ထဲမှ အမိုးမလုံသည့်အိမ်တွင်

ငါးထောင်ပေးပြီး အပြီချနေကြသည့် သားအမိနှစ်ယောက်၏ မျက်

ထမင်းဝိုင်းကို မြင်စမ်းချင်လှပါသည်။

"ခုလို အဘွားကိုနေခွင့်ပေးတဲ့အတွက် သူဌေးမကြီး

အဘွား ကျေးဇူးတင်ပါတယ်ကွယ်။ သူဌေးမကြီးက အဘွားရဲ့ကျေ

ရှင်ပါ။ ခုနေချိန် အဘွားကိုသာ သူတို့ဖမ်းမိသွားရင် အဘွား ဘာ

မလဲဆိုတာ မတွေးတတ်တော့ပါဘူး"

"သူတို့က ဘာလို့ အသည်းအသန် လိုက်ဖမ်းနေရတာ

"အဘွားသမီးကြောင့်ပေါ့ကွယ်။ သမီးကို သူတို့ ခေါ်သွား

ပြီလားတောင် မသိပါဘူး။ အပန်းမကြီးဘူးဆိုရင် အဘွားသမီးကို

ကူညီပေးပါလားကွယ်။ အဘွား ရှိခိုးပြီး တောင်းပန်ပါတယ်"

ဟုဆိုကာ ဒေါ်ချက်ဆုံသည် လက်အုပ်ချီပြီးကန်တော့

၏။





အဏ္ဏဝါ့ရင်ထဲ လှိုက်ခနဲ နင်သွားလေသည်။

ထင်မှတ်မထားသော အပြုအမူမျိုးဖြစ်၏။

သို့သော် မကန်တော့ပါနဲ့ဟုတော့ အောက်ကျို့ပြီး မပြောချေ။

ဒေါ်ချက်ဆုံကန်တော့နေဆဲမှာပင် အဏ္ဏဝါသည် လက်

ှာက်တစ်ချက်ကို ခပ်ပြင်းပြင်းတီးလိုက်သည်။

လက်ဖျောက်သံဆုံးသည်နှင့်တစ်ပြိုင်နက် အခန်းတစ်ခန်းလုံး

ရောင်တို့ဖြင့် ထိန်ညီးသွားလေသည်။ စူးရှသော အလင်းရောင်

ကြောင့် ဒေါ်ချက်ဆုံမှာ မျက်စိကို ကောင်းစွာမဖွင့်နိုင်ချေ။

အလင်းကိုအားပြုပြီး အဏ္ဏဝါသည် ဒေါ်ချက်ဆုံမျက်နှာကို

ေစ့ကြည့်ပြီး ဒေါ်ချက်ဆုံရှေ့မှခုံကို ဆွဲယူကာ ထိုင်လိုက်သည်။

ထိုအခါ ခုတင်ပေါ် ပဆစ်ဒူးတုတ်ထိုင်နေသော ဒေါ်ချက်ဆုံ

အဏ္ဏဝါတို့ မျက်နှာချင်းဆိုင်ဖြစ်သွားလေ၏။

"တောင်ပတ်တာကြာတယ် လှုပတ်တာမကြာဘူးဆိုတာ

ိုပြောတာနေမှာပေါ့ အန်တီချက်"

"ဟင်"

ဒေါ်ချက်ဆုံသည် မှင်သက်သွားပုံမျိုးနှင့် စူးစမ်းလေသည်။

သော် ယခုချိန်ထိ အဏ္ဏဝါ့ကို မှတ်မိပုံမပေါ်သေးပေ။

"ဒါပေမဲ့ ကျွန်မအတွက်တော့ အရမ်းကိုကြာသွားတယ်။

နှစ်နှစ်ဆယ်။ မနက်ဖြန်တောင် ဘာဖြစ်မယ်မှန်းမသေချာတဲ့



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးထဲမှာ ဒီလိုအခြေအနေမျိုးရောက်လာဖို့ အနှစ်နှစ်ဆယ်
စောင့်ခဲ့ရတယ်''

''ဟင်''

တွေးရင်း ခပ်ရေးရေးပေါ်လာပုံရသည်။ သို့သော် ဒေါ်ချက်
၏မျက်လုံးများသည် စူးစမ်းဆဲဖြစ်၏။

''သမီးကိုရော ကယ်ပေးပါလို့ ဘယ်သူ့ရှေ့ အသနားခံ
တာလဲ။ ရှင် မရှက်ဘူးလား။ အသက်ခြောက်ဆယ်ဆိုတဲ့အရွယ်
လုပ်နိုင်ကိုင်နိုင်ဆဲအရွယ်ပါ။ သူများကို အနိုင်ကျင့်သလို ရန်ဖြစ်လည်း
ကျွမ်းတဲ့လူပါ။ ဘာလို့ လမ်းဘေးဒူးထောက်တောင်းနေရတာ
မရှက်ဘူးလား၊ မရှက်တတ်တော့ဘူးလား''

''ဟင် ... မင်း မင်း''

''ရှင်တောင်းသမျှ အကူအညီကို ကျွန်မက ဝမ်းပန်းတသ
ပေးလိမ့်မယ်လို့ ရှင် ထင်နေသလား။ ဒါမှမဟုတ် မျှော်လင့်နေသလား
ဟင်း ဟင်း ... တစ်ချိန်က ရှင့်ရဲ့လက်စွဲစကားကို ရှင်မေ့သွားပြီလား''

ဒေါ်အဏ္ဏဝါသည် နှုတ်ခမ်းကို တွန့်ရုံပြုံးလေသည်။

''ပေးထားတာရှိမှ ပြန်ယူလို့ရမှာပေါ့။ ကျွန်မမှာ ရှင်ပေးထား
တာ ဘာရှိလို့လဲ။ ကျွန်မဆီက ဘာကိုမျှော်လင့်နေတာလဲ''

အဏ္ဏဝါ့ကိုမော့ကြည့်နေသော ဒေါ်ချက်ဆုံ၏မျက်လုံးများ
သည် အံ့သြခြင်းမှ ကြောက်လန့်ခြင်းသို့ တဖြည်းဖြည်း အသွင်ပြ





ပြောင်းလာရလေသည်။

''ရှင်တို့ ရိုက်လိုက်တဲ့ ကျွန်မရဲ့ပါးက ဒဏ်ရာ ခုထိမကျက်
သေးဘူး ဒေါ်ချက်ဆုံ။ ရှင်တို့ကြိုးတုတ်ထားခဲ့လို့ ကျွန်မရဲ့လက်တွေ
သိနာနေတုန်းပဲ''

''အဏ္ဏဝါ ... မင်း မင်း မင်း အဏ္ဏဝါ''

''ဟား ဟား ဟား''

အဏ္ဏဝါ၏ရယ်သံသည် သရော်နေမှန်းသိသာလွန်းလှသည်။
ကြားနေသောလူကို ထပ်ဖိဖို့ မာန်တင်းလိုက်တဲ့ရယ်သံမျိုးဖြစ်သည်။

''ဟုတ်တယ်၊ အဏ္ဏဝါ ကျွန်မက အဏ္ဏဝါပဲ။ သိပ်ကြောက်
သွားပါနဲ့။ ကျွန်မက ရှင်တို့လို လက်ပြန်ကြိုးတုပ်ရလောက်တဲ့ထိ
ရက်စက်ပါဘူး။ ထောင်ထဲပို့ရလောက်တဲ့ထိလည်း မလုပ်ရက်ပါဘူး။
ဟင်း၊ ဟင်း ... ကံတရားက သိပ်ထူးဆန်းတာပဲ။ တစ်နေ့ ရှင့်တို့နဲ့
ပြန်ဆုံရင် ရှင်တို့ဘဝ စုတ်ပြတ်သွားအောင် အတော်ဖန်တီးယူရလိမ့်
မယ်လို့ထင်ခဲ့တာ။ ခုတော့ ပုရွက်ဆိတ်တစ်ကောင်ကို လုံးချေရတာမျှ
မကပါဦးမယ် ... ဟင်း ဟင်း''

''အဏ္ဏဝါရယ် ... မင်း မင်း မသေသေးဘူးနော်၊ မင်းရောဂါ
နဲ့ပြီးသေပြီလို့ နောက်ဆုံးသတင်းရခဲ့တာ။ မင်းမသေဘူးနော်''

''ရှင်တို့ဘဝ စုတ်ပြတ်နေတာကို ဖိမ်ခံကြည့်ဖို့အတွက်
သေမင်းက ကျွန်မကိုခေါ်မသွားဘူး၊ ဘယ်လိုလဲ ခပ်ခါးခါးဘဝဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



တော်တော်မှ အရသာရှိရဲ့လား ဒေါ်ချက်ဆုံရဲ့''

''အဏ္ဏဝါရယ် . . . မှားခဲ့တာတွေအတွက် အန်တီချ
တောင်းပန်ပါတယ်ကွယ်။ အိအိခင်ဆိုတာ သမီးနဲ့သူငယ်ချင်း
အိအိခင်ကို ကယ်ပေးပါနော်။ အဏ္ဏဝါနော် သမီး''

သမီးဆိုသောခေါ်သံသည် အဏ္ဏဝါ့ရင်ထဲ တုန်ခါသွားသည်
တစ်ချိန်တုန်းက ဒီလိုခေါ်သံမျိုးကို တမ်းတခဲ့ဖူးပေမယ့် မိမိသာ
သမီးခေါ်ခံရတဲ့အသံကိုတော့ နားခါးလှသည်။ ဒေါသကိုဆွပေးသ
ဖြစ်နေ၍ မြင်မြင်ရာ ကိုင်ပေါက်ချင်လာမိသည်။

''ခုလောက်ထိ ခရီးပေါက်ခဲ့ပြီဆိုတော့ မင်း စန္ဒာလေး
သတင်းကိုလည်း ကြားမယ်လို့ အန်တီချက် ထင်ပါတယ်''

''သေသွားတဲ့လူကို ကယ်ပေးဖို့တော့ မတောင်းဆိုလေ
ပါဘူးနော်''

''စန္ဒာလေးအမှုမှာ တရားခံက သူ့ပထွေး ဉာဏ်ဆိုတဲ့ကော
ပဲ''

အဏ္ဏဝါ အံ့ဩသွားလေသည်။ ဘယ်လိုမှ ထင်မှတ်မထာ
တဲ့ကိစ္စဖြစ်သည်။ ပထွေးဖြစ်သူက မကြာသေးခင်ကပင် ဂျာနယ်
ငိုချင်းချခဲ့ဖူး၏။ အိုဗာဖြစ်တယ်ဟု ခံစားရသော်လည်း သံသယ
သာ ဖြည့်တွေးခဲ့မိသည်။

''စန္ဒာလေးကို ပွတ်သီးပွတ်သပ်လုပ်နေတာကို အန်တီချ





မြင်တော့ မသင့်တော်ကြောင်း ဆိုဆုံးမတယ်။ ဒါပေမဲ့ အန်တီချက်ကို
ရိုကာတည်းက အမြင်မကြည်တဲ့ဉာဏ်က အန်တီချက်ရှေ့မှာ စန္ဒာလေး
ကို ပိုဆိုးတဲ့အပြုအမူတွေ လုပ်တယ်။ အိအိခင်က အဲဒီလိုမလုပ်ဖို့
ပြောတော့ ပါးရိုက်နားရိုက်လုပ်တယ်။ စန္ဒာ့ကို သမီးလိုသဘောထား
ဘာပါလို့ ဉာဏ်ပါးစပ်က အရှက်မရှိပြောတယ်''

ရင်ထဲ နင့်ခနဲနာသွားလေသည်။ ရုတ်တရက်ဆိုသလို
အိအိခင်အပေါ် အားမလို အားမရဖြစ်မိသည်။ အကယ်၍ မိမိသာ
အိအိခင်နေရာမှာဆိုပါက ဉာဏ်ဆိုသူနှင့် အသက်ချင်းလဲပစ်မှာအမှန်
ပင်။

''အဲဒီလိုလူမျိုး ဘာဖြစ်လို့ပေါင်းနေသေးသလဲ။ ကွာရှင်းပါ
လား။ ဖြစ်သလိုလုပ်စားကြမယ်လို့ အန်တီချက်က အားပေးတော့
အိအိခင်လည်း ဉာဏ်နဲ့ကွာရှင်းဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့ ဉာဏ်က
ကွာမပေးဘူး။ ကွာမပေးတဲ့အပြင် ကွာရှင်းစကား နောက်ထပ်ပြော
လာရင် ပါးစပ်ကို ဓားနဲ့ဖြဲမယ်လို့ ခြိမ်းခြောက်တယ်။ ပြီးတော့ အိအိခင်
ကွာရှင်းစကားပြောတာက အန်တီချက်ကြောင့်ဆိုပြီး အန်တီချက်ကို
သတ်မယ်လို့ပြောတယ်။ သူက တကယ်လုပ်မယ့်လူမျိုးဆိုတာ
အိအိခင်က သိတာပေါ့။ ဒါနဲ့ပဲ အိအိခင်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေလို့
အန်တီချက် အိမ်ပေါ်က ဆင်းလာခဲ့တယ်။ မြေးလေးစန္ဒာကိုလည်း
ပထွေးရန်က ခေါ်ထုတ်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



စန္ဒာ့ကို သူက မျက်ခြေမပြတ်စောင့်ကြည့်နေခဲ့တယ်''

စန္ဒာဆိုသောကလေးမကို မမြင်ဖူးသော်လည်း သနားသွား သည်။ အိအိခင်လို မိခင်ရဲ့သမီးဖြစ်ရတဲ့စန္ဒာ့အဖြစ်က မိမိထက် ဆိုး၍ ရင်ထဲနာကျင်မိသည်။ အိအိခင်ကို အထင်သေးမိသည်။ မိခင်ဖြစ်လျက် သမီးရဲ့ဘဝကို ကာကွယ်မပေးနိုင်သူကို အထင်မကြီးပါ။

''ရဲတိုင်ပြီး ဦးညြကို ဖမ်းခိုင်းဖို့ အိအိခင်ကို အကြံပေးခဲ့ပါ တယ်။ ဒါပေမဲ့ အိအိခင်ကလည်း ဝဋ်ကြီးတယ်လေ။ သူ့ယောက်ျား ကို မလုပ်ရက်ဘူး။ အိအိခင်ကို စိတ်ပျက်မိပေမယ့် ကိုယ့်သမီးကို ဘယ်ပစ်နိုင်ပါ့မလဲ''

ဘုရား . . . ဘုရား။ ဒီလောက်ဆိုးတဲ့အိအိခင်ကို မပစ်နိုင်ဘူး တဲ့လား။ အာဂမိခင်ပဲဟု ဒေါ်ချက်ဆုံကို ချီးကျူးမိသွားသည်။ မိခင်ချင်း တူပါလျက်နဲ့ အဏ္ဏဝါ့အမေကတော့ အဏ္ဏဝါ့ကို ရက်စက်လိုက်တာ

''အခုတော့ အိအိခင်လည်း သံဝေဂတွေရနေပါပြီ။ သူ့ ယောက်ျားကို သူကိုယ်တိုင် ထောင်ထဲထည့်ဖို့လည်း ဆုံးဖြတ်ပြီးနေပါ ပြီ။ ဒါကို ဦးညြက မသိရှိပါ့မလား။ ဒါကြောင့် အိအိခင်နဲ့အန်တီချက် ကို သူလိုက်ရှာနေတာပေါ့။ မင်းရဲ့ကျေးဇူးကြောင့် အန်တီချက်က လွတ်လာပေမယ့် သမီးအိအိခင်ကတော့ ဘယ်လိုနေမှန်း မသိဘူး။ သူတို့ အိခင်ကို မိသွားရင်တော့ သတ်ပစ်ကြမှာ သေချာတယ်''

ဒေါ်ချက်ဆုံစကားသည် ထိတ်လန့်ခြင်းများ ပါဝင်နေသည်။





ဒေါ်ချက်ဆုံစကားက မုသားမဟုတ်မှန်း မျက်လုံးတွေက သက်သေခံ နေ၍ အင်မတန်သွေးအေးသော အဏ္ဏဝါပင် ဘာလုပ်ရမှန်းမသိ ဖြစ်သွားလေသည်။ ဘာကိုစိတ်ပူနေမှန်းမသိသော်လည်း ပူနေမိသည် မှာ အမှန်ပါ။

''သူလုပ်တဲ့ မှောင်ခိုအလုပ်တွေကို အိအိခင်က သက်သေ သာဓကနဲ့တကွ တိုင်တော့မယ်လို့ အန်တီချက်ကို ပြောတယ်''

''အကယ်၍ အိအိခင်ကို သူတို့ဖမ်းမိနေရင် ရှင်ဘာလုပ်မလဲ ဒေါ်ချက်ဆုံ''

''အန်တီချက်ကိုယ်တိုင် တိုင်ပစ်မယ်''

''ဒါပေမဲ့ ရှင်က အခု ကျွန်မအရိပ်မှာ ရောက်နေတယ်လေ။ ကျွန်မခွင့်ပြုချက်မရဘဲ ရှင် ဘယ်ကိုမှထွက်သွားလို့မရဘူး''

''ဟင်''

''သေချင်လောက်တဲ့ထိ ခံပြင်းတဲ့ဝေဒနာကို ရှင်ခံစားကြည့် ဦးပေါ့''

''အန်တီချက် တောင်းပန်ပါတယ် အဏ္ဏဝါရယ်။ အန်တီချက် ကို သွားခွင့်ပေးပါ။ အန်တီချက်မသွားရင် အိအိခင် သေရပါလိမ့်မယ်။ မြေးလေးလည်း မရှိတော့ဘူး။ သမီးပါ မရှိတော့ရင် အန်တီချက် သေပါလိမ့်မယ်။ အတိတ်က မှားခဲ့တာတွေကို မင်း ကျေနပ်တဲ့အထိ တောင်းပန်ပါ့မယ်။ ဒါပေမဲ့ ခုတော့ အန်တီချက်ကို သွားခွင့်ပေးပါ''



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်မယ်တဲ့လား။ အဲဒီတောင်းပန်တာတွေကို ဘာ လုပ်ရမလဲ။ ကြော်, ချက်, ပြုတ်လို့ရလို့လား။ ရှင့်ကိုတောင်းပန်ရုံလေ နဲ့ မည်းခဲ့တဲ့ ကျွန်မရဲ့အတိတ်က ပြန်ဖြူနိုင်ဦးမှာလား။ သေချ လောက်အောင် ခံပြင်းခဲ့တဲ့ ဝေဒနာတွေက ပြန်ကောင်းသွားမှာလား ကျေနပ်တဲ့ထိ ဆိုပါလား။ ရှင်သေမှ ကျွန်မကျေနပ်မယ်ဆိုရင်ရော သေပေးမှာတဲ့လား။ ဘာတဲ့ သမီးမရှိရင် ရှူးရပါလိမ့်မယ်တဲ့လား ရှူးပေါ့၊ ဟားတိုက်ပြီး အရသာခံကြည့်နေရုံကလွဲပြီး ဘာရှိဦးမှာလဲ

ယခုချိန်မှာတော့ ဒေါ်ချက်ဆုံ၏မျက်ရည်များသည် အဏ္ဏ အတွက် ဖျော်ဖြေရေးတစ်ခုမျှသာ ...။

အဏ္ဏဝါ့နှုတ်ခမ်းတွေက လှောင်ရယ်နေခဲ့သော်လည်း ရင်ထဲ ၌မူ။

✱



## အခန်း (၂၂)

"ရှင် အခုတလော တော်တော်နာမည်ကြီးနေတယ်နော် ဦးဥသြ"

ရှုစကားကြောင့် ဦးဥသြသည် သွားမည်းမည်းများပေါ်သည် ထိ ပြုံးလေသည်။

"ကိုယ့်အမျိုးသမီးရဲ့သမီးလေ။ ဒါပေမဲ့ ကိုယ့်သမီးလိုပါပဲ။ အဲဒီကိစ္စက မထင်မှတ်ဘဲ နာမည်ကြီးသွားတယ်"

ရှု နှုတ်ခမ်းတွန့်ရုံ ပြုံးလေသည်။

"ကိုယ် မင်းနဲ့ အပြင်မှာချိန်းတွေ့လို့မရဘူးလား"

"တစ်နေ့နေ့ပေါ့။ ဒါနဲ့ ဦးဥသြက ဒီဟိုတယ်ကို ခဏခဏ



www.burmeseclassic.com

www.burmeseclassic.com



လာတယ်နော်''

''မင်းကို တွေ့ချင်လို့ပေါ့''

ထိုစကားလုံးကို ရှု အသည်းနာလှသည်။ အကြောင်းကိစ္စ လို့ လာမှန်းသိသိချည်းနဲ့ အရိုခံရခြင်းဖြစ်လေသည်။

''ကိုယ် မင်းရဲ့ဖုန်းနံပါတ်ကလေး ရနိုင်မလား''

''ရတာပေါ့''

ရှုသည် သွက်သွက်လက်လက်ဆိုကာ စာရွက်တစ်ရွက်ကို ဆွဲယူလိုက်ပြီးရေးသားသည်။ ပြီးနောက် ဦးဉာဏ်ထံ လှမ်းပေး၏။

''အိုကေ ... ကိုယ် မင်းကို ဖုန်းဆက်မယ်နော်''

ဆက်ပါ ကျွန်မကလည်း ရှင်ဖုန်းဆက်တာကိုပဲ လိုချင်တာ ပါ။

''ဒါဆို ကျွန်မကို ခွင့်ပြုပါဦး''

ဟုဆိုသောအခါ ဦးဉာဏ်သည် မှုမမှန်သောလူတစ်ယောက် နှယ် ပြောင်ချော်ချော်လုပ်နေသေးသည်။

ဦးဉာဏ်ကို မသက်ာပါ။ ထို့ကြောင့်ပင် ထွက်သွားဟန်ပြပြီး ဦးဉာဏ်နောက်မှ မယောင်မလည် အကဲခတ်နေမိသည်။ သို့သော် စီစီတီဗီကိုလည်း ရှောင်နေရသေးသောကြောင့် အနည်းငယ် အခက် အခဲရှိသည်။ သို့သော် စီစီတီဗီဘက် ကျောပေးပြီး နေလိုက်၏။

ရှု ကြည့်နေဆဲမှာပင် ဦးဉာဏ်သည် ဟိုတယ်တာဝန်ခံ





ကိုဝေယံလင်းကို နှုတ်ဆက်ပြောဆိုနေသည်ကို တွေ့ရ၏။

ကိုဝေယံလင်းကိုလည်း ရှု မသင်္ကာပါ။ ထို့ကြောင့် ကိုဝေယံ လင်းနောက်မှ ခြေရာခံကြည့်လေသည်။

ကိုဝေယံလင်းသည် လုံခြုံရေးရုံးခန်းဘက် လျှောက်သွား၏။ ပြီးနောက် လုံခြုံရေးဝန်ထမ်းတစ်ဦးနှင့် စကားပြောနေလေသည်။ ထိုဝန်ထမ်း၏အမည်ကို ရှု မှတ်သားလိုက်၏။ ကိုလှတင့်။ ရင်ညွန့်မှ အမည်ကတ်လေးကိုမှ အားမနာပါးမနာ အုပ်စုဖွဲ့၍ မိုက်ကြေးခွဲချင် ကြသူများဖြစ်သည်။ ဤကိစ္စကိုသာ ဒေါ်အဏ္ဏဝါအား တင်ပြလိုက်လျှင် ဒေါ်အဏ္ဏဝါက အစီအစဉ်အတိုင်း ဆောင်ရွက်သွားပေလိမ့်မည်။

ရှု လိုချင်တာက အစီအစဉ်အတိုင်း မဟုတ်ချေ။

သေချာမှုတစ်ခုကိုသာ သက်သေနှင့်တကွ ခိုင်လုံခဲ့ပါလျှင် ညည်သူကိုမှ ချမ်းသာမပေးချင်တော့ပါ။ ပြစ်မှုကျူးလွန်သူကိုရော ကြံရာ ပါတွေကိုပါ ထိုက်တန်စွာ အပြစ်ပေးချင်မိသည်။

အထက်လူကြီးတစ်ဦးအနေဖြင့် လုပ်ပိုင်ခွင့်ကို အသုံးချပြီး အလုပ်ထုတ်ရုံမျှနှင့် ရှု ရင်မခုန်တော့ပြီ။

မိန်းကလေးတစ်ဦးဖြစ်သော်ငြား လူသတ်ရသည်ကို ရှု ခံမင် သည်။ အပြစ်ကြီးသောလူတစ်ဦးကို သတ်ပါက အလုပ်တစ်ခုပြီးသွား သလို ရင်ထဲပေါ့သွားသည်။ ရှု စိတ်ရင်းဖြစ်သည်။ ဒေါ်အဏ္ဏဝါကို ကျေးဇူးတင်ရပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုဖြစ်ချင်သောဆန္ဒကို ဖြည့်တင်းပေး၍ ဖြစ်သည်။ နာမည် အမျိုးမျိုးဖြင့် လောကကြီးထဲ မထင်မရှားနေရသည်ကို ရှု မနာကြည်းပါ။ ရှုနာကြည်းသည်က ရှုရဲ့အတိတ်။ ဦးညွှန့်သူ့ဖြစ်၏။

ယခင်ကတော့ ခင်ဇော်ဆိုတဲ့နာမည်နဲ့ နေတဲ့လူက ဘယ်က ဘယ်လို ဥညဖြစ်သွားမှန်းမသိသော်လည်း ထိုရယ်သံ၊ ထိုမျက်လုံး ရှု တစ်သက်မမေ့ပါ။

ဒေါ်အဏ္ဏဝါ၏အထောက်အပံ့ဖြင့် မြန်မာပြည်ပြန်ရောက် ရောက်ချင်းပင် ခင်ဇော်ဆိုသောသူကို ရှု ရှာဖွေခဲ့သည်။ သို့သော် နာမည်ပြောင်းပြီး တည်ချက်ပါ ပြောင်းသွားသောကြောင့် ရှုအတွက် မလွယ်ကူခဲ့ပါ။

အချိန်တွေလည်း ကြာခဲ့ပြီကိုး။ ဆယ်နှစ်ကျော်အချိန်သည် လူတစ်ယောက်၏ဘဝကို ဖောက်ထိုးမိုးမျှော်ဖြစ်အောင် လုပ်ပစ်နိုင်မှန်း ရှုကိုယ်တွေ့ကြုံခဲ့ရလေသည်။

ရှုဖခင်သည် လခစားရုံးဝန်ထမ်းဖြစ်သည်။ ရှုအမေက ကျောင်းဆရာမ။ ထို့ကြောင့် ရှုတို့မိသားစုသည် ဝင်ငွေထွက်ရုံမျှတာနဲ့ လေး အေးအေးချမ်းချမ်းနေထိုင်ခဲ့သည်။

သို့သော် တစ်နေ့၌ ရှုအဖေ ကားတိုက်ခံခဲ့ရသည်။ ပွဲချင်းပြီး မဖြစ်သော်ငြား ဆေးရုံတွင် တစ်ပတ်မျှသာ အတွင်းလူနာအဖြစ် နေ ပြီး ဆုံးပါးသွားခဲ့သည်။





အဖေ့ကို ကားဖြင့်တိုက်သွားသူမှာ ခင်ဇော်ဆိုသူဖြစ်၏။ ခင်ဇော်သည် သူဌေးအိမ်မှကားကို လခဖြင့် မောင်းပို့သူဖြစ်သည်။

အဖေသေဆုံးခြင်းကို အမှုမဖွင့်ရန် အမေ့ကို မျက်ရည်ခံထိုး ပြီး တောင်းပန်ခဲ့သောမြင်ကွင်းကို ယနေ့ချိန်ထိ ရှု မမေ့နိုင်ပါ။ လူ တစ်ဖက်သားကို သနားတတ်သော အမေသည် ဖြစ်ပျက်တရားကို သည်း နှလုံးသွင်းလေ၏။

ထို့ကြောင့် အဖေ့သေဆုံးခြင်းကို တရားနှင့်ဖြေကာ ခင်ဇော် ဆိုသူကို ခွင့်လွှတ်ပေးခဲ့သည်။

ထိုနေ့မှစ၍ ခင်ဇော်ဆိုသူသည် ရှုတို့အိမ်ကို အဝင်အထွက် လုပ်လာသည်။ ထိုစဉ်က ရှုအသက် ဆယ့်သုံးနှစ်ဖြစ်၏။ ရှုသည် နားလည်ခါစအရွယ်ဆိုသော်ငြား ခင်ဇော်ဆိုသူကို ကြည့်မရပါ။ ထို့ကြောင့် မလိုလားဟန်များပြခဲ့သည်။ ထို့ကြောင့် ခင်ဇော်သည် ရှုကို သဘောမကျပေ။ ရှုကလည်း သဘောမကျပေ။ ဒါကို ရိပ်မိသော အမေသည် ခင်ဇော်ကို အိမ်မလာတော့ရန်ပြော၏။

ထိုအခါ ခင်ဇော်သည် ငိုကြီးချက်မဖြင့် အမေ့ကို အစ်မလို ခင်၍ လာနေကြောင်း၊ စောင့်ရှောက်လိုကြောင်း ပြောသဖြင့် နုံပျော့ညံ့ သောအမေက ခင်ဇော့်မျက်ရည်များကြား ပျော့ညံ့သွားလေသည်။

ယောက်ျားတစ်ယောက်သည် တော်ရုံခံစားရုံနှင့်မငိုဘူးဟု အမေပြောသောစကားကို ရှု ကြားယောင်မိဆဲဖြစ်၏။ မေ့စိတ်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဇော်သည် အမေ့ကို အမှန်တကယ် တွယ်တာနေသည်ဟု ထင်နေ ရသည်။ တစ်ခါတစ်ရံ၌ ခင်ဇော်အတွက် သီးသန့်ရည်ရွယ်ကာ ချ ပြုတ်နေတတ်သေး၏။

ခင်ဇော်သည် တဖြည်းဖြည်း အမေ့စိတ်ကို ညှို့ငင်စပြုလာ သည်။ အမေ့ကိုငိုအောင်လုပ်လိုက်၊ ပျော်အောင်လုပ်လိုက်၊ ခံစား အောင် ပြောဆိုလိုက်ဖြင့် ခင်ဇော်မရှိလျှင် ဟာတာတာ ဖြစ်ရလော တဲ့ထိ အမေ့ကို ပြုစားလေသည်။

အဖေဆုံး၍ အားကိုးရာမဲ့နေသောအမေသည် ခင်ဇော့်အပေ သာယာမိသည်ကို ရှု အပြစ်မပြောလိုပါ။ သို့သော် တဖြည်းဖြည်း တို့အိမ်ကို ကျူးကျော်လာသော ခင်ဇော်ကို ရှု မကျေနပ်ပေ။ ရံဖန်ရံ အလည်လွန်ပြီး မိုးချုပ်သဖြင့် ရှုတို့အိမ်မှာ အိပ်သောနေ့တွေပါ လာသည်။

ပတ်ဝန်းကျင်က အမေ့ကို ခင်ဇော်နှင့် သမုတ်ကြသည် ပတ်ဝန်းကျင်က သမုတ်နေချိန်တွင် ခင်ဇော်က အမေ့ကို ချစ်စကား ဆိုခဲ့သည်။ ထိုအခါ အမေသည် အိပ်မက်မှလန့်နိုးလာသူတစ်ဦးနှယ် ခင်ဇော့်အချစ်ကိုငြင်းပြီး ခင်ဇော့်ကို မောင်းထုတ်ခဲ့သည်။

ထိုအချိန်မှာပင် အဖေ့အသက်လျော်ကြေးငွေကို ခင်ဇော်က ကြားမှ ဖြတ်ခုတ်ထားကြောင်း အမေ သိသွားသည်။ ခင်ဇော်နှင့် အမေတို့ စကားများကြသည်။





ထိုအခါ ခင်ဇော်သည် မူလ ဇာတ်မြစ်ပေါ်လာလေ၏။ အားနွဲ့ သာအမေ့ကို ပါးရိုက်နားရိုက်လုပ်သည်။ ထိုအခါ ရှုသည်လည်း အမေ့ဘက်မှ ကူညီပြီး ခင်ဇော်ကို တိုက်ခိုက်သည်။ ရှုကြောင့် ခင်ဇော့် တွင် သွားပေါက်ရာများဖြစ်သွားပြီး သွေးစိမ်းရှင်ရှင်စီးကျခဲ့သည်။ ခင်ဇော်သည် ဒဏ်ရာဖြင့် ပြန်ထွက်သွားသည်။

ခင်ဇော်ရိုက်ထားသည့်ဒဏ်ကြောင့်လား ယုံကြည်ရသူ၏ သစ္စာဖောက်မှုကိုခံရသည့်စိတ်ဒဏ်ရာကြောင့်လားမသိ အမေသည် ရာထဲဘုန်းဘုန်းလဲတော့၏။ ရှု အမေ့ကိုပြုစုခဲ့သည်။

သို့သော် တစ်ပတ်ခန့်အကြာတွင် အမေသည် ရှုကိုခွဲခွာသွား သ၏။ အမေဆုံးသောအခါ ခင်ဇော် ရောက်လာပြန်သည်။ ပြီးနောက် ကြားထဲတွင် ယူကျုံးမရ လွမ်းဆွေးပုံဖြင့် ဦးယိုကာ ရှုကိုစောင့်ရှောက် မယ်ဟုပြောပြီး ခေါ်သည်။

ရှု မလိုက်ချင်ဘူးဟု အကြောက်အကန် ငြင်းသော်လည်း ငယ်ရွယ်သေးသော ရှုစကားကို ရပ်ကွက်က လျစ်လျူရှုခဲ့သည်။

ရှုသည် ခင်ဇော်ခေါ်ရာနောက်သို့လိုက်ပါခဲ့ရသည်။ ခင်ဇော် သည် ရှုကို မှောင်မိုက်သောအခန်းထဲ၌ ပစ်ထားခဲ့သည်။ တစ်ရက်မှ ထမင်းတစ်ချပ်တည်း ကျွေးသည်။ သောက်စရာရေလည်း မပေးချေ။

တစ်ရက်တစ်ခါရောက်လာတတ်သော်လည်း ရှုကိုမုန်းတဲ့ အကြောင်းများသာပြောနေ၍ ရှု ကြောက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သွေးထွက်အောင်ကိုက်တဲ့ ရှာဝကိုလည်း သွေးထွ အောင် နှိပ်စက်ပြမည်ဟု ခြိမ်းခြောက်ခံခဲ့ရသည်။

ရှုသည် အားကိုးရာမဲ့စွာပင် လောကဌမရှိတော့သည့် အ နှင့်အမေကို တိုင်တည်ငိုကြွေးခဲ့ဖူးသည်။ ထို့အပြင် မှောင်မိုက်သေ အခန်းထဲမှလည်း ထွက်ပြေးဖို့ ကြိုးစားခဲ့ဖူးသည်။ အဖေတို့အမေတို့ အတူနေခဲ့သော အိမ်ကိုပြန်လိုသည်။ အိမ်ပြန်ပို့ပေးဖို့လည်း တောင် ခဲ့ဖူးသည်။ သို့သော် ခင်ဇော်သည် ရက်စက်လွန်းလှသည်။ အိမ် အောက်ဈေးနဲ့ ဖြစ်သလို ရောင်းလိုက်ပြီဟုဆိုလေ၏။

ရှာဝ ကြိုးမဲ့စွန်လိုဖြစ်ခဲ့ရသည်။ ရှုကိုမုန်းနေသော ခင် သည် ရှုကို အမျိုးမျိုးနှိပ်စက်ခဲ့သည်။ ရှုမှာ ငယ်ရွယ်သေးသော်လ ခင်ဇော်၏သားမယားပြုကျင့်ခြင်းကို ခံခဲ့ရသည်။

ရှုသည် ဆိုးဝါးသောဘဝဖြင့် ခင်ဇော့်ထံတွင် အချိန်အ ကြာနေပြီးသောအခါ နောက်ဆုံး၌ ရောင်းစားခံခဲ့ရသည်။ အ နာကြည်းချက်များနေသော ရှုသည် ဘယ်အရာကိုမှ မကြောက်ေ ပေ။ သဘောဆန္ဒမပါဘဲ အပျော်မယ်ဘဝရောက်သွားသော ရှု ကာလပ်၌ ယောကျ်ားတစ်ယောက်ကို သတ်ဖြတ်ခဲ့သည်။

သတ်ပြီးတော့မှ အဖမ်းခံရမှာစိုး၍ ရောက်တတ်ရာရာ ပြေးနေသော ရှုကို မြန်မာစကားမတတ်သော မိန်းမတစ်ယော ကယ်တင်ထားခဲ့သည်။





ထိုမိန်းမသည် ရှုကို ကိုယ်ခံပညာများ သင်ပေးပြီး လက်သန့် မှုကာ လူသုံးယောက်ကို ထပ်သတ်ခိုင်းသည်။

ရှုလက်ခံသည်။ အဘယ့်ကြောင့်ဆိုသော် ခင်ဇော်ကို မုန်းနေ သော ရှုသည် ခင်ဇော်လိုလူမျိုးတွေကို သတ်ပစ်ခွင့်ရ၍ ဖြစ်သည်။ သတ်ရမှာ ထိတ်လန့်သော်လည်း လူသတ်ခါနီးအချိန်တိုင်း ရှု ရုံထဲ ခင်ဇော်က ပေါ်လာတတ်သောကြောင့် ရှု ရဲရင့်ခဲ့ရသည်။

အချိန်ကြာလာသည်နှင့်အမျှ သတ်ဖြတ်ရသောကိစ္စကို ရှု င်လာသည်။ သေခြင်း သတ်ခြင်းဆိုတာ ရှုအတွက် ထမင်းစား သောက် ဖြစ်လာခဲ့သည်။

ထိုမိန်းမကြီးလက်အောက်၌ လူလားမြောက်လာခဲ့သော ရှု သည် နိုင်ငံတကာ အတွေ့အကြုံလည်း များလာသလို ဘာသာစကား တ်တော်များများကိုလည်း ကျွမ်းကျင်လာသည်။ ရှုအတွက် အိမ် ဆိုတာမရှိပါ။

နာမည်လည်း အတည်တကျမရှိပါ။ ထိုင်းနိုင်ငံရောက်လျှင် လိမန်ဖြစ်ရပြီ၊ တရုတ်ပြည်ရောက်လျှင် အားလျန့်ဖြစ်ရသည်။

ဒါ့အပြင် ရှုနာမည်သည် ခရစ်စတင်းဖြစ်လိုက်၊ ရှုရှုနာဖြစ် ိုက် မရှုဖြစ်လိုက်၊ အိုကာစံဖြစ်လိုက်ဖြင့် အမျိုးစုံ၍နေချေပြီ။ တော့ မြန်မာပြည်၌ ရှုဖြစ်ရပြန်၏။

ရှုအသက်သည်လည်း သေရပေါင်း မနည်းတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သေစာရင်းပြပြီး ကွယ်ပျောက်သွားရသည်က ရှုဘဝဖြ
သည်။ ရှု၏ ရှင်သန်ခြင်းတွင် အကြီးကျယ်ဆုံး ရည်ရွယ်ချက် ရှိသည်
ခင်ဖော်ကို တွေ့အောင်ရှာပြီး လက်တုံ့ပြန်မယ်ဟု နိုင်း
မာမာ ဆုံးဖြတ်ခဲ့သည်။

ယခု ခင်ဖော်သည် ရှုအရှေ့သို့ ဉာဏ်အသွင်ဖြင့် ရောက်နေ
ဖြစ်သည်။

ရှုဆန္ဒအတိုင်းသာဆိုလျှင် ခင်ဖော့်ကို ကြက်ကလေး၊ ငှ
ကလေးဖမ်းသလိုဖမ်းပြီး မွှန်မွှန်ချေပစ်လိုက်ချင်သည်။

သို့သော် နာခဲ့ရသောဘဝကြောင့် ဒင်းကို လွယ်လွယ်န
သေခွင့်မပေးနိုင်ချေ။

မိမိခံစားခဲ့ရသလို ခံစားစေချင်သည်။

ရင်ထဲမှ ဒေါသကြောင့် နှိပ်စက်နည်းပေါင်းစုံတို့သည
အမှောင်ဖုံး၍ နေချေပြီဖြစ်၏။

ဘယ်လိုစီရင်ရမလဲဆိုတာကို မဆုံးဖြတ်နိုင်ပါ။ ထို့ကြော
လက်သီးကိုသာ ကျစ်ကျစ်ပါအောင်ဆုတ်ပြီး ဒေါသကို ဆက်လ
မွှေးမြူနေမိသည်။

"ရှု"

နောက်မှခေါ်သံကြောင့် လှည့်ကြည့်လိုက်သောအခါ ဒေါ်
အဏ္ဏဝါ၏အတွင်းရေးမှူးကို မြင်ရလေသည်။





"ရှင့်ကို ကျွန်မရပ်ကြည့်နေတာကြာပြီ။ ရှင် ဒီမှာ ဘာရပ်
လုပ်နေတာလဲ"

မာလာသည် ရှုကို သင်္ကာမကင်းသည့်မျက်လုံးများနှင့် ကြည့်
နေသည်။

"သူဌေးက ရှင့်ကို မေးနေတယ်"

ရှု သဘောပေါက်သည်။ ရှုသည် ဒေါ်အဏ္ဏဝါနှင့် တွေ့သင့်
နေပြီဖြစ်၏။

ထို့ကြောင့်ပင် ဒီညနေ ဒေါ်အဏ္ဏဝါနှင့်တွေ့ရန် ချိန်းဆိုလိုက်
သည်။

ရှု ဘာပြောရမလဲ။ မိုးသားမှောင်တို့သားအမိနှစ်ယောက်ရဲ့
သွမ်းမောဖွယ် တွေ့ဆုံခန်းအကြောင်း တဖွဲ့ပြောပြရမှာလား။ ဒါတွေက
မလိုလောက်ဘူးဟု ထင်သည်။ အင်မတန် ရှေ့ရေးကိုမြင်သော ဒေါ်
အဏ္ဏဝါသည် မိုးသားမှောင်၏ကိစ္စ မသိဘဲနေမည်မဟုတ်ပါ။ ရှု သိ
သား မြင်ထားသည်ထက် ပိုစွာ ဒေါ်အဏ္ဏဝါသိနေမည်ကို ရှုရင်ထဲ
ခန့်မှန်းမိနေ၏။

ထင်သည့်အတိုင်းပင် ဒေါ်အဏ္ဏဝါရှေ့သို့ရောက်လျှင် ဒေါ်
အဏ္ဏဝါနှင့် မျက်လုံးချင်းဆုံမိသည့် တစ်ခဏမှာပင် ရှုသဘောပေါက်
သွားသည်။

ရှုရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်။ မိမိနှင့် ဦးဥညာ၏ ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်မှုကို ဒေါ်အဏ္ဏဝါ သိသွားမှာစိုးရိမ်သည်။ ရှုသည် ဒေါ်အဏ္ဏဝါ
အတွက်တော့ ကြေးစားသက်သက်ဖြစ်၏။ အမှုကိစ္စတွင် ကိုယ်ေ
ကိုယ်တာပါခဲ့မည်ဆိုပါက အလုပ်ရှင်က မည်သို့မျှ သဘောတွေ့ေ
မည်မဟုတ်ပေ။

ရှုသည် မြန်မာပြည်၌ ဒေါ်အဏ္ဏဝါ၏ အကူအညီမပါ
နေ၍မရပေ။ နေလို့ရသည့်တိုင်အောင် ရှု ရည်မှန်းချက်ပြည့်လိမ့်မ
မဟုတ်ပါ။

ရှု၏ရှင်သန်ခြင်းသည် ဉာဏ်အမည်ခံ ဦးခင်ဇော်ကိုရှာ
ဖြစ်၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဒေါ်အဏ္ဏဝါအပ်ထားသောအမှု
ဦးဉာဏ်ပတ်သက်နေသည်က ကံကြမ္မာဟုဆိုရမည်မှာအမှန်။

မျက်စိရှေ့တွင် ရန်သူကိုထားပြီး အခြေအနေကို စောင့်ကြည့်
နေရသည့်အတွက် ရှု သဘောမတွေ့တာအမှန်ပါ။ ရှုရဲ့စိတ်
အတိုင်းသာဆိုလျှင် ဦးဉာဏ်ကို စက္ကန့်ပိုင်းအတွင်းမှာပင် တမလွန်
ပို့ပစ်လိုက်ချင်သည်။ သို့သော် ရန်သူကို လျော့တွက်၍မရဟူသော
စကားကြောင့်သာ စောင့်ကြည့်နေရခြင်းဖြစ်၏။

စောင့်ကြည့်ခဲ့သည်မှာ မှန်သွားသည်ဟု ဆိုရမည်ဖြစ်
ဦးဉာဏ်ဆိုသော လူယုတ်မာသည် အရင်သူဌေးတွေလောက် အသ
အန္တရာယ်ကို ပေါ့လျော့နေသူမဟုတ်ပါ။ မကောင်းမှုများများလုပ်ေ
ကင်းပုန်းများများချလေဆိုသည့်အတိုင်း ဦးဉာဏ်ထံတွင် မိုက်ကန်းက





ာပည့်ကျော်တွေ များလှသည်။

ငွေရနံ့ကို ရှူကြသူများသည် ဦးဉာဏ်ဝန်းကျင်၌ အသင်းအဖွဲ့
ိုက် ကျင်လည်ကျက်စားကြသည်။ ပြီးနောက် ဦးဉာဏ်၏မျက်လုံးများ။
ဆိုအကင်းပါးသောမျက်လုံးသည် လူတိုင်းအပေါ် သံသယနှင့်ကြည့်
ာတ်သည်။ မိမိလုံခြုံရေးအတွက် အမြဲ သတိရှိနေတတ်သည်။

ငိုပြီး အံ့ဩဖို့ကောင်းသည်က မိမိလုံခြုံရန် တိုင်သိပြည်သိ
ာနယ်ထဲ ငိုပြခဲ့သောကိစ္စဖြစ်သည်။ ထိုသတင်းကို ရှု ဖတ်ဖတ်ချင်း
ွင် မင်တက်ခဲ့ရသည်။ မယုံနိုင်ခဲ့ပါ။ ဦးဉာဏ်ဆိုသူ၏မျက်ရည်သည်
ှုအတွက်တော့ ရယ်စရာဖြစ်နေခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် ဦးဉာဏ်၏ ရက်စက်ယုတ်မာမှုကို
ှာ အတွင်းကျကျ သိထားသူဖြစ်နေ၍သာတည်း။ ရှု နားမလည်သည်
က ဦးဉာဏ်ကိုမဟုတ်ပါ။ ဒေါ်အဏ္ဏဝါဖြစ်၏။

အရင်ကိစ္စ ဦးနော်မာ၊ ဦးဇော်ဝင်း၊ ဦးမြင့်သိန်းတို့အား ပုဂ္ဂိုလ်
ရေးဆန်သည့် ရန်ငြိုးကြောင့် ရက်ရက်စက်စက် သတ်ဖြတ်နိုင်းခဲ့
သည်။ ရှုလည်း ဘဝနာခဲ့သူမို့ ဒါကို လွယ်လွယ်နှင့် ကိုယ်ချင်းစာ၍
ရနိုင်သည်။

အကယ်၍ ဒေါ်အဏ္ဏဝါက မသတ်နိုင်းလျှင်ပင် ထိုသုံး
ယောက်လို လူယုတ်မာများအား ရှု ဆက်ပြီး အသက်ရှင်ခွင့်မပေးချင်
ဘော့ပါ။ ထိုလူမျိုးများ အသက်ရှင်နေပါက အမျိုးကောင်း သမီးပျိုများ



www.burmeseclassic.com

www.burmeseclassic.com



အရွယ်မရောက်သေးခင် အညွန့်ချိုးခံရမည်မှာ ဒုနှင့်ဒေးဖြစ်လေလိမ့်မည်။ မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိဟူသော ဆိုရိုးသည် ထိုသုံးယောက်အတွက် ချန်လှပ်ထားခဲ့သည်။ ဒေါ်အဏ္ဏဝါ ငယ်စဉ်တုန်းကတည်းက လုပ်ခဲ့သော မကောင်းမှုများသည် ဒေါ်အဏ္ဏဝါ အသက်လေးဆယ်အရွယ်ထိ မရပ်နားခဲ့သေးပါ။

ထိုအနှစ်နှစ်ဆယ်အတွင်း သမီးပျိုများ၏ဘဝ ဘယ်နှစ်ယောက်တောင် ဆုံးရှုံးပြီးပြီလဲဆိုတာ ရှုမတွေးရဲအောင် ခံစားရသည်။ ထို့ကြောင့် ရှုသည် တွေဝေစွာ စူးစမ်းမနေဘဲ အမြန်ဆုံး ကိစ္စသုဉ်းခဲ့သည်။

ထိုသုံးယောက်ကိစ္စ ပြီးပါက ဒေါ်အဏ္ဏဝါသည် ရှုနှင့် လက်တွဲဖြုတ်သွားလိမ့်မည်ဟုထင်ခဲ့သော်လည်း ဦးနေလ၏အမှု ထပ်အပ်သည်။

သေသင့်သောလူဟု ခေါင်းစဉ်တပ်ခဲ့သဖြင့် ဦးနေလ၏ နောက်ကွယ်မှ ဘဝမှန်ကို ရှု စုံစမ်းကြည့်သည်။ ဦးနေလသည် ဒေါ်အဏ္ဏဝါနှင့် အတိတ်တွင် ပတ်သက်မှုမရှိခဲ့သော်လည်း ယခင်သုံးယောက်ထက်မလျော့သည့် လူယုတ်မာတစ်ဦးဖြစ်လေသည်။

မုဒိမ်းမှုနှင့်ပတ်သက်၍ အတိတ်နာကြည်းချက်ရှိခဲ့သော ရှုသည် တုံ့ဆိုင်းမနေဘဲ ဦးနေလအား ပိပိရိရိ ဇာတ်သိမ်းပေးခဲ့သည်။

ဦးဇော်ဝင်း၊ ဦးမြင့်သိန်းတို့၏ သေဆုံးမှုသည် လူထုကြား ဂယက်မရိုက်ခဲ့သော်ငြား ဦးနေလတို့၏ သေဆုံးမှုသည် လူအများ





းစပ်ဖျား ရေပန်းစားလာသည်။

ရလဒ်အနေဖြင့် သူဌေးများ၏နောက်ကွယ်ဘဝ ခေတ္တမျှ ပြိုကျသွားခဲ့သည်ကို ရှု အရသာရှိရှိ စုံစမ်းသိရှိရ၏။ ဒေါ်အဏ္ဏဝါအား ရှု လေးစားသွားမိသည်။

ဆုံလည်တိုင်ခုံပေါ် ငြိမ်သက်စွာထိုင်သော ထိုအမျိုးသမီး၏ စိတ်ထဲ ဘာတွေတွေးနေသလဲဆိုတာ ရှုတို့ ခန့်မှန်းရခက်သည်။

ဦးနော်မာ၊ ဦးဇော်ဝင်း၊ ဦးမြင့်သိန်းတို့အား ဒေါ်အဏ္ဏဝါသည် သတ်ပစ်ချင်လောက်အောင် နာကြည်းခဲ့သည်ဟု ရှု ခန့်မှန်းမိသည်။ ထို့ကြောင့် ဒေါ်အဏ္ဏဝါ၏ ဘဝဖြတ်သန်းခြင်းကို ရှု မှန်းဆ၍ရသည်။

မိမိဘဝထက် မလျော့သောကြမ်းတမ်းမှုမျိုး ဒေါ်အဏ္ဏဝါထံ ရှိလိမ့်မည်ဖြစ်သည်။ မိမိက ဦးခင်ဇော် ခေါ် ဦးညွှကို နာကြည်းခဲ့သည် ထက်ပိုသော ဖိနှိပ်မှုမျိုး ဒေါ်အဏ္ဏဝါ ကြုံခဲ့၍ဖြစ်လိမ့်မည်။

ရှုနားမလည်သည်က မိုးသားမှောင်ကိစ္စဖြစ်၏။ ဦးညွှသည် အထင်ကရသူဌေးလည်း မဟုတ်ပေ။ ပြီးနောက် ကျူရှင်ဆရာ မိုးသားမှောင်။ သူကလည်း အထင်ကရပုဂ္ဂိုလ်တစ်ဦးမဟုတ်ပေ။ ဘာရေစက်နှင့်များ ထိုအမှုကိုသိပြီး ရှုကို လိုက်ခိုင်းနေရတာလဲ။

ရှုကို ဘယ်လိုအသုံးချမလို့လဲ။ ဘာကြောင့် ရှုဘေးမှာ ခေါ်ထားရတာလဲ။ သိချင်စိတ် ဖြစ်မိသော်လည်း ထိုစိတ်က ပြင်းပြမနေပေ။ ရှုသည် မျိုးသိပ်တတ် သူပီပီပင် ခံစားချက်မဲ့သော မျက်နှာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အဏ္ဏဝါရှေ့သို့ ရောက်လာသည်။

ဒေါ်အဏ္ဏဝါကလည်း ထုံးစံအတိုင်းပင် နားလည်ရခက်သော မျက်လုံးများနှင့် ရှုကို စိုက်ကြည့်နေလေ၏။ ထိုအကြည့်သည် စကားလုံးများစွာဆိုနေလေသည်။

ရှုရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ရှုနှင့်ဦးဉာဏ်တို့ ပတ်သက်မှုကို ဒေါ်အဏ္ဏဝါ သိသွားပြီလား။

"ကိုယ်က သေလောက်အောင် လက်စားချေချင်ခဲ့သူရှေ့ ကိုယ့်ရှေ့ ဒူးထောက်လာတဲ့အခါ မင်း ဘာလုပ်မလဲ ရှု"

ဒေါ်အဏ္ဏဝါ၏မေးခွန်းသည် တိုတောင်းသော်ငြား အဓိပ္ပာယ်များစွာ ခိုအောင်း၍နေသည်။ ဘာသဘောလဲ။ ဦးဉာဏ်နဲ့ ရှုအကြောင်းကို ဆိုလိုချင်တာလား။

"ပြုသူက မေ့လျော့နေတတ်ပေမယ့် ခံစားရသူမှာ ဒဏ်ရာတွေ ဗရပွပဲ။ ကိုယ်နဲ့ အလားတူတဲ့ဒဏ်ရာမျိုး ပေးသင့်သလား"

"အဲဒီမေးခွန်းကို ကျွန်မ ဖြေနိုင်မယ်လို့ ယူဆထားသလား"

"မင်းရဲ့အထင်အမြင်ကို သိချင်ရုံသက်သက်ပါ"

ဒေါ်အဏ္ဏဝါ ထပ်ပြောလိုက်သောစကားကြောင့် ပထမမေးခွန်းသည် မိမိအား ရည်စူးခြင်းမဟုတ်မှန်း ရှုသိသွားသည်။

"ရေစက်ဆိုတာကို မင်းယုံသလား ရှု"

"တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ခြင်းက ရေစက်ဆိုရင် အဲဒီလိုမျိုး လောကမှာ အများကြီးရှိတယ်"





"အဲဒီရေစက်ကြောင့်ပဲ တို့ကိုယ်တို့ နားမလည်နိုင်တော့ဘူးလို့ ပြောရင် တို့ညံ့တာပေါ့"

"တစ်ခါတစ်ရံမှာ ဒွိဟဖြစ်တတ်ပါတယ်။ အဲဒီလို ဖြစ်ချိန်တိုင်း ညံ့သွားတတ်တာက ဒေါ်အဏ္ဏဝါတစ်ယောက်တည်း မဟုတ်ပါဘူး"

"တို့စိတ်တွေ ပျော့ညံ့နေပြီ ရှု။ တို့ကို နည်းလမ်းလေးတစ်ခုလောက် ပြောပြနိုင်မလား"

"ဘာကြောင့် ကျွန်မကို အဲဒီလိုအကြံမျိုး တောင်းတာလဲ"

"မင်းနဲ့တို့က တူနေလို့ပေါ့"

ရှု အံ့အားသင့်သွားလေသည်။ ရှုမှာ ပြောစရာစကား မရှိတော့ပြီ။

"ဉာဏ်လို လူကို မင်း ဘာလို့ သတ်မပစ်သေးတာလဲဆိုတာ တို့ စိတ်ဝင်စားတယ်။ ဉာဏ်ကိုချဉ်းကပ်နေတဲ့ မင်းရဲ့ပုံက သိပ်ကို ဘူးဆန်းနေတယ်။ အဲဒါကြောင့် တို့ မင်းနောက်ကို လိုက်စုံစမ်းတာက တို့အမှား မဟုတ်နိုင်တော့ဘူး"

"ရှင် ဘယ်လောက်ထိ သိပြီးပြီလဲ"

"ဉာဏ်က ယခင်က ခင်ဇော်နာမည်နဲ့နေပြီး လူယုတ်မာဖြစ်ခဲ့တယ်ဆိုတာလောက်ပါပဲ။ မင်းနဲ့ပတ်သက်လို့တော့ မင်းပြောမှ



www.burmeseclassic.com

www.burmeseclassic.com



သိရမှာပဲ။ တို့ထင်တယ် မင်းလည်း အဲဒီမိန်းကလေးတွေထဲက မိန်းကလေးတစ်ယောက် ဖြစ်လိမ့်မယ်"

"ကျွန်မကို ရှင့်အလုပ်ကနေ နုတ်ထွက်ခွင့်ပြုပါ ဒေါ်အဏ္ဏဝါ"

"တို့ ဒီအကြောင်းပြောရင် မင်း အဲဒီလို တောင်းဆိုလာမယ်ဆိုတာ တို့သိတယ်။ ဒါကြောင့် တို့ မပြောဘဲနေမလို့ဘဲ"

"ရှင်သိတာ ကြာပြီပေါ့"

"တို့ အဲဒီလောက်ထိလည်း မလျှင်ပါဘူး။ ခုလို ဖွင့်ပြောရတဲ့အကြောင်းရင်းက မင်းရဲ့ဆုံးဖြတ်ချက်ကို မင်းစိတ်ကြိုက် လုပ်လိုက်မှာစိုးလို့ပဲ"

"ဒါကြောင့် ကျွန်မကို နုတ်ထွက်ခွင့်ပြုပါ။ အဲဒီအတွက်လည်း ဒေါ်အဏ္ဏဝါကို ကျွန်မ ကျေးဇူးတင်နေမှာပါ။ မှန်တာပြောရရင် ရှင်က ဒီကိစ္စကိုမနိုင်းခဲ့ရင် ကျွန်မ ဦးညွန့်နဲ့ ခုလို လွယ်လွယ်ဆုံလိမ့်မယ် မထင်ဘူး"

"မင်းနဲ့တို့က တစ်လှေတည်းစီးပြီး တစ်ခရီးတည်းသွားနေတာပါ ရှု။ တို့နှစ်ယောက်ရဲ့ဦးတည်ချက်က လမ်းသာမတူချင်နေမယ် ပန်းတိုင်တော့ တစ်ခုတည်းပဲ၊ ဒီလိုလူမျိုးနဲ့ မင်း ရေစက်ဖြတ်တော့ မလို့လား"

"ဒါပေမဲ့ . . . ကျွန်မကိစ္စမှာ ဒေါ်အဏ္ဏဝါ့ကို အသုံးမချချင်ပါဘူး။ ဒေါ်အဏ္ဏဝါနဲ့ ဦးညွန့် ဘယ်လိုပတ်သက်တယ်ဆိုတာ ကျွန်မ"





"တို့နဲ့ပတ်သက်တာ ဉာဏ်မဟုတ်ဘူး။ သူနဲ့သက်ဆိုင်နေတဲ့ ပတ်ဝန်းကျင်"

"မိုးသားမှောင်နဲ့လား"

"သူတို့သားအမိက တို့ကို ဟက်ထိစေတဲ့လူသက်သက်ပဲ၊ သူ့အမေကြောင့်ပဲ တို့ ဒီကိစ္စမှာ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်မိတာပဲ။ ကံဆိုးချင်တော့ ဉာဏ်ရဲ့သတင်းပုတ်နဲ့ကို တို့ သိသွားတယ်။ ပိုဆိုးတာက တို့ရဲ့ပတ်သက်သူတွေရဲ့ သက်ဆိုင်သူဖြစ်နေတာပဲ။ တို့ ဒီလိုပွင့်ပွင့်လင်းလင်းပြောရတာက အကြောင်းရှိတယ်။ မင်းနဲ့တို့ကြား မပွင့်လင်းရင် အကုန်ပကာကုန်လိမ့်မယ်။ ဉာဏ်ကို လျော့တွက်လို့မရဘူး"

"အရင်လူတွေနဲ့မတူဘူးလို့ ပြောချင်တာလား"

"သူ့ကို သေသင့်တဲ့လူလို့ မင်းထင်သလား ရှု"

"ရှင်နေသင့်တဲ့လူလည်း မဟုတ်ဘူး"

"အတိတ်ကို တွေးကြည့်ရင်တော့ ဉာဏ်ရှေ့မှာ မရှုမလှဘဝရှုံးရတဲ့လူတွေအတွက် ဝမ်းသာအားရ လက်ခုပ်တီးနေချင်စရာပါပဲ၊ သူတို့ ဒုက္ခဖြစ်နေတာကို ဟားတိုက်လှောင်ပြောင်ရင် အရသာရှိမယ်လို့ တွေးခဲ့တယ်။ တကယ်လက်တွေ့မှာတော့ တို့ မရယ်နိုင်ခဲ့ဘူး။ အဲဒီမှာ တို့ကိုယ်တို့ သဘောပေါက်သွားတယ်။ တကယ်တော့ တို့နှလုံးသားက အေးစက်မာကျောနေတာ မဟုတ်ဘူး။ မာကျောချင်ယောင်ဆောင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"စန္ဒာနဲ့ပတ်သက်နေလို့လား"

"တကယ်က မိုးသားမှောင်ဟာ အမှုကနေ ကွင်းလုံးကျွတ် လွတ်သွားတာမဟုတ်ဘူး။ သူလွတ်ဖို့ဆိုရင် တရားခံအစစ်ကို ဖမ်းမိမှ ဖြစ်မယ်"

"ကျွန်မ ဦးညွန့်ကို ရှင်သန်ခွင့်မပေးနိုင်ဘူး"

"သေဆုံးခြင်းထက် ခက်ခဲတာက ရှင်သန်ခြင်းပဲ ရှု"

"သူ ရှင်သန်နေသ၍ အမျိုးကောင်းသမီးတွေ ဒုက္ခရောက် နေဦးမှာပဲ"

"ဒီလောက်ထိ မကောင်းတာတွေလုပ်ခဲ့တဲ့ အဲဒီလူကို လွယ် လွယ်နဲ့ ပေးသေမလို့လား ရှု။ မင်း အဲဒီလို လွယ်လွယ်လေးဆုံးဖြတ် လိုက်မှာစိုးလို့၊ တို့ ဒီလိုတွေပြောနေရတာလေ။ သူ့ကို သေတာထက် ဆိုးတဲ့ နာကျင်မှုတွေ တို့တစ်တွေပေးနိုင်တယ်။ သူ့ကြောင့် မင်းဆုံးခဲ့ ခဲ့တဲ့ဘဝထက် နှစ်ဆလောက် ပိုခက်ခဲသွားနိုင်တဲ့ဘဝမျိုး သူ့ကိုပေးနိုင် ရတယ်"

ရှု စိတ်ဝင်စားသွားသည်။ ထိုအချက်ကို တွေးမိရနိုင်အောင် ဖြစ်ခဲ့သည့် ရှုစိတ်ကို ဒေါ်အဏ္ဏဝါက မီးမောင်းထိုးပြနိုင်လိမ့်မည်ဟု ယုံကြည်သည်။

"ဒီကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်ဖို့ဆိုရင် မိုးသား မှောင်ကို လိုအပ်တယ်"





"မိုးသားမှောင် ဟုတ်လား"

"အခုချိန်မှာ တရားခံကို အကဲခတ်မိတဲ့လူက ကာယကံရှင် မိုးသားမှောင်ပဲရှိမယ်။ မတရားခံခဲ့ရတဲ့အတွက် မုန်းတီးနေမယ့် လူက လည်း မိုးသားမှောင်ပဲ ရှိမယ်။ တို့တစ်တွေမသိတဲ့ကိစ္စကိုလည်း မိုး သားမှောင်က သိနေနိုင်တယ်။ တို့တစ်တွေ တရားခွင်မှာမပြောနိုင်တဲ့ ကိစ္စမျိုးကို မိုးသားမှောင်က ပြောနိုင်လိမ့်မယ်"

"တရားခွင် ဟုတ်လား။ အဲဒီလူကို ရှင်က"

"တစ်နိုင်ငံလုံးမက ကမ္ဘာကပါ ဦးညွန့်ဆိုတဲ့လူကို ရွံသွား အောင် လုပ်ရမယ်။ ဒါမှ ဒီလိုကိစ္စမျိုး နောက်ထပ်မဖြစ်အောင် တား ဆီးနိုင်မယ်လို့ ယုံကြည်တယ်။ ဒီလိုလုပ်ရင် ဒီလိုဖြစ်တတ်တယ်ဆိုတာ ပြပေးချင်တယ်။ တစ်ကမ္ဘာလုံး ရွံကြောက်ကြီးဖြစ်သွားတဲ့လူတစ် ယောက်ရဲ့ ရှင်သန်ခြင်းက သေဆုံးခြင်းထက် ပိုခက်ခဲမနေဘူးလား"

ရှု ငြိမ်သွားလေသည်။ ခေတ္တမျှ စဉ်းစားပြီး ရှုမျက်လုံးက အရောင်တောက်လာသည်။

"ကောင်းပြီ၊ ကျွန်မတို့ မိုးသားမှောင်နဲ့ ဆုံကြတာပေါ့"

ရှု၏ ပြတ်သားသော အသံအောက်တွင် လက်သွားသော ဒေါ်အဏ္ဏဝါ၏အပြုံးကို ရှု ထင်ထင်ရှားရှားတွေ့မြင်လိုက်ရသည်။

✷



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

"မေမေပြောတဲ့ အမျိုးသမီးနှစ်ယောက်ဆိုတာ ကျွန်တော့် အတွက် ပဟေဠိဖြစ်နေခဲ့တာ ခုမှပဲ ရှင်းသွားတော့တယ်"

မိုးသားမှောင်သည် မျက်စိရှေ့မှ အမျိုးသမီးနှစ်ဦးကို နား မလည်နိုင်စွာကြည့်ပြီး ဆိုခြင်းဖြစ်၏။

စန္ဒာ့ကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးစရာရှိတယ်ဟုဆို၍ ဤ နေရာသို့ရောက်လာခြင်းဖြစ်၏။ အဖြေက ရှင်းနေပြီဖြစ်သော်လည်း ဘာကြောင့် ဖြစ်ရသလဲဆိုသည့် အကြောင်းအချက်ကို သိချင်မိသည်။

ပြီးနောက် သူ ဆေးရုံတွင် မေ့နေချိန်၌ အမျိုးသမီးတစ်ဦး ရောက်လာသည်ဟု မေမေက ဆိုခဲ့သည်။ ပြီးနောက် သူ အချုပ်က





စဉ် အိမ်ကိုရောက်လာသောအမျိုးသမီး။

သူ့အသိထဲတွင် မေမေပြောပြသောပုံနှင့် အမျိုးသမီး မရှိရှိ နှင့်ပါ။ မေမေ့အတွက် မေးခွန်းတွေ များနေမည်စိုး၍ သူသိသောလူ အဖြစ်သာ ဟန်လုပ်နေခဲ့ရသော်လည်း သူ့ရင်ထဲ ပဟေဠိက ကြီးစွာ နေသည်။

သို့သော် ယခုမူကား ထိုပဟေဠိရှင်းသွား၏။ သို့သော် ထို က်ကြီးတဲ့ ပဟေဠိသာ ရောက်လာပြန်၏။

ဘာကိစ္စနဲ့ ဒီအမျိုးသမီးနှစ်ယောက်က စန္ဒာ့ကိစ္စမှာ ဝင် ရောက် ပတ်သက်နေရသလဲ။ စန္ဒာနဲ့ ဘာတော်လို့လဲ။

"အဲဒီနေ့က အဲဒီနေရာမှာ တို့ရှိနေတယ်"

ထပ်ပြီးပြောလိုက်သောစကားကြောင့် သူ ပို၍ အံ့အားသင့် သွားလေသည်။

"တရားခံကို ရှင်ရိပ်မိနေတယ် မဟုတ်လား"

ဆက်တိုက်ထွက်ပေါ်လာသောစကားများကြောင့် သူ ဘာ ၍ပြောရမှန်း မသိတော့ချေ။

"ရှင်သိနေလျက်သားနဲ့ ဘာလို့ဖွင့်မပြောခဲ့တာလဲ"

"စန္ဒာက ကျွန်တော့်တပည့်ပါ။ သူ့ကို သိက္ခာချတဲ့လူက ကျွန်တော်ကိုယ်တိုင် မဖြစ်ချင်ဘူး"

"ဒါကြောင့် ... ရှင့်ရဲ့လက်ဖက်ရည်ဆိုင်အပေါင်းအသင်း



www.burmeseclassic.com

www.burmeseclassic.com



တွေက ရှင် အဲဒီလိုလူမျိုးမဟုတ်ဘူးလို့ ကြိမ်းသေပေါက်ပြောနိုင်

တာကိုး''

''ခင်ဗျား ဘာလို့ ကျွန်တော့်နောက်ကြောင်းကို စုံစမ်း

လဲ''

''စည်းကျော်ခဲ့သလိုဖြစ်တဲ့အတွက် ကျွန်မ ဝမ်းနည်းပါတယ်''

''ကျွန်တော်နဲ့ ခုလို လာတွေ့တဲ့ကိစ္စက''

''ရှင့်ကို လူပီပီသသ ဆုံးဖြတ်စေချင်လို့ပဲ''

''ဘာ''

''ဥညြဆိုတဲ့လူကို ထောင်ထဲပို့နိုင်မယ့်လူက ရှင်ပဲရှိလို့''

''ဗျာ''

သူ အံ့အားသင့်သွားပြန်သည်။ မျက်နှာသေနှင့် မှင်တေ

ပြောနေသော ထိုအမျိုးသမီးကိုသာ စူးစမ်းမိသည်။ ပြီးနောက်

ချိန်လုံး စကားတစ်ခွန်းမျှ မပြောဘဲ ငြိမ်နေသော အမျိုးသမီး။

''ကျွန်တော်က ဘာလို့ ဦးဥညြကို ထောင်ထဲပို့ရမှာ

သူက တကယ်မကောင်းတဲ့လူဆို သူ့တရား သူစီရင်လိမ့်မ

ကျွန်တော်က ဗုဒ္ဓဘာသာဗျ။ ကံ ကံရဲ့အကျိုးကိုယုံတယ်''

''အကျိုးဆိုတာ ဘယ်အချိန်မှာမှ ဘာဖြစ်လာမလဲဆို

မသိဘူး။ အခုဖြစ်နေတာက အမျိုးကောင်းသမီးတွေ ဆုတ်ယုတ်

တာပဲ။ စန္ဒာတွေ အများကြီး ထွက်ပေါ်စေချင်တာလား''





''ဗျာ . . . စန္ဒာတွေ ဟုတ်လား''

''ဥညြဆိုတဲ့လူက စန္ဒာတစ်ယောက်တည်းကိုပဲ ဒုက္ခပေး

သွားတယ် ထင်လို့လား''

''တကယ်ပဲ ဦးဥညြလား။ ဦးဥညြက၊ ဟာဗျာ . . . ကျွန်တော်

ကပဲ ရူးလို့ ပေါက်ကရတွေးနေမိတယ် ထင်တာ။ ဦးဥညြပဲလား''

''ရှင် သူ့ကို တရားစွဲလိုက်ပါ''

''ဗျာ''

''ရှင် မတရားစွပ်စွဲခံထားရတာကို တစ်နိုင်ငံလုံး သိတယ်။

သေဆုံးသွားတဲ့စန္ဒာ့မျက်နှာထောက်ပြီး ဒီကိစ္စကို ရှင်ဆောင်ရွက်သင့်

တယ်''

''ကျွန်တော်က ဘာသက်သေနဲ့ ဦးဥညြကို တရားစွဲရမှာလဲ''

''ရှင်သာ ဆန္ဒရှိမယ်ဆိုရင် တို့နဲ့ရှ ရှင့်နောက်ကနေ ရှင့်ကို

ကူညီနိုင်တယ်''

''ဦးဥညြက သေချာလို့လားဗျာ။ သူ့ရဲ့ပတ္တွေးလေ''

''စန္ဒာ့အမေက ဒေါ်အိအိခင်၊ စန္ဒာ့အဘွားက ဒေါ်ချက်ဆုံ

လို့ ခေါ်တယ်။ ဒါကို ရှင်မသိသေးဘူးဆိုရင်တော့ အဲဒီအကြောင်းကို

ရှင့်ထက်ပိုသိတဲ့ တို့တွေကို ရှင်က သံသယမထားသင့်တော့ဘူး''

''စန္ဒာ့အမေနဲ့ ကျွန်တော် တွေ့ချင်တယ်''

''ဥညြဆိုတဲ့လူကို ရှင် ထောင်ထဲထည့်နိုင်တဲ့နေ့တော့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရမှာပေါ့"

"ဘာလို့လဲ"

"အိအိခင်က အခု ဥညြရဲ့လက်ထဲမှာလေ။ အခြေအ မဟန်တော့ရင်တော့ ဂိုထောင်ထဲက ကောင်မလေးတွေနဲ့အ အိအိခင်လည်း ထိုင်းရောက်ရင် ရောက်သွားနိုင်တယ်"

"ဗျာ"

"ဦးဥညြကို ထောင်ထဲထည့်တာက မိန်းကလေးအယော တစ်သိန်းကို ကယ်လိုက်တာနဲ့အတူတူပဲ။ ရှင် စဉ်းစားပေါ့။ အမှုမ ချင်လို့ ဘာသိဘာသာနေမလား။ ရှင်စဉ်းစားပြီးရင်တော့ ကျွန်မ ဆက်သွယ်ပါ။ မဆက်သွယ်ရင်တော့ ရှင် ကျွန်မတို့ကမ်းလှမ်းမှ လက်မခံဘူးလို့ ကျွန်မ သတ်မှတ်လိုက်မယ်။ ကဲ . . . ရှ . . . သွား အောင်"

ဟုဆိုကာ ဒေါ်အဏ္ဏဝါက ထိုင်ရာမှ ထရပ်လိုက်၏။

"ခ . . . ခဏနေပါဦးဗျာ"

ဟု သူက ရေးကြီးသုတ်ပြာ ဟန့်တားသောအခါ ဒေါ် အဏ္ဏဝါသည် သက်သောင့်သက်သာပြန်ထိုင်လေ၏။

"တကယ်ပဲ အဲဒီလိုကိစ္စကြီးကို ကျွန်တော် လုပ်နိုင်ပါ့မလား"

"ရှင်မလုပ်နိုင်ဘူးလို့ ယူဆရင် ကျွန်မ ရှင့်ကိုလာရှာ မဟုတ်ဘူး"





"သက်ဆိုင်ရာကို သတင်း . . ."

"အဲဒီလို လွယ်လွယ်နဲ့ပြီးမြောက်မယ်ဆို ကျွန်မ ရှင့်ဆီ ရောက်မလာတော့ဘူး ကိုမိုးသားမှောင်။ ဒီအလုပ်ကိုလုပ်စားနေတဲ့ ညြဆိုတဲ့လူရဲ့ပါးနပ်မှုကို ရှင် မခန့်မှန်းမိဘူးလား"

ဟု ဒေါ်အဏ္ဏဝါက ဆိုသောအခါ သူသည် မှိုင်ကျသွားလေ သည်။

သူ့အတွေးထဲ ကိစ္စတွေ ရှုပ်ထွေးနေ၏။ သူသည် ဘဝကို အေးအေးဆေးဆေး ကျော်ဖြတ်လိုသူဖြစ်သည်။ ယခုမူကား သူဝင်ရ ည့် ပြဿနာသည် အရှုပ်အထွေးကြီးဖွာ။

အရှုပ်အထွေးမှန်းသိ၍ ရှောင်ကွင်းရအောင်လည်း သူက ာစ်ကိုယ်ကောင်းဆန်ရာကျမည်။

အကယ်၍ တရားခံမပေါ်ခဲ့ပါကလည်း သူ့ဘဝတစ်လျှောက် ုံအမည်းစက်ကြီးကို ဖျက်နိုင်မည်ဟုတ်ပေ။

ဒါတွေ ထားပါဦး။ ထိုအမျိုးသမီးနှစ်ယောက်ကို ယုံရဲ့လား။ ေါ်အဏ္ဏဝါနဲ့ရှုဆိုတာကလွဲ၍ ဘဝနောက်ကြောင်းကို ဘာမှမသိရဘဲနဲ့ ုံလို့ရရဲ့လား။

သို့သော် ဘာကြောင့်မှန်းမသိ ထိုအမျိုးသမီးနှစ်ယောက်ကို ုံကြည်ချင်မိသည်။

"ကျွန်တော် ဘာလုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက ထိုသို့ပြောလိုက်သောအခါ တောက်ပသွားသော မျက်လုံးများကို မြင်ရလေသည်။

''အဲဒါမတိုင်ခင် ခင်ဗျားတို့နဲ့ စန္ဒာ ဘယ်လိုပတ်သက်သလဲ ဆိုတာ ကျွန်တော် သိချင်တယ်''

''အဲဒီမေးခွန်းကို မဖြေဘူးဆိုရင် ရှင့်ရဲ့သံသယက ကျွန်မတို့ အပေါ် ငြိမ်းမှာမဟုတ်ဘူး။ အကယ်၍ ဖြေခဲ့ရင်လည်း ကျွန်မတို့ ဒုက္ခ ပြန်လည်သက်ဝင်လာဦးမယ်။ ဒါပေမဲ့ ရှင့်မေးခွန်းကို ဖြေမ ပါ''

ဟုဆိုပြီး ဒေါ်အဏ္ဏဝါက သက်ပြင်းချလိုက်သည်။

''ရှင့်ကို ကယ်စေချင်တဲ့မိန်းကလေးတွထဲက ဘယ်သူ ကျွန်မတို့လို မခံစားစေချင်တော့လို့ပါ''

ထိုအဖြေသည် တိုတောင်းလှသော်လည်း သူ့ရင်ထဲ အ တစ်ချောင်းလို နစ်ဝင်သွားလေသည်။

သူ့မေးခွန်းကို ဖြေလိုက်သည့်အသံမှာ မာရည်ကြောရည်နိ လှသော်လည်း ထိုအသံကြောင့် ရင်ထဲ ထိရှကြေကွဲသွားလေသည် ထပ်ပြီး မယုံသင်္ကာလည်း မဖြစ်မိတော့ပါ။

ထိုစကားလုံးရဲ့နောက်ကွယ်မှ ဘဝတွေကိုလည်း သူ့နှလုံ သားက ခံစားသိရှိလိုက်ရပြီဖြစ်၏။

သူ နှောင်တရမိသည်။ သူကတော့ အေးအေးဆေးဆေ





လိုစိတ်ဖြင့် ဦးညွှန့်ကို သံသယရှိသော်လည်း မစူးစမ်းခဲ့ပါချေ။

သူ့လို တာဝန်မသိတဲ့လူတစ်ဦးကြောင့် ဘဝများစွာ နစ်နာ ည့်အနေအထားမှာ ရှိနေလေသည်။

စန္ဒာ့အတွက် စိတ်မကောင်းသော်လည်း ထိုပြဿနာတွင် ထဲဝင်ဝင် ပါဝင်ပတ်သက်ရတော့မည်ဖြစ်၏။ ဦးညွှန့်ဆိုသူကို အံ့ဩ သည်။

စန္ဒာ့အမေရဲ့သတင်းကိုကြားရသောအခါ ပို၍ အံ့ဩမိသည်။ နားလည်းသနားမိသလို အားမလို အားမရလည်း ဖြစ်ရသည်။

ပထွေးနှင့်မယားပါသမီးသည် ဘာမှ သွေးသားတော်စပ်ခြင်း သော်လည်း ယခုလိုကြီးတော့ မလုပ်လောက်ဘူးဟု ထင်ခဲ့သည်။ ကသာ သံသယများတာပါဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ခဲ့သည်။

သို့သော် ထိုပုဂ္ဂိုလ်သည် စန္ဒာ့အမှုထက်ကြီးသော အမှုကို ပ်ဆောင်တော့မည်ဖြစ်၏။

အရှုပ်ထုပ်မှန်းသိပေမယ့် ပါဝင်ရတော့မည်ဖြစ်၏။ ထို့ကြောင့် အမှုကို တရားရိပ်သာသို့ပို့ရန် ကြံစည်ရတော့သည်။ သူ့ကြောင့် အမှုကို ထပ်ပြီး စိတ်မရှုပ်စေချင်တော့ပါ။

အချုပ်ခန်းမှထွက်လာတာ မကြာသေးသောသူ့ကို ပစ်ပြီး မေက တရားရိပ်သာမသွားလိုသော်လည်း သူက ရပါတယ်ဆိုတာ အကြိမ်ကြိမ်ပြော၍ ပဲခူးရှိ တရားရိပ်သာသို့ ပို့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရိုပ်သာ၌ အမေနှင့်ခင်မင်ရင်းနှီးသော ဆရာလေး ဒေါ်ယု
ဝတီနှင့် တွေ့ဆုံလေသည်။

ဆရာလေးနှင့် အမေတို့ပြောဆိုနေကြပုံကို ကြည့်ရင်း တ
တစ်ယောက်ကို သတိရမိ၏။ ဒေါ်အဏ္ဏဝါ ဖြစ်သည်။

ဆရာလေး၏ရုပ်သွင်မှာ ဒေါ်အဏ္ဏဝါနှင့် ဆင်ဆင်တူ
သည်ဟု ထင်သည်။

သူတင်မကပါဘဲ အမေကပါ သတိပြုမိ၍ ဆရာလေးအ
မေးလေသည်။

"ဒါနဲ့ စကားမစပ် ဆရာလေး။ ဆရာလေးမှာ သားြ
သမီးကြီးများ ရှိလေရော့သလား"

"ဘာလို့လဲ ဒကာမကြီး"

"ဆရာလေးနဲ့ရုပ်အတော်တူတဲ့ မိန်းကလေးတစ်ယောက်
တွေ့ဖူးလို့ပါ"

"လောကမှာ လူတူမရှား နာမည်တူမရှားဆိုတာမျိုးက
သကို။ ဆရာလေးမှာ သားသမီးနှစ်ယောက် ရှိပါတယ်။ သားကတေ
အခု ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်ရနေပြီလို့ ဆိုတာပဲ။ မနေ့က
ဆရာလေးဆီ ရောက်လာခဲ့သေးတယ်။ သမီးကတော့ ဆုံးရှာပါ
ကွယ်။ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကပဲ ဆုံးသွားပြီလို့ သိရတာပဲ"

"သိရတယ် ဟုတ်လား ဆရာလေး"





"အဟောင်းတွေက အသစ်ဖြစ်လို့ ဒီအကြောင်းတွေကို
အတိတ်မှာပဲထားခဲ့တာကြာပါပြီကွယ်။ ကံကြမ္မာပေါ့။ အဏ္ဏဝါက
ကြမ္မာဆိုးနဲ့ နေခဲ့ရတဲ့လူကိုး"

"အဏ္ဏဝါ ဟုတ်လား ... ဆရာလေး"

ဆရာလေး၏စကားကို သူ ပြန်ထောက်လိုက်ခြင်းဖြစ်၏။

"ခုလောက်ဆို အသက်လေးဆယ်လောက်ရှိရော့ပေါ့။
သက်ဆိုးမရှည်ရှာပါဘူးကွယ်။ အခုဆို ကောင်းမှုကုသိုလ်ပြုတိုင်း
အဏ္ဏဝါ့အတွက် ဆုတောင်းပေးနေဖြစ်ပါတယ်။ ရောက်ရာဘုံဘဝမှာ
သာခုခေါ်နိုင်စေဖို့ပါ"

ဆရာလေးက လေပြည်အေးနှင့်ပြောကာ စကြံလျှောက်သွား
သော်လည်း သူမှာတော့ ပဟေဠိများနှင့် ကျန်ရစ်ခဲ့လေသည်။

ဘာတွေလဲ။

ဒီပုံစံအတိုင်းသာဆိုပါက ဆရာလေးပြောတဲ့ အဏ္ဏဝါသည်
သူသိသော ဒေါ်အဏ္ဏဝါဖြစ်ဖို့ ရှစ်ဆယ်ရာခိုင်နှုန်း သေချာနေ၏။

ဒေါ်အဏ္ဏဝါပုံသည် ချမ်းချမ်းသာသာပုံဖြစ်သည်။ ဘာလို့များ
ခင်ကို မရှာရတာလဲ။ ဘာတွေ ဘယ်လိုရှုပ်ထွေးခဲ့လို့လဲ။

သူသည် စပ်စုတတ်သူမဟုတ်ပါ။ သို့သော် ဒေါ်အဏ္ဏဝါ
အကြောင်းကား သူ့ရင်ထဲ ပဟေဠိဖြစ်ရသည်။ သိချင်စိတ် ဖြစ်ပေါ်မိ
သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝက ဘယ်လောက်ထိ ကြမ်းတမ်းခက်ခဲခဲ့သလဲဆိုတာ သိချင်သည်။ သိရလိမ့်မယ်ဟုလည်း ယုံကြည်သည်။ ယခုတော့ ဒေါ်အဏ္ဏဝါ့အရေးကိစ္စထက်ကြီးသောကိစ္စကို သူက ဆောင်ရွက်ရပေလိမ့်မည်။ ထိုအခါ။

*



## အခန်း (၂၄)

"ဘာ . . . ဒေါ်ချက်ဆုံ ထွက်ပြေးသွားတယ် ဟုတ်လား"

ဒေါ်အဏ္ဏဝါသည် ငယ်ထိပ်ပေါ် မြွေပေါက်သလို ခံစားရ၏။

"အမြန်ဆုံး ရှာပါ၊ ဉာဉ်နဲ့ အနီးပတ်ဝန်းကျင်မှာ ရှာကြည့်ကြ။ ဒီအဘွားကြီးတော့ . . . တောက်"

ဒေါ်အဏ္ဏဝါ စိတ်ရှုပ်သွားလေသည်။ မိမိက အားလုံး အဆင်ပြေစွာစီစဉ်ထားပြီးကာမှ ထဖောက်သောကိစ္စမို့ ဒေါသဖြစ်ရသည်။

ဒေါ်ချက်ဆုံကို မုန်းတာမုန်းသော်လည်း ထိုအမုန်းထက် အရေးကြီးသည့်ကိစ္စများ ရှိနေသည်။ အကယ်၍ ဒေါ်ချက်ဆုံတို့သားအမိကို



www.burmeseclassic.com

www.burmeseclassic.com



လက်စားချေချင်သည့်တိုင် ဥညြဆိုသူကို ထောင်ထဲအရင်ပို့ရမည်ဖြစ်သည်။ ဥညြကို ထောင်ထဲပို့နိုင်ရန်အတွက် အကောင်းဆုံးသက်သေမှာ ဒေါ်ချက်ဆုံတို့သားအမိသာ ဖြစ်ပေသည်။

ယခုဆိုလျှင် မိုးသားမှောင်လည်း အမှုဖွင့်ထားပြီဖြစ်၏။ ရှကလည်း စီစီတီဗီဖိုင်နှင့် သက်ဆိုင်သူဟု ခန့်မှန်းရသည့် ကိုလှတင့်ကိုချုပ်ထားပြီဟု သတင်းပို့လေသည်။

မကြာခင်အချိန်အတွင်းမှာ ဥညြကို ကြက်ကလေး ငှက်ကလေးဖမ်းသလို ဖမ်းနိုင်တော့မည်ဖြစ်သည်။

ဆင်ပြောင်ကြီး အမြီးရောက်မှတစ် ဆိုသလို ပြဿနာမထင်မှတ်တဲ ရှုပ်ထွေးတော့မည့်အနေအထားမှာ ရှိသည်။ အကယ်၍ ဦးညြကို ဖမ်းမမိပါက မိုးသားမှောင်သည် ကိုယ့်ရှူးကိုယ်ပတ်အဖြစ်မျိုး ရောက်ရမည်ဖြစ်သည်။ မိုးသားမှောင်တင်မက မိမိရော ရှယ်အနေချောင်လိမ့်မည် မဟုတ်ပါချေ။

ထို့ကြောင့် ရုံးခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ စိတ်တို့က ကယောက်ကယက်နှင့်မို့ ခြေလှမ်းတွေက ဘယ်နှစ်မိုင်လျှောက်ပြီးနေမှန်း သတိမပြုမိတော့ပေ။

နောက်ဆုံး၌ ရှုကိုသာ သတိရသွားတော့သည်။ ရှုသည် ကိုလှတင့်ထံမှ စီစီတီဗီကို စစ်မေးနေသည်ဟု သိရသည်။ ထိုဗီဒီယိုဖိုင်ကိုသာ ကိုလှတင့်က မဖျက်ဆီးရသေးဆိုပါက ထိုဗီဒီယိုဖိုင်သည်





ဦးညြအတွက် စီရင်ဆုံးဖြတ်နိုင်သော အဓိကသက်သေဖြစ်လာလိမ့်မည်။ ထို့ကြောင့် ရှုရှိရာမြေအောက်ခန်းဘက်သို့ ကူးလာခဲ့သည်။

ရှုသည် ကြိုးတုပ်ထားသော ကိုလှတင့်၏ရှေ့တွင် ခြေကလိန်ချိတ်ကာ ထိုင်နေလေသည်။ ဒေါ်အဏ္ဏဝါကိုမြင်သောအခါ ရှုသည် နေရာမှထရပ်၏။

"ရပြီလား"

"ဘူးခံငြင်းနေတယ်"

"သူဆိုတာ သေချာရဲ့လား"

"ဒီဟိုတယ်မှာ ဦးညြနဲ့ပတ်သက်တာဆိုလို့ သူနဲ့ ကိုဝေယံလင်းပဲရှိတယ်"

"ကိုဝေယံလင်းရော"

"ထွက်ပြေးသွားတယ်။ ဦးညြနားမှာပဲရှိမယ်လို့ ယူဆရတာပဲ"

ဒေါ်အဏ္ဏဝါသည် ရှုစကားကို ဆုံးအောင်နားထောင်ပြီးနောက် ဖက်ကျိုးနေသော ကိုလှတင့်ကို သေချာစွာကြည့်ကာ -

"သူ့ကို နှိုးလိုက်"

ဒေါ်အဏ္ဏဝါစကားဆုံးသည်နှင့်တစ်ပြိုင်နက် ကိုလှတင့်သည် ရေတစ်ဖလုံခန့် အလောင်းခံလိုက်ရသည်။

"ကျွန်တော်မသိပါဘူးဗျာ၊ အဲဒီဗီဒီယိုဖိုင်ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မခိုးပါဘူး။ ကျွန်တော် အထင်လွဲခံရတာပါ''
ဟု အလွတ်ကျက်ထားသောစကားစုပမာ တောက်လျှောက်
ရွတ်လေတော့သည်။
ထိုအခါ ဒေါ်အဏ္ဏဝါသည် ရှုထိုင်ခဲ့သောခုံတွင် ဝင်ထိုင်က
ကိုလှတင့်နှင့် မျက်နှာချင်းဆိုင်သေည်။
''ရှင် အခုချိန်ထိ စကားကို လိမ်ပြောတတ်တုံးကိုး''
ဒေါ်အဏ္ဏဝါ၏စကားအဆုံးတွင် ကိုလှတင့်သည် မှေးေ
သော မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားကုန်သည်။
''ဟင် ... မင်း မင်း အဏ္ဏဝါ''
ဒေါ်အဏ္ဏဝါသည် ခပ်သော့သော့ရယ်လိုက်ပြီး သံရိုက်ဂ
တစ်ခုကို ဆွဲထုတ်လေ၏။
''အတုံ့အလှည့်ဆိုတာမျိုးက လူကြီးတွေအားလို့ အပျော်
တမ်း ထွင်ခဲ့တဲ့စကား မဟုတ်ဘူး ကိုလှတင့်''
''အဏ္ဏဝါ ... မင်း မင်း ငါ့ကို''
''ဗီဒီယိုဖိုင် ဘယ်မှာရှိလဲဆိုတာ ပြောရင်တော့ ကြီးရာပါအပြ
ရှင် ထောင်ထဲနေရမယ်။ ထောင်က ရှင့်ကို အသက်ချမ်းသာ
ရအောင် ကူညီမှာပါ။ မပြောရင်တော့''
ဟုဆိုကာ ဒေါ်အဏ္ဏဝါသည် တူကိုမြှောက်ကိုင်ပြီး ကိုလှတ
၏လက်ချောင်းများကို ထုဖို့ဟန်ပြင်သည်။





''အား''
အသားမနာသေးခင် အော်သံကြီးပြုသောကိုလှတင့်၏အသံ
သည် အခန်းတစ်ခွင် ဟိန်းသွားလေသည်။
ဒေါ်အဏ္ဏဝါရော ရှုပါ ပြုံးမိသည်။
ဒီလို အကြောက်ကြီးသောလူမျိုးက လျှို့ဝှက်ချက်ကို ထိန်
ချန်တတ်ရိုး ထုံးစံမရှိချေ။
''ကျွန်မရဲ့ဒေါသက ရှင်ကို အမှုန့်ချေပစ်နိုင်တယ်ဆိုတာ
ရှည်ရှည်ဝေးဝေး ရှင်းပြနေစရာ လိုမယ်မထင်ဘူး''
အေးစက်စက်ဆိုသော်ငြား ရှုရှုတဲ့အကြည့်ကြောင့် ကိုလှတင့်
ဒေါ်အဏ္ဏဝါ့ရှေ့တွင် လှုပ်ပင်မလှုပ်ဝံ့ချေ။
''အဏ္ဏဝါရယ် ... ငါ့ကိုခွင့်လွှတ်ပါ။ မင်း ရွာကထွက်သွားပြီး
တော့ ငါတို့တွေ ရှာကြပါသေးတယ်။ ဒါပေမဲ့ သတင်းက လုံးဝ
အစကောက်လို့မရတော့ဘူး။ နောက်တော့ မင်းသေသွားပြီဆိုတဲ့
သတင်းကို ငါတို့ကြားရတော့တာပဲ။ အန်တီပွင့်ဆိုလည်း အတော်
စိတ်ထိခိုက်သွားရှာတယ်။ ငါလည်း တကယ်စိတ်မကောင်းဖြစ်ခဲ့ရပါ
တယ်။ ငါ မှားခဲ့ပါတယ်။ ငါဝန်ခံပါတယ် အဏ္ဏဝါရယ်၊ ဒါကြောင့်
ငါ့ကို ခွင့်လွှတ်ပေးပါ''
''ဗီဒီယိုဖိုင် ဘယ်မှာလဲ''
''ငါ မသိဘူး''



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် တစ်ပြိုင်နက် ဒေါ်အဏ္ဏဝါသည် လျှပ်မြန်လှစွာပင် တူဖြင့် လက်ချောင်းများကို ထုချေလိုက်၏။ နာကျင်လွန်း၍ အော်လိုက်သည့် ကိုလှတင့်၏အော်သံမှာ ကြောက်ခမန်းလိလိ ထွက်ပေါ်လာသည်။ ဒေါ်အဏ္ဏဝါ ပြုံးမိပါသည်။

"ငါပြောပြပါ့မယ် အဏ္ဏဝါရယ်။ ငါ့ကို လွှတ်ပေးပါ။ ငါ့ကို ချမ်းသာပေးပါ။ ငါလည်း အိအိခင်တို့ သားအမိကို နာကြည်းလွန်းလို့ ခုလို ကြံရာပါ လုပ်မိတာပါ။ ငါ့ကို ခွင့်လွှတ်ပါ။ မင်းလည်း အိအိခင်တို့ သားအမိကို နာကြည်းတာပဲ မဟုတ်လား"

"ငါနာကြည်းတာက အိအိခင်နဲ့ဒေါ်ချက်ဆုံပါ။ စန္ဒာနဲ့ မဆိုင်ဘူး။ မိုးသားမှောင်နဲ့လည်း မပတ်သက်ဘူး။ အခု ငါလုပ်နေတာက ဖုန်ထရုံမဟုတ်ဘူး။ အဲဒီဖုန်ကို တစ်သက်လုံး မမြင်ရအောင်လုပ်နေတာ"

ဟုဆိုသောအခါ ကိုလှတင့်သည် ဒေါ်အဏ္ဏဝါကို မမြင်ဖူးသူလို စိုက်ကြည့်နေလေသည်။

"ပြောင်းလဲသွားပြီ အဏ္ဏဝါ။ မင်း သိပ်ကိုပြောင်းလဲသွားပြီ။ ဒီဟိုတယ်ရဲ့သူဌေးက အဏ္ဏဝါဆိုတာ သိခဲ့ပေမယ့် နာမည်တူတယ်ပဲ ထင်ခဲ့တာ။ မင်း တကယ်ကို ပြောင်းလဲသွားပါပြီ။ ကောင်းပြီလေ။ ငါ မင်းကို အဲဒီစီဒီယိုဖိုင် ပေးပါ့မယ်။ ဒါပေမဲ့ ငါ့ကိုတော့ လွှတ်အောင် လုပ်ပေး"

"ရှု . . . သူ့ကို မင်းဆီပဲ အပ်လိုက်တော့မယ်"





ဒေါ်အဏ္ဏဝါသည် လေပြည်အေးနှင့်ပြောကာ ကျောခိုင်းလိုက်သောအခါ ကိုလှတင့်၏နာကျင်စွာ အော်ညည်းသံတို့သည် ဆင့်ကာ ဆင့်ကဲ ထွက်ပေါ်လာသည်။

နာကျင်မှုကို မအောင့်အီးနိုင်သူက နှုတ်လုံလိမ့်မယ်ဟု မထင်ပါ။ မကြာခင် ရည်ရွယ်ချက်ကြီး ပြည့်မြောက်တော့မည်ကို ဒေါ်အဏ္ဏဝါ ခန့်မှန်းမိလေ၏။

သို့သော် ဒေါ်အဏ္ဏဝါ့စိတ်က ရွှင်လန်းမှုမရှိတာအမှန်ပါ။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

သွေးသံရဲရဲနှင့် ပြေးလာသော စန္ဒာ၏ပုံနှင့် အခင်းဖြစ်ပွားရာနေရာသို့ရောက်လာသော မိုးသားမှောင်၏ပုံ။ ပြီးနောက် မိုးသားမှောင်ကို ထုရိုက်ကြသော ဦးညွှန့်တို့အဖွဲ့။ ထိုမှတ်တမ်းမှတ်ရာသည် အင်တာနက်ထဲ၌ ပျံ့နှံ့သွားလေသည်။

ပြီးနောက် ဒေါ်ချက်ဆုံ၏ဝန်ခံစကားကြောင့် ဦးညွှန့်နှင့် လူတစ်စုအား တာဝန်ရှိသူများက ဖြေလှန်ပြီးရှာကြတော့၏။

သက်ဆိုင်ရာတွင် ဒေါ်ချက်ဆုံက ဦးညွှန့်၏လုပ်ရပ်အချို့ကို တိုင်ကြားပြီး နှစ်ရက်အကြာတွင် အိအိခင်၏အလောင်းကို ငမိုးရိုပ်ချောင်းဘေး၌ ရရှိလိုက်သည်။





အိအိခင်၏အသက်မဲ့ခန္ဓာကို ဖက်ကာ သေဆုံးသွားသော ဒေါ်ချက်ဆုံ၏သတင်းသည် လူထုကြား ဇာတ်လမ်းတစ်ပုဒ်ဖြစ်သွားလေ၏။

အဖြစ်အပျက်သည် မြန်ဆန်လွန်းသောကြောင့် ဒေါ်အဏ္ဏဝါသည် အရာရာကိုယုံကြည်ရန် ခက်ခဲလေတော့သည်။

ထိုသို့ ရှုပ်ထွေးနေဆဲ အခြေအနေမှာပင် ဦးညွှန့်နှင့် လူတစ်စုအား မိန်းကလေးများနှင့်အတူ မြဝတီတွင် အရှင်ဖမ်းမိခဲ့သည်။

ထိုသတင်းသည် ဒေါ်အဏ္ဏဝါအတွက် မင်္ဂလာရှိလှသော်လည်း အိအိခင်တို့မိသားစုသုံးယောက်အဖို့တော့ အကျည်းတန်တဲ့သမိုင်း ဖြစ်ခဲ့ရလေသည်။

မိုးသားမှောင်အတွက်လည်း ဂုဏ်သိက္ခာကို ဆည်နိုင်သော်ငြား ရင်ထဲ အကြိတ်အခဲဖြစ်ရလေ၏။

ဟိုလေးတကြော်ကြော်ဖြစ်ခဲ့ရသည့်သတင်းကြောင့် ဆရာလေး ဒေါ်ပုညဝတီပင် စိတ်ထိခိုက်ခံစားရလေ၏။

ပြဿနာငြိမ်းအေးသွားသောအခါမှ မိုးသားမှောင်သည် မိခင်ကို တရားရိပ်သာမှခေါ်သည်။ ထိုစဉ် ဒေါ်ပုညဝတီနှင့် တွေ့ကာ ဒေါ်အဏ္ဏဝါအကြောင်းပြောပြရာ ဒေါ်ပုညဝတီသည် ခွန်းတုံ့ပြန်စကားတို့ ဆွံ့အနေပြီး မျက်ရည်များသာ စီးကျရှာသည်။

"ဒကာမလေးဘဝ အဆင်ပြေသွားတယ်ဆိုရင်ပဲ ဆရာလေး



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလှပါပြီ''

ဟုပြောသောစကားထဲတွင် နောင်တ,တရားနှင့် မေတ္တာတရားတို့ နှောယှက်၍နေသည်။

မိုးသားမောင်နှင့်မိခင်တို့ တရားရိပ်သာမှအထွက်တွင် မှန်အနက်ကာထားသော ကားတစ်စီးကို သတိပြုမိလေသည်။ ထိုကားထဲတွင် ဒေါ်အဏ္ဏဝါရှိနေမည်ကို မိုးသားမောင်က ကောင်းစွာသိနေ၏။

ဒဏ်ရာများနှင့် ပြုံးနေရသော ဒေါ်အဏ္ဏဝါ၏နှလုံးသားကို မိုးသားမောင် ကရုဏာသက်မိပါသည်။

ထို့ကြောင့် ဖြေသိမ့်ပေးစေလိုခြင်းအလို့ငှာ ညစာစားရန် မိုးသားမောင်က ဒေါ်အဏ္ဏဝါကို ဖိတ်ခေါ်လိုက်လေသည်။ သူ့ရှေ့မှာ ကြီး ဒေါ်အဏ္ဏဝါသည် မငြင်းဆန်ဘဲရောက်လာခဲ့၏။ သို့သော် ရှုကို ဒေါ်အဏ္ဏဝါဘေး၌ မတွေ့ရတော့ပေ။

''ရှုရော''

''သူပြန်သွားပြီ''

''ရှုက မြန်မာလူမျိုး မဟုတ်ဘူးလား''

''ဟုတ်ပါတယ်''

''သူပြန်မလာတော့ဘူးလား''

''တစ်နေ့နေ့တော့ ပြန်လာမှာပါ။ ရှုအတွက်လည်း အိမ်ကောင်းကောင်း လိုအပ်တယ်လေ''





''အိမ် . . . ဟုတ်လား''

''ဆူဆဲသံ၊ ရယ်မောသံ၊ ငိုသံတွေနဲ့ ရောထွေးနေတဲ့ အိမ်မျိုးပေါ့။ လိုက်ပို့သူမရှိတဲ့ခရီးကို သွားပြီး ကြိုဆိုသူမရှိတဲ့အိမ်ကို ပြန်လာရတဲ့အဖြစ်မျိုး ရှုလည်း ငြီးငွေ့လောက်ပါပြီ။ ရှု တစ်နေ့နေ့တော့ ပြန်လာမှာပါ။ အဲဒီအချိန်က ဆယ်နှစ်လည်း ဖြစ်ချင်ဖြစ်မယ်၊ အနှစ်နှစ်ဆယ်လည်း ဖြစ်ချင်ဖြစ်မယ်''

''ခင်ဗျားရော အဲဒီလိုအိမ်မျိုး မဖန်တီးတော့ဘူးလား''

ဒေါ်အဏ္ဏဝါ ကြေကွဲစွာ ပြုံးလေသည်။

''ဒေါ်ပုညဝတီဆီမှာ ခင်ဗျားရဲ့ကားကို တွေ့လိုက်တယ်''

သူက ထိုသို့တည့်တည့်ပြောသောအခါ ဒေါ်အဏ္ဏဝါသည် မျက်စိမျက်နှာ ပျက်သွားလေသည်။

''သူလည်း ခင်ဗျားလိုပါပဲ''

ဒေါ်အဏ္ဏဝါ မျက်လုံးမှမျက်ရည်များ စီးကျလာလေသည်။

''ခန့်ဝါက ခင်ဗျားအကြောင်း ဒေါ်ပုညဝတီကို သတင်းပို့ပုံရတယ်''

''ခန့်ဝါက ဟုတ်လား''

''ကျွန်တော့်အမေ ပြောပြတာပါ။ ဒေါ်ပုညဝတီဆီကို ခန့်ဝါဆိုတဲ့ သူ့ရဲ့သား မကြာခဏလာတာ တွေ့တတ်ကြောင်း ပြောတယ်''

''ဒါဆို ခန့်ဝါက''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အဏ္ဏဝါရင်ထဲ ထိရှကြေကွဲသွားလေသည်။ ထို့ကြောင့် မိုးသားမှောင်ကို နှုတ်ပင်မဆက်နိုင်တော့ဘဲ အိမ်သို့သာ တန်းပြန်လာ၏။

အိမ်သို့ရောက်သောအခါ ခန့်ဝါကို ပန်းပင်ရေလောင်းရင်း တွေ့ရ၏။

ဒေါ်အဏ္ဏဝါသည် ခန့်ဝါအနီးသို့ တရွေ့ရွေ့တိုးကပ်သွား၏။ ဒေါ်အဏ္ဏဝါကိုမြင်သော ခန့်ဝါသည် ရှိရှိကျိုးကျိုးလေးရပ်ကာ နှုတ်ဆက်သည်။

"သူဌေး ... ကျွန်တော့်ကို ဘာခိုင်းစရာရှိလို့လဲ"

"မင်း ဘယ်လောက်ထိ သိနေသလဲ"

"ဗျာ"

"ဒေါ်ပုညဝတီဆီ ဘယ်နှစ်ကြိမ် သတင်းပို့ပြီးပြီလဲ"

ဒေါ်အဏ္ဏဝါ၏မျက်လုံးမှ မျက်ရည်တို့စီးကျကုန်သည်။ မုဆိုးမဖြစ်နေသည့် အမေ့အရှက်ကို ကာကွယ်ပေးချင်၍ အမေ့ကို စော်ကားဖို့ကြံနေသောလူကြီးကို ခေါင်းရိုက်ခွဲခဲ့သည့် ခန့်ဝါကို အဏ္ဏဝါ လေးစားမိသည်။

ထောင်ထွက်ကလေးမို့ ချိုးနှိမ်ချင်သော်လည်း အဖြစ်မှန်ကို သိရသောအခါ ဝမ်းနည်းခဲ့ရသည်။

လောကတွင်ရှိသော တစ်ဦးတည်းသော မောင်လေးနှ





မြှောက်စားချင်မိသည်။ သို့သော် အမေ့အပေါ် နာကြည်းစိတ်ကြောင့် ခြံစောင့် တောက်တိုမယ်ရအဖြစ် ချိုးနှိမ်ခဲ့တဲ့ကလေးက မိမိဟာ အစ်မရင်းဆိုတာ သိနေတယ်တဲ့လား။

"မင်း ဘယ်ကတည်းက သိနေတာလဲ"

"မြင်မြင်ချင်းတည်းကပါ"

"ဘာ"

"အမေက အစ်မတော်ပုံကိုကြည့်ပြီး နောင်တရတဲ့စကားတွေ အခါတစ်သိန်းမက နားထောင်ခဲ့ရပါတယ်"

"ဘာလို့မပြောခဲ့တာလဲ"

"ကျွန်တော်သာ အစ်မနေရာမှာဆိုလည်း အမေ့ကို ခွင့်လွှတ်နိုင်မှာမှ မဟုတ်တာ"

ထိုစကားသည် အဏ္ဏဝါ့ရင်ထဲ ရိုက်ချလိုက်သလို ခံစားရသည်။

ထို့ကြောင့် ဂျစ်ကန်ကန်လေးကြည့်နေသော ခန့်ဝါကို အားပါးတရ ပွေ့ဖက်လိုက်မိသည်။

ဒေါ်အဏ္ဏဝါ ငိုနေလေ၏။

ရှိုက်ကြီးတငင် ငိုကြွေးလေပြီဖြစ်သည်။

သိမ်းဆည်းထားသော မျက်ရည်များကို ရှာချလိုက်သောအခါ ရင်ထဲပေါ့သွားသလို ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ထိုမျက်ရည်တွေကို သုတ်ပေးမည့်လက်တစ်စုံက အဏ္ဏဝါ့ဒါဘေးတွင် ရှိနေပြီဖြစ်သည်။

ထိုအခါ အဏ္ဏဝါ မျှော်လင့်ခဲ့သော အိမ်သည် ပန္နက်ချပြီး ဖြစ်ခဲ့ပြီလား။

ရသတို့နှင့်ပြည့်စုံပါစေ

မယ်နိုင်

ရွှေပဒေသာစာပေ

၂၀၁၆ မေလတွင်
ဖတ်နိုင်ပါပြီ

**မမသဒ္ဒါမောင်**

အရာရာတိုင်းထက်ပို၍

**ကြယ်စင်မှုန်းဝေ**

အိပ်မက်ခါးတဲ့ည

**မယ်နိုင်**

အိမ်

**မိုးစက်ပွင့်**

အိုဘယ့်ငှက်ငယ်

**အလင်းသစ်**

အမုန်း၏ဆန့်ကျင်ဘက်

**လှိုင်းကြာဖြူ**

ကမ္ဘာ့ရုပ်ဝန်းဆီက အိုအောစမ်

www.burmeseclassic.com